
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် --- ၆၅၉/၉၅(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - -၆၉၀/၉၅(၁၂)

ထုတ်ဝေခြင်း ---ပထမအကြိမ် ၁၉၉၆ခုနှစ်၊ ဇန်နဝါရီ လ

စောင်ရေ -----၅၀၀

တန်ဖိုး ------သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးရိုက်
ဦးမြသိန်း – ၀၁၄၂၇၊
သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်။


ပုံနှိပ်သူ
ဒေါ်သင်းသင်းကြိုင် – ၀၃၉၄၅
ဆန်းမြသိဂီ ပုံနှိပ်တိုက်
အမှတ် ၁၉၉၊ ၅၁ လမ်း၊
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ / ဦးစောလှိုင် ၊ဝ၉ရင၊
ရွှင်ပျော်မြူးစာပေ
အမှတ်၊ ၂၂၂၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့



# ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ....ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ....ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ....ဒို့အရေး |

စည်းကမ်းလိုက်နာဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ချစ်မိုးသူတစ်ယောက် ရန်ကုန်ဘူတာကြီးမှနေ၍ အသင့်ရှိသော လေးဘီးကားကိုငှား၍ ကြည့်မြင်တိုင်ဘက်သို့ သွားခဲ့သည်။

ဦးကျော်ဟိုးလမ်းဘက်တွင်ရှိ အုတ်ခံ ပျဉ်ထောင်အိမ်တစ်လုံးရှေ့သို့ရောက်လျှင် ချစ်မိုးသူ လေးဘီးကားကို အရပ်ခိုင်းသည်။

ပြီးဘော့ ကျသင့်သောငွေများကို ထုတ်ပေးပြီး ဘူတာမှ ယူလာခဲ့စဉ် လေးဘီးကားပေါ်၌ တင်ထားခဲ့သော လက်ဆွဲသားရေသေတ္တာတစ်လုံးကိုယူကာ ထိုအိမ်ကြီးသို့ သူ သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးမှာ ပိတ်ထားသဖြင့် ပထမတွင် ချစ်မိုးသူမှာ အိမ်သားများ မရှိဟူ၍ အထင်ရောက်သွားခဲ့သည်။

ထို့စဉ် အိမ်ထဲမှ ချောင်းဆိုးသံတစ်ချက်ကို ကြားလိုက်ရမှ အိမ်တံခါးကို ပိတ်ထားသော်လည်း အထဲတွင် လူရှိမှန်း သိရတော့သည်။

သူသည် ပိတ်ထားသော တံခါးကို လက်ဖြင့်ခေါက်နေသည်။

"ဘယ်သူလဲ"

သူ၏ တံခါးခေါက်သံအဆုံးတွင် အထဲမှ ပြန်၍မေးသံကို ကြားရသည်။

"ငါပါကွ"

ချစ်မိုးသူ ပြန်ဖြေသည်။

"ငါပါဆိုရုံနဲ့ မဖြစ်သေးဘူးခလေ၊ နာမည်ပါကို ပြောပြ ပါဦး"

အတွင်းမှလူ၏ ပြန်မေးသံ၊

ချစ်မိုးသူကတော့ ထိုမေးသံကြောင့် တစ်ချက် ပြုံးလိုက်မိသည်၊

"ချစ်မိုးသူပေါ့....ဒီထက် ပြည့်ပြည့်စုံစုံ ဖြေရဦးမယ်ဆိုရင် စစ်ကိုင်းမြို့ ကျောင်းအမကြီး ဒေါ်ဒေါ်စိုးရဲ့မြေး ကုယ်လွန်သူ





သစ်တောအရေးပိုင်ကြီး၊ ဦးအောင်မိုး၊ ဇနီး ဒေါ်ဆွေဆွေ တို့ရဲ့ တစ်ဦးတည်းသော အား မန်းတက္ကသိုလ်က စတုတ္ထနှစ် ဆေးကျောင်းသား မောင်ချစ်မိုးသူပါကွဲ ခင်ဗျား.... ကဲ.... ကျေနပ်တော်မူပြီလား ကာလနာရယ်....ရှိုး"

ချစ်မိုးသူက အထက်ပါအတိုင်း လျှာရှည်ရှည်ဖြင့် ပြောလိုက်မှ အထဲမှလူက ဟားခနဲ တစ်ချက်ရယ်ရင်း ပြန်ပြောနေသည်။

"သက်တ် အီနပ်ဖ်....ဒီလောက်ဆိုရင် လုံလောက်ပြီ၊ ငါလည်း ယုံပါပြီကွာ....အဟီး"

အထဲမှလူက ပြန်ပြောရင်း ပိတ်ထားသော တံခါးကိုဖွင့်ပေးနေသည်။

"ငါ့လခွီးမှဝဲ....စစ်လိုက်ဆေးလိုက်တာ လွန်ပါရော၊ ငါ့ အသံကို မကျက်မိဘူးလားကွ"

ချစ်မိုးသူက တံခါးဖွင့်ပေးခဲ့သော သူနှင့်ရွယ်တူ လူရွယ်ကို ဟောက်နေသည်။

"အဟီး....အသံကိုတော့ ကျက်မိတာပေါ့ကွာ၊ ဒါပေမယ့် ပိုပြီးသေချာအောင် ထပ်မေးနေရတာပါ၊ တော်ကြာ....မင်း အသံကို အတုလုပ်ပြီး ဒိပြင် လူဆိုးတွေက ငါ့ဆီကိုလာပြီး အနုကြမ်းစီးသွားရင် မခက်ပါကလား၊ ဒါမျိုးတွေ ဆိုမှ တလော ရန်ကုန်မှာ ခဏခဏဖြစ်နေလို့ကွ"

www.burmeseclassic.com



"အောင်မယ်....အောင်မယ်.... သူကများ ပြောနေလိုက်တာ၊ သူ့ကိုယ်သူ သန်းကြွယ်သူဌေးကြီးကျနေတာပဲ၊ မင်းကို အနုကြမ်းဝင်စီးကြရအောင် မင်းက ဘယ်လောက်များ ချမ်းသာနေလို့လဲ၊ မင်းအိမ်ကို အနုကြမ်းဝင်စီးရင် စီးတဲ့လူဆိုးတွေက မင်းကိုတောင် ဒါနပြုသွားရမှာပါကွယ်၊ ဒီတော့ ခေါတ်သိချင်း ကြွားမနေစမ်းပါနဲ့ လှငွေရာ၊ ဟား....ဟား....ဟား...."

ချစ်မိုးသူက စကားအဆုံးတွင် တဟားဟားဖြင့် ရယ်ရင်း အခန်းတွင်းရှိ ကြိမ်ကုလားထိုင်တစ်လုံးပေါ်၌ ဝင်ထိုင်သည်။

လှငွေကတော့ သူ့ကို စပ်ဖြဲဖြဲမျက်နှာဖြင့်ကြည့်ရင်း သူ၏ အနီးတွင်ရှိ ခွေးခြေကလေးပေါ်တွင် ဝင်ထိုင်သည်။

"ဒီမယ်....သူငယ်ချင်း၊ ငါက ကြွားနေတာ မဟုတ်ဘူးကွ၊ ခုနင်က နင် ပြောသလို ငါတို့ကပိုက်ဆံမချမ်းသာတဲ့ကောင်မို့ အခုလို သေသေချာချာ မေးနေရတာကွ၊ မင်း တို့ လို သာ ငွေကြေးချမ်းသာရင် မမေးပါဘူး"

"ဟော့.... မင်း ပြောနေတာက အဆန်းကြီးပါကလား၊ ငါ့ကို နားရှင်းအောင် ပြောစမ်းကွာ"

"ကောင်းပြီ....ငါ ရှင်းပြပါ့မယ်၊ မင်းတို့လို ငွေကြေးချမ်းသာကြတဲ့ ကောင်တွေအတွက် အနုကြမ်းစီးခံရရင် ငွေကို သာ ယူသွားကြမှာပေါ့၊ အဲ....လူကိုတော့ ငွေရရင် ဘာမှလုပ်ကြမှာ မဟုတ်ဘူး၊ အဲ....ငါ့လို ဘိုင်ကောင်ကျတော့ လူဆိုး



တွေက အထင်ကြီးတစ်ခွဲသားနဲ့ အနုကြမ်းစီးခဲ့ကြရင် သူတို့ ထင်သလိုမဖြစ်ဘဲ ငွေမရတဲ့အခါ နင်ဟာ ဘယ်ဘ၀က အကျိုးပေးတွေကြောင့် အခုလို မွဲတေနေရတာလဲ၊ နင့်ကို အထင်ကြီးပြီး ခေါ်ပြတိုက်မိတာ ပိုက်ဆံမရတဲ့အပြင် ငါတို့ မှာ လမ်းစရိတ်တောင်ရှုံးနေပြီ၊ ဒီတော့ နင့်ကို အရှင်မထားတော့ဘူး၊ ပိုက်ဆံမရရင် နင့် အသက်ကိုပဲ ယူသွားမယ်ဆိုပြီး သူတို့က ငါ့ကို သတ်သွားကြမှာ ကြောက်လို့ပါကွာ၊ အဲဒါကြောင့် ငါက မင်းကို စစ်ဆေး မေးမြန်းနေရတာပါ၊ ဟဲ....ဟဲ...."

လှငွေ၏ စကားများကို နားထောင်ရင်း ချစ်မိုးသူမှာ တဟားဟားဖြင့် သဘောကျစွာ ရယ်နေတော့သည်။

လှငွေက ချစ်မိုးသူကို ဆက်၍ မေးနေပြန်သည်။

"ဒါထက် နေစမ်းပါဦး၊ မင်း အခုလို ငါ့အိမ်ကို ရုတ်တရက် ရောက်လာတာက ဘယ်လိုကြောင့်လဲ၊ လာမယ် ဆိုရင်လဲ ကြိုတင်ပြီး အကြောင်းကြားရောပေါ့၊ ဘုဘာကို ငါ လာကြိုမှာပေါ့ ချစ်မိုးသူရယ်"

ချစ်မိုးသူမှာ လှငွေ၏ မေးမြန်းချက်ကို ချက်ချင်းပြန်၍ မဖြေနိုင်ပေ။

သူ၏ မျက်နှာပေါ်တွင် ယခုအထိတပ်ထားသော နေကာမျက်မှန်ကိုဖြုတ်၍ သူ၏ အပေါ်အင်္ကျီထဲသို့ ထည့်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သူသည် လှူငွေကို ပြန်၍ပြာပြနေသည်၊

"ငါ့ကို ဘုတာရုံကို လာကြိုနေဖို့ မလိုပါဘူးကွာ....မင့် လာကြိုရအောင် ငါက အရွယ်မရောက်သေးတဲ့ ကလေးမှ မဟုတ်ဘာ၊ ပြီးတော့ မင်းရဲ့အိမ်ကိုလဲ ငါ သိနေတော့ မင်း ကို ဒုက္ခမပေးချင်လို့ အကြောင်းမကြားဘဲ လာခဲ့တာပေါ့"

"ထားပါတော့၊ ဒါဆို မင်း အခုလာခဲ့တာဟာ အလည် သက်သက်ပဲပေါ့"

"မဟုတ်ဘူးကွ၊ ကိစ္စတစ်ခုအတွက်မဲ့၊ အဲဒီ ကိစ္စဆိုတာက ငါ့အတွက် သေရေးရှင်ရေးတမျှကို အရေးကြီးတဲ့ ကိစ္စပဲ လှခင့်ရေ....ဟဲ့....ဟဲ...."

"အောင်မယ်လေးဟဲ့လေး ပြောလိုက်တဲ့ စကားကြီးက တော့ ဂေါ်ဇီလာ ဖင်ခေါင်းလောက်ကိုကျယ်တာပဲ၊ ကိုင်း.... ဆိုစမ်းပါဦး၊ ဘယ်လိုများ သေရေးရှင်ရေးတမျှ အရေးကြီး တဲ့ ကိစ္စဆိုတာ၊ ကနေဒါ ထိုင်းနိုင်ငံဘာကြီးက ရွှေချောင်းတော့ ချမယ့်ကိစ္စလားကွ၊ ဟား....ဟား....ဟား"

"ဟယ်....သေနာကျနှမ်း၊ ဘာတွေ လာပြောနေရတာလဲ၊ သက်ဆိုင်ရာက ကြားသွားလို့ အချောင် အဖမ်းခံနေရပါဦး မယ်ကွာ၊ ဒါမျိုးလုပ်ဖို့ ငါ ဝါသနာမပါပါဘူး၊ အခု ငါ ပြောနေတာက အတည် ပြောနေတာကွ၊ မင်းက ပြောင် ချော်ချော် လုပ်မနေနဲ့"





"အိုကေ...မင်းက အတည်ပြောတယ် ဆိုရင် ငါကလဲ တစ်သက်မှာ သုံးခါသာ ရယ်ဖူးတယ်ဆိုတဲ့ ရမည်းသင်းစား သီလဝလို အတည်ပြုပြီး နေပါမယ်ကွာ၊ မင့် ကိစ္စကိုသာ ပြောစမ်းပါ"

"အေး.... ပြောမယ်၊ ဒါထက်.... မင့် မားသားကြီး နောက်ဖေး မီးဖိုချောင်မှာ ရှိသလားကွ"

"မရှိပါဘူးကွာ၊ အမေကတော့ ထုံးစံအတိုင်း သိမ်ကြီး ဈေးမှာ ဈေးရောင်းဖို့ သွားပါပြီ၊ ငါတောင် သတင်းစာ တိုက်သွားမယ့်ဆဲဆဲ မင်းရောက်လာတာနဲ့ မသွားနိုင် ဖြစ်နေ တာပ၊"

"တွတ်တယ်၊ ငါကလဲ မင့်ဆီကို လာသာလာနေရတာ၊ မင်းကို တွေ့မှတွေ့ပါ့မလားလို့ စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေ တာ၊ မင်းနဲ့ အဆင်သင့် တွေ့ရတော့မှပဲ ရင်အေးသွားခဲ့ရ တယ်ကွာ"

"ဒါဆိုရင်လဲ မင့်ကိစ္စကို ပြောပြလေကွာ"

"ပြောပါ့မယ်လေ၊ မင်းကိုပြောဖို့ လာခဲ့တာပဲဟာ၊ ငါ ပြောတဲ့စကားကို ကြားပြီးရင် မင်းက ပြောင်ချော်ချော်လုပ် မနေဘဲ လေးလေးနက်နက် သဘောထားပြီး အကြံဉာဏ် ကောင်းတွေကို ပေးစေချင်တယ်ကွာ"

"စိတ်ချစမ်းပါကွာ၊ ငါ့လို မဟာပညာရှိကြီးတစ်ယောက် ဆီကို လာပြီးချဉ်းကပ်နေမှတော့ ပညာရှိ ပီသစွာနဲ့ အဖန်



www.burmeseclassic.com

www.burmeseclassic.com



တိုးပြီး အဖိုးတန်တဲ့အကြံဉာဏ်တွေကို ဒလဟော သွန်ထုတ်ပြီး ပေးရတာပေါ့၊ ကဲ....ကဲ....ငါ့ဘပညကြီးရဲ့ ကိစ္စကိုသာ တင်ပြစမ်း....အဟီး"

လှငွေက ပြောင်ချော်ချော်နှင့် ပြန်ပြောနေသည်။

"ဟော....ဖောက်လာပြီ ပြောင်ချော်ချော် မလုပ်ရဘူးလို့ ငါ ပြောထားတယ် မဟုတ်လားကွ....ဟွန်း"

"အဲဒါ.... ပြောင်ချော်ချော် လုပ်တာ မဟုတ်ဘူးဟေ့ အတည်ပြောနေတဲ့ဟာ....ဟဲ... ဟဲ"

"ကောင်းပြီ၊ ဒါဆိုရင် ငါ ပြောပြမယ်၊ တခြားတော့ မဟုတ်ဘူး၊ ငါ အခုလာခဲ့ရတဲ့ အဓိက ကိစ္စကြီးကတော့ မိန်းမယူဖို့ကိစ္စပဲကွ"

"ဟိုက်....ဗုဒ္ဓေါ"

ချစ်မိုးသူ၏ စကားများကို ကြားလိုက်ရလျှင် လှငွေမှာ အဆက်ပေါ်အတိုင်း အာမေဍိတ်သံကြီးကိုပေးရင်း သူ့နဖူးကိုပါ သူ၏လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်လိုက်မိသည်။

"ဟကောင်....ဒါက ဘာဖြစ်သွားရတာသေး၊ ယင်ကောင်နားလို့ ရိုက်လိုက်တာလား"

ချစ်မိုးသူက လှမ်းမေးနေသည်။

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ မင့်ပါးစပ်က မိန်းမယူဖို့ ဆိုတာ ထွက်လာလို့ပေါ့ကွာ၊ ဟုတ်ကောဟုတ်ရဲ့လား ချစ်မိုးသူရယ်"



"အရမ်းကို ဟုတ်တာပေါ့ကွာ၊ မင်းက ဘာဖြစ်လို့ မေးနေရတာလဲ"

"မေးဆို ဒီစကားဟာ တခြားသူတွေ အတွက်ဆိုရင် ဘာမှ ထူးဆန်းတဲ့စကား မဟုတ်ပေမယ့် မင့်လိုကောင်မျိုး အတွက်ကတော့ မိန်းမယူမယ်လို့ဆိုပြီး ပြောလိုက်တဲ့စကားဟာ ငါ့အဖို့တော့ It is unheard of for me ဖြစ်နေလို့ပေါ့"

"ဩော်....မင့်အဖို့ ကြားဖူးနားဝစကားမဟုတ်တဲ့ အထူးအဆန်း ဖြစ်နေတာပေါ့"

"သက်စ် ရိုက်ထ်၊ ဒါ....အမှန်ပဲလေ"

"မင်းဘာသာမင်း မှန်ချင်မှန် မမှန်ချင်ရင်နေ၊ ငါ အခုလာခဲ့တာကတော့ မိန်းမယူဖို့အတွက် လာမဲ့တယ် ဆိုတဲ့ စကားဟာ သေနတ်ထွက်အောင်ကို မှန်နေတာပါကွာ"

"အေးလေ....မင်းက အတည်ပေါက်နဲ့ ပြောနေမှတော့ ငါကလဲ ယုံရတော့မှာပေါ့၊ အင်း....မင်းလဲ ကွန်ပျူတာ ခေတ်ကြီးနဲ့အမီ တိုးတက်လာပြီနဲ့ တူတယ်နော်၊ ဟိုတုန်းက များ မိန်းမဆိုရင် မင်းဟာ အခုလို ယူဖို့မပြောနဲ့ ပိုးတောင် မပိုးခဲ့ဘူး၊ မင်းကို မိန်းမနဲ့ပတ်သက်ပြီး စ လို့ရှိရင်လဲ မင်းဟာ အင်မတန်ကို စိတ်ဆိုးခဲ့တဲ့ကောင်ပဲ၊ မင်း မှတ်မိသေးသလား၊ ငါတို့ ရှစ်တန်းမှာ ပညာသင်ကြတုန်းက ရဲမူးကြီးနဲ့ သမီး ခင်ခင်စုနဲ့ ငါက မင့်ကို စ လိုက်မိတာနဲ့ မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုစိတ်ဆိုးသွားပြီး ငါ့ကို တစ်လတိတိစကားမပြောဘဲ နေခဲ့တာလေ၊ နောက် ငါက မနည်းကြီးကို မင့်ကို ရှိခိုး တောင်းပန်လုပ်မှ မင်းဟာ စိတ်ပြေပြီး ငါ့ကို ပြန်ခေါ် တော့တယ် မဟုတ်လား၊ အဲဒီလောက် မိန်းမတွေနဲ့ ကင်း ကင်းရှင်းရှင်း နေတဲ့ကောင်က အခုလို ပြုန်းစားကြီး မိန်းမ ယူမယ်လို့ပြောလိုက်တော့ ငါ့နားကို ငါမယုံနိုင် ဖြစ်ခဲ့ရတာ ပေါ့ကွာ....ဟား....ဟား....ဟား"

"မင်း မယုံရင် ပုံပြင်လိုသာသဘောထားပေတော့၊ အမှန် ပြောရရင် ငါ့ဆန္ဒအတိုင်းတော့ မိန်းမယူဖို့ လုံးဝ လုံးဝကို စိတ်မကူးသေးတာ အမှန်ပါကွာ"

"နို့...ဘယ်သူ့ဆန္ဒနဲ့ မင်းက မိန်းမယူချင်ရတာလဲ၊ ရှင်း ပါဦး"

"ဘယ်သူ့ဆန္ဒရမှာလဲ၊ ငါ့အဘွားရဲ့ ဆန္ဒကြောင့်ပေါ့ ကွာ"

"သွားစမ်းပါ၊ ကိုယ့်ဘာသာကိုယ် မိန်းမ ယူချင်ရင် ယူချင်တယ်ပြောတာမဟုတ်ဘူး၊ ဘာကိုစွ မင့်အဘွားကို လွှဲချ နေရတာလဲ"

"လွှဲချတာ မဟုတ်ဘူးဟေ့၊ ငါ့အဘွားကြောင့် မိန်းမကို မယူချင်ဘဲ ယူရတော့မယ်ဆိုတာ အမှန်ပဲ၊ ဒီမယ်...မင်း နားရှင်းသွားအောင် ပြောပြမယ် နားထောင်"





ချစ်မိုးသူကပြောလျှင် လှငွေက ခေါင်းကို ပြန်ညိတ်ပြ သည်။

"မင်းလဲ သိတန်သလောက်တော့ သိပါတယ်လေ၊ ငါ့ အဘွားဟာ နတ်နဲ့ ဗေဒင်ဆို အင်မတန်မှ စွဲလမ်း ယုံကြည် နေတယ်ဆိုတာကိုလေ"

"ဟာ....အစစ်ပေါ့၊ မင့်အဘွားလောက် နတ်နဲ့ဗေဒင်ကို ယုံကြည်စွဲလမ်းတဲ့သူဟာ ငါတို့ နိုင်ငံတော်မှာ မရှိသေးဘူး လို့ကို ငါက အတပ်ပြောပြလိုက်ချင်တယ်ကွာ"

"သိပ်ကိုမှန်တာပေါ့၊ ဒီနေရာမှာ ကြားဖြတ်ပြီး ရယ်စရာ အလေးတစ်ခုကို ငါက မင့်ကို ပြောပြဦးမယ်"

"အိုကေ....မင်းပြောရင် ငါက နားထောင်ဖို့ ရယ်ဒီပါပဲ ကွာ.... ပြော"

လှငွေက စိတ်ဝင်စားသံဖြင့် ပြန်ပြောနေသည်။

"တစ်ခါတုန်းကပေါ့ကွာ....တစ်နေ့မှာ သူ့ရဲ့ ဗေဒင်ဆရာ အိမ်ကနေ ပျာယီးပျာယာနဲ့ အိမ်ကိုပြန်လာပြီး သူ့အခန်းထဲ ကို ဝင်ပြေးသွားတာကို ငါမြင်လိုက်ရတယ်၊ ဒါနဲ့ ငါကလဲ ဘာများဖြစ်လို့ပါလိမ့်ဆိုပြီး နောက်ကနေ အသာလိုက်ပြီး ချောင်းကြည့်တာကိုး၊ အဘွားဟာ သူ့အခန်းထဲရောက်တော့ ဘာလုပ်တယ်ထင်သလဲ၊ တကတဲ့ကွာ...သူ့အရွယ်နဲ့ မလိုက်ဖက် အောင် ထဘီကို ခါးတောင်းကျိုက်ပြီး အခန်းထဲက အုတ် နံရံကြီးမှာ ခြေနှစ်ချောင်းကို မိုးပေါ်ထောင်ပြီး သူ့ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ အုတ်နံရံနဲ့ ထိုင်းထားတယ်ကွာ၊ အဘွားဟာ ကင်းမြီးကောက် ထောင်နေတာလေ၊ ဟဲ....ဟဲ....ဒါပေမယ့် အဘွားဟာ ကင်းမြီးကောက်လို မသောင်တတ်တော့ သူကိုယ်ကြီးဟာ ဒယိမ်းဒယိုင် ဖြစ်နေတာပေါ့၊ ငါလဲ အဘွားရဲ့အဖြစ်ကို ကြည့်ပြီး ပထမတော့ အံ့ဩလွန်းလို့ ငေးကြည့်နေမိတာပေါ့၊ ဒီတင် ငါ့အဘွားဟာ ကင်းမြီးကောက် ထောင်နေရာကနေ သူကိုယ်ကြီးဟာ ကြမ်းပြင်ပေါ်ကို လဲအကျသွားမှာ အောင်မယ်လေး....သေပါပြီတော့်လို့ အော်သံကို ကြားလိုက်ရတယ်၊ ဒီတော့မှ ငါဟာ အဘွားကို ပြေးထူပေးရတာပေါ့၊ ပြီးတော့ ငါကမေးတယ်....

အဘွား....ဒါက ဘာလုပ်တာလဲ၊ သူငယ်ပြန်ချင်လို့လား လို့၊ ဒီအခါ အဘွားဟာ ငါ့ကို ဒေါသတကြီးနဲ့ ပြန်ပြောတာက ဟဲ့....နင်ဘာသိလို့လဲ၊ ငါ့ကို ဗေဒင်ဆရာက ဥစ္စာပစ္စည်းတွေ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး မွဲကိန်း မြင်တယ်လို့ ဟောလိုက်တယ်၊ အဲဒီလိုမဖြစ်ချင်ရင် ညတြာ ချေတဲ့အနေနဲ့ အိမ်ပြန်ရောက်တဲ့အခါ ကင်းမြီးကောက်ထောင်ပြီး နေရမယ် ဆိုလို့ အခုလို ထောင်နေတာပေါ့ဟဲ့တဲ့ကွာ၊ ဟား....ဟား....ဟား"

ချစ်မိုးသူက ပြောပြီးရယ်နေလျှင် လှငွေမှာလည်း တဟားဟား ဖြစ်နေတော့သည်။

"အင်း....မင်းပြောသလိုသာဆိုရင် ဗေဒင်ဆရာက မင့်အဘွားကို နောက်လိုက်တာနဲ့ တူပါတယ်ကွာ၊ ဟား....ဟား....ဟား"



"အေးလေ....ဗေဒင်က နောက်ပြီးပဲပြောပြော တကယ်ပဲ ပြောပြော ငါ့အဘွားကတော့ ဗေဒင်တို့ ယတြာတို့ဆိုရင် အင်မတန် ယုံကြည်နေလေတော့ လိုက်လုပ်တာပေါ့ကွာ၊ ငါ့အဘွားဟာ ငါသိရသလောက် လွန်ခဲ့တဲ့ဆယ့်ငါးနှစ်လောက်တုန်းကတော့ အဲဒီလောက်အထိ မယုံကြည်ခဲ့ဘူးကွ၊ အေး.... ငါ့အဘွားကို ယုံကြည်အောင် လုပ်လိုက်တာကတော့ ငါ့အဖေနဲ့အမေ ပြင်ဦးလွင်အနီးမှာ ကားမှောက်ပြီး သေဆုံးကြတဲ့ အချိန်ကစတာပဲကွ"

"ဟုတ်တယ်နော်၊ မင့်အဖေနဲ့ မင့်အမေသတင်း ကြားရတာ စိတ်မကောင်းစရာဘဲ၊ ငါလဲ အဲဒီအကြောင်းကို တွေးမိတိုင်း စိတ်ထိခိုက်မိပါတယ်ကွာ"

လှငွေက စိတ်ထိခိုက်သံဖြင့် ချစ်မိုးသူကို ပြန်ပြောပြနေသည်။

"အာ....ဟုတ်ကောင်း၊ ငါ အခုပြောနေတာက ငါ့မိဘတွေအတွက် ဝမ်းနည်းစကား ပြောချင်လို့ မဟုတ်ဘူးလေ၊ ငါ့အဘွား ဗေဒင်ကို ဘယ်လိုကြောင့် အခုလို အယုံအကြည်ထဲမှာ နစ်နေအောင် ယုံကြည်နေတယ် ဆိုတာကိုပါကွ"

"အေးပါ၊ ပြောမယ်ဆို ပြောစမ်းကွာ"

"အဲဒီလို ငါ့အဖေနဲ့အမေ ကားမှောက်ပြီး သေတဲ့ကိစ္စမှာ ငါ့အဘွားရဲ့ စိတ်ထဲကတော့ နတ်နဲ့ ဗေဒင်ကို ငါ့အဖေတို့ မယုံကြည်လို့ အခုလို သေရတာပဲလို့ တထစ်ချ စွဲမှတ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ...အဲဒီလို ယုံကြည်တာကတော့ မနိပ်ပါဘူး လေ"

လှမွှေကေ သဘောမတူသံဖြင့် ပြန်ပြောနေသည်။

"မင်းဘာသာခင်း နိပ်ချင်နိပ် မနိပ်ချင်နေ၊ ငါ့အဘွားက တော့ ငါ့မိဘတွေ သေရတာဟာ နတ်ကလုပ်လို့ သေရတယ် လို့ ယူဆနေတာကွ၊ ဒီအတွက်လဲ ငါ့အဘွားကို အပြစ်တင် လို့တော့ မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုရင် အဲဒီနေ့က ဖေဖေ့ ကို အဘွားက သားရေတဲ့၊ မင်း နယ်ပြောင်းရမယ်ဆိုရင် အရှင်နှစ်ပါးကို ကန်တော့ပွဲ ပေးသွားပါလား၊ မေမေ နတ် ကတော်ကိုခေါ်ပြီး ပွဲပေးမယ်လေလို့ ပြောတဲ့အခါ နတ်နဲ့ ဗေဒင်ကို လုံးဝ မယုံကြည်တဲ့ ဖေဖေဟာ ဒေါပွပြီး... ဟာဗျာ...မေမေကလဲ၊ ဘာဆိုင်လို့ ဒီနတ်တွေကို ကန်တော့ပွဲ ပေးနေရမှာလဲ၊ မပေးပါဘူးလို့ ပြန်ပြောတော့ အဘွားက တဲ့...ဘယ့်နှယ်ကြောင့် မဆိုင်ရမှာလဲ၊ ဆိုင်တာပေါ့၊ နင်တို့ လင်မယားကို ဗေဒင်ကရော နတ်ကတော်ကပါ ဒီနှစ်အတွင်း နင်တို့လင်မယားမှာ အသက်အန္တရာယ် ရှိနိုင်တယ်လို့ ဟော ထားလို့ပေါ့၊ ဒီတော့ အဲဒီအန္တရာယ်ကလွတ်အောင်လို့ ငါက ကန်တော့ပွဲ ပေးမှာပါလို့ ပြန်ပြောတယ်၊ ဖေဖေကလဲ နယ် ပြောင်းခါနီး အလုပ်ရှုပ်နေတဲ့အချိန်မို့ စိတ်တိုတိုနဲ့ မလုပ် ဘူးဗျာ... မလုပ်ဘူး အဲဒီလို မလုပ်လို့ မေမေ့နတ်ကလုပ် ရင်လဲ သားတို့လင်မယား အသေခံလိုက်မယ်လို့ ပြန်ပြောပြီး ဖေဖေနဲ့ မေမေဟာ ပြင်ဦးလွင်ကိုအသွားမှာ ကားမှောက်ပြီး ဆုံးခဲ့တာပဲ၊ အမှန်ပြောရရင် ဖေဖေနဲ့ မေမေဟာ အဘွား





ပြောခဲ့သလို နတ်ကို ကန်တော့ပြီးသွားကြရင်လဲ အခုလို ကား မှောက်ပြီး သေရမှာပါကွာ၊ သူတို့ ကံဇာတာကိုက ဒီနေ့ ဒီရက် ဒီအချိန်မှာ သေရတော့မယ့် ကံဇာတာ ပါနေတာပဲ ဟာ၊ အေး...ဒါပေမယ့် အဘွားကတော့ သူပြောသလို နတ် ကို ကန်တော့မသွားလို့ဘာ အခုလို သူ့သားနဲ့ ချွေးမဟာ သေရတာပဲလို့ တထစ်ချ ယုံကြည်ခဲ့ရာက အခုလို နတ်နဲ့ ဗေဒင်အပေါ်မှာ အစွဲအလမ်း ကြီးနေခဲ့တာပဲကွ"

"အေးပေါ့ကွာ...မင့်အဘွား အစွဲအလမ်း ကြီးမယ်ဆိုရင် လဲ ကြီးစရာ ဖြစ်နေတာပေါ့"

"ကြီးစရာဖြစ်နေလို့ ဗေဒင်ဆရာနဲ့ နတ်ကတော်တို့ဟာ အားပေါက်ပွင့်နေကြပြီလေ၊ သူတို့ကလဲ ငါ့အဘွားဆီက ချူ ယူရမှန်း သိနေကြတော့ အဘွားဆီကို လာလာပြီး ဟိုဟာ သုပ်ရမယ်၊ ဒီဟာလုပ်ရမယ်နဲ့ပြော၊ နတ်နဲ့ဗေဒင်ကို အသေ အလဲ ယုံကြည်နေတဲ့ အဘွားကလဲ သူတို့ ပြောတဲ့အတိုင်း လိုက်လုပ်နေတာပါပဲလေ"

"အဲဒီလို လုပ်နေတာကို မင်းက ဝင်မတားဘူးလား၊ အဘွားကို သူတို့ပြောတိုင်းမလုပ်ဖို့ တားပါလားကွ"

"မရပါဘူးကွာ...ငါလဲ ပြောသင့်သလောက်တော့ ပြော တာပဲ၊ ငါ့အဘွားက နားကိုမထောင်ဘူး၊ အဲ...နတ်ကတော် ဆက်စာရင် ဗေဒင်ဆရာက ပိုဆိုးနေတာကွ၊ အခု ငါ မိန်းမ ယူမယ့်ကိစ္စ ပေါ်လာတာကလဲ အဲဒီ ဗေဒင်ဆရာကြီးကြောင့် ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးသူကပြောလျှင် လှမင်းမှာ ရယ်နေတော့သည်။

"ဟဲ...ဟဲ...ကောလ်ဖွဲ့ မင့်ကို ဗေဒင်ဆရာက သူ့သမီးနဲ့ ချိန်နေပြီထင်တယ်၊ နို့ သူ့သမီးကကော ချောရဲ့လားကွ၊ မင်း မြင်ဖူးသလား"

"ဘယ်ကလာ...သူ့သမီးနဲ့ ချိန်ရမှာလဲ၊ ဗေဒင်ဆရာမှာ သမီး ဝေးလို့ ဇနီးတောင် မရသေးတဲ့ ဝေါမဆွံ့ ဗေဒင်ဆရာ ဦးခေါ်တာကြီးပါကွာ၊ ဟား...ဟား...ဟား"

ချစ်မိုးသူက ပြောပြီးရယ်နေသည်။

"ဒါဖြင့် ဘာသဘောနဲ့ မင့်ကို မိန်းမယူဖို့ သူက တိုက်တွန်းခဲ့ရတာလဲ"

"တိုက်တွန်းဆို တစ်နေ့ ငါ့အဘွားဟာ ငါ့ဇာတာကို ဗေဒင်ဆရာဆီကိုသွားပြီး ဇာတာစစ်ဖို့ သွားပေးတယ်လေ၊ သူက ဇာတာကို စစ်ဆေးပြီး ဘယ်လို ဟောသလဲဆိုတော့ ငါဟာ အာဝနီနက္ခတ်နဲ့ ဖက်စပ်ကျော်ပိုရေးရှင်း လုပ်ထားတာတဲ့"

"ဟာ...ငါကတည်တည်နေတော့ မင်းက ဖောက်လ ပြီး ကောင်းကောင်း ပြောစမ်းကွာ"

"အဟီး...ငါလဲ ပြောနေရင်းက နောက်ပြောင်ချင်စိတ် ပေါက်လာလို့ပါကွာ၊ ကဲ...ကဲ...ငါ ကောင်းကောင်းပြော ပြပါမယ်၊ ငါ့နက္ခတ်ဟာ အာဝနီနဲ့ယှဉ်ပြီး ဖွားတဲ့သူ



အဲဒီကလေးဟာ ပညာထက်မြက်တယ်၊ အဆွေ ခင်ပွန်း ကောင်းလဲ ရှိမယ်၊ အားခွန်ဗလလဲ ဖွံ့ဖြိုးမယ်၊ ဒါပေမယ့် ဥပဒ်တော့များမယ်၊ သူဘာစ်ပါး လုံ့လပယောဂနဲ့တော့ ဝေးနိုင်ဘူး၊ အဲ...ပြောစရာရှိတာက မိန်းမနဲ့ ပတ်သက်ပြီး ဟောအရွက်တော်ကြီးတော့ ကွဲနိုင်သတဲ့၊ အဲဒီလို မဖြစ်ရ အောင် ခင်ဗျားရဲ့မြေးကို အခုနှစ်အတွင်း မိန်းမ မြန်မြန် ပေးစားရမယ်၊ ပေးစားတဲ့အခါ ငါဟာ ထနလ်ာသားမို့ ကြာသပတေးသမီးနဲ့သာ ပေးစားရမတဲ့၊ အဲဒီ ကြာသပတေး သမီးဟာလဲ ပထမမွေးမယ့်ကလေးဟာ သား ယောကျ်ား ကလေး ဖြစ်ရမယ်တဲ့၊ ဒီလိုမွေးမှလဲ ငါတို့မှာ ဥစ္စာဓနတွေ ရှေ့လျှံအောင် ချမ်းသာမယ်ဆိုပဲ၊ အ်...သမီးမိန်းကလေး မွေးရင်တော့ ငါ့ရော အဘွားပါ မဟာဒုက္ခတွေ ဝေပြီး သားတဲ့ကွ"

ချစ်မိုးသူက ပြောပြလျှင် လှမင်းမှာ တခစ်ခစ်ဖြင့် ရယ် ဆုံး ဖြစ်နေတော့သည်။

"ဖဦးသုပ် ရး... မရစ်ဘဲ ဖြစ်မှ ဖြစ်ရလေကွာလို့သာ ပါဘာ့ ဆိုလိုက်ချင်တာပဲ၊ ဘယ့်နှယ်ကွာ ကလေးဆိုတာ ကိုယ်လိုချင်တိုင်း ယောကျ်ားကလေးမွေးစေ၊ မိန်းကလေး မွေးနဲ့လို့ မှန်းမှတ်လို့ရတာမျိုးမှ မဟုတ်ဘဲ၊ လူမွေးချင်တာ မွေးမှာပေါ့ကွ၊ မင်းအဘွားရဲ့ဗေဒင်ဆရာကလဲ ကြံကြံဖန်ဖန် တော့ မဖော်တော်လုပ်တဲ့ ဗေဒင်ဆရာပဲနော် ဟား...ဟား ဟား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့....ဟဲ....မင်းကသာ ကြုံကြုံဖန်ဖန်လို့ ထင်နေတာ ကိုး၊ ဗေဒင်ဆရာကတော့ ဒီလိုမဟုတ်ဘူးကွ၊ ငါယူမယ့် မိန်းမရဲ့ ဇာတာကို စစ်ကြည့်ရင် ယောကျ်ားကလေး မွေး မမွေးကို အတပ်ပြောနိုင်သတဲ့၊ ဒါကြောင့် ငါယူမယ့် မိန်းမဆို ပထမဆုံး သူ့ဆီကို ဇာတာစစ်ကြည့်ရမတဲ့၊ သူက ယောကျ်ားကလေး မွေးနိုင်တယ်လို့တွက်ချက်လို့ရရင် ငါဟာ လက်ထပ်ရုံပဲ၊ အဲ....ယောကျ်ားကလေးမမွေးဘဲ မိန်းကလေး မွေးမယ့် ဇာတာရှင်ဆိုရင် လက်မထပ်နိုင်ဘူးတဲ့ မောင်"

"ဟေ....တယ်လဲ ဟုတ်ပါကလား၊ ကျွန်တော် မင့် ဗေဒင် ဆရာဟာ နတ်အစီ....အဲ....အဲ....ယောင်လို့၊ နတ်မျက်စိရနေ ပြီနဲ့တူတယ်၊ ဟဲ့....ဟဲ့၊ နို့....မင့်အဘွားကကော သူ ဒီလို ဟောနိုင်တယ်ဆိုတာကို ယုံသလားကွာ"

"ငါ့အဘွား ယုံတာမယုံတာတော့ ငါမသိဘူး၊ ဗေဒင် ဆရာကလဲ အဲဒီလိုဟောလိုက်ရော....တကတဲ့ကွာ ငါ့အဘွား ဟာ စစ်ကိုင်းမြို့ထဲမှာ ရှိရှိသမျှသော ကြွယ်သပတေးသမီး အပျိုချောတွေဆီသွားပြီး သူတို့ရဲ့ဇာတာတွေကိုလိုက်တောင်း တယ်ကွ၊ တကယ်လို့သာ ဗေဒင်ဆရာက သားယောကျ်ား ကလေး အမှန်မွေးမယ့် မိန်းမပဲလို့ဟောရင် အဲဒီအမျိုးသမီးနဲ့ ငါ့ကို အတင်းပေးစားမယ်တဲ့ကွာ"

"အဲဒါနဲ့များ မင်းက ရန်ကုန်ကို ဆင်းလာခဲ့ရသလား ကွ"

"ဟာ....ဆင်းလာဆို တို့ စစ်ကိုင်းမြို့မှာ သားယောကျ်ား ကလေးမွေးမယ့် အမျိုးသမီးကို မတွေ့သေးဘူးလေ၊ စစ်ကိုင်း





တစ်မြို့လုံးမှာ ရှိသမျှ ကြွယ်သပတေးသမီး အပျိုချောတွေလဲ သက်ကျန်မရှိတော့ဘဲ ဖြစ်နေပြီ၊ ဗေဒင်ဆရာကလဲ သူ့ဆီ ရောက်သမျှ ဇာတာတွေကိုစစ်တာ ယောကျ်ားကလေးမွေး မယ့်ဇာတာ မဟုတ်ဘူးချည်း ပြင်းနေလို့ ခက်နေတာပေါ့၊ မင်းသိတဲ့အတိုင်းပဲ ငါ့အဘွားဟာ ပိုက်ဆံကျိကျိတက်အောင် ချမ်းသာတာကို သိကြတော့ အိမ်မှာဆိုရင် ကြွယ်သပတေး သမီးတို့ရဲ့ မိဘရှင်တွေဟာ တရှုန်းရှုန်းနဲ့ပေါ့ကွာ၊ ငါ့ဖြင့် မျက်စိတောင်နောက်လာတာပဲ၊ ဒါပေမယ့် သူတို့တစ်မတွေဟာ ဗေဒင်ဆရာဆီကို ရောက်ကြတဲ့အခါတော့ အားလုံး နေစရာ ဘောက်ကျသွားကြတာချည်းပဲကွ၊ ဟဲ့....ဟဲ့"

"ခတာက်....တော်တော်လဲ့တုံးတဲ့ဟာတွေပဲ၊ ငါသာဆိုရင် ဗေဒင်ဆရာကို လာဘ်ထိုးပြီး ငါ့သမီးနဲ့ပေးစားဖို့ အဟော ခိုင်းလိုက်မှာပေါ့"

"အောင်မယ်....ဒါမျိုးကျတော့ တို့ဗေဒင်ဆရာက သစ္စာ ရှိတယ်ကွ၊ သူ့ကို လာဘ်ထိုးလို့တော့ မရဘူး၊ မင်းပြော သလို သူ့ကို လာဘ်လာထိုးခဲ့ကြတဲ့လူတွေလဲ ရှိတာပဲ၊ ဒါ ပေမယ့် သူက အဲဒီလို လာဘ်တွေကို လုံးဝမယူဘူးကွ၊ ဒါတော့ ငါစဉ်းစားကြည့်မိတယ်၊ အခုလို အဘွားဟာ ငါ့ အတွက် မိန်းမတွေကို လိုက်ရှာနေမယ့်အစား ငါကိုယ်တိုင် ...ကြိုက်လိုက်ရှာပြီး ယူတာက ပိုကောင်းမယ်လို့ စဉ်းစား ...တဲ့အတွက် အဘွားဆီမှာ ခွင့်ပန်ပြီး အခုလို ရန်ကုန်မြို့မှာ နေတဲ့ မင့်ဆီကို ထွက်လာခဲ့တာပါပဲကွာ"



www.burmeseclassic.com

ချစ်မိုးသူက မည်သည့်အတွက်ကြောင့် သူ လာခဲ့ပုံကို ရှင်းပြနေသည်။

"ဪ....ဒါကြောင့် မင်းဟာ ငါ့အိမ်ကိုရောက်လာခဲ့တာကိုး၊ ဒါပေမယ့် မင်းကို တစ်ခုတော့ မှာထားချင်တယ် ငါတို့ ရန်ကုန်သူ လူပျိုဖြူတွေကိုတော့ မယူစမ်းပါနဲ့ကွာ သူတို့ဘစ်တွေက အလှပြင်ဖို့နဲ့ အာတ်ယစ်ဘဲ့ ဝတ်ကြဖို့လောက်ပဲ သိကြတာ၊ အိမ်ထောင် ထိန်းသိမ်းရေးဘက်မှာကျတော့ ညံ့ကြတယ်ကွ၊ ပြီးတော့ မင်းအတွားနဲ့လဲ တည့်မယ် မထင်ပါဘူး၊ မင်းရဲ့အသွားက ဈေးလူကြီးဆိုတော့ ရန်ကုန်သူတွေ နေပုံထိုင်ပုံတွေကို ကြည့်ရမယ် မထင်ပါဘူးကွာ"

"ငါကတော့ ရန်ကုန်သူဖြစ်ဖြစ် တောသူဖြစ်ဖြစ် ရွေးမနေပါဘူး၊ ငါ့အကြိုက်လို့ဖြစ်နေယ် ၊ ဗေဒင်ဆရာတွေဟောသလို ယောကျ်ားကလေးလို့ မွေးမယ်ဆိုရင် ယူမှာပဲ၊ ဒါကြောင့် မင့်ဆီကိုလာတာမို့ မင်းက ငါ့အတွက် မိန်းမ မြန်မြန်ရအောင် အစွမ်းကုန် ကူညီပေတော့ ဟဲ့...ဟဲ"

ချစ်မိုးသူ၏ စကားများကိုကြားလျှင် လှငွေ၏ မျက်ကြီးမှာ တွန့်ခနဲ ဖြစ်သွားခဲ့သည်။

"မုန္ဒေါ်...ငါက အစွမ်းကုန် အကူအညီပေးရအောင် ငါ့မှာ ညီမမှ မရှိတာ၊ ရှိရင်လဲ ပေးစားပါတယ်ကွာ၊ ဒါ ကောင် မင်းတို့ဗေဒင်ဆရာ လိုချင်တဲ့ ကြာသပတေးသမီး ဖြစ်နေရမှာကွ"

"ဟာကွာ....မင်းကလဲဘာတွေလျှောက်ပြောနေရတာလဲ၊ မင့်မှာ ညီမဆိုလို့ မင့်အိမ်မှာမွေးထားတဲ့ နီမတောင် မရှိဘူးဆိုတာ ငါသိပြီးသားပါ၊ မင့်ကို အကူအညီခိုင်းတာက တော့ မင်းဟာ မိန်းမနဲ့ပတ်သက်လာရင် ငါ့ထက် ပိုမိုပြီး နှံ့နှံ့စပ်စပ်ရှိလို့ လာတာပါ၊ ရှင်းပြီလား"

"အဲဗျ....အခုမှ တုတ်ကောက်ပဲ၊ အဲလေ....ဒုက္ခပဲ မင်းက ငါ့ကို သတင်းစာဆရာဆိုပြီး အထင်ကြီးတစ်ခွဲသားနဲ့လာပြီး အားကိုးနေ၊ ငါ့မှာဖြင့် အခုထက်ထိဘယ်မိန်းမကိုမှ စွံအောင် မပိုးနိုင်ခဲ့သေးဘူး ချစ်မိုးသူရ ဟဲ့... ဟဲ"

"မင့်ဘာသာမင်း စွံတာမစွံတာ ဘေးချိတ်ထား၊ ငါစွံဖို့သာ အဓိကမို့ မင်းကတော့ကနေ တစ်ဆပ်တစ်အားနဲ့ လိုက်ပြီး ပံ့ပိုးပေးရမယ်လေ၊ ဒီတော့ ပြောစမ်း၊ အပျိုချောချော လှလှတို့ စုဝေးရာနေရာဟာ ဘယ်မှာလဲဆိုတာ"

ချစ်မိုးသူ မေးနေသည်၊

လှငွေမှာတော့ ဦးခေါင်းကုတ်ခြောက်သွားပုံရနေသည်။

"အေး ...အခုမှ သွက်ပြီ အဲ...အဲ....ခင်ဗျား အပျိုချောချော စုဝေးရာနေရာကို နဇာနာမိ ငါမသိဘဲ၊ ဒီတော့ လူစည်ကားရာနေရာတွင် တိုးသွားကြရင်တော့ အပျိုချောချောတွေ ရှင်မဟာ အချောက်ချောချောတော့ တွေ့ရမှာပေါ့ကွာ... တား....ဟား"

"ဟယ်...သေနာကျူးမဘွက်ဘာတော့လာပြန်မနေနဲ့စမ်းစမ်း ကောင်းကောင်းပြောစမ်းပါကွ"

www.burmeseclassic.com



"ကောင်းကောင်းပြောနေတာပဲ၊ ဒီမယ်...ချစ်မိုးသူ၊ ငါက သတင်းစာဆရာကွ၊ ဃရာဝါသ ဗွီစားမှု မတွေ့တာ၊ ငါက ဘယ်လိုလုပ်ပြောနိုင်မလဲ"

"ဒါဖြင့် မင့်ဆီကို ငါက အထင်ကြီးတစ်ခွဲသားနဲ့ လာခဲ့ရတာ ဗွတ်ပလက်စ် ဖြစ်သွားပြီပေါ့နော်၊ ဒါဆို မင့် အိမ်မှာ မတည်းတော့ဘူးကွာ၊ တခြားကို သွားတော့မယ်"

ချစ်မိုးသူက စိတ်ကောက်သွားဟန်ဖြင့် ပြောနေသည်။

"ဟော...ဟော...ငါက ငြင်းလိုက်လို့ မင်းကစိတ်ကောက်သွားပြီထင်တယ်၊ ဟဲ...ဟဲ..."

"မကောက်ပါဘူး၊ မင့်ဆီနေလို့ အား မ ကိုး ရ မှ တော့ တခြားနေတာက ငါအဖို့ ပိုပြီးကောင်းမယ်ထင်လို့ပါ"

"ဟာကွာ...တခြားတော့ သွားမနေနဲ့၊ ငါ့ဆီမှာပဲနေပါ၊ ပြီးတော့ မင်း ဆန္ဒအတိုင်း ငါ အစွမ်းကုန်စဉ်းစားပြီး အပျိုချောတွေရှိရာကိုလဲ လိုက်ပို့ပေးပါ့မယ်ကွာ၊ ဒီလောက်ဆို ကျေနပ်ပါတော့၊ ဟဲ...ဟဲ..."

"အေးလေ... မင်းက အကူအညီပေးမယ်ဆိုမှတော့ ငါ မသွားတော့ပါဘူး၊ ဒီတော့ ပြောစမ်း၊ အပျိုချောပါတဲ့ နေရာဟာ ဘယ်မှာဆိုတာ"

"ငါ စောစောက ပြောခဲ့သလို လူစည်ကားရာကို သွားမယ်၊ အဲဒီ လူစည်ကားရာဟာ ဘယ်မှာလဲဆိုတော့ ဘုရားပွဲတွေဟာ အစည်ကားဆုံးပဲ မတွေ့တ်လားကွ"

လှခင့ေကပြောလျှင် ချစ်မိုးသူကလည်း သဘောတူဟန်ဖြင့် ခေါင်းကို ညိတ်ပြနေသည်။





"ဒီတော့ အခု ဘယ်ဘုရားပွဲစနေပြီလဲ၊ မင်း သိသလား"

"သိတာပေါ့၊ ရွှေဆံတော်ဘုရားပွဲတော်ကြီး စနေပြီလေ၊ အဲဒီ ဘုရားပွဲကို ငါတို့ အရင်သွားမယ်ကွာ၊ ရှာလို့မတွေ့မှ တခြား ဘုရားပွဲတော်တွေကို လိုက်ရှာကြတာပေါ့၊ မင်း လိုက်နိုင်ပါ့မလား"

"လိုက် ရ မှာ ပေါ့၊ ငါ့တိုက်ကို ခွင့်တော့ ထင်ရမှာပဲ၊ ဒါထက် မင်း မှာ အမ်အိုအဲန်အီးဝိုင် မန်း နီး ကော အလုံ အလောက်ပါလာသလား"

"ဟဲ...ဟဲ... ငွေရေးကြေးရေးအတွက်ကတော့ ဒုန်းဝေါရိုပါကွာ၊ ငါ့မှာ အပြည့်အစုံပါလာပါတယ်၊ အဲဒါနဲ့မှ မလုံလောက်သေးရင် အဘွားဆီကို ကြိုက်သလောက်မှာရင် ရနိုင်ပါတယ်၊ အဘွားကလဲ ငွေလိုချင်ရင် အချိန်မရွေး သာမှာတဲ့ကွ၊ ဟဲ့...ဟဲ..."

"ဟာ...ဒါဆိုရင် အလုပ်က ဖြစ်နေပြီပဲ၊ ဒီတော့ ငါ အလုပ်တိုက်ကို အခုပဲသွားပြီး ခွင့်တင်လိုက်မယ်၊ မင်း စွံတဲ့အခါကျရင် ငါ့ကို ပင်ပန်းခကလေးအတွက်ထေရ် ဆုချဖို့ မမေ့နဲ့နော်၊ အဟီး..."

"အို...စိတ်ချ၊ မင်း ကျေနပ်သလောက် ငါ ပေးပါ့မယ်၊ ဒီတော့ ငါတို့တစ်တွေ ခရီးကို ဘယ်နေ့ဆက်မယ်ဆိုတာ ပြောစမ်း"

"ဟ...ဟ...သိပ်မလောနဲ့လေကွာ၊ ငါက အလုပ်တိုက်ကို ခွင့်တင်ရမှာမို့ နှစ်ရက်လောက်တော့ သည်းခံပြီး နေပါဦးကွာ...ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ....အဲဒီလောက် ဆော ငါ စောင့်နိုင်ပါတယ်သေ"

"ဒါဖြင့် ငါ သွားတော့မယ်၊ အဲ...မသွားခင် မင့်ကို မင်္ဂလာသတင်းတစ်ခုကို ပြောပြရဦးမယ်ကွ၊ "အတီး..."

"ဟော....ဘာမင်္ဂလာသတင်းလဲ"

"ငါတို့ရဲ့ ဂေါ်မစ္စံသူငယ်ချင်း သိန်းထီ တစ်ယောက် စုံတော့မယ်တဲ့ကွ၊ အဲဒါ မင်္ဂလာလက်ဖွဲ့ပေးဖို့သာ ပြင်ထား ပေတော့"

"ဟော...တယ်ဟုတ်ပါကလား၊ ဒီကောင် ယူမယ့် မိန်းမက ဘယ်မြို့သူလဲကွ"

ချစ်မိုးသူက ဝမ်းသာသံဖြင့် ပြန်မေးနေသည်။

"တို့ ရန်ကုန်သူပါပဲကွာ.... သူတို့ နောက်အပတ်လောက် ကြရင် လက်ထပ်ကြမယ်ဆိုတာ သိရတယ်၊ အဲဒါ မင်း ရန်ကုန် မှာ ဆက်ပြီးရှိနေဦးမယ်ဆိုရင် သူတို့ မင်္ဂလာပွဲကို မင်းနဲ့ငါ သွားကြရအောင်နော်"

"ဒါတော့ သွားရမှာပေါ့ကွာ.... ဒီကောင်ကြီးဟာ ငါ တို့နဲ့ အင်မတန်မှ ခင်မင်ရင်းနှီးခဲ့တဲ့ ကောင်ကြီးပဲဟာ၊ ငါလည်း ဒီရန်ကုန်မှာ သောင်တင်နေဦးမှာပါကွာ"

ချစ်မိုးသူက ပြောနေစဉ် လှဝေမှာ အလုပ်ဘိုက်သို့ သွား ရန် အဝတ်ကို သွားလဲနေသည်။

"ကဲ...သူငယ်ချင်း၊ ငါ သတင်းစာတိုက်ကို ပြေးလိုက် ဦးမယ်၊ သိပ်မကြာပါဘူး၊ အလွန်ဆုံးကြာလှ တစ်နာရီ လောက်ပါကွာ၊ ငါမရှိတုန်း မင်းက ဒီအခန်းထဲမှာ ဖင်မြဲမြဲ



နေပါ၊ မိတော် ငါ့အမေပြန်လာလို့ တံခါးဖွင့်ပေးမယ့်သူမရှိ ဖြစ်နေရင် ဒေါက်နိန်နေလိမ့်မယ်"

"စိတ်ချပါကွာ....ငါ ဘယ်မှ မသွားပါဘူး၊ ငါလည်း တစ် ညလုံး မီးရထားစီးလာခဲ့ရလို့ ပင်ပန်းနေတဲ့ဟာ တစ်ရေး လောက် မင့်အခန်းထဲမှာ မှေးလိုက်ဦးမယ်၊ မင်း ပြန်လာတဲ့ အခါကျမှ ငါတို့ စားသောက်ဆိုင်တစ်ဆိုင်ဆိုင်မှာ နံနက်စာ သွားစားကြတာပေါ့"

"အိုကေ....အစားဆိုရင် ငါ့အတွက်တော့ စိတ်ချ၊ ဘယ် တော့မှ မငြင်းတတ်ဘူးကွ၊ ဟား....ဟား....ဟား...."

လှဝေက တဟားဟားရယ်ရင်း အိမ်ထဲမှ ထွက်သွားခဲ့ သည်။

ချစ်မိုးသူက အခန်းတံခါးကို ပြန်ပိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

စစ်ကိုင်းမြို့တွင်ရှိ ငါးထပ်ကြီးဘုရားဘက်သို့ ဘုရားဖူး ရောက်ဖူးကြသူတိုင်း ထိုဘုရားကြီးနှင့် နှစ်ဖာလုံခန့် နေရာတွင်ရှိ ခြံဝင်းကြီးတစ်ခု၌ သေသပ်စွာ ဆောက်လုပ်ထားခဲ့သော ပျဉ်ထောင်အိမ်တစ်လုံးကို မြင်ဖူးကြပေမည်။

ထိုအိမ်၏ ခြံဝတွင် လေး ပေ ပတ် လည် ဆိုင်း ဘုတ် ကြီး တစ်ခုတွင် ရေးသားထားသောစာကိုလည်း ထိုအရပ်သို့ရောက်ဖူးကြသူတိုင်း မြင်တွေ့ဖတ်ရှုဖူးကြမည်ကား မလွဲပေ။ ထိုဆိုင်းဘုတ်တွင် ရေးသားထားသော စာများကား အောက်ပါအတိုင်း ဖြစ်သည်။

ရန်နိုင်ဦး၊ ၁၇၈၀

www.burmeseclassic.com

www.burmeseclassic.com



သင့် တစ်သက်တာအတွက် အဆိုးအကောင်း
မှန်သမျှကို အကျိုးအကြောင်းနှင့်တကွ ဂဃ
နဏ သိလိုကြလျှင်တော့....

မြန်မာနက္ခတ်ပညာရှင်ကြီး ဗေဒကဝိန္ဒ

ဆရာတောက်ထိန်

နှင့် အမြန်တွေ့လှည့်ကြပါ။

သင့် ဘဝ သာယာရေးအတွက် ဆရာ့ထံသို့ တစ်ခါတစ်ခေါက် လာရောက်၍ တွေ့လှည့်စမ်းပါ၊ ပြောမယုံ ကြုံဖူးမှသိ ဆိုသလို ပါးစပ်သဘောနဲ့ပြော၍ ဟောကိန်းထုတ်သူ မဟုတ်၊ အဘပ်ဟော၍ ဟောကိန်းထုတ်သူ ဖြစ်သည်၊

အများပြည်သူများ ဇာတာကို စမ်းနိုင်ကြရန် အတွက် ဈေးနှုန်းများကို ချိုသာစွာ လျှော့ထားသည်။

ယောကျ်ား တစ်ခါမေး နှစ်ဆယ်၊

မိန်းမ ဆိုလျှင် တစ်ဆယ့်ငါးကျပ်။

ထို့ပြင် ယတြာများကိုပါ အထူးမေတ္တာဖြင့် အခမဲ့ ချေပေးပါမည်။

ထိုဆိုင်းဘုတ်ကြီးကို ဖတ်ရသူတိုင်း မပြုံးဘဲ မနေနိုင်ကြပေ။



ဖတ်ရသူတိုင်း မပြုံးဘဲမနေနိုင်သလို ဗေဒင်ကို ဝါသနာပါကြသူတိုင်းလည်း ဗေဒင်ဆရာကြီး ဦးတောက်ထိန့်ထံ မမေးဘဲ မနေနိုင်ကြပေ။

နက္ခတ္တ ဗေဒင် ဆရာကြီး ဦးတောက်ထိန်မှာ အသက်အရွယ်အားဖြင့် (၆၀)နီးပါး ရှိနေပြီဖြစ်သည်။

အရပ်အမောင်းမှာ ပု၍ ကိုယ်ခန္ဓာက အနည်းငယ် စလွန်းနေသည်။

သူသည် ဗေဒင်ဆရာပီပီ တောင်ရှည်ပုဆိုးကို အမြဲလိုလို ဝတ်ဆင်တတ်ပြီး ပန်းနုရောင် ခေါင်းပေါင်းကိုလည်း ပေါင်းထားတတ်သည်။

စကားပြော ကောင်းသလောက် လောကလည်း အလွန်ရှည်လှသည်။

မြန်မာစာပေကိုလည်း အလွန်လိုက်စားသူဖြစ်၍ သူ့ထံသို့ ဗေဒင်လာမေးသူတိုင်းအား ဘေတို့ပေစကလေးတွေကို အမြဲလိုလို ရွတ်ပြတတ်သည်။

တစ်နေ့သော နေ့လယ်ဘက်အချိန်တွင် ဗေဒင်ဆရာကြီး ဆိုင်ရှေ့သို့ အစိမ်းရောင် ဆလွန်းကားကလေး တစ်စီးသည် ညင်သာစွာ ထိုးရပ်ခဲ့သည်။

ကားရပ်၍အပြီး၌ ကားအတွင်းမှ အသက် ခုနစ်ဆယ်နီးပါးခန့် ရှိပြီဖြစ်သော အသားကျလည်းဖြူဖြူ၊ ဆံပင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြူဖြူ၊ အရပ်ကမနိမ့်မမြင့်နှင့် ဥပဓိရုပ်ရည် ကောင်းမွန်လှသော မိန်းမကြီးတစ်ဦး ဆင်းလာခဲ့သည်။

ထိုမိန်းမကြီးမှာ အခြားလူတော့ မဟုတ်ပေ။

ချစ်မိုးသူ၏ အဘွားအကြီး ဒေါ်ဒေါ်ဖြိုး ဖြစ်သည်။

ဗေဒင်ဆရာကြီး ဦးတောက်ထိန်မှာ ဒေါ်ဒေါ်ဖြိုးအား တွေ့ရလျှင် အိမ်ဝမှနေ၍ ပျာပျာသလဲ ဆီးကြိုနေတော့သည်။

"ဟာ.... ကျောင်းအမကြီးပါကလား၊ ကြွပါခင်ဗျာ.... ကြွပါ၊ မနက်တုန်းကတောင် ကျောင်းအမကြီး လာမလားလို့ မျှော်နေမိပါသေးတယ်ခင်ဗျ....ဟဲ....ဟဲ"

ဦးတောက်ထိန်ကပြောလျှင် ဒေါ်ဒေါ်ဖြိုးက ပြန်လည်ပြုံးပြရင်း ပြောနေသည်။

"ဟုတ်တယ် ဆရာ၊ မနက်က လာဖို့ပါပဲ၊ ဒါပေမယ့် ကျွန်မအိမ်မှာ ဧည့်သည်တွေက ရောက်လာနေလို့ မလာဖြစ်တာပါ"

"ဒါပေါ့....ဒါပေါ့၊ အိမ်သာတော့ ဧည့်လာဆိုတာလေ ကဲ....ကဲ....ထိုင်ပါခင်ဗျာ"

ဦးတောက်ထိန်က ဒေါ်ဒေါ်ဖြိုး ထိုင်ရန် သင်ဖြူးဖျာတစ်ချပ်ကို သူကိုယ်တိုင် ခင်းပေးနေသည်။

သူကတော့ ဗေဒင်တွက်ရသည့် နေရာ၌ သွားရောက်ထိုင်နေသည်။





"အခကြောင်းထူးကတော့ ရှိနေပြီထင်တယ်၊ ဟုတ်လား ကျောင်းအမကြီးရ"

"မရှိပါဘူး ဆရာ၊ ဒါပေမယ့် မနေ့တုန်းက ကျွန်မပေးသွားခဲ့တဲ့ ဇာတာနှစ်ခုအတွက် သိချင်လို့လာခဲ့တာပါ၊ တွက်ချက်လို့တော့ ပြီးပြီလားရှင်"

"ပြီးပါပြီ ကျောင်းအမကြီးရဲ့၊ ညနေကျရင် ကျောင်းအမကြီးအိမ်ကို လာပြီးပေးမလို့ပါ"

ဗေဒင်ဆရာကြီး ဦးတောက်ထိန်က ပြောရင်း သူ၏အံဆွဲထဲမှ ဇာတာနှစ်ခုကို ထုတ်ယူနေသည်။

"ဩော်.... တွက်ချက်လို့ ပြီးနေပြီကော၊ နို့....ကျွန်မရဲ့မြေးကလေးနဲ့ အဲဒီမိန်းကလေးရဲ့ ဇာတာဟာ ပေးစားလို့ဖြစ်မလား ဆရာ"

ဒေါ်ဒေါ်ဖြိုးက မျှော်လင့်ချက်အပြည့်ဖြင့် မေးနေသည်။

"ဟာ....မဖြစ်ဘူးဗျ၊ သူတို့ ဇာတာတွေက ညံ့လွန်းပါတယ်လေ"

ဆရာတောက်ထိန်၏ စကားများကို ကြားရလျှင် ဒေါ်ဒေါ်ဖြိုး၏ မျက်နှာကြီးမှာ စိတ်ပျက်သွားဟန်ဖြင့် မဲ့နေတော့သည်။

"အင်း....ဒီအတိုင်းသာ ဆိုရင်တော့ ကျွန်မရဲ့မြေးကလေး မောင်ချစ်မိုးသူဟာ ဒီနှစ်အတွင်း မိန်းမ ရနိုင်ပါတော့မလား ဆရာရယ်၊ စစ်ကိုင်းမြို့ပေါ်မှာ ရှိသမျှ ကြာသပတေးသမီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ကုန်နေပြီ၊ အခု ဆရာကြီးတွက်ရတဲ့ ဇာတာရှင်တွေ နောက်ဆုံး လက်ကျန်ကလေးပဲ"

"အေးလေ....ဘာဖြစ်သလဲ၊ စစ်ကိုင်းကုန်းဘောင်မန္တလေးကို တက်ရှာပေါ့၊ ကျွန်တော့် အနေနဲ့လဲ စွံချင်းစွံရင် ကိုယ့်မြို့က ကလေးတွေနဲ့ စွံပါစေတော့ဆိုတဲ့ သဘောနဲ့ အတတ်နိုင်ဆုံး သက်သက်ညှာညှာနဲ့ တွက်ချက်ပေးခဲ့တာပဲ၊ ဒါပေမယ့် သူတို့ကလေးတွေရဲ့ ဇာတာက အားကြီးညံ့နေတော့ မတတ်နိုင်ဘူးလေဗျာ....ဟဲ....ဟဲ"

ဗေဒင်ဆရာကြီး ဦးတောက်ထိန်မှာ ပြောရင်း ဇာတာကို ဒေါ်ဒေါ်ဖြိုးထံသို့ လှမ်းပေးနေသည်၊

ဒေါ်ဒေါ်ဖြိုးမှာတော့ စိတ်ပျက်နေဟန်ဖြင့် ဦးတောက်ထိန် ပေးနေသော ဇာတာကို သူ၏ဘေး၌ ချထားလိုက်သည်၊

"ဒီဇာတာရှင် မိန်းကလေးက ဘယ်လိုများ ညံ့နေလို့လဲ ဆရာကြီး"

"တွတ်ကဲ့....ကျုပ် ပြောပြပါမယ်၊ ဒီမသန်းနှစ် ဆိုတဲ့ မိန်းကလေးရဲ့ဇာတာဟာ ကျောင်းအမကြီး နားလည်အောင် ရှင်းရှင်း ပြောပြရမယ်ဆိုရင် အိမ်ထောင်မြဲမယ့် ဇာတာ မတွတ်ဘူး၊ သူက သောကြာ သမီးဖြစ်တဲ့ တူရာသီမှာ စနေ လာဘ်ဘည်ပြီး စနေတိ စီးနေတယ်လေ၊ ဒါကြောင့် အဲ ဇာတာရှင် မိန်းကလေးဟာ ပထမအိမ်ထောင်ကို ကွာပြီး ဒုတိယအိမ်ထောင်ကို ယူတတ်တယ်"





"နို့....တစ်နေ့တုန်းက ကျွန်မပြခဲ့တဲ့ မသောင်းလှ ဇာတာကကော ဆရာကြီး"

"အင်း....မသောင်းလှရဲ့ ဇာတာကတော့ မုဆိုးမ ဖြစ်ဖို့ နိမ်းကြုံနေတယ်၊ သူ့ဇာတာက ဘယ်လို ဇာတာမျိုးလဲဆိုတော့.... လက်က စနေ ခုနစ်ထွေ ဇာကြွ ဆန္ဒရငွေယှန် နင်းခတဲ့သိန်ဘုံမှာ ဟိုင်းဂဠုန်ယှဉ်ပူး ထက်သူ့ဇာမိုးအနကြ ကြမှာလေတုန်ချက်ကထူး၊ လုပ်မရ ဇာတာပေ ကညာမေကြေ့မှူး ခုနစ်တန်ဘုံဦးမှာ ရင်ညွန့်ခူး ကေသရိန် အသရေ ပါ စံမမျှမြူးရတဲ့ ရွှေသိပ်၊ ခု....လောက စည်းစိမ်မှာ ရေသိမ်ငယ်လှလို့ မုဆိုးမဖြစ်မည့်ဟန် ဟောခတော့ ကေနိုး ...တ်ကျသိ ရခသ့ဖန်တယ် ဗေဒင်ဉာဏ် ရွှေကျမ်းကွယ့်လေးတဲ့ ကျောင်းအမကြီးရဲ့၊ ဒီစာဆိုအရ မသောင်းလှဟာ မုဆိုးမ ဖြစ်မယ့် ဇာတာမျိုး ဖြစ်နေတယ်၊ ဒီလို မိန်းကလေးနဲ့သာ ကျောင်းအမကြီးရဲ့မြေးကို ပေးစားမယ်ဆိုရင် ကျောင်းအမကြီးရဲ့ မြေးဟာ ဘယ်မှာ သက်ဆိုး ရှည်နိုင်ပါတော့မလဲ"

ဗေဒင်ဆရာဦးတောက်ထိန်၏ စကားများကို ကြားလျှင် ဒေါ်ဒေါ်ဖြိုး၏ မျက်လုံးများမှာ ပြူးထွက်ကာသွားခဲ့သည်၊

"အမယ်လေးလေး....ဆရာကြီးရယ်၊ ကျွန်မ မြေးကလေးတော့ အသက်အသေမခံနိုင်ပါဘူး၊ ကျွန်မမှာက မြေးဆိုလို ရှားရှားပါးပါး ဒီတစ်ယောက်တည်းသာရှိတာမို့ သူ မိန်းမကို ချောင်လိ ရှိပါစေတော့ ဟဲ....ဟဲ"

"တွတ်တာပေါ့ဗျာ....ဒါကြောင့်လဲ ကျုပ်က ကျောင်းအမကြီးရဲ့ မြေးအတွက် အစွမ်းကုန်ကြိုးစားပြီး တွက်ချက်



www.burmeseclassic.com

www.burmeseclassic.com



သေးနေရတာပေါ့၊ ဒါထက် ကျောင်းအမကြီးရဲ့မြေးကကော ရန်ကုန်မြို့ကနေ ပြန်မရောက်သေးဘူးလားဗျ”

“တက်ကဲ့...ပြန်မရောက်သေးဘူး၊ အခုဆိုရင် ဒီကောင်လေး သွားနေတာ တစ်ပတ်သောက်ရှိနေပြီ၊ သူ့အနေနဲ့ သူသဘောကျတဲ့မိန်းမကို တွေ့ရမှ ကျွန်မဆီကိုပြန်လာမှာရှင့်”

“ဩော်...ဩော်...လက်စသတ်တော့ သူက မိန်းမအရှာ သွားတာကိုး ကျုပ်က အလည်သက်သက်သွားတာ မှတ်နေတာဗျ၊ ဟား...ဟား...ဟား”

“အလည်မဟုတ်ပါဘူး၊ သူ့ကို မိန်းမပေးစားတော့မယ် ဆိုတာ သိရလို့ သူ့ဘာသာ သူကြိုက်တာကို ရှာယူပါရစေ ဆိုပြီး ထွက်သွားခဲ့တာပါ”

“သူကြိုက်တာချည်း ယူလို့မဖြစ်သေးဘူးနော်၊ ကျုပ်တစ်ခါတုန်းက ကျောင်းအမကြီးကို ဟောထားခဲ့တယ် မဟုတ်လား၊ သူဟာ တနင်္လာသားဆိုတော့ သူယူရမယ့်သူဟာ ကြာသပတေးသမီး ဖြစ်ရမယ်ဆိုတာလေ နောက် ပထမ မွေးမယ့်ကလေးဟာ ရှေ့နှုန်း တန်းသန်းကလေး အဲ... ဟုတ်ပေါင်၊ သားဦးယောကျ်ားကလေး ဖြစ်ရမယ်ဆိုတာပဲ အဲဒါ အရေးအကြီးဆုံးပဲဗျာ ကျောင်းအမကြီးရဲ့”

“စိတ်ချပါ၊ ကျွန်မလဲ ဆရာကြီးဟောထားခဲ့တဲ့အတိုင်း ကြာသပတေးသမီးလဲ ဖြစ်ရမယ်၊ သားဦးယောကျ်ားကလေး ကိုမွေးမယ့်မိန်းမကို ရှာယူခဲ့ဖို့ အပြတ် မှာထားခဲ့ပါတယ် မြေးက အင်မတန်လိမ္မာပါတယ် ဆရာကြီးရယ် ဟဲ့...ဟဲ”





“အင်း...လိမ္မာပေမယ့် အခုခေတ်လူငယ်တွေဟာ ဗေဒင် တွေ လက္ခဏာတွေကို သိပ်ယုံကြည်ကြတာမဟုတ်လို့ ကျုပ်တို့ မှာသလိုမလုပ်ဘဲ ထင်တာတွေ လျှောက်လုပ်ကုန်မှာစိုးလို့ ပြောနေရတာပါ”

“အို...ဒီလိုဆိုတော့ ဘယ်အလုပ်ခံပါ့မလဲ၊ ကျွန်မရဲ့စကား ကို နားမထောင်ဘဲ ထင်ရာစိုင်းမယ်ဆိုရင် သူ့ကို မြေးအဖြစ် ကနေ စွန့်ပစ်လိုက်မှာပေါ့၊ ပြီးတော့ သူကြိုက်တဲ့ မိန်းမကို တွေ့လာရင်လဲ ဒီမိန်းကလေးရဲ့ ဇာတာကို လက်မထပ်ခင် ဆရာကြီးဆီကို ယူလာပြီး ပြဦးမှာပါ၊ အချိမ်း မပေးစားပါဘူးလေ”

ဒေါ်ဒေါ်ဖြိုးက ပြောလျှင် ဦးခေတာက်ထိန်မှာ ကျေနပ်စွာဖြင့် ပြုံးနေသည်။

“တဲ့...တဲ့...အဲဒါ သိပ်ကိုမှန်တာပေါ့၊ ကျုပ်ဆီကို ဇာတာလာပြဖို့တော့ မမေ့နဲ့နော်၊ ဒါဟာ အလွန်အလွန် အရေးကြီးတယ်၊ ကျုပ်က တွက်ချက်ပြီးလို့ ယောကျ်ား ကလေးမွေးမယ့်သူ ဖြစ်နေရင် ပေးစား၊ အဲ...မဖြစ်ရင်တော့ မပေးစားနဲ့ဗျ”

“စိတ်ချနေစမ်းပါ ဆရာကြီးရယ်၊ ဒီကိစ္စမှာ ဆရာကြီးကို ကျော်ပြီး ကျွန်မ ဘာမှမလုပ်ပါဘူး၊ ကဲ...ကျွန်မလဲ ကိစ္စ ကလေးတွေက ရှိနေသေးလို့ ပြန်လိုက်ပါဦးမယ်၊ ဩော်... ဟိုတစ်နေ့က ဇာတာစစ်ခရယ်၊ အခု ဇာတာစစ်ရေးမယ့် အတွက် ဆရာ့ကို ဆန်တော့ခဲ့ရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ဖြိုးက ပြောရင်း လက်ဆွဲအိတ်ကြီးအတွင်းမှ ငွေစက္ကူများကို နှိုက်ယူနေသည်။

ပြီးတော့ ဗေဒင်ဆရာကြီးအား ငါးရာတန် တစ်ချပ်ကို ထုတ်ယူကာ ရက်ရက်ရောရော ပေးနေသည်။

"ကျေးဇူးပါပဲ ကျောင်းအမကြီးရယ်၊ ကျုပ်လဲ ငွေ ပို နေတာနဲ့ အတော်ပဲ ဟဲ...ဟဲ"

ဆရာတောက်ထိန်က ဝမ်းသာသံဖြင့်ပြောကာ ဒေါ်ဒေါ် ဖြိုး ပေးနေသော ငွေများကို ပျာပျာသလဲ လှမ်းယူနေသည်။

"ဖြစ်ရပါလေ ဆရာရယ်၊ ငွေလိုနေရင်လဲ ကျွန်မကိုပြော ရောပေါ့၊ ဆရာကြီးကိုတော့ ကျွန်မက ကြည်ညိုလေးစားပြီး သားပါ"

ဒေါ်ဒေါ်ဖြိုးက ပြောရင်း ထိုင်နေရာမှ ထရပ်သည်။

"အဟီး...ကျောင်းအမကြီးဆီက ဒီစကားမျိုး ကြားရ တာ ကျုပ် သိပ်ကိုဝမ်းသာပါတယ်လေ၊ တကယ်ပါ အဟီ အဲ...အဲ တစ်ခုတော့ ကျောင်းအမကြီးကို သတိပေးထားရ ဦးမယ်၊ ဗေဒင်ဆရာတိုင်းကိုတော့ အရမ်းသွားမယုံကြည် လေနဲ့၊ တချို့ ဗေဒင်ဆရာတွေဟာ တကယ် တတ်ကြတာ မဟုတ်ဘူး၊ ဖြီးဖြန်းနေကြတာဗျ၊ ကျုပ်ကတော့ မျိုးနဲ့ ရိုးနဲ့ ဗေဒင်ပညာကို တစ်ဖက်ကမ်းခပ် တတ်မြောက်လာ ကြတဲ့ မိဘက ပေါက်ဖွားလာတဲ့သူမို့ အခုဆိုတဲ့ အရွယ် ထလေးကတည်းက ဗေဒင်ကို တတ်နေတဲ့သူလေ၊ ဒါကြောင့်





ဒီစစ်ကိုင်းမြို့ပေါ်မှာဆိုရင် ဗေဒကာဝိန် ဆရာလိမ်ရယ်လို့ အဲ အဲ...ယောင်လို့...ဗေဒကာဝိန် ဆရာတောက်ထိန်ရယ်လို့ လျှမ်း လျှမ်းတောက် ကျော်ကြားနေတာပေါ့ ကျောင်းအမကြီး ရယ်၊ ဟား...ဟား...ဟား..."

"မှန်တာပေါ့၊ ဆရာကြီးရယ်၊ ဒါကြောင့်လို့ ကျွန်မဟာ အကိစ္စကိုပဲလုပ်လုပ် ဆရာကြီးဆီကို ပြေးလာခဲ့တာချည်းပဲ မဟုတ်လား၊ အဲ...နတ်နဲ့ဆိုင်တဲ့ကိစ္စဖြစ်နေရင်တော့ အကျော် အမော် နတ်ကတော်ဒေါ်ဥဆီကို ပြေးရတယ်လေ၊ ဒေါ်ဥ တစ် နတ်ကတော်ထဲမှာတော့ အင်မတန်ကို တော်တာပဲ၊ မှန်လို့ သိပ်ကိုမှန်တာ ဆရာကြီးရဲ့"

ဒေါ်ဒေါ်ဖြိုးကပြောလျှင် ဆရာတောက်ထိန်မှာ အလိုက် သင့် ခေါင်းညိတ်ပြနေရသည်။

ပြီးတော့ ငွေငါးရာကျပ်ကြီးကို ပေးခဲ့သော ဒေါ်ဒေါ် ဖြိုးအား ဆရာတောက်ထိန်က မျက်နှာလိုအားရ အိမ်ရှေ့ ရပ်ထားခဲ့သော အက်စ်အီးကားအနီးသို့ ရောက်အောင် လိုက်ပို့ပေးနေသည်။

ကားမောင်းသူက ကားတံခါးကို ဖွင့်ပေးနေခိုက် ဒေါ် ဒေါ်ဖြိုးက ဆရာတောက်ထိန်ကို ကားပေါ်မတက်မီ လှမ်း ပြောနေသည်။

"အခု...ကျွန်မလဲ ဒေါ်ဥဆီကို သွားမလို့တော့"

"ဟင်...ဘာကိစ္စသွားမှာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဘောက်ထိန်က သဘောမကျဟန်ဖြင့် ပြန်မေးနေသည်။

"ဘာကိစ္စရမှာလဲ၊ ကျွန်မရဲ့မြေးကလေး ရန်ကုန်သွားနေတာ ဘေးရန်ကင်းရှင်းရအောင် အရှင်နှစ်ပါးကို အမခိုင်းဖို့ ဒေါ်ဥကို ခိုင်းမလို့ပါ"

"ဟာဗျာ....ဒီအတွက်တော့ သွားမနေစမ်းပါနဲ့၊ စိတ်သာချ၊ ကျောင်းအမကြီးရဲ့မြေးဟာ ဘာဥပဒ်မှ မဖြစ်စေရဘူး၊ သူ့ဇာတာက အင်မတန်မှ ကောင်းနေတဲ့ဟာ ဒေါ်ဥဆီကို သွားပြီး နတ်ခေါ်နေရင် ကျောင်းအမကြီးမှာသာ ပိုက်ဆံအပိုကုန်နေမှာပေါ့"

"ပိုက်ဆံကုန်တာ အရေးမကြီးပါဘူး ဆရာကြီးရယ်၊ အခုဆရာကြီးပြောနေတာကိုလဲ ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမယ့် ပိုပြီး ဘေးအန္တရာယ်ကင်းရှင်းအောင် ဒေါ်ဥဆီကို သွားပြီး အရှင်နှစ်ပါးကို စောင့်ရှောက်ခိုင်းမလို့ပါ၊ ကဲ.... သွားမယ်နော်"

ဒေါ်ဒေါ်ဖြိုးက ပြောရင်း ကားပေါ်သို့ ဝင်ထိုင်သည်။

ဆရာ ဦးဘောက်ထိန်က တံခါးကို အသာပြန်၍ပိတ်ပေးနေသည်၊

ထို့နောက် ဒေါ်ဒေါ်ဖြိုး၏ ကားကလေးမှာ ဦးဘောက်ထိန်၏အနီးမှ မောင်းထွက်၍ သွားခဲ့သည်။





ဦးဘောက်ထိန်ကတော့ ဒေါ်ဒေါ်ဖြိုး၏ကားကို နောက်မှ လှမ်းကြည့်ရင်း အောက်ပါအတိုင်း တိုးတိုးကလေး ပြောနေသည်။

"အင်း....ဒီမိန်းမကြီးလို ပေဒင်ရူး နတ်ရူးတွေ ရှိနေသမျှ ကာလပတ်လုံး ဘောက်ထိန်နဲ့ မဥတို့ဘယ်မှာ ထမင်းငတ်လိမ့်မလဲ၊ ပွဲပြီးရင်း ပွဲရင်းသာ ရှိတော့မပေါ့ အရုပ်ကတို့ရေး ဟား....ဟား....ဟား"

✲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သမျှ ဘုရားပွဲတော်များအနက် ရွှေစက်တော် ဘုရားပွဲတော်မှာ အစည်ကားဆုံးဟု ထင်ပါသည်။

ထိုရွှေစက်တော် ဘုရားပွဲတော်ကြီးသို့ ချစ်မိုးသူနှင့် လှငွေတို့ ရောက်နေကြသည်မှာ နှစ်ရက်ခန့် ရှိသွားပြီဖြစ်သည်။

သူတို့နှစ်ဦးမှာ ဘုရားလည်းဖူး လိပ်ဥလည်းတူး ဟူသော စကားလို ဘုရားကို ဖူးမြော်ကြရင်းမှ ဇနီးလောင်းကိုပါ ရှာဖွေရန် လာကြသူများ ဖြစ်သည်။

သူတို့အဖို့ မိန်းကလေး ချောချောလှလှများကို မြင်တွေ့ကြလျှင် အထူးစိတ်ဝင်စားစွာဖြင့် ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အကြည့်တွေကြောင့် အချို့သော အမျိုးသမီးကလေးများက နှုတ်ခမ်းစူပြ၍ တစ်မျိုး မျက်စောင်းထိုးပြ၍ တစ်မျိုး လုပ်ပြခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ချစ်မိုးသူကတော့ သူစိတ်ထဲတွင် တကယ် တမ်း စွဲကြိုက်မည့် အမျိုးသမီးကလေးကိုသာ ရှာဖွေနေမိသည်။

ယခုထက်ထိ သူ့အတွက် စိတ်တိုင်းကျ အမျိုးသမီးချော ကလေးကို မတွေ့ရသေးပေ။

သူနှင့် အဖော်လိုက်ခဲ့သော လှငွေပင်လျှင် ကြာတော့ စိတ်ပျက်လာမိတော့သည်။

"ချစ်မိုးသူရာ...ဒီလောက် အချောအလှတွေ ပေါနေတဲ့ နေရာမှာ မင်းက အချိုးမျှသော ချေးခါးသော လုပ်နေရ သေးသလား၊ တစ်ယောက်ယောက်ကို အမြန် ရွေးစေပေါ့ ကွာ...ဟွန်း"

လှငွေက ညည်းညူသံကလေးဖြင့် ပြောနေသည်။

"မရွေးနိုင်ပါဘူး၊ ငါ တကယ်တမ်း သဘောကျမယ့် အမျိုးသမီးမှ မတွေ့ရတဲ့ဟာ၊ ဒီတော့ ဆက်ပြီးရှာကြသေး တာပေါ့"

ချစ်မိုးသူက ပြန်ပြောနေခိုက် လှငွေမှာ တစ်ဖက်သို့ မျက်စိရောက်သွားခဲ့သည်။





"ဟော...ဟော၊ ဟိုမယ်...ဟိုမယ်...တွေ့လား"

"ဟာကွာ...မင်းကလဲ၊ အချင်းမရှိ အဖျားမရှိနဲ့၊ ဘာကို တွေ့ရမှာလဲကွ"

"အမျိုးသမီးချောကလေးကိုပြောနေတာပေါ့၊ ကြည့်စမ်း ခေါင်း မိုးပြာရောင် ထဘီကလေးနဲ့ စမူကလေးကို ကြည့်စမ်း၊ သိုချောကလေးကွ၊ မင်း သဘောမကျဘူးလားဟင်"

လှငွေကပြောလျှင် ချစ်မိုးသူမှာ ထိုအမျိုးသမီးကလေး အား လှမ်း၍ကြည့်နေသည်။ နောက်တော့ သူ၏ မျက်နှာကြီး ကို မဲ့ပြကာ ပြန်ပြောနေသည်။

"ထွတ်...တွေ့လိုက်တာကြီးကွာ၊ မျက်နှာကလေးကတော့ ချောပါရဲ့၊ သူ့ဟော်ဒီက မလှဘူး၊ ပိန်ဘာ်၊ ပြီးတော့ ဖင်ကလဲ ပြားလိုက်တာ၊ မုန့်ဖက်သလက်ကျနေတာပဲ၊ မကြိုက်ဘူးကွာ"

ချစ်မိုးသူ၏ ပြောသံကြောင့် လှငွေမှာ စိတ်ပျက်သွားခဲ့ရ ပြန်သည်။

ထိုစဉ် တစ်နေရာတွင် အမျိုးသမီးတစ်သိုက်ကို လှငွေက မြင်လိုက်ရပြန်သည်။

"ကဲ...ကိုခကြွေးထူ၊ ဟိုနားမှာ ဖိနပ်ဝယ်နေတဲ့ အမျိုး သမီးကိုတော့ မကြိုက်ဘူးလား၊ မင်း လိုချင်တဲ့ အသားအရေ လဲ ရှိတယ်၊ ပြီးတော့ ကိုယ်လုံးကိုယ်ပေါက်ကလဲ ကောင်း ဖင်ကလေးကလဲ ကောက်နေတယ်ကွ၊ ကြည့်စမ်း...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် အားရစရာကောင်းသလဲ၊ ဒါကြီးမျိုးကိုသာ မင်း ရလိုက်ရင်တော့ မာစီဒီးဘင့်ဇ် ဇိမ်ခံကားကြီးကို စီးနေရသလို ငြိမ့်ခနဲ ဖိန့်ခနဲကို ဖြစ်သွားမှာကွ၊ အဟီး....”

လှငွေက အားရပါးရပြောနေသည်၊

သို့သော် ချစ်မိုးသူကတော့ ခေါင်းကို အသာယမ်းပြရင်း ပြန်ပြောနေသည်၊

“သွားစမ်းပါကွာ....ဒီလိုဝတုတ်ကြီးမျိုးကို ငါမမှန်းဘူး၊ သူ့ဖင်ကြီးကလဲ ကြည့်စမ်းပါဦး၊ လိုဘာထက် ပိုဂေါ်ကြက်နေတယ်၊ တကတဲကွာ၊ ငါတို့အရပ်က ရာဝင်အိုးကြီးကျနေတာပဲ၊ ငါတော့ လုံးဝ လုံးဝ မကြိုက်ဘူး”

ထိုစကားများကိုကြားရလျှင် လှငွေမှာ စိတ်မာတ်ဆောဘ်တော့်ကို ကျသွားခဲ့သည်၊

“ရှိးမှပဲ၊ မင်းဆိုဘဲ့ကောင်ကတော့ ဘော်တော့်ကို ကြေးထူတာပဲကိုး၊ အခုလိုသာ မင်း လုပ်နေရင်တော့ ဘုရားပွဲကြီးသာ ပြီးသွားမယ်၊ မင်း အကြိုက်မိန်းမတော့ တွေ့မှာမဟုတ်ဘူးကွ”

“မတွေ့တော့ အာဖြစ်သလဲကွာ၊ ဒီဘုရားပွဲမှာ ငါ့စိတ်ကြိုက် မတွေ့ရရင် တခြား ဘုရားပွဲတွေကို လိုက်ရှာကြတာပေါ့၊ ငါကတော့ စိတ်တိုင်းကျတာ မတွေ့မချင်းကို မြန်ပြည်အနှံ့ လိုက်ရှာမှာပဲ”





“အိမ်း....မင့်လို ငွေကြေးကျိကျိတတ်အောင် ချမ်းသာနေတဲ့လူအတွက် မြန်ပြည်အနှံ့ မိန်းမလိုက်ရှာတာ အရေးမဘွတ်ပေမယ့် ငါ့လိုလခစားသမားတစ်ဦးအဖို့ မလွယ်ဘူးကွ၊ ငါက မင့်လို စိတ်ထင်တိုင်းလျှောက်သွားနေလို့ ရတာမဟုတ်ဘူး၊ မင့်အတွက် ခွင့်တစ်လတင်ထားခဲ့တာ၊ အခုဆိုရင် ဆယ့်ငါးရက်ရှိနေပြီ၊ ဒါကြောင့် ဒီပြင်နေရာကို သွားရှာမယ်ဆိုရင် မင့် ဘာသာ မင်းသွား၊ ငါကတော့ ခွင့်စေ့ခါနီးရင် သင်းတော်ကို အမြန်ပြေးရလိမ့်မယ် ခေါင်”

“အေးပါ....ဒီအောက်လဲ စိတ်မာတ်က ကုမနေစမ်းပါနဲ့၊ ဒီဘုရားပွဲမှာ အပျိုတွေက လှိုင်အောနေလေတော့ ဘုရားပွဲမပြီးခင် တွေ့ရလိမ့်မယ် ထင်ပါတယ်ကွာ၊ ဟဲ... ဟဲ့....”

ချစ်မိုးသူက လှငွေ၏ ပခုံးတစ်ဖက်ကို လက်ဖြင့် အသာပုတ်ရင်း ချော့နေသည်၊

နှစ်ဦးသား ဖြည်းဖြည်းနှင့် လျှောက်လာခဲ့ရာ အအေးဆိုင်ရှေ့သို့ ရောက်လာခဲ့ကြသည်၊

သူတို့အစ်ခတွေရောက်နေချိန်မှာ နေ့လယ်ဘက်မို့ နေပူရှိန်ကလည်း ပြင်းပြနေသည်၊

“ဟော့ကောင်....ချစ်မိုးသူ၊ ငါ့ရင်ထဲမှာ ပူလောင်နေလို့ ကော်(ပ)စီဘခလေးတစ်ပုလင်းလောက်သောက် သောက်ချင်တယ်ကွာ”

“ဟဲ....ဟဲ.... တစ်ပုလင်းမကဘူး၊ မင်း သောက်ချင်ရင် ဆယ်ပုလင်းပဲသောက်သောက် ရပါတယ်၊ ငါ က တော့ အရင်ဒါပဲ သောက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးသူက ရယ်ရယ်မောမောနှင့်ပြောရင်း အဆောင်ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။

ဆိုင်ထဲတွင်ရှိ ထိုင်ခုံများ၌ ထိုင်အပြီးတွင် ပက်(ပ)စီနှင့် မာရင်ဒါကို မှာလိုက်ကြသည်။

သူတို့ထိုင်နေကြသော စားပွဲခုံနှင့် မနီးမဝေးတွင် အမျိုးသမီးကလေး သုံးဦးမှာ ခရဲသုပ်များကို ငြိမ်သက်စွာဖြင့် စားသောက်နေကြသည်ကို လှငွေက သတိပြုလိုက်မိသည်။

ထိုအမျိုးသမီး သုံးလေးဦးအနက် တစ်ဦးမှာ အသက်လေးဆယ်ရှယ်ခန့်ရှိနေပြီး ခပ်ပိန်ပိန်ထဲက ဖြစ်သည်။

ကျန်တစ်ဦးကတော့ အသက်သုံးဆယ်ခန့်သာရှိပြီး ကိုယ်လုံး အနည်းငယ် ဝသည်။

နောက်ဆုံး တစ်ဦးဖြစ်သော အမျိုးသမီးကလေးတော့ အသက်နှစ်ဆယ်ခန့်သာရှိဦးမည်ဖြစ်ပြီး ရုပ်ရည်အနေနှင့်ရော အသားအရေတို့ပါ ပြောစရာမရှိအောင် ချောမောလှပလွန်းသူကလေးပင်။

ဝတ်ဆင်ထားသော အဝတ်အထည်တွေကလည်း ခေတ်နှင့် အပြိုင်ဖြစ်ပြီး နောက်ဆုံးပေါ် အဝတ်အဆင်ဆန်းတွေ ဖြစ်သည်။

ထိုအမျိုးသမီးချောကလေး၏ လည်ဆွဲဘယက်ကလေးမှာ အလွန် လှပလှသည်။





ပတ္တမြားဘယက်ကလေး ဖြစ်ပေမည်။

ကျန်နှစ်ဦးကတော့ ရိုးရိုးရှေးဆွဲကြိုးများကိုသာ ဆွဲထားကြသည်။

ချစ်မိုးသူမှာ ထိုအမျိုးသမီးချောကလေးထိုင်သော နေရာကို ကျောပေးကာ ထိုင်နေ၍ လှငွေလို မမြင်တွေ့ရပေ။

လှငွေကသာ မျက်နှာချင်းဆိုင်နေရာ၌ ထိုင်နေရသဖြင့် ထိုအမျိုးသမီးကလေး၏ ချောမောလှပသော ရုပ်သွင်ကို တွေ့မြင်နေရသည်။

"ဟေ့ကောင်....ချစ်မိုးသူ"

"ဘာလဲကွ"

ချစ်မိုးသူက စားပွဲထိုးကလေး လာ၍ချပေးသွားခဲ့သော မာရင်ဒါကို သောက်နေရာမှ ပြန်မေးနေသည်။

"မင်းနဲ့ငါ နေရာချင်း လဲကြရအောင်လားကွ"

"ဟာကွာ....မလဲချင်ပါဘူး။ မင်းက ဘာကိစ္စ လဲချင်ရတာလဲ"

"လဲချင်တာကတော့ မင့်အတွက်ပဲ၊ ဒီတော့ ငါ ပြောသလို ငါ့နေရာကို လာထိုင်စမ်း၊ မင့်ကို အထူးအဆန်းပြစရာရှိလို့ပါ၊ ဟဲ....ဟဲ...."

"ဘာအထူးအဆန်းလဲ၊ ဒီဆိုင်ထဲမှာ ဘာအထူးအဆန်းမှ ရှိမယ်မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး....ရှိမရှိ ငါနဲ့ နေရာချင်း လဲ့ထိုင်ရင် မင်း ကိုယ်တိုင် မြင်တွေ့ရလိမ့်မယ်၊ ကဲ....ထစမ်းကွာ"

လှငွေ၏ တိုက်တွန်းသံကြောင့် ချစ်မိုးသူမှာ ထိုင်နေရာမှ မသချင်ထချင်ထ၍ နေရာချင်း လဲ့ရတော့သည်။

"ခဟ့်ကောင်.... ဘယ်မှာလဲ၊ မင်း ပြမယ်ဆိုတဲ့ အထူးအဆန်း"

"ဟာ....ကာလနာ ကိုးဘိုးပြောစမ်းပါကွ၊ ဟိုမယ်....မင်းမျက်စိမမြင်ဘူးလား၊ ငါတို့ရဲ့စားပွဲကနေ ဒီဂရီ သုံးဆယ်လောက် နေရာမှာရှိနေတဲ့ စားပွဲခုံကိုကြည့်လိုက်စမ်း"

လှငွေပြောသည့်အတိုင်း ချစ်မိုးသူက ကြည့်လိုက်မိသည်၊

ဤတွင် ချစ်မိုးသူ၏ပါးစပ်ကြီးမှာ မာရင်ဒါပုလင်းကြီး စွပ်လျက် ဟန်းသန်းကြီးဖြစ်ကာ မျက်လုံးတွေကလည်း ပြူးထွက်ကာ နေတော့သည်၊

"ဟ....ဟ....ကောင်ချစ်မိုးသူ၊ နေရာင်းထိုင်ရာ: ဘယ်လိုဖြစ်သွားရတာလဲ၊ ဝက်ရူးပြန်တာလား၊ ခွေးရူးပြန်တာလား၊ ငါ့ကောင်ရာ ဟား....ဟား....ဟား...."

လှငွေက ချစ်မိုးသူဖြစ်ပုံကိုကြည့်ကာ နောက်ပြောင်နေသည်၊

ထိုပြောသံကိုကြားရမှ ချစ်မိုးသူမှာ သတိရကာ ပုလင်းထဲဘက် ကုန်နေပြီဖြစ်သောမာရင်ဒါကို စားပွဲပေါ်သို့ အသာချမိသည်၊





"ဟေ့ကောင်...မာရင်ဒါ မဝသေးရင်လဲ နောက်တစ်ပုလင်းမှာလေကွာ၊ ဘာဖြစ်လို့ ပုလင်းကြီးကို ပါးစပ်မှာ ညှပ်မြဲခဲ့ကောင်းအောင် ကပ်ထားရတာလဲ၊ ဟဲ....ဟဲ...."

လှငွေက သိလျက်နှင့် ချစ်မိုးသူကို နောက်နေပြန်သည်၊

"တော်ပါပြီ ငါမသောက်ချင်ပါဘူး"

"ဒါနဲ့များ ဘာ့ကြောင့် ကုန်နေပြီဖြစ်တဲ့ မာရင်ဒါပုလင်းကို ပါးစပ်မှာ ဆက်ပြီးတပ်ထားရတာလဲကွ"

"အဟီး....အဲ.... အဲဒါကွ ငါ့အတွက် သတိကလေး ခဏ္ဍလောက် လစ်သွားလို့ပေါ့"

"အသို....ဘယ်....ဘယ်လိုကြောင့်များ သတိက လစ်သွားတာလဲ၊ မင်းမှာ သတိလစ်တတ်တဲ့ ဝေဒနာ ရှိနေလို့လားကွာ ဟား....ဟား....ဟား"

"ဝေဒနာရှိနေလို့ မဟုတ်ဘူးဟေ့၊ အင်မတန် လှပတဲ့ မိုးပေါ်က နတ်သမီးလေးကိုမြင်လိုက်ရလို့ သတိတွေ ဘာတွေ လစ်ကုန်တာပေါ့ကွ၊ သိပြီလား... ဟဲ... ဟဲ...."

"ဟေ...မင်း ဘယ်သူ့ကိုပြောနေတာလဲကွ"

လှငွေက အံ့သြဟန်ဖြင့် ပြန်မေးနေသည်၊

"မင်းက ငါ့ကို လာကြောင်မနေစမ်းပါနဲ့ကွာ၊ မင်း ကိုယ်တိုင် မြင်လိုက်ရလို့ ငါ့ကို နေရာချင်းလဲ ခိုင်းတာမဟုတ်လား...ဟွန်း...."

www.burmeseclassic.com



ထိုအခါကျမှ လှငွေက ရယ်နေသည်။

"ဩော်…သဟာ့စလိုဆို မင်းက သူကလေးကို သဘောကျသွားပြီပေါ့ ဟုတ်လား"

"အရမ်းကို ကျတာပေါ့ကွာ၊ ဒီလောက် ချောလှတာကလေးကိုမှ ငါသဘောမကျရင် ငါ့လောက်မိုက်တဲ့ကောင် ရှိပါဦးမလားကွာ…ဟဲ…ဟဲ…"

ချစ်မိုးသူ ကျေနပ်အားရသံဖြင့် ပြောနေခိုက် ထိုအမျိုးသမီးကလေးနှင့် သူ့အဖော် အမျိုးသမီးကြီးနှစ်ဦးမှာ ဆိုင်တွင်းမှနေ၍ ထွက်ခွာသွားခဲ့ကြသည်။

"ဟာ…သူ…သူ ထွက်သွားပြီကွ၊ ဘာဆက်လုပ်ရမလဲ လှငွေရ ပြောပါဦး"

ချစ်မိုးသူက စိတ်ထိခိုက်သံကြီးဖြင့် လှငွေအား မေးနေသည်။

"ဒါလေးများ မေးနေရသေးသလား၊ သွား…အဲဒီ အမျိုးသမီးနောက်ကို ပြေးလိုက်သွားပြီး ညီမလေး…ညီမလေး အကြွေပါရင် မုန့်ဖိုးပေးပါလို့ လိုက်ပြောပြီး လက်ဝါးဖြန့်တောင်းလေကွာ ဟား…ဟား…ဟား"

"တယ်…ကာလနာကလဲ၊ အရေးထဲမှာ နောက်နေပြန်ပါပြီ၊ ကောင်းကောင်းပြောစမ်းပါကွ၊ ဒီအချိန်ဟာ နောက်နေရမယ့်အချိန် မဟုတ်ဘူး၊ ငါ့အဖို့ သေရေးရှင်ရေးတမျှ အရေးက အရမ်းကို ကြီးနေလို့ပါ"





ချစ်မိုးသူက သဘောမကျသံဖြင့် လှငွေအား ပြန်ပြောနေသည်။

"အေးလေ…မင်းဘာသာမင်း ဘာအရေးတမျှပဲကြီးကြီး ငါ့လို အကြံမှမပေးတတ်တာ၊ နေပါဦး ဒီတစ်ခါကျတော့လဲ မင်းဘာက ငမ်းငမ်းကိုတက်နေတာပါပဲကလား"

"ဟ…ငမ်းငမ်းတက်ဆို သူ့အလှကလဲ လျှမ်းလျှမ်းလက်နေတာကိုး၊ ဒီတော့ အပိုစကားတွေပြောကာ အချိန်ဖြုန်းမနေဘဲ မင်းနဲ့ငါ အပျိုချောမရဲ့နောက်ကို အရှိန်သုံးကာ အမြန်လိုက်ကြစို့လား"

ချစ်မိုးသူ ပြောရင်း ဆိုင်တွင်းမှ အမြန် ထသွားတော့သည်။

"အစ်ကိုတို့…ပက်(ပ)စီဖိုးမရှင်းရသေးဘူး"

စားပွဲထိုးကောင်လေးက လှမ်းပြောမှ ချစ်မိုးသူလည်း သတိရကာ ပြန်မေးသည်။

"ဟာ…ဟုတ်သားပဲ၊ ကဲ…ပြောစမ်း၊ အားလုံး ဘယ်လောက်ကျသလဲ"

"ပက်(ပ)စီက နှစ်ဆယ့်ငါးကျပ်၊ မာရင်ဒါက သုံးဆယ်ဆိုတော့ ငါးဆယ့်ငါးကျပ် ကျပါတယ် အစ်ကို"

စားပွဲထိုးကောင်လေးက ပြောလျှင် ချစ်မိုးသူမှာ အိတ်ထဲမှ တစ်ရာတန်တစ်ရွက်ကို ထုတ်ပေးရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချေ့....ပိုတာပြန်အမ်းမနေနဲ့၊ မင်း ယူသွားလိုက်ပေတော့"

"အဟီး....ကျေးဇူးပဲအစ်ကို အဟီ...."

စားပွဲထိုးကောင်လေးမှာ ရက်ရောလှသော ချစ်မိုးသူ၏စေတနာတွေကြောင့် အလွန်ပင် သဘောကျသဖြင့် ပြန်ပြောနေသည်။

ချစ်မိုးသူကတော့ သူ့စကားကို အရေးမထားနိုင်ပေ။

စောစောက ဆိုင်ဟွင်းမှ ထွက်ခွာသွားခဲ့ကြသော အမျိုးသမီးချောကလေးကိုသာ ရှာဖွေရန် ဆိုင်တွင်းမှ အမြန်ထွက်လာခဲ့သည်။

သူ၏နောက်မှ လှငွေမှာ အပြေးကလေးလိုက်၍ လာခဲ့ရသည်။

"ဟျော့ကောင်ကြီး....ချစ်မိုးသူ၊ ငါ့ကိုလဲ စောင့်ပါဦးလားကွာ၊ တကတဲ့မှပဲ မင့်ဖြစ်ပုံကြည့်ရတာ ရှေးတုန်းကလက်ညှိုးတော့ လိုက်ဖြတ်နေတဲ့ အင်္ဂုလိမာလ ကိုမြင်ရတော့ လက်ညှိုးအဖြတ်ခံရမှာ ကြောက်ပြီး ပြေးတဲ့သူလိုဖြစ်နေတယ်တွန်း...."

လှငွေမှာ မကျေနပ်သဖြင့် ချစ်မိုးသူ၏အနီးသို့ရောက်လျှင် အဆက်ပါအတိုင်း ပြောနေတော့သည်။

ချစ်မိုးသူကမူ သူ့ကို မည်သို့မျှပြန်ပြောမနေဘဲ သူ အစွဲကြီး စွဲသွားခဲ့သော အမျိုးသမီးချောလေးကိုသာ အငမ်းမရ လိုက်လံရှာဖွေနေသည်။



"မဟာ....ဟိုမယ်....ဟိုမယ်၊ဟိုရှေ့ကအုပ်စု မဟုတ်လားကွ အဟီး...."

ချစ်မိုးသူမှာ အနီးတွင်ရှိနေသော လှငွေအား ဝမ်းသာအားရ ညွှန်ပြရင်း ပြောနေသည်။

"အစစ်ပေါ့၊ ဒီတော့ ငါတို့ ဘာဆက်လုပ်ကြမလဲ၊ သူတို့ရှေ့ကို ကျော်တက်ပြီး သွားကြမှာလား၊ ပြောစမ်း"

"ဟင့်အင်းကွာ....ဒီလို မလုပ်ချင်ဘူး၊ သူတို့တစ်တွေဘယ်ကိုသွားကြတယ်ဆိုတာ သိရအောင် ငါတို့က နောက်ကနေပြီး ရှဲဒိုးလုပ်ကြမယ်ကွာ"

"မင့်သဘောပါပဲလေ...."

လှငွေက ချစ်မိုးသူဆန္ဒအတိုင်း ပြန်ပြောနေသည်။

အမျိုးသမီးချောကလေးတို့ အုပ်စုမှာ သူတို့လိုက်လာကြမှန်း မသိကြဘဲ ရှေ့မှစကားတပြောပြောနှင့် သွားနေကြသည်။

လူအနည်းငယ် ပြတ်သယ်သော နေရာသို့ အရောက်တွင် သူတို့၏ရှေ့မှ အမူးသမား ငါးဦးမှာ ယိမ်းယိုင်ဖြင့် လာနေကြသည်။

အမျိုးသမီးချောကလေးတို့၏ အနီးသို့ အရောက်တွင် ထိုအမူးသမား ငါးဦးတို့က ရုတ်တရက် အမျိုးသမီးချောကလေးတို့ သုံးဦးအား ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဟူ၍ အော်ရင်း ဝိုင်းထားလိုက်ကြသည်။

ထိုအမူးသမားများ၏ အပြုအမူကြောင့် အမျိုးသမီးများမှာ ကြောက်ရွံ့ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီမယ်....ရှင်တို့ ဘာလုပ်ကြတာလဲဟင်''

အမျိုးသမီးချောကလေးတို့ အုပ်စုမှ အသက်အကြီးဆုံး အမျိုးသမီးကြီးက တုန်လှုပ်သံဖြင့် အမူးသမားများအား မေးနေသည်။

တစ်ဦးက ပြန်ဖြေသည်။

''ဘာလုပ်ရမှာလဲ၊ မင်းတို့တစ်တွေကို ငါတို့က မြင်မြင်ချင်း ချစ်မိလို့ပေါ့''

ကျန်အမူးသမားတွေကတော့ ထိုပြောသံကို သဘောကျကြဟန်ဖြင့် တဟားဟားဖြင့် ရယ်မဆုံးဖြစ်နေကြတော့သည်။

''ဒီမယ်.... ရှင်တို့ကို ကောင်းကောင်း ပြောနေတာပါ၊ ဒီအတိုင်း ကျွန်မတို့ကို မနှောင့်ယှက်ကြရင် ကောင်းမယ်၊ နို့မို့ ရှင်တို့အားလုံး ဒုက္ခရောက်သွားကြလိမ့်မယ်၊ သိလား''

အသက်အကြီးဆုံး အမျိုးသမီးကြီးကပင် ဆက်၍ ကြိမ်းနေသည်။

''ဒုက္ခ ...ဟုတ်လား၊ အဲဒီ ဒုက္ခဟာ ဘာဖြစ်လို့ ရောက်ရမှာလဲ၊ အချစ်တို့ကသာ အစ်ကိုတို့ကို ပြန်ချစ်လိုက်ရင် ဒုက္ခဆိုတာ ဘယ်မှာရှိတော့မှာလဲ၊ မတုတ်ဘူးလား သေဇက်ဖော်ကြီးတို့ရေ....''

''ဟုတ်ပါသလေ.... မှတ်ပါပေ၊ ဟား....ဟား....ဟား''

ကျန်လူတွေက အတိုင်အဖောက် ညီညီနှင့် ပြန်ပြောပြီး ရယ်နေကြပြန်သည်။





အမျိုးသမီးချောကလေး အပါအဝင် သူမ၏ အဖော် နှစ်ဦးမှာတော့ ရှက်လည်းရှက် ဒေါသလည်းထွက် ကြောက်လည်းကြောက် ဖြစ်နေကြတော့သည်။

ထိုမြင်ကွင်းအား ချစ်မိုးသူတို့က မြင်နေကြရသည်။

''ဟာ....ချစ်မိုးသူ၊ အရေးတော်ပုံကတော့ စတော့မယ် ထင်တယ်၊ ဟိုမယ်....မင်္ဂလာမလေးတွေကို အမူးသမားတွေက မတ်လည်ဝိုင်းပြီး ဆန္ဒပြနေကြတယ်ကွ....ဟဲ....ဟဲ''

လှငွေက ချစ်မိုးသူအား လှမ်းပြောနေသည်။

''အဲဒါ ကောင်းတာပေါ့ကွ၊ ငါတို့အတွက် အချိုရှာသကာတွေဆိုတာမျိုးလို သူတို့တစ်တွေနဲ့ သိကျွမ်းဖို့ အခွင့်ရတာပေါ့... ဟဲ....ဟဲ''

''ဟေ.... မင်းက ဘာကိုဆိုလိုတာလဲ၊ အမူးသမားတွေ လက်က သူတို့ကို မင်းက စူပါမင်းလုပ်ပြီး သွားကယ်မလို့လား''

''သက်ထိရိုက်၊ ဒါ....အမှန်ပဲ''

''ဖြစ်ပါ့မလားကွ၊ ဟိုကောင်တွေက ငါးယောက်တောင်တို့က နှစ်ယောက်တည်း''

လှငွေက ဖင်တုန်သံဖြင့် ပြန်ပြောနေသည်။

''အိုကွာ....အရေးအတွက်ဟူသည် အဓိကမကျတဲ့ အရည်အချင်းသာလျှင် အဓိကမို့ ဒီအမူးသမားတွေကို ငါ ဖိုက်နိုင်ပါတယ်၊ လာ....သွားကြစို့''

ချစ်မိုးသူပြောရင်း အမျိုးသမီးများရှိရာသို့အပြေးကလေး သွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှငွေမှာလည်း မနေသာတော့ဘဲ နောက်မှ ပြေးလိုက်သွားခဲ့ရသည်။

ချစ်မိုးသူမှာ အမှုသမားများ၏ အနီးသို့ ရောက်လျှင် လှမ်းအော်ကာ ပြောနေသည်။

"ဟေ့လူတွေ...ဒါက ဘာလုပ်ကြတာလဲဗျာ၊ အခုထွက်သွားကြစမ်း"

ချစ်မိုးသူ၏ အသံကို ကြားရလျှင် အမှုသမားတွေမှာ ဒေါက်နဲ့၍ သွားခဲ့ကြသည်။

"အောင်မယ်...သရဲရုပ်နဲ့ ဘဲစုတ်က ငပြုတ်သည့် အသံနဲ့ မလှဲ့အဟုတ် အော်လိုက်ပုံက ဆွဲအုပ်ချင်စရာ ကောင်းလိုက်တာ၊ ဟဲ...ဟဲ...ဟဲ"

အမှုသမားတစ်ဦးက နှခေါင်းသံနှင့် ပြန်၍နှုံနေသည်။

"ဟဲ...ဟဲ... မင်းတို့က မလှဲ့အဟုတ် ဆွဲအုပ်ချင်ကြရင် ငါကလဲ မင်းတို့ရဲ့ အသည်းတွေကို ဆွဲထုတ်ပစ်ဖို့ အသင့်ပါပဲလေ၊ ကဲလာ...တစ်ပွဲတစ်လမ်း အကဲစမ်းကြရအောင်"

ချစ်မိုးသူက သရော်ပြုံးကလေးဖြင့် အမှုသမားများကို ကြည့်ကာ စိန်ခေါ်နေသည်၊

အမျိုးသမီးချောကလေးနှင့် အဖော်နှစ်ဦးမှာတော့ ချစ်မိုးသူ ရောက်လာသဖြင့် အားတက်သွားကြပုံ ပေါ်နေကြသည်။

အမှုသမားများကလည်း ချစ်မိုးသူ၏ စိန်ခေါ်သံကို လက်ခံကာ ဖိုက်ကြရန် ပြင်ကြတော့သည်။





လှငွေကလည်း ချစ်မိုးသူဘက်မှ တစ်တပ်တစ်အားပါဝင်ရန် ရောက်လာခဲ့သည်။

မကြာမီ အမှုသမားများနှင့် ချစ်မိုးသူတို့၏ ဖိုက်တင်ပွဲကြီးမှာ စတင်ကြတော့သည်။

အချိန်က သိပ်တော့မကြာပေ။ ချစ်မိုးသူမှာ ဗလကလည်းကောင်း၊ ကိုယ်ခံပညာကလည်း ကျွမ်းကျင်စွာ တတ်ထားသူမို့ အမှုသမားတွေမှာ ငါးမိနစ်မပြည့်မီ အားလုံး ဖလက်ပြကာ မြေပေါ်၌ အတုံးအရုံး လဲကျကုန်ကြတော့သည်၊

သူတို့ဖိုက်နေကြခိုက် အမျိုးသမီးချောကလေးနှင့် အဖော်နှစ်ဦးကတော့ ကြောက်ရွံ့စွာဖြင့် သူတို့အနီးမှနေ၍ အမြန်လစ်ပြေးကုန်ကြသည်။

အမှုသမားတွေ အားလုံး မြေပေါ်တွင် လဲကုန်ပြီးမှ ချစ်မိုးသူမှာ ထိုအမျိုးသမီးများ လစ်ပြေးသွားကြောင်း သိရတော့သည်။

"ဟာ...ငါတို့ ဖိုက်တင်ပေးနေကြတုန်း ငါ့အသည်းစွဲကလေးတို့ မရှိကြတော့ဘူး၊ အဲဒါမှ ဒုက္ခပါကွာ...တောက်"

ချစ်မိုးသူက မချင့်မရဲသံကြီးဖြင့် လှငွေအား လှမ်းပြောနေသည်၊

"အခုမှတော့ ဒုက္ခပေ့ ဘာပေ့ လုပ်မနေနဲ့၊ မင်းကစီးရိုးထလုပ်ချင်တာကိုး၊ ဟယ်...ဘ...ဘ...ဘယက်ကလေးပါလားကွ၊ ဟိုအမျိုးသမီးဆီကာ၊ ကျကျန်ရစ်ပြီနဲ့တူတယ်"

လှငွေက ပြောရင်း မြေကြီးပေါ်၌ ကျကျန်နေခဲ့သောကျွမ်းဘယက်ကလေးကို ကောက်ယူလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပေါ့၊ ငါ သဘောကျနေတဲ့ အမျိုးသမီးချော လေးရဲ့ ဘယက်ပဲဖြစ်ရမယ်၊ ငါ့ကိုယုံစမ်း ကွာ"

ချစ်မိုးသူက လှငွေ ကိုင်ထားသော ပတ္တမြား ဘယက် ကလေးကို လက်ဖြင့်ဖြန့်၍ တောင်းနေသည်။

"အောင်မယ်....မင်းက ဒီလို လူလည်လာလုပ်လို့ ဘယ် ရပါ့မလဲ၊ ဒီ ပတ္တမြား ဘယက်ကို တွေ့တာက ငါ တွေ့တာမို့ ငါပိုင်တယ်လေ၊ အဟဲ....တကယ်လို့ မင်းလိုချင်ရင် ဒီဘယက်ရဲ့ တန်ဖိုးတစ်ဝက်ကို ငါ့ပေးရမယ် ဘယ့်နှယ်လဲ ဟဲ........ဟဲ့"

"ဟာကွာ....မင်းကလဲ သတင်းစာဆရာလုပ်နေပြီး ဒီလို အကျင့်ဆိုးမျိုးတွေ ထားရသလားကွ၊ ဒီဘယက်ရဲ့ပိုင်ရှင်ကို သိနေလျက်သားနဲ့ ငါတို့က ယူထားရင် ဘယ်ကောင်းပါ့ မလဲ၊ ဒါမျိုးဟာ ခိုးတာနဲ့အတူတူပဲကွ၊ ဒီတော့ ပြန်ပေး လိုက်ကြရအောင်၊ ဒါကို မင်း မကျေနပ်ဘူးဆိုရင် ငါက ဒီဘယက်ရဲ့ တန်ဖိုးတစ်ဝက်ကို လျော်ပေးပါ့မယ်၊ မင်း ကျေနပ်ဘယ်ဟုတ်လား"

ချစ်မိုးသူ ပြောနေပုံကို လှငွေက ပြုံးဖြဲဖြဲကြီးလုပ်က နားထောင်နေသည်။

"ဟဲ့....ဟဲ....ငါက မင့်စိတ်ကို စမ်းကြည့်ပြီ၊ ပြောတာ ပါကွာ၊ ငါကလဲမယူပါဘူး၊ ရော့....မင့်ဟာမလေးရဲ့ဘယက်၊ အဲ....တစ်ခုတော့ ငါမှာပါရစေ ဒီဘယက်ကို ပစ္စည်းရှင် လက်ကို ဆက်ဆက်ပြန်အပ်ရမယ်နော်၊ ကြားကနေ ဘုန်း မထားနဲ့ကွ၊ အဟီး...."

လှငွေက စပ်ဖြဲဖြဲမျက်နှာနှင့် ပြောနေသည်။





"စိတ်ချပါကွာ....ငါ့အကြောင်းလဲ မင်းအသိသားပဲ၊ ဒီလို ရိုးမဖြောင့်တဲ့အလုပ်မျိုး ငါ ဘယ်တုန်းက လုပ်ခဲ့လို့လဲ၊ ဒီ ဘယက်ရဲ့ပိုင်ရှင်ကို ပြန်အပ်တဲ့အခါ မင့်ကိုပါခေါ်ပြီး မင်း ရှေ့မှာ ပြန်အပ်မှာပါ၊ မင်းမပါဘဲ ငါမအပ်ဘူး၊ ကျေနပ် ပြီလား"

"ကျေနပ်ပါပြီကွာ၊ နို့....အဲဒီ ဘယက်ပိုင်ရှင်ကလေးက ဘယ်မှာနေလို့လဲ၊ မင်းက သူ့လိပ်စာသိနေလို့လား"

"ဟာကွာ....ဘယ်မှာသိပါ့မလဲ"

"မသိဘဲနဲ့ မင်းက ဘယ်လိုလုပ် ပြန်အပ်မလို့လဲ၊ ပြော စမ်းပါဦး"

"ရပါတယ်ကွာ၊ သတင်းစာထဲက နေ အကျိုး အကြောင်းကို စာရေးပြီး ထည့်မှာပေါ့၊ အဲဒီလိုသာထည့် လိုက်ရင် ဘယက်ပိုင်ရှင်ဟာ ငါ့ဆီကိုရောက်လာမှာ သေချာ တယ် ဒီလိုလဲရောက်လာရော ငါနဲ့လဲ မိတ်ဆွေဖြစ်ပြီး...."

"နောက်ဆုံးကျတော့ သူ့ကို ညားကြလသတည်းပေါ့ ဟုတ်လား၊ ဟား....ဟား... ဟား...."

ချစ်မိုးသူ၏စကားမဆုံးမီ လှငွေက ဖြတ်၍ပြောနေသည်။

"အေးလေ....ဒီအတိုင်းပဲ တစ်သဝေမတိမ်း ဖြစ်မှာပေါ့ ဟဲ့....ဟဲ့...."

"အေး....စိတ်ကူးကတော့ ယဉ်နေတာပဲ၊ မင်းပြောသလို ဖြစ်ရင် တောင်းပါရဲ့ တော်ကြာ မင့်ဘယက်ပိုင်ရှင်ကလေးက အပျိုမဟုတ်ဘဲ လိုင်စင်ကြီးနဲ့ဆိုရင်ကော မင်း ဘယ်လိုလုပ် မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ…မပြောကောင်း ပြောကောင်း၊ ပါးစပ်ပုပ်ကြီးနဲ့ ပြောနေရပြန်ပြီ၊ ဖွဟဲ့…လွဲပါစေ…ဖယ်ပါစေ"

ချစ်မိုးသူက လှငွေ၏စကားအဆုံးတွင် အထက်ပါအတိုင်း ပြောကာ မန်းမှုတ်နေသည်။

လှငွေမှာတော့ တဟားဟား ရယ်မဆုံး။

"ဒီမယ် လှငွေ၊ သူ့ကိုယ်ခန္ဓာ အချိုးအစားကို ကြည့်ရတာ အအိုတော့ လုံးဝ လုံးဝကို မဖြစ်နိုင်ဘူး၊ အပျိုမှ အပျိုစစ်စစ်ကလေးပါကွ"

"အလဲ့…မင်းက အခုလို ပေါတင်ကြီးပြောနိုင်ရအောင် မင်းကိုယ်မင်းများ ကာ လီဒါသမျှား မှတ်နေလို့လား၊ ခေတ်သိချင်း လာဖြီးမနေစမ်းနဲ့"

"ဖြီးတာ မဟုတ်ပါဘူးကွာ၊ ငါ့စိတ်ထဲမှာ အလိုလိုသိနေတာပါ၊ ကဲပါ…မင်းနဲ့ လေပေးနေရတာနဲ့ပဲ အချိန်တပုပ်နေပြီ၊ တော်ကြာ ဟိုအမူးသမားတွေ သတိရသွားလို့ နောက်တစ်ချီ ဖိုက်နေရပါဦးမယ်၊ သွားကြစို့"

ချစ်မိုးသူက ပြောရင်း လှငွေ၏လက်ကို ဆွဲကာ အမူးသမားများအနီးမှ ဆွဲခေါ်၍သွားခဲ့သည်။

"အင်း…မင့်ဟာမကလေး ကြည့်ရတာ ကျေးဇူးကန်းတတ်ပုံရတယ်ကွ"

"ဟော…ဘာဖြစ်လို့လဲ၊ ငါ့ကို ရှင်းပြစမ်းပါဦး"

"ဘာဖြစ်လို့ရမှာလဲ၊ ငါတို့က အသက်စွန့်ဆံဖျား သူတို့ကို ခင်ကယ်ခဲ့လို့ အမူးသမားတွေလက်က သူတို့ လွတ်သွားခဲ့





တယ် မတွတ်လာဘူး၊ ဒါကို ကျေးဇူးတင်စကားကလေးတောင်မှ ပြောဖော်မရဘဲ လစ်ပြေးသွားကြလို့ပေါ့"

"တွာကွာ…ဒါကတော့ သူတို့ဟာ မိန်းမသားတွေမို့ အကြောက်လွန်ပြီး ထွက်ပြေးသွားကြတာ ဖြစ်မှာပါကွာ၊ ကျေးဇူးကန်းတာတော့ မဟုတ်တန်ပါဘူး"

"သွားစမ်းပါ၊ မင်းဆိုတဲ့ ကောင်ကတော့ မင့်ဟာမကလေးကို ပြောလိုက်ရင် ရှေ့က ကာဆီးကာဆီး လုပ်နေတာပဲ၊ အင်း…ချစ်မိုးသူ…ချစ်မိုးသူ…မရသေးခင်ကတောင် ဒီလောက်ဖြစ်နေရင် ရများရရင်တော့ ပါးစပ်ထဲမှာ ငုံထား မိမယ်ထင်တယ်၊ ဟား…တား…ဟား…"

"ထို…ဘာဆိုင်လို့ ငုံမှာလဲကွ၊ ငါက ရှိတတ်တယ်ကွ၊ း မိန်းမရရင်သာ ငုံထားနေမေါ့ ဟဲ…ဟဲ"

ချစ်မိုးသူ၏စကားအဆုံးတွင် လှငွေမှာ တဟားဟားဖြင့် ဒ်ရယ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ချစ်မိုးသူမှာ ရွှေစက်ဘောဘ်တွင်တွေ့ခဲ့ရသော အမျိုးသမီး ကလေးအား တွေ့ခဲ့ရပြီးနောက် ဇနီးလောင်း ရှာပုံ ာ်ဖွင့်မှုကို ရပ်ဆိုင်းခဲ့တော့သည်။

သူအဖို့ အကြိုက်တွေ့ပြီမို့ ဆက်ရှာရန် မလိုတော့ပေ။

လှငွေနှင့်အတူ ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြသည်။

ရန်ကုန်မြို့သို့ရောက်လျှင် သူသည် လှငွေ အလုပ်လုပ်နေသော သတင်းစာတိုက်မှနေ၍ အောက်ဖော်ပြပါကြော်ငြာလေးသေးတစ်ခုကို ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်သူသို့....

လွန်ခဲ့သော ရက်များက ရွှေစက်တော်ဘုရားပွဲ တော်ကြီးအတွင်း အမူးသမား လူရမ်းကားများ၏ နှောင့်ယှက်မှုကို ခံခဲ့ရသော အမျိုးသမီးသုံးဦးတို့ထံ ကျ၍ကျန်ရစ်ခဲ့သော ပတ္တမြားလည်ဆွဲ တစ်ကုံး ကောက်ရထားပါသည်။

သို့ပါ၍ ဘယက်ပိုင်ရှင် အစစ်အမှန်ဖြစ်သူသည် အောက်ဖော်ပြပါ လိပ်စာအတိုင်း လူကိုယ်တိုင်လာ ရောက်၍ အမြန်ယူလှည့်စေလိုပါသည်။

အမှတ် (၁၀၆)၊ ဦးကျော်ဟိုးလမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်

ချစ်မိုးသူက သူ၏ အမည်နှင့် မထည့်ဘဲ လှငွေအမည်နှင့် သာထည့်၍ ကြော်ငြာခဲ့သည်။

သူ့အမည်ကိုမထည့်ခြင်းမှာ သူကညှော်သည်ဖြစ်၍ အကယ်၍ ဘယက်ရှင်လာ၍ခေးလျှင် အလွယ်တကူ သိနိုင်စေရန် အိမ်ခံလူဖြစ်သော လှငွေ၏ အမည်ကိုထည့်ပေးထားခြင်း

ထိုသို့ သတင်းစာထဲတွင် ကြော်ငြာပါရှိပြီး သုံးရက် ရှိခဲ့သော်လည်း ပစ္စည်းရှင်မှာ ပေါ်မလာခဲ့သေးပေ။





"ဟာ.... ဒါက ဘယ်လိုဖြစ်တာလဲ၊ သတင်းစာထဲမှာ ကြော်ငြာခဲ့တာ ဒီကနေ့ဆိုရင် သုံးရက်တောင် ရှိသွားခဲ့ပြီ၊ ပစ္စည်းရှင်ကတော့ ရောက်မလာသေးပါကလား၊ လှငွေရာ.... မသိရှာလို့လား မသိဘူး"

ချစ်မိုးသူက စိတ်ပျက်သံကလေးဖြင့် လှငွေအား လှမ်းပြောနေသည်။

"မင်းကလဲ၊ ပူစရာမရှိ ပူနေတာပဲဖြစ်နေရသလား၊ ငါတို့ဆီ ရှိနေတဲ့ ပတ္တမြားဘယက်ဆိုတာ လေးငါးကျပ်တန်ပစ္စည်း ဟုတ်ဘူးကွ၊ အခုခေတ် ပေါက်ဈေးနဲ့ တွက်ကြည့်မယ်ဆို ငါးသိန်းထက်မနည်းဘူး၊ ဒီတော့ ပစ္စည်းရှင်ဟာ မလာဘဲ နေပါ့ဘူးလေ၊ လာကိုလာရမယ်လို့ ငါ အာမခံပြောရဲ တယ်ကွာ"

လှငွေ ပြန်ပြောနေစဉ်မှာပင် အခန်းတံခါးခေါက်သံကို ကြားလိုက်ကြရသည်။

"ဟော....ပြောရင်းဆိုရင်း တံခါးခေါက်သံ ကြားရတယ်၊ ပစ္စည်းရှင်ကလေး ရောက်လာပြီနဲ့ တူတယ်၊ ကဲ.... ရွှေတံခါးကြီးကို ဖွင့်လိုက်ပါဦးကွာ၊ အဟီး...."

ချစ်မိုးသူမှာ သူ အလွန်တွေ့ချင် မြင်ချင်နေသော ဘယက် ရှင် အလှမယ်ကလေးမှတ်ကာ ကျေနပ် ဝမ်းသာသံဖြင့် နေသည်။

www.burmeseclassic.com



"မင်း ဖွင့်နိုင်းတဲ့ ရွှေတံခါးကြီးကို အရမ်းတော့ မဖွင့်နိုင်သေးဘူး ငါ့ထုံးစံအတိုင်း မေးမြန်းပြီးမှ ဖွင့်နိုင်မယ်"

လှငွေက ပြန်ပြောရင်း တံခါးဆီသို့သွားကာ လှမ်းမေးနေသည်။

"တံခေါက်ခါးတာ ဘယ်ကလဲ၊ အဲလေ...တံခါးခေါက်တာ ဘယ်သူလဲ"

"ကျွန်တော်ပါ"

ထိုဖြေသံကို ကြားရလျှင် လှငွေက အံ့ဩသံဖြင့် ချစ်မိုးသူအား လှမ်းပြောနေသည်။

"ဟာ...ဟော့ကောင်...ချစ်မိုးသူ၊ ကျွန်တော်ဆိုပါကလား ကြက်မလဲ မဟုတ်ဘူး"

"ဘာကွ"

"အဲ...ကျွန်မလို့ မပြောဘူးကွ"

"ဟာ...ဒါဆိုရင် သူကလေးဟာ ရွှေမန်းသူ ဖြစ်ရမယ်ကွ မန္တလေးသူတွေဟာ ကျွန်မကို မသုံးဘူးလေ၊ ကျွန်တော်ကိုသုံးတတ်ကြတဲ့ဟာ"

ချစ်မိုးသူက သူ၏ ထင်မြင်ချက်ကို ပြန်ပြောနေသည်။

လှငွေကတော့ ပြန်၍ မေးနေသည်။

"အဲဒီ ကျွန်တော်ဆိုတာ အထီးလား အမကြီးလား ဆိုတာ ဖြေလေ"



"အလိုလေးဗျာ... ကျွန်တော့် အသံက အခြောက်သံပေါက်နေလို့လား၊ အထီးပါ"

"အထီးဆိုရင် နာမည်နဲ့ နေရပ်ကိုပါ အပြီးသတ်ပြောစမ်း"

"ဗွတ်ကဲ့...ကျွန်တော့်ဆိုတာ ကွယ်လွန်သူ အရေးပိုင်မင်း သတိုးသီရိသုဓမ္မရဲ့ လူယုံတော်ကြီး ဦးဖိုးမှန်ရဲ့ မြေး၊ တော်အိုကျေးရွာလူကြီးဖြစ်တဲ့ ဦးအောင်ဘန်း-ဒေါ်နှင်းမှုံတို့ရဲ့ ဒုတိယမြောက်သား မောင်လူလှပါ၊ အလုပ်ကတော့ ကားဒရိုင်ဘာဖြစ်ပြီး နေတာကတော့ အင်းလျားလမ်းက သူဌေးကြီး ဦးအေးဖေ-ဒေါ်ဒေါ်ရွှေတို့တိုက်မှာနေပါတယ်၊ ကျွန်တော့်ရဲ့ နိုင်ငံသားမှတ်ပုံတင်ကတော့..."

"ဟာ...ဟော့လူ...တော်ပြီ...တော်ပြီ... ရပ်တော့၊ ဟိုးဆရာဟိုး"

လှငွေမှာ အလွန် လျှာရှည်စွာဖြင့် ပြန်လည်ဖြေကြားကာနေသော သူ၏ စကားများကြောင့် ပိတ်ထားသော တံခါးကို အမြန်ဖွင့်ကာ ကမန်းကတန်း တားနေရသည်။

သူ၏ တားမြစ်သံကို ကြားရမှ အပြင်မှ ပြန်ဖြေနေသူမှာလည်း စကားကို ရပ်ထားလိုက်တော့သည်။

"ခနစမ်းပါဦး...ခင်ဗျားက ဘာသဘောနဲ့ ဒီလောက်အောင် လေကို မလျှော့ဘဲ ပြောနေရတာလဲ၊ ခင်ဗျားဟာ သေ အရုပ်ရှည်သလောက်ကိုတော်တော်ရှည်တဲ့လူပဲ၊ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အာ….အာ….အဲသဟာတော့ ခင်ဗျား မှားနေပြီ၊ ကျွန်တော်က အရုပ်သာ ရှည်တာပါ၊ တခြားဟာတွေမှ မရှည်ပါဘူး တိုပါတယ်ဗျာ"

"ဘာ….ဘာ….ဘာတိုတာလဲ၊ စကားကို ကောင်းကောင်းပြောပါ ဟ္ဂန်း…."

"ဒီ….ဒီလိုပါ၊ ကျွန်တော့် ခြေချောင်း လက်ချောင်းတွေကျတော့ အရုပ်ရှည်သလို မရှည်ဘဲ တိုနေတာကို ပြောတာပါ၊ ဟဲ….ဟဲ…."

"ကဲ….အဲဒါကထားပါတော့၊ အခုလာတာ ဘာကိစ္စလဲ၊ ခင်ဗျားကိုလဲ ကျွန်တော်ဟာ အမေ မွေးလာကတည်းက မမြင်ဖူးဘူး၊ ခင်ဗျားကကော ကျွန်တော့်ကို သိနေလို့လား"

လှမွှေ မေးနေခိုက် ချစ်မိုးသူလည်း သူတို့အနီးသို့ရောက်လာခဲ့သည်။

"ကျွန်တော်ကလဲ ခင်ဗျားကို အမေ မွေးလာကတည်းက မြင်လဲ မမြင်ဖူးဘူး၊ သိလဲ မသိပါဘူးလေ"

"အဲဒီလို မသိဘဲနဲ့မျ ။ ဒီအခန်းကို ခင်ဗျားက ဘာလာလုပ်တာလဲ၊ အလှူခံဖို့လား"

"နိုး….နိုး….ဒီအတွက် မဟုတ်ဘူး၊ ဟိုအတွက်၊ အဲ….အဲ….သတင်းစာထဲမှာ ခင်ဗျားတို့ ထည့်တဲ့ နာရေးကြော်ငြာကလေး"



"ဘာပြောတယ်"

"အဲ….အဲ….မှားလို့၊ ဟို….ဟို….ဘယက်ကြော်ငြာကလေးအတွက် လာခဲ့တာပါ"

"ဟာ….အဲဒီ ဘယက်ကြော်ငြာနဲ့ ခင်ဗျားက ဘာဆိုင်လို့လဲ၊ ဂျပန်မှာ လျှောင်လှုပ်တာနဲ့ ဂရိမှာ လျှောင်လှုပ်တာ ဘာမှ မဆိုင်သလို ခင်ဗျားနဲ့ ဒီဘယက်ကလဲ ဘာဆိုင်လို့လဲ၊ ကျုပ်တို့က ကာယကံရှင် ကိုယ်တိုင် လာယူမှ ပေးမှာပါ၊ တြားပွဲစားတွေ လာယူလို့ လုံးဝ မပေးဘူးဗျ၊ သိလား"

ထိုစကားများကို ကြားရလျှင် မောင်လှလှ ဆိုသူမှာ ဒေါက်နှံ၍ သွားခဲ့တော့သည်။

"အောင်မယ်….ခင်ဗျားက ကျုပ်ကို ဘာကောင်မှတ်လို့ ဒီလိုပြောနေရတာလဲ၊ အခု ကျုပ် လာခဲ့တာက ဘယက် ပိုင်ရှင်ကိုယ်တိုင်က လွှတ်လိုက်လို့လာခဲ့တာဗျ၊ ပွဲမှားရိုက်ပြီး သစ်ဖို့လာခဲ့တာ မဟုတ်ဘူး၊ သိလား"

"ဒါလဲ မဖြစ်နိုင်ဘူး၊ ကျုပ်တို့ကတော့ ကာယကံရှင် ကိုယ်တိုင်လာယူမှကို ပေးမှာပဲ"

"အဲဒီ ကာယကံရှင်ဆိုတဲ့သူက အောက်မှာ ရောက်နေသယ်လေ၊ ကျုပ် အခုဘက်လာခဲ့တာက သတင်းစာထဲမှာ ပါတဲ့အိမ် ဟုတ်မဟုတ် သိချင်လို့ လာပြီးထောက်လှမ်းနေတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ခေါ်ခေါကာဘည်းက ပြောလိုက်ရင် ပြီးတဲ့ဟာ၊ ကိုယ့်လူက လိုရင်းကို အပိုမသွင်းဘဲ တိုရှင်းပြောလိုက်ရင် ပြီးတာပေါ့"

"အခု သိရပြီမဟုတ်သား၊ ဒီဘောစု ပြောစမ်း၊ ပတ္တမြားဘယက်ကို ခိုးတာ ဘယ်သူလဲ"

"ကျုပ်ပဲ….အယ်….အယ်၊ ဘာ….ဘာ…. ဘာပြောတယ် ဘောက်….လုပ်ရရင် နာဘောမယ်….ဟွန်း…."

လှငွေ ခေါကန်သွားတော့သည်၊

ချစ်မိုးသူကတော့ ဘုန်းကြီးရှုးနှင့်လှေလှူး တွေ့နေပုံကိုကြည့်၍ ရယ်နေမိသည်၊

"အဟီး….ကျွန်တော်က အလကား ကျီစားတာပါဗျာ ဘယက်ကို ကောက်ရထားတာ အစ်ကိုကြီးတို့ပဲနော်"

"တွေ့တယ်….ပစ္စည်းပိုင်ရှင်ကိုသာ သွားခေါ်ချေ"

လှငွေက အသံမာမာဖြင့် ပြန်ပြောနေသည်၊

"ကောင်းပြီလေ၊ အခုပဲ ကျွန်တော် သွားခေါ်လိုက်ပါမယ်၊ သူတို့ ကားပေါ်မှာ ရှိနေကြပါတယ်လေ"

လူလှက ပြောပြီး အိမ်ပေါ်မှပြန်လှည့်ဆင်းသွားခဲ့သည်၊

"ဟေ့ကောင်….လှငွေ၊ သူတို့ဆိုပါကလားကွ၊ ဘောင်းသူကလေးတစ်ယောက်တည်း မဟုတ်ဘူးထင်တယ်၊ အဖော်မိန်းမတွေပါ ခေါ်လာတယ်နဲ့တူတယ်"





ချစ်မိုးသူက စုံထောက်ကြီးဦးစံရှား လေသံမျိုးဖြင့် ဟောကိန်းထုတ်နေသည်၊

သို့၏ ဟောကိန်းထုတ်၍အဆုံးတွင် လှငွေရော သူပါ ကားရှိရာသို့ ပြတင်းပေါက်မှနေ၍ လှမ်းကြည့်နေကြသည်၊

ပထမ ချစ်မိုးသူ သဘောကျနေသော အမျိုးသမီးချောလေး ကားပေါ်မှဆင်းလာသည်၊ သူမ၏နောက်မှ ဆင်းလာ သူမှာ ချစ်မိုးသူ ဟောကိန်းကြို၍ထုတ်ခဲ့သလို မိန်းမဖော် မဟုတ်ပေ၊

အသက်သုံးဆယ်ကျော်ခန့်ရှိ အရပ်ရှည်ရှည် အသားညိုညိုနှင့် ယောကျ်ားတစ်ဦး ဖြစ်နေသည်၊

ထိုသူမှာ ကြက်ဥနှစ်ရောင် တိုက်ပုံအင်္ကျီကို ဝတ်ဆင်ထားပြီး ခါးတွင် ပိုးတွဲလုံချည် စိမ်းပြာရောင်ကို ဝတ်ထားသည်၊

လှငွေမှာ အမျိုးသမီးချောကလေး၏ဘေးမှ ယောကျ်ားမျိုကိုမြင်လျှင် မင်ဖြဲဖြဲချက်နှာကြီးဖြင့် ချစ်မိုးသူကို လှမ်းကြည့်ကာ နေ့က်နေတော့သည်၊

"ဟေ့ကောင်….မင်းပြောသလို အဖော်မိန်းမ ခေါ်လာတာ မဟုတ်ဘူးကွ၊ သူ့ယောကျ်ားကြီးကို ခေါ်လာတယ်နဲ့တူတယ် အင်း….ချစ်မိုးသူတို့များ ဟောလိုက်ရင် သေနတ်ကောင် ခေါက်တလွဲကြီးပဲနော်၊ ဟား….ဟား….ဟား…."



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးသူမှာမူ မရယ်နိုင်တော့ပေ။

သူ အစွဲကြီးစွဲလမ်းကာနေသော မိန်းမချောကလေး၏ ဘေးမှ ယောက်ျားပျိုကိုကြည့်ကာ စိတ်ခုတ်ကျကာ နေတော့သည်။

လှငွေက အခန်းတံခါးဝသို့ ပြန်သွားပြီး သူတို့ကို ကြိုဆို နေသည်။

ချစ်မိုးသူလည်း၊ စိတ်ပျက်လက်ပျက်နှင့် လှငွေ၏နောက်၌ ရပ်ကာ ကြည့်နေသည်။

ဘယက်ပိုင်ရှင်ကလေးမှာ သူတို့၏အနီးသို့ ရောက်လျှင် ခင်မင်သော အပြုံးကလေးဖြင့် စတင်၍ပြောနေသည်။

"အို...မာလာက ဘယ်သူများလဲလို့၊ လက်စသတ်တော့ မာလာတို့ကို အမူးသမားတွေလက်ထဲက ဝင်ကယ်ခဲ့ကြတဲ့ အစ်ကိုတို့ကိုး၊ ခိ....ခိ....ခိ...."

အမျိုးသမီးချောကလေးက သူတို့ကိုမှတ်မိဟန်ဖြင့် ပြော နေသည်။

လှငွေကလည်း ပြန်လည်၍ပြုံးပြရင်း ပြောနေသည်။

"အဟဲ့....ကျွန်တော်တို့ကို ခင်ဗျားက မှတ်မိသားပဲ၊ ကျွန်တော်တို့က မမှတ်မိတော့ဘူး ထင်နေကြတာဗျ၊ ကဲ.... အခန်းထဲကိုကြွပါ ခင်ဗျာ"





လှငွေ၏ ဖိတ်ခေါ်ချက်ကို အမျိုးသမီးချောကလေးတို့က ငြင်းဆန်ဘဲ အခန်းထဲသို့ အတူဝင်သွားခဲ့ကြသည်။

"ကဲ....အဲဒီမှာထိုင်ကြပါဗျာ၊ ဒီမယ်လှငွေ၊ လက်ဖက်ရည် သွားမှာပါလားကွ"

ချစ်မိုးသူက လောကွတ်တွေပိုနေသည်။

ထိုစကားများကို ကြားရလျှင် အဖော် ပါလာခဲ့သော လူရွယ်က လက်ကိုကာပြရင်း ပြန်ပြောနေသည်။

"အာ....အာ....ဒုက္ခမရှာပါနဲ့ဗျာ၊ ကျွန်တော်တို့မှာ သွားစရာကိစ္စကလေးက ရှိနေလို့ မသောက်တော့ပါဘူး၊ အဲ.... ကောက်ရထားတယ်ဆိုတဲ့ ဘယက်ကလေးကိုသာ ပေးပါတော့ဗျာ"

ထိုစကားများကို ကြားရလျှင် အမျိုးသမီးချောကလေးမှာ အားနာသွားဟန်ဖြင့် လူရွယ်အား မျက်စောင်းတစ်ချက် ထိုးကာ ကြည့်ရင်း လှမ်းဆူနေတော့သည်။

"အို...ကိုကိုမောင်ကလဲ၊ ဘယ့်နှယ် ရောက်ရောက်ချင်း ဘယက်ကို တောင်းနေရတာလဲ၊ ဖြည်းဖြည်းမှ တောင်းပါလား၊ သူတို့က ပေးမှာမို့ အခုလို သတင်းစာထဲကနေ ငွေကုန်ကြေးကျခံပြီး ကြော်ငြာခဲ့တဲ့ဟာ၊ ကိုကိုမောင် ပြောပုံကြီးက အားနာစရာ ကောင်းလှပါတယ်"

ချစ်မိုးသူကလည်း အလိုက်အထိုက် ပြန်ပြောနေရသည်။

"ရပါတယ်လေ.... ကိစ္စရှိရင်လဲ သွားကြပေါ့၊ အခုပဲ ကျွန်တော် ဘယက်ကို ထုတ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးသူကပြောရင်း ပတ္တမြားဘယက်ကိုယူရန် အခန်းထဲသို့ ဝင်သွားခဲ့သည်။ လှငွေကတော့ ရှိုးတွေမိုးတွေအပြည့်နှင့် ဂိုက်ထုတ်ကာ စိတ်စားလာသော အဖော် လူရွယ်ကို ကြည့်ကာ မေးနေသည်။

"ဒါထက် မေးဦးမယ်၊ ရွှေစက်တော် ဘုရားပွဲတော်သွားတုန်းက ဒီကမိတ်ဆွေဟာ ဘာဖြစ်လို့လိုက်မလာတာလဲဗျာ"

လှငွေ၏ အမေးစကားများကို ကြားရလျှင် ထိုလူရွယ်၏ မျက်နှာမှာ နီသွားခဲ့သည်။ အဲ...အဲ...ယောင်လို့ ကွက်ခနဲ ပျက်သွားခဲ့သည်။

"ဟုတ်တယ်ဗျာ...အဲဒီတုန်းက သူသွားတာကို ကျွန်တော် မသိလိုက်ဘူးဗျ၊ သူက တိတ်တိတ်ကလေး လစ်သွားခဲ့တယ်လေ ကျုပ်မှာဖြင့် သူ့အတွက် စိတ်ပူလိုက်ရတာ၊ သူ ရန်ကုန်ကို ပြန်ရောက်လာသောအခါမှ စိတ်အေးရတော့တာပဲဗျာ၊ ဟဲဟဲ"

မိန်းမပျိုကလေးကတော့ သူပြောနေသည်ကို နားထောင်နေရာမှ မျက်နှာကို တစ်ချက်မဲ့၍ပြုံးနေသည်။

"မာလာ့ကိုများ ကိုကိုမောင်က ကလေးငယ်လေးများ မှတ်နေသလားမသိဘူး၊ ဘယ်ကိုသွားသွား စိတ်ကိုမချဘူး။ နေရာတကာ သူလိုက်ပါချင်တာချည်းပဲ"

"ဟာ...ပါရမှာပေါ့၊ အခုခေတ်ကြီးက လူရှုပ်လူပွေ လူဆလိမ်တွေက များမှများပဲဗျာ၊ အခုလို ကြည့်လေ မောင်ဒီက မိတ်ဆွေတွေက ဝင်ကယ်ခဲ့လို့ မာလာတို့တစ်တွေ အရက်မူး





သမားတွေလက်က လွတ်လာခဲ့ကြတာ မဟုတ်လား၊ သူတို့သာ မကယ်ရင် မာလာဟာ ရေတိမ်မှာနစ်ရတော့မှာပေါ့၊ အဲဒီလိုသာဖြစ်ရင် ကိုကိုမောင် ရင်ကျိုးပြီးသားပဲ သိလား"

"အို...တော်စမ်းပါရှင်၊ ဘာစကားတွေ လာပြောနေရတာလဲ၊ အနားမှာရှိနေတဲ့ အစ်ကိုတွေကိုလဲ အားနာပါဦး၊ ကိုကိုမောင်ဟာ ဘာမှ မသိတတ်ဘူး"

အမျိုးသမီးချောကလေးမှာ ထိုလူရွယ်၏ စကားများကြောင့် အားတော်ကလေး ရှက်နေပုံရသည်။

လှငွေကတော့ သွားဖြီကာ ရယ်ပြရင်း ပြန်ပြောနေသည်၊

"ကိစ္စမရှိပါဘူးဗျာ...ပြောမှာသာ ပြောပါ၊ ဒါမျိုးများ ကျွန်တော်က နားထောင်ရတာ ဝါသနာလဲပါ၊ အရသာလဲ ရှိလွန်းလို့ခင်ဗျ...ဟား...ဟား...ဟား"

လှငွေက ပြောလျှင် အမျိုးသမီးချောကလေးမှာ ရှက်သွားဟန်ဖြင့် ခေါင်းကို အမြန်ငုံ့နေမိသည်။

အတူပါလာသော လူရွယ်ကသာ လှငွေနှင့်အတူ ဟာဟာစားစားဖြင့် ရယ်နေသည်။

"ရော့...ကျွန်တော်တို့ ကောက်ရထားခဲ့တဲ့ ခင်ဗျားရဲ့ ဘယက်ကလေး၊ ဘာတွေ ချိတ်ယှဉ်းချက်ရှိတယ်ဆိုတာကိုလဲ သေသေချာချာ စစ်ဆေးပါဦးဗျာ"

ချစ်မိုးသူက အခန်းထဲမှထွက်လာပြီးနောက် အမျိုးသမီးချောကလေးအား ဘယက်ကိုပေးရင်းမှ ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးချောကလေးနှင့် အတူပါလာသော လူရွယ်က ချစ်မိုးသူ၏လက်မှ ဘယက်ကို အရင်လှမ်း၍ ယူကြည့်နေသည်။

"မှန်းစမ်း....ဒီဘယက်က မာလာ့ကို စပါယ်ရှယ် လုပ်ပေးထားတာမို့ ကိုကိုမောင်ကပဲ ချွတ်ယွင်းချက် ရှိ,မရှိ စစ်ကြည့်ပေးမယ်"

လိုက်လာခဲ့သော အဖော်လူရွယ်က အလှူ့ရှင်မှန်း သိအောင် ချစ်မိုးသူတို့ရှေ့တွင် မကျွပ်တိုင်ကို တက်ပြနေသည်။

ချစ်မိုးသူတို့ကတော့ မည်သို့မျှပြန်မပြောဘဲ ရပ်၍ကြည့်နေကြသည်။

"အင်း....ဘာချွတ်ယွင်းချက်မှ မတွေ့ရပါဘူးဗျာ၊ ကျွန်တော် လုပ်ပေးထားခဲ့တဲ့ အတိုင်းပဲ၊ ကဲ....ရော့....မာလာ၊ ပြန်ပြီးဆွဲထားလေ"

အဖော်ဖြစ်သူ လူရွယ်က လက်ထဲမှ ဘယက်ကို အမျိုးသမီးချောကလေးထံသို့ လှမ်းပေးနေသည်။

"တော်ပါပြီ၊ မာလာ မဆွဲချင်တော့ဘူး၊ ကိုကိုမောင်ရဲ့ ပစ္စည်းကို ကိုကိုမောင်ပဲ ပြန်ယူသွားပေတော့"

မာလာဆိုသူ အမျိုးသမီးချောကလေးက ငြင်းဆန်လိုက်သဖြင့် လူရွယ်မှာ တော်တော် ရှက်သွားပုံရသည်။ သူ၏ မျက်နှာမှာလည်း အနည်းငယ်နီမြန်းသွားသည်ကို ချစ်မိုးသူတို့ သတိပြုလိုက်မိကြသည်။

ပြီးမှ လူရွယ်က အရှက်ပြေ ဟဲခနဲသွားဖြဲပြကာ ရယ်ရင်း ချစ်မိုးသူတို့အား လှမ်းပြောနေသည်။



"အဲဒါကိုသာ ကြည့်တော့ဗျာ.... မာလာကတော့ ဆိုးမှဆိုးပဲ၊ သူက ဒီလိုပဲဗျ၊ ကျွန်တော့်ကိုများဆိုရင် အင်မတန်ဆိုးချင်နွဲ့ချင်တယ်လေ၊ ထစ်ခနဲရှိ စိတ်ကောက်ရတာနဲ့၊ စိတ်ဆိုးရတာနဲ့ နည်းနည်းကလေးမှ ကြက်ခေါင်းဆိတ်မခံဘူးဗျ၊ ဒါပေမယ့် ကျွန်တော်က အသက်ပေးပြီး ချစ်နေရတော့လည်း သည်းခံရတာပေါ့လေ....ဟဲ့....ဟဲ....ဟဲ့"

ချစ်မိုးသူမှာတော့ သူအသည်းစွဲနေသော အမျိုးသမီးချောကလေးမှာ လွတ်လပ်သူမဟုတ်ဘဲ လိုင်စင်ကြီးနှင့်ဖြစ်နေမှန်းကို သိရ၍ စိတ်ဆင်းရဲရသည့်အထဲ အဖော် ပါလာသူက အသားယူ၍ ပြောဆိုနေမှုကြောင့် သူတို့အနီးမှ ထပြေးချင်စိတ်ပေါက်နေတော့သည်။

လှငွေကလည်း သူ၏သူငယ်ချင်း မည်သို့ခံစားနေရသည်ကို ရိပ်မိကာ စိတ်မကောင်းဖြစ်ကာ နေမိသည်။

အမျိုးသမီးချောကလေးကတော့ ချစ်မိုးသူတို့ ရှေ့တွင် ဒိုင်စိုးပိုင်နင်းနှင့် အရှက်မရှိဘဲပြောဆိုနေခြင်းကြောင့် ဒေါသသည်းထွက် ရှက်လည်းရှက်လာမိသည်။

သို့ဖြစ်၍ အမျိုးသမီးချောကလေးမှာ ထိုင်နေရာမှ ထရပ်ရင်း ချစ်မိုးသူတို့အား လှမ်းပြောနေသည်။

"ကဲ....အစ်ကိုတို့ရေ၊ ညီမတို့ ပြန်လိုက်ပါဦးမယ်နော်၊ အခုလို ယိုးဝဆုံးရှုံးမှုဖြစ်နေတဲ့ ညီမရဲ့ဘယက်ကို စိတ်နှလုံးသား ဖြူစင်စွာနဲ့ ပြန်ပေးတဲ့အတွက် အစ်ကိုတို့ နှစ်ဦးစလုံးကို မာလာက ကျေးဇူးတင်မဆုံးတော့ပါဘူးရှင်၊ မြင့်မြတ်လှတဲ့ စိတ်သဘောထားတွေကိုလည်း လေးစားမိပါတယ်ရှင်"

www.burmeseclassic.com



အမျိုးသမီးချောကလေးက ချစ်မိုးသူနှင့် လှငွေတို့အား ပြောပြနေသည်။

အဖော်ပါလာသော လူရွယ်ကလည်း ဆက်၍ ပြောနေသည်။

"အေးဗျာ....ကျွန်တော်ကလဲ ခင်ဗျားတို့ နှစ်ယောက်ကို မာလာရဲ့ကိုယ်စား ကျေးဇူးအထူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦးနော်"

ထိုသူ၏ခွင့်ပန်ချက်ကို ချစ်မိုးသူနှင့် လှငွေတို့က ပြုံး၍ ခေါင်းတော့ကိုယ်စီ ညိတ်ပြကြသည်။

ပြီးတော့ သူတို့နှစ်ဦးက အိမ်ပေါက်ဝအထိ အမျိုးသမီးချောကလေးကို စုံတွဲကို လိုက်ပို့ပေးခဲ့ကြသည်။

အမျိုးသမီးချောကလေးတို့စုံတွဲ လိုက်ပါလာခဲ့ကြသော ဆလွန်းကားကလေး ထွက်အသွားတွင် လှငွေက ချစ်မိုးသူ၏ မျက်နှာကို ငေးဖြဖြမျက်နှာဖြင့် ကြည့်နေသည်။

"ဟော့ကောင် လှငွေ.... ဘာကိစ္စ ငါ့မျက်နှာကို ငေးဖြဖြ လုပ်ပြီး ကြည့်နေရတာလဲကွ"

"အဟီး....ကြည့်နေဆို မင်းအဖြစ်ကို တွေးမိတိုင်း ရယ်ချင်လွန်းလို့ပါ၊ ဘယ့်နှယ်ကွာ ရှားရှားပါးပါး သခင်ကျခဲ့တဲ့ အမျိုးသမီးကို ပိုးလိုက်မိပါတယ်၊ ပိုးမိတဲ့အမျိုးသမီးက လိုင်စင်ကြီးနဲ့ဖြစ်နေတော့ ငါမှာ မရယ်ချင်ဘဲကို မနေနိုင်ဖြစ်နေရတာပေါ့၊ ရယ်ချင်လိုက်တာကွာမှ ငါ့အိမ်ကြီး ပြိုကျသွားအောင်ကို ရယ်ပစ်ချင်တာဟေ့.... ရယ်ပစ်ချင်တာ သိလား.... ဟား....ဟား....ဟား"



ချစ်မိုးသူမှာတော့ လှငွေ၏ စကားများကို ကြားရလျှင် ဒေါကန်သွားတော့သည်။

"သူများ စိတ်ညစ်နေတာကို မင်းက ကိုယ်ချင်းစာစိတ်ထားဘဲ သွားပြုံပြီး ရယ်ချင်တဲ့ကောင်၊ ကဲ.... ရယ်ချင်ဦး ကွာ....ရယ်ချင်ဦး"

ချစ်မိုးသူမှာ အထက်ပါအတိုင်းပြောရင်း လှငွေကိုလိုက်၍ ထိုးနေတော့သည်။

လှငွေကလည်း ဟားဟားဟားရယ်ရင်း ချစ်မိုးသူ၏အနီးမှ အဝေးဘက်သို့ ဆင်းပြေးသွားခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ထိုနေ့သည် ချစ်မိုးသူနှင့် လှငွေတို့၏ အလွန် ခင်မင်ကြသော ငယ်သူငယ်ချင်း သိန်းထီ၏ လက်ထပ်မင်္ဂလာပွဲကျင်းပသော နေ့ဖြစ်သည်။

ချစ်မိုးသူမှာ သူ အလွန်စွဲလမ်းမိခဲ့သော မာလာဆိုသူ အမျိုးသမီးချောကလေးမှာ သူ ထင်သလို လွတ်လပ်သူ မဟုတ်ဘဲ ကာမပိုင်ကြီးနှင့် ဖြစ်နေမှန်းသိရ၍ စိတ်ဓာတ်ကျကာ စစ်ကိုင်းဘက်သို့ပြန်ရန် ပြင်ခဲ့သည်။

လှငွေက သိန်းထီ၏ မင်္ဂလာပွဲပြီးမှပြန်ရန် အတင်းတား၊ နေ၍ ချစ်မိုးသူမှာ မပြန်ဖြစ်တော့ဘဲ ယခုလို ဆက်၍ ရန်ကုန်မြို့၌ နေနေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သိန်းထိုတို့၏ မင်္ဂလာပွဲမှာ ကန်တော်ကြီးဘက်တွင်ရှိ နာမည်ကြီး စားသောက်ခန်းမကြီးတွင် ဆောင်ကြမည် ဖြစ်သည်။

ချစ်မိုးသူနှင့် လှငွေတို့မှာ လူချင်းတွေ့မို မင်္ဂလာအချိန် နံနက် (၁၀) နာရီထိအောင် မစောင့်ကြတော့ဘဲ နံနက် ကိုးနာရီကတည်းက ရောက်သွားခဲ့ကြသည်။

လက်ဖွဲ့အဖြစ် အခြားပစ္စည်းတွေ မဝယ်ကြတော့ဘဲ ချစ်မိုးသူက သိန်းထိုတို့အတွက် ငွေကျပ် နှစ်ထောင်ကို စာအိတ်တွင်ထည့်၍ လက်ဖွဲ့ရန် ယူလာခဲ့သည်။

လှငွေအဖို့ မည်သည့်ခံစားမှုမှ မရှိဘဲ သိန်းထို၏ မင်္ဂလာပွဲသို့ လာခဲ့ရ၍ ပျော်ရွှင်နေသလောက် ချစ်မိုးသူမှာတော့ သူလို မပျော်ရွှင်လှပေ။

သူ အလွန်စွဲလမ်းချစ်ကြိုက်မိသောသူကလေးမှာ လိုင်စင်ကြီးနှင့် ဖြစ်နေမှန်းကို သိရ၍ စိတ်ညစ်ကာနေမိသည်။

မင်္ဂလာပွဲမှာ အချိန်စောနေသေး၍ လူရှင်းနေသည်။

သိန်းထိုမှာ သူတို့နှစ်ဦးအားမြင်ရလျှင် လွမ်း၍နောက်နေတော့သည်။

"ဟော့ကောင်ကြီးတွေ... မင်္ဂလာဆောင်မှာက ဆယ်နာရီပါကွ၊ အခု မင်းတို့လာကြတာက ကိုးနာရီကျော်ရုံကလေး



ဆိုတော့ မစောလွန်းဘူးလား၊ အစားများဆိုရင် မင်းတို့နှစ်ကောင်က ရှေ့ကချည်းပဲနော်၊ ဟား...ဟား...ဟား..."

သိန်းထို၏ စကားများကို ချစ်မိုးသူက မည်သို့မှ ပြန်မပြောနိုင်ဘဲ မချိပြုံးလေးသာ ပြုံးပြနိုင်သည်။ လှငွေကသာ ပြန်၍ နောက်နေသည်။

"ဟကောင်...သတို့သားရ၊ တို့က အစားစားဖို့ လာကြတာချည်း မဟုတ်ဘူး၊ စားပွဲထိုးအလုပ်ကိုပါ မှူးတွဲလုပ်ချင်လို့ စောပြီးလာကြတာပါကွာ၊ ဒီတော့ ပြောစမ်း၊ ငါတို့ဘာလုပ်ပေးရမလဲ၊ မင့် ဇနီးလောင်းကို အလှပြင်ပေးရမလား၊ ဟား...ဟား...ဟား..."

"သွားစမ်းပါ၊ ငါ့ ဇနီးကိုတော့ လာမထိနဲ့၊ တိခနဲနေအောင် ဇက်ပြတ်သွားမယ်၊ အဲ...စားပွဲထိုး လုပ်ချင်ရင်တော့ ရပါတယ်၊ ဒါပေမယ့် မင်းတို့ ဝင်စားလာကြတာတောက်ပြောင်လွန်းနေလို့၊ မလုပ်ကြပါနဲ့ကွာ၊ ဒါထက် ငါတို့မင်္ဂလာဆောင်အတွက် လက်ဖွဲ့ကော ပါလာကြသလား၊ မင်းတို့ကြည့်ရတာ လက်ချည်းသက်သက်ဖြစ်နေတယ်၊ အင်း...ဒီအတိုင်းဆို ငါတော့ မင်္ဂလာစရိတ်တွေ ပြန်ရတော့မယ်မထင်ပါဘူး၊ အဟီး..."

"ဟော့ကောင်... ငါတို့က လက်ချည်းသာလာတာ မဟုတ်ဘူး၊ မင်းအတွက် ငွေသားကိုလက်ဖွဲ့မလို့ပါ၊ ဟောဒီက သူဌေးသားကြီးက မင်းတို့မင်္ဂလာဆောင်အတွက် ငွေကျပ်နှစ်ထောင်

www.burmeseclassic.com



လက်ဖွဲ့မှာပါ။ အဲ့....ငါကတော့ ဆင်းရဲသားမို့ အစားပဲ လာစားနိုင်တယ်ကွာ၊ ဟဲ့....ဟဲ့...."

လှငွေကပြောရင်း ချစ်မိုးသူ၏ တိုက်ပုံအင်္ကျီအိတ်တွင်းမှ စာအိတ်ဖြင့် ထည့်ထားသော ငွေနှစ်ထောင်ကိုယူ၍ သိန်းထိ ကို ပေးနေသည်၊

သိန်းထိမှာတော့ ခေးခေးငိုင်ငိုင်ဖြစ်နေသော ချစ်မိုးသူကို ကြည့်ကာ မေးနေသည်၊

"ဟ....ဒီခကာဒင်ကြီး ကြည့်ရဘာ ငိုင်တိုငိုင်တိုင်နဲ့၊ လူမော ကြီးကျနေတာပဲ၊ ဒါပဲနော်၊ ငါ့ မင်္ဂလာပွဲမှာ သီချင်းတစ်ပုဒ် လောက်ခဘာ့ မင်း ဝင်ဆိုခပးရ ်မှ်ခယ်၊ တို့ တက္ကသိုလ်မှာ တုန်းက မင်းဟာ အဆိုတော်ရှ ပဲဟာ ဏှတ်လား"

သိန်းထိကပြောလျှင် ချစ်မိုးသူက ခေါင်းကိုခါယမ်းကာ ပြန်ခပြောနေသည်၊

"ဆောရီးပဲ သူငယ်ချင်း.... အခုနေအခါမှာ သီချင်းဆို မပြောနဲ့၊ နားခထာင်မခထောင်ချင်ပါဘူးကွာ"

"ဟောဗျ...ဘာဖြစ်လို့လဲ၊ ငါမသိရဘူးလား"

ထိုမေးခွန်းကို လှခငွေက ဝင်၍ ပြန်ဖြေပေးနေသည်၊

"အေး....သိချင်ရင် ငါပြောပြမယ်၊ သူမှာလေ....အခုနေ အခါမှာ သီချင်းဆိုဖို့ခနေနေသာသာ လူပြည်မှာ နေချင်စိတ် တောင် ကုန်ခန်းနေတဲ့ ကောင်ကွ၊ ဒါကို မင်းက အလိုက် မသိဘဲ သီချင်းဆိုခိုင်းနေရသလားကွ"





"ဟေ....ဒါက ဘယ်လိုရောဂါဆိုးပိုးမျိုးဝင်လာတာလဲကွ၊ အေအိုင်ဒီအက်စ်တို့ အခုတလော အာဖရိကတိုက်မှာ ဖြစ် ပွားနေတဲ့ ကူဘိုလာ ရောဂါပိုးများလို ကုမရတဲ့ ရောဂါဆိုး များလားကွာ၊ ဟဲ....ဟဲ...."

သိန်းထိ က ပြန်နောက်နေသည်၊

လှငွေကလည်း ပြန်ပြောပြနေသည်၊

"အိမ်း....မင်း အခုပြောနေတဲ့ရောဂါပိုးတွေကို ခေါတ်ခွဲပြီး ရှာဖွေကြည့်ရင် ဘာရောဂါပိုးဆိုတာ ပြောနိုင်ပေမယ့် အခု ဒီကောင့် ရင်ထဲမှာဝင်နေတဲ့ ရောဂါပိုးကျတော့ စမ်းသပ် လို့ မတွေ့နိုင်ဘူးကွ၊ ဟား....ဟား....ဟား...."

"ဟာကွာ.... စိတ်ညစ်ရတဲ့အထဲ မင်းတို့ နှစ် ကောင် က ပညှံ့ပူညံ့နဲ့ လုပ်နေရပြန်ပြီ၊ သွားကြစမ်းကွာ"

ချစ်မိုးသူ က စိတ်တိုသံဖြင့် သူတို့ကို လှမ်းဆူနေတော့ သည်၊

လှငွေက ရယ်ဖြဲဖြဲအလေးလုပ်ကာ ကြည့်ပြီး သိန်းထိအား မေးခနပြန်သည်၊

"ဩော်....ဒါထက် မင်းရဲ့ သတို့သမီးက ဘယ်မှာလဲကွ၊ ငါတို့နဲ့ အင်ထရိုလုပ်ပေးပါဦး"

"ပေးပါမယ်ကွာ.... အခု အလှပြင်ခန်းမှာ အလှပြင်နေ လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော… ဒါဆို ငါ သွားကြည့်ချင်တယ်ကွာ၊ တခြား အပျိုရံတွေလဲ ရှိမယ်မဟုတ်လား၊ အပြီး…"

"လုပ်ပြီ၊ မင်းကတော့ ကျောင်းသားဘဝက အကျင့် အတိုင်း ချောင်းကြည့်ဖို့တော့ အခုထက်ထိ ဝါသနာပါ တုန်းပဲကိုး၊ ဟွန်း…"

သိန်းထိ၏ စကားများကြောင့် လှငွေမှာ ရယ်နေမိသည်။

"ဟာ… အခု ငါပြောနေတာက ငါ့အတွက်မဟုတ်ဘူး၊ ဟောဒီက အချစ်နာကျနေတဲ့ ချစ်မိုးသူအတွက် ပြောနေ တာပါ၊ ကဲ… လာကွာ၊ အဲဒီကို သွားကြရအောင်"

လှငွေက ပြောပြောဆိုဆိုနှင့် သိန်းထိကို အတင်းတွဲခေါ် နေသည်၊

သိန်းထိသည်း လှငွေ ခေါ်ရာသို့ ဒယဉ်တိုက်၍ ပါသွား တော့သည်။

"ဟာ… ဟော့ကောင်… ချစ်မိုးသူ၊ လာလေကွာ၊ မင်းက ဘာကိစ္စရပ်နေရတာလဲ၊ တို့နဲ့ လိုက်ခဲ့လေ"

"ဟင့်အင်းကွာ… ငါ မလိုက်ချင်ဘူး၊ ဟို ညှိခန်းမကြီး မှာပဲ ငါ ထိုင်နေတော့မယ်"

"မ ဟုတ် တာ ဘဲ ကွာ… မင်း တစ် ယောက် တည်း ငါ မထားချင်ဘူး၊ မတော် ဒီကနေ ကန်တော်ကြီးထဲ သွားခုန် ဆင်းနေရင် ဘယ်လိုလုပ်မလဲ၊ ဒီမင်္ဂလာခန်းမနဲ့ ကန် တော်ကြီးကလဲ နီးနီးကလေးမို့ ငါတို့နဲ့ပဲ လိုက်ခဲ့ရမယ်"





လှငွေမှာ သိန်းထိကို လွှတ်လိုက်ပြီး ချစ်မိုးသူ အား အတင်းပင် ဆွဲခေါ်နေသဖြင့် စိတ်မပါတပါဖြင့် လိုက်ပါ၍ သွားခဲ့ရသည်။

သိန်းထိမှာ ရှေ့မှသွားရင်း သူ၏ ချစ်ဇနီးလောင်းကလေး အလှပြင်နေသော အခန်းဝသို့ရောက်လျှင် လှမ်း၍ အသံပေး နေသည်၊

"နုရေ… ဟောဒီက မောင်နဲ့ ကျောင်းနေဖက် သူငယ် ချင်းတွေက နုနဲ့ မိတ်လိုက်ချင်လို့တဲ့"

"ဟာ… ဟော့ကောင် သိန်းထိ ဘာစကားတွေ သွားပြော နေတာလဲ… ရှီး"

လှငွေက အားနာသဖြင့် လှမ်းမောန်နေသည်၊

"အဲ… အဲ… ဆောရီး… နုနဲ့ မိတ်ဆက်ချင်လို့တဲ့ကွာ… ဟား… ဟား… ဟား"

သိန်းထိကလည်း လှငွေလိုပင် အနောက်အရွတ်သန်သူ ဖြစ်သည်၊

"ဟုတ်ကဲ့… အခန်းထဲကို ဝင်ခဲ့လေ၊ ဒီမယ်… နု ပြင်လို့ ပြီးသေးလို့ပါ"

နုဆိုသူ သတို့သမီးက အသံပြန်ပေးသည်။

သိန်းထိကလည်း ချစ်မိုးသူနှင့် လှငွေတို့အား သတို့သမီး အလှပြင်ရာအခန်းသို့ ခေါ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နုဆိုသူ သတ္တိုသမီးကလေးမှာ သူ့ဆီ ဝင်လာကြသည်ကို ပြုံး၍ကြည့်နေသည်။

လှငွေမှာ အခန်းထဲသို့ အရောက်တွင် ဟာခနဲ ဖြစ်သွားခဲ့သည်။

သူလိုပင် ချစ်မိုးသူမှာသည်း ဟာခနဲ ဖြစ်ကာသွားပြီး မျက်လုံးအစုံမှာ ပြူးထွက်ပြီး ပါးစပ်ကြီးကသည်း ဒီဂရီကိုးဆယ်ခန့် ဟပြဲကြီးဖြစ်နေလေသည် ဟူသတတ်။

သူတို့လိုပင် သိန်းထိ၏ ဇနီးလောင်းကလေးအား အလှပြင်ပေးနေသော မိန်းမပျို့ချောကလေးမှာလည်း ချစ်မိုးသူတို့ကိုတွေ့ရလျှင် ဟောခနဲ ဖြစ်သွားခဲ့ဘော့သည်။

ထိုအသံကိုကြားရလျှင် သိန်းထိက ဝင်နှောက်နေသည်။

"ဟော....ဟော....ဟောလစ်....ဟား....ဟား....ဟာ။"

"ဟင်....အစ်ကိုတို့လို့ ဒီမင်္ဂလာဆောင်ကို လာကြတယ်နော်"

သူတို့ကို အံ့ဩသံဖြင့် မေးလိုက်သူမှာ အခြားသူမဟုတ်ပေ။

ချစ်မိုးသူ အစ္စကြီး စွဲလမ်းကာနေသော မိန်းမပျို့ချောကလေးပင်။

လှငွေက တပြုံးပြုံးဖြင့်လုပ်ကာ ပြန်ဖြေနေသည်။





"လာဆို ဟောဒီကောင်ကြီးက ကျွန်တော်တို့နဲ့ ကျောင်းနေဖက် သူငယ်ချင်းလေ၊ ဒါကြောင့် လာခဲ့ကြတာပေါ့၊ နှင်....ခင်ဗျားကကော ဒီက သတ္တိုသမီးနဲ့ သူငယ်ချင်းပဲလား"

"ဟုတ်ကဲ့.... ဟောဒီက နုနဲ့ မာလာတို့က ကျောင်းနေဖက် သူငယ်ချင်းတွေပါရှင်"

အမျိုးသမီးချောကလေးက ပြန်ဖြေနေသည်။

"ဟင်....ဒါဆို ဟို....ဟို....ခင်ဗျား ယောကျ်ားလား စေ့စပ်ထားတဲ့သူလား၊ ပါမလာဘူးလားဗျ"

လှငွေက လျှာရှည်နေပြန်သည်။

အမျိုးသမီးချောကလေးမှာတော့ လှငွေ၏အမေးကြောင့် ရှက်သွားဟန်ဖြင့် မျက်နှာတစ်ပြင်လုံး နီမြန်းကာ သွားခဲ့ဘော့သည်။

သတ္တိုသမီးဖြစ်သူ နုကမူ တခစ်ခစ်ဖြင့် ရယ်မဆုံး ဖြစ်နေသည်။

သိန်းထိမှာမူ အားနာသွားဟန်ဖြင့် လှငွေ၏လက်မောင်းကို တံတောင်ဖြင့် တွက်ဆရင်း လှမ်းဆူနေဘော့သည်။

"ဟကောင် လှငွေရ ဘာစကားတွေကို သွားမေးနေရတာလဲ၊ မာလာက အပျိုစစ်စစ်ပါ၊ အိမ်ထောင်သည် မဟုတ်သလို ဘယ်သူနဲ့မှလဲ စေ့စပ်ကြောင်းလမ်းထားခြင်း မရှိသေးပါဘူးလေ၊ သူက လွတ်လပ်ပါတယ်ကွ....ဟဲ....ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သိန်းထိ ပြောအပြီးတွင် မာလာဆိုသူ အမျိုးသမီးက လည်း ဝင်၍ရှင်းပြနေသည်။

"ကိုသိန်းထိခြေတာ မှန်ပါတယ်ရှင်၊ ဟိုတစ်နေ့တုန်းက မာလာနဲ့ ပါလာခဲ့တဲ့သူဟာ မာလာနဲ့ပေးစားဖို့ လူကြီးချင်း သဘောတူ ထားကြတာပါ၊ ဒါပေမယ့် မာလာကတော့ တစ်စက်ကလေးမှ မေတ္တာမရှိလို့ သူနဲ့မပေးစားဖို့ ဖေဖေနဲ့ မေမေတို့ကို ပြောသာပါတယ်"

ချစ်မိုးသူ အဖို့မှာတော့ ထို အမျိုးသမီးချောကလေး၏ စကားများကို ကြားရလျှင် ထျိပင် ခုန်ချင်လောက်အောင် ဝမ်းသာမဆုံး ဖြစ်တော့သည်။

ခေါ်စောက စိတ်ညစ်နေသလောက် ယခုမှ အလွန်ပင် စိတ်ရှင်လန်းကာ အူမြူးလျက်နေတော့သည်။

သိန်းထိကမူ မာလာဆိုသူ အမျိုးသမီးချောကလေးနှင့် ချစ်မိုးသူတို့ သိနေကြမှန်းသိရလျှင် အလွန် အံ့ဩနေတော့ သည်။

"နေကြစမ်းပါဦး...မင်းတို့နဲ့ ဟောဒီက မာလာနွယ်နဲ့က ဘယ်လိုလုပ် သိကြတာလဲ"

"ကောင်းပြီ မင်းသိချင်ရင်ပါပြောပြမယ်၊ ကဲ...လာကွာ ညွှန်းမဆီ ပြန်သွားမယ်"

လှငွေက သိန်းထိ၏ လက်ကိုဆွဲ၍ ညွှန်းမကြီးဆီသို့ ပြန်သွားခဲ့ကြသည်။





ချစ်မိုးသူကတော့ မာလာနွယ်ဆိုသူကလေး ထံသို့ တစ်ချက် ...မ်းကြည့်ပြီး နောက်မှလိုက်ပါသွားခဲ့သည်။

ညွှန်းမကြီးတွင်ရှိ ကုလားထိုင်များတွင် သူတို့ဝင်ထိုင် ...ပြီးနောက် လှငွေက သိန်းထိကို ဖြစ်ကြောင်းကုန်စင် ...င်းပြနေတော့သည်။

"အိုဟိုး....ဒါကြောင့်ကိုး...ဟား...ဟား...ဟား"

သိန်းထိက သဘောကျသံဖြင့် ပြောပြီးနောက် ချစ်မိုးသူ ...အား ယခုသို့ ဆက်ပြောနေသည်။

"ဒီမယ် ချစ်မိုးသူ.... ဒီကနေ့ ဒီအချိန်ကစပြီး မင်းဆိတ် ...ကို စားကျက်ထဲမှာ လွှတ်ထားလိုက်ပေတော့၊ အဲ... ...ပါဘူး စိတ်တွေကို အေးအေးသာ ထားတော့၊ ဘာ ...ကြောင့်လဲဆိုတော့ ငါ့ဇနီးလောင်းကလေး နဲ့နဲ့ မင်းသဘော ...နေတဲ့ မာလာနွယ်တို့ဟာ သိပ်ကို ခင်ကြတာကွ၊ မင့် ...အတွက် သူ့ဆီ ငါရှက်ပေးလိမ့်မယ်၊ အဲ...ဒါပေမယ့် တစ်ခု ...ရှိတယ်ကွ၊ မာလာနွယ်ဟာ ကြာသပတေး နံကိုယူပြီး ...ထားပေမယ့် အမှန်တော့ ကြာသပတေးသမီး မဟုတ် ...ဘူး၊ သူက တနင်္ဂနွေသမီး ဖြစ်နေတယ်၊ အဲ.... ကြာသ ...တေး နံကို ဘာဖြစ်လို့ သူ မှည့်ထားရသလဲ ဆိုတော့.... ...င်ကိုန်းခန်းအရ တနင်္ဂနွေနံကိုမယူဘဲ ကြာသပတေးနံကို ...ည့်ထားတာတဲ့၊ နောက်တစ်ခါ တကယ်လို့များ မင်းနဲ့ ...သို့ ကလေးမွေးတဲ့အခါ သားယောကျ်ားကလေးကို

www.burmeseclassic.com



မွေးပေးပါမယ်လို့လို့ အာမခံချက် ပေးနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ မင်း ဘယ်လိုလုပ်မလဲ"

"ကိစ္စမရှိပါဘူးကွာ....တနင်္ဂနွေသမီးမကလို့ စနေသမီးပဲ ဖြစ်နေပါစေ၊ ငါကတော့ သူ့ကိုပဲယူမယ်ကွာ၊ ပြီးတော့ ယောကျ်ားကလေး မမွေးလို့ နေပေစေ၊ အရေးကြီးတာက မာလာနွယ်ဟာ ငါ့ကိုပြန်ချစ်ဖို့ပါပဲ၊ သူကသာချစ်မယ်ဆိုရင် ငါ့အဘွားက အမွေဖြတ်လဲ ငါကတော့ ခံလိုက်မှာပဲ၊ ရှင်းပြီလား... ဟဲ....ဟဲ"

"ဟယ်....ဇောက်ကျိုးနည်း ဒီလောက်ပဲ ဖြစ်နေပြီလား ကွာ၊ အင်း....ရောဂါကြည့်ရတာ တော်တော် ကျွမ်းနေပုံရ တယ်၊ ကုရာနတ္ထိ ဆေးမရှိတော့ ဖြစ်မယ်ထင်တယ် လှငွေရေ မင့်လူကို ကြည့်လို့ပြောထားဦးကွ၊ ဟား....ဟား....ဟား"

သိန်းထီက ချစ်မိုးသူ၏ စကားအဆုံးတွင် ပြန်နောက်နေ သည်၊

"ဟာဟော့....ဟိုမယ် ချစ်မိုးသူ အသည်းစွဲလေး ထွက်လာ နေပြီ၊ စကားတွေကို ရပ်လိုက်တော့ကွ"

လှငွေက သူတို့ထံသို့လျှောက်လာနေသော မာလာနွယ် ကို မြင်ရလျှင် အထက်ပါအတိုင်း သတိလှမ်းပေးနေသည်။

သို့သော် သူတို့ရှိရာသို့တော့ မလာပေ၊ တစ်နေရာ၌ သွား ထိုင်နေသည်။





"ကိုင်း....ငါလဲ သတိုးသားမှို မင်္ဂလာချိန်မနီးခင် သတို့ သမီးနဲ့အပြိုင် အလှပြင်လိုက်ဦးမယ်ကွာ၊ ခွင့်ပြုကြပါဦး"

သိန်းထီကလည်း သူတို့ကိုနှုတ်ဆက်၍ ထွက်သွားခဲ့သည်။

"ဟော့ကောင်....ချစ်မိုးသူ၊ ဟိုမယ် မင်းဟာမကလေး တစ် ယောက်တည်း ထိုင်နေတယ်၊ သူ့အနားကို သွားရစ်ပြီး နောက်ပိုးခန်း ဖွင့်ပါလားကွ၊ ဟဲ့....ဟဲ"

လှငွေက ချစ်မိုးသူအား စမြှောက်ပေးနေသည်၊

"ဟ....ငါ....အင်းကွာ၊ အဲဒီလို အောက်တန်းကျတဲ့ ပိုး နည်းမျိုးကို ငါမလုပ်ချင်ဘူး၊ ဒီလိုသွားလုပ်လိုက်ရင် ငါ့ကို သူက အထင်သေးသွားမှာပေါ့၊ ဒါကြောင့် အဆင့်မြင့်မြင့် နည်းကိုသုံးပြီး ပိုးပန်းရမယ်ကွ၊ အဟီး"

"အောင်မယ်.... ဖွဲခေါင်းက တော့ ဂေါ်ဇီလာ လောက်တို ကျယ်တဲ့ကောင်၊ သတ္တိမရှိရင် မရှိဘူးပြောစမ်းပါ၊ အဆင့်မြင့်တာတွေ နိမ့်တာတွေနဲ့ ငါ့ကို ဆင်ခြေကန်မနေစမ်း ပါနဲ့၊ မင့်အကြောင်း ငါသိပါတယ်ကွာ၊ ဟား....ဟား.... ဟား...."

"အေး....သိရင်လဲ မင်းပါးစပ်ကို ပိတ်ထားပေတော့၊ ငါ့မှာ အကြံထုတ်ချင်သေးလို့ မင်းသာ ငါ့အနားက အမြန် ထွက်ပေးစမ်းကွာ၊ အဟီး...."

"ဟဲ့....ဟဲ၊ မင်းက ငါ့ကို ထန်ထုတ်ချင်တဲ့ သဘောနဲ့ အမြန်ထွက်ဆိုပြီး ရန်တော့မလုပ်နဲ့ကွ၊ အမှန်ထုတ်က ပြော



www.burmeseclassic.com

www.burmeseclassic.com



ရရင် မင်းနဲ့ မာလာနွယ်တို့တွေ့ဖို့ကို ဖန်တီးပေးခဲ့တဲ့သူဟာ တခြားသူမဟုတ်ဘူးကွ၊ မူလလက်ဟောင်း ဖူးစာရေးနတ်မင်း အစစ်ဖြစ်တဲ့ ဟောဒီအ အီစကိုဆိုတာ မေ့မထားနဲ့၊ ငါလို ပညာရှိ မဟောင်ထံမှာ လျော်ကြန်စွာ မင်း တပည့်ခံမယ်ဆိုရင် ငါက မင့်ကို မာလာနွယ်ကို အပိုင်ရဖို့ ဂေါ်သင်တန်းတစ်ခု ကို ပေးမယ်၊ ဒီတော့ ငါ့တပည့် ခံမလား မခံဘူးလား ပြော စမ်း၊ ဟား....ဟား....ဟား"

"ဟော့ခကာခင်ကြီး....စကားပြောတာ ကြည့်ပြော၊ တော် ကြာ သူများမင်္ဂလာပွဲကြီးမှာ ဝမ်းတော်လားပြီး မသာပေါ် နေလိမ့်မယ်၊ ဟဲ့....ဟဲ"

ချစ်မိုးသူ ပြောနေခိုက် မင်္ဂလာတီးဝိုင်းတွင် တီးမှုတ်နေ ကြမည့် ပိုးလ်စတား စတီရီယိုတေးဂီတအဖွဲ့မှ ခေါင်းဆောင် ဖြစ်သူ အကော်ဒီယံ အုန်းစိန်က သူတို့ဝိုင်းသို့ ရောက်လာခဲ့ သည်။

"ဟဲ....ဟဲ့....ငါ စောစောကတည်းက ချစ်မိုးသူနဲ့ တူပါ တယ်လို့ ကြည့်နေတာ၊ အခုတော့ ထင်တဲ့အတိုင်း ဖြစ်နေ တာကိုး၊ ကဲ....သူငယ်ချင်း ကြုံတုန်းဆုံတုန်း တက္ကသိုလ် ကျောင်းတုန်းကလို သီချင်းတစ်ပုဒ်ခလောက်တော့ သီဆိုပြီး မင်္ဂလာပွဲအတွက် ချီးမြှင့်လိုက်ကွာ၊ ငါက တီးပေးပါမယ် ဘာယ်နှယ်လဲ"

အကယ်၍သာ ချစ်မိုးသူ အသည်းစွဲ ဘာနေသော မာလာ နွယ်နှင့် မဆုံမိပါလျှင် သူက အကျောက်အကန် ငြင်းပယ် မည်မှာ အမှန်ပင်။





ယခုမူ အလှန်တွေ့ချင် မြင်ချင်နေသော မာလာနွယ်ကို ညည်းမြင်၊ ပြီးတော့ သူထင်ထားခဲ့သလို လိုင်စင်ကြီးနှင့် ဘုတ်ဘဲ လွတ်လွတ်လပ်လပ်ထဲက ဖြစ်နေမှန်းသိရ၍ လာ ဆောက် ခေါင်ငင်နေသော အကော်ဒီယံ အုန်းစိန်၏ ဖိတ်ခေါ် ချက်ကို သူက ဝဲလ်ကမ်းလုပ်ကာ သဘောတူလိုက်တော့သည်။

"အိုကေ....အိုကေ၊ မင်းရဲ့ဖိတ်ခေါ်ချက်ကို ငါက လက်ခံ ပါတယ်လေ၊ ဒီတော့ မင်္ဂလာအချိန်ရောက်ရင် ငါဆိုပေး ရမယ် တွက်ပြီလား"

"ဟာ....ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ ဒီမယ် မင်း ဆိုမယ်ဆိုရင် အခုခေတ်ပေါ် ဟော့တ် ဖြစ်တဲ့သီချင်းကို ဆိုနော်၊ ကျောင်းတုန်းက ဆိုခဲ့ဘာတွေ ပြန်မဆိုနဲ့၊ အောက် တယ်ကွ"

အကော်ဒီယံ အုန်းစိန်က ချစ်မိုးသူကို မှာနေသည်။

"အေးပါ....ငါသိပါတယ်၊ ငါဟာ အခုခေတ်မှာ ခေတ်စားပြီး ဖြစ်နေတဲ့ စတီရီယို အဆိုတော်တွေရဲ့ သီချင်းတွေအားလုံး ငါရတာမို့ ဆိုခါနီးကျရင် မင်းကြိုက်တဲ့ သီချင်းကိုသာ ပြောလိုက်ပါ၊ ငါဆိုပြပါ့မယ်၊ ဟဲ့....ဟဲ"

ချစ်မိုးသူ ကလည်း အူမြူးနေသူမို့ ခပ်ရွှန်းရွှန်းကလေး ပြန်ပြောနေသည်။

"ကြိုက်သွားပြီ၊ ဒါဆို ငါသွားတော့မယ်နော်"

အကော်ဒီယံ အုန်းစိန်က ပြောပြီး သူတို့အနီးမှ ခွာမည် ပြုစဉ် လှငွေက သူဝါသနာအတိုင်း လှမ်းနောက်နေသည်။

www.burmeseclassic.com



"ဟုတ်ကဲ့၊ သွားတော့....သွားတော့၊ ခင်ဗျားသွားရ
နောက်ကနေ ကျွန်တော်တို့ ယပ်တောင်ကလေးတွေကိုပြ
လိုက်ပို့မယ်လေ အဟီး...."

လှငွေ၏ နောက်ပြောင်မှုကြောင့် အခေါက်ဒီယံ အုန်းစိ
၏ မျက်နှာကြီးမှာ မဲ့သွားခဲ့သည်။

"ဟာဗျာ....မဦးမချတ်ကတော့ ပြောပြီ၊ ခင်ဗျားတို့
ကျောင်းတုန်းကလိုပဲ အရှုတ်အနောက်တွေက ပြောတုန်းပဲ
နော်၊ ဟား....ဟား....ဟား"

အခေါက်ဒီယံအုန်းစိန်က ပြောပြီး အမြန်ထွက်သွားတော့
သည်။

လှငွေနှင့် ချစ်မိုးသူတို့ကတော့ ရယ်၍ ကျန်ရစ်ခဲ့ကြ
သည်။

မကြာမီ သိန်းထိုတို့ မင်္ဂလာပွဲမှာ စတင်ခဲ့လေတော့သည်။

အခမ်းအနားမှုးက အစီအစဉ်များကို ကြေညာပြီး သိန်း
ထိုတို့ စုံတွဲတို့မှာ သတို့သားအရံနှင့် သတို့သမီး အရံတို့က
ခြံရံကာ ညှော်ပရိသတ်ထုကြီးကိုဖြတ်ကာ၍ သူတို့ ထိုင်ရမည့်
နေရာဆီ သွားထိုင်ကြသည်။

ချစ်မိုးသူမှာ မာလာနှယ်ရှိရာသို့ အသာ လှမ်း၍ကြည့်
လိုက်ရာ တီးဝိုင်းနှင့် မလှမ်းမကမ်းတွင် အခြား အမျိုးသမီး
အဖော်များနှင့် ရှိနေသည်ကို တွေ့ရသည်။



တီးခတ်သောက်ဖွယ်ရာများ ချမကျေးမီ စတီရီယို အဆိုတော်
က တစ်ယောက်တစ်လှည့် သီဆို ဖျော်ဖြေပေးနေကြ
သည်။

ထိုအခိုက်မှာပင် အခေါက်ဒီယံ အုန်းစိန်က အော်ဂင်တီး
ရာမှထကာ မိုက်ကရိုဖုန်းခွက်အနီးသို့ လျှောက်သွားခဲ့
သည်။

ပြီးတော့ အောက်ပါအတိုင်း ညှော်ပရိသတ်ကြီးအား ပြော
တော့သည်။

"မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်ရန်လာကြသော ညှော်ပရိ
သတ်ကြီးခင်ဗျား.... အထူး အစီအစဉ် အဖြစ် ကျွန်တော့်ရဲ့
ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးဖြစ်သူ ချစ်မိုးသူက
သိန်းထိုတို့ရဲ့ မင်္ဂလာပွဲကို ဂုဏ်ပြုသောအားဖြင့် စတီရီယို
သီချင်းတစ်ပုဒ်ကို သီဆိုဖျော်ဖြေပါလိမ့်မယ်၊ ကိုချစ်မိုးသူ
ခိုင်းရှိရာသို့ ကြွခဲ့ပါ ခင်ဗျာ"

ထိုသူ၏ စကားအဆုံးတွင် ညှော်ပရိသတ်ကြီးထံမှ ဩဘာ
သံခုပ်သံတွေမှာ တခြောင်းခြောင်း ထွက်ပေါ်လာခဲ့သည်။

မာလနှယ်ကတော့ အလွန် ပင် အံ့အားသင့်နေတော့
သည်။

ချစ်မိုးသူ သီချင်းဆိုတတ်မှန်း မသိ၍ပင်။

"ကိုင်း....သူငယ်ချင်း တစ်ပွဲတစ်လမ်းအကဲခမ်းပြီး လှလှ
နဲ့ပြလိုက်စမ်း"

လှငွေက မြှောက်ပေးနေသည်။

www.burmeseclassic.com



ချစ်မိုးသူလည်း ထိုင်နေရာမှထ၍ တီးဝိုင်းရှိရာသို့ ထွက်
သွားခဲ့သည်။

သူ့ကို မာလာနွယ်က လှမ်းကြည့်နေသည်ကိုမြင်ရလျှင် သူ
ကလည်း ပြုံး၍ပြသည်။

"ဟော့ကောင်ကြီး....မင်း ဆိုမယ့်သီချင်းက ဘာလဲကွ"

"ဇော်ဝင်းထွဋ်ရဲ့ လောကဟင်းလင်းပြင်ကို ဆိုမယ်ကွာ"

"အိုကေ....အရမ်း ကို ကောင်းတာပေါ့"

အခေါက်ဒီယံအုန်းစိန် ပြောအပြီးတွင် ချစ်မိုးသူမှာ ဇော်
ဝင်းထွဋ်၏ လောကဟင်းလင်းပြင် တေးသီချင်းကလေး
ပိုင်နိုင်စွာ သီဆိုပြနေသည်။

မာလာနွယ်မှာတော့ ချစ် မိုး သူ သီ ချင်း ဆို နေ ပုံ
နားထောင်ရင်း အလွန်သဘောကျနေတော့သည်။

ချစ်မိုးသူ သီချင်းဆို၍ အပြီးတွင် နားထောင်နေကြသော
ညီ့ပရိသတ်ကြီးက ဩဘာသက်ခုပ်သံများ ဆူညံစွာ ပေး
ကြသည်။

ထိုလူများထဲတွင် မာလာနွယ်သည်း ပါဝင်နေသည်။

ချစ်မိုးသူမှာတော့ သူ အလွန် စွဲလှမ်း၍နေသူကလေး
ပါ သူ့အား လက်ခုပ်ဩဘာပေးနေသည်ကိုမြင်ရ၍ စူပါမင်း
လို မိုးကောင်းကင်သို့ ပြန်တက်ကာ ဗိုင်ဗင်ထိုးပြနေချင်တော့
သည်။

မကြာမီ မင်္ဂလာပွဲကြီးမှာ ညီ့ပရိသတ်အား စားသော
ဖွယ်ရာများဖြင့် ညီခံနေသဖြင့် ချစ်မိုးသူမှာလည်း လူ
ရှိရာသို့ ပြန်လာခဲ့ရတော့သည်။





"ပိုင်တယ်ကွာ....ချစ်မိုးသူတို့များ၊ မာလာနွယ် ရွှေမိုးလို့
သား မသိဘူး၊ ဗီသင်အပြည့်နဲ့ကို ဆိုပြလိုက်တာပဲ၊ ဟွား....
ဟား....ဟား...."

လှငွေ့ကို ချစ်မိုးသူက ချီးမွမ်းခန်းဖွင့်နေသည်။

ချစ်မိုးသူကတော့ လှငွေ ချီး မွမ်း ခန်း ဖွင့် နေ ခြင်း ကို
စိတ်မဝင်စားဘဲ မာလာနွယ် ရှိရာသို့သာ လှမ်း၍ကြည့်နေမိ
သည်။

မာလာနွယ်ကလည်း အတူထိုင်နေကြသော သူငယ်ချင်းမ
များနှင့် စကားပြောနေရာမှ ချစ်မိုးသူ ရှိရာသို့ လှမ်း၍ကြည့်
မိသည်။

ဤတွင် သူတို့နှစ်ဦး၏ အကြည့်တို့မှာ ခလုတ်တိုက်ပြီး
အဟုတ်ကြိုက်စရာများဖြစ်ဖို့ ပေါ်ပေါက်ကာ လာခဲ့တော့
သည်။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဘွားဘွားခင်ဗျား...

မြေးချစ်ကလေးဖြစ်သော ကျွန်တော် ချစ်မိုးသူက လက်စုံမိုးကာ ရှိခိုးကန်တော့ရင်း ဘွားဘွားထံသို့ စာရေး အကြောင်းကြား အပ်ပါသည် ခင်ဗျား။

ရေးရခြင်း အကြောင်းကတော့ ကျွန်တော်ဟာ ဘွားဘွားရဲ့ ဆန္ဒအတိုင်း မြေးဦး ယောကျ်ားကလေးကို မွေးနိုင်မည့် ကြာသပတေးသမီး အချောအလှကို ရန်ကုန်မြို့သို့ဆင်းကာ အမောတဝနှင့် ရှာဖွေခဲ့ရာ ဟော...ယခုတော့ တွေ့သွားပါပြီ ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို တွေ့ရခြင်းမှာ မြေးချစ်ကလေး တစ်ဦးတည်း အစွမ်းနှင့်တော့ မတွက်ပါ၊ ကျွန်တော့် ကျောင်းနေဖက် သူငယ်ချင်းတွေဖြစ်ကြသော လှငွေနှင့် သိန်းထိတို့၏ ဝိုင်းဝန်း ပံ့ပိုးမှုကြောင့် ဖြစ်ပါသည်၊ သိန်းထိကိုတော့ ဘွားဘွား သိမည်မတွက်သော်လည်း လှငွေကိုတော့ ဘွားဘွား သိပါသည်၊

ကျွန်တော် ကျောင်းသားဘဝတုန်းက အိမ်သို့ မကြာခဏ အလည်လိုက်ပါလေ့ရှိသော လူပြောင် လူရွှတ်ကလေး ဖြစ်ပါသည်၊

သူ့အိမ်တွင် ကျွန်တော် နေထိုင်ပြီး ဘွားဘွား ဆန္ဒနှင့် ကိုက်ညီမည့် သတို့သမီးလောင်းကို ရှာဖွေခဲ့ခြင်းပင်၊

ကျွန်တော် ယခု တွေ့ရှိထားသော ချစ်သူတလေး မှာ မည်မျှချော၍ မည်မျှလှပသည်ကို ကြိုတင်၍ အမွှမ်းတင်မထားလိုပါ၊ ဘွားဘွား ရွှေ မျက် သို့ ရောက်မှ ဆုံးဖြတ်ပါတော့၊

ပြီးတော့ ကျွန်တော့်ချစ်သူ....ဩော်....ဩော်... သူကလေးရဲ့ နာမည်က မာလာနွယ်တဲ့၊ သူတို့ရဲ့ မိဘ တွေဟာ အင်မတန် ငွေကြေးချမ်းသာကြပြီး မာလာ နွယ်နှင့် လူကြီးချင်း သဘောတူထားသော သူ တစ်ဦး လည်း ရှိနေပါသည်၊





သို့ဖြစ်၍ ရိုးရိုးသားသား မာလာနွယ်၏ မိဘ များထံ၌ လူကြီးချင်းစေ့စပ်ကြောင်းလမ်းပြီး လက်ထပ် ထိမ်းမြားရ၍တော့ လုံးဝမဖြစ်နိုင်ပါ၊

သူကလေးနှင့် မြေးချစ်ကလေး ခိုးပြေးမှသာရပါ မည်၊

သူကလည်း ကျွန်တော်က ခေါ်လျှင် လိုက်ခဲ့ပါ မည်ဟူ၍ ကတိကိုပေးထားသဖြင့် မကြာမီ ဘွားဘွား ထံသို့ အရောက်ခေါ်ခဲ့ပါမည် ခင်ဗျား၊

မြေးချစ်တို့အလာကိုသာ ဘွားဘွား မျှော်နေပါ၊

ဘွားဘွား ပို့သသော ငွေထွာရေစင်တွေကြောင့် ကျွန်တော့်မှာ ယနေ့အထိ ကျန်းမာချမ်းသာစွာရှိနေ ပါသည်၊

ဘွားဘွာကိုလည်း ဤစာနှင့်အတူ ကျန်းမာချမ်း သာစေရန် ဆုမွန်ခြွေရင်း လက်အုပ်ချီကာ ကန်တော့ လိုက်ပါသည် ခင်ဗျား၊

ဘွားဘွားရဲ့ မြေးအချစ်တော်ကလေး....

ချစ်မိုးသူ

ဒေါ်ဒေါ်ဖြိုးမှာ မြေးချစ်ကလေး ချစ်မိုးသူထံမှစာကို ဖတ်ရလျှင် ကျေနပ်မဆုံး တပြုံးပြုံးဖြစ်ကာနေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"အင်း....ငါ့မြေးကလေးမှာ ချစ်သူကိုတွေ့ပြီဆိုပဲ၊ ပြီးတော့ ကြာသပတေးသမီးလဲဖြစ်တယ်တဲ့၊ နေ့ဒက် မြေးဦးယောကျ်ား ကလေးကိုလဲ မွေးနိုင်တယ်တဲ့၊ ဟဲ....ဟဲ....အာမခံလိုက်တာ တတော့ စုံနေတာပဲ၊ တကယ်မှန်မမှန်ဆိုတာ မသိရသေးတာ၊ အို....ဘာပဲဖြစ်ဖြစ်လေ၊ ငါ့မြေးယူမယ့် ကလေးမကိုတော့ ထုံးစံအတိုင်း ဆရာတောက်ထိန်ဆီကို ကခေါ်းမဇာတာပို့ပြီး အစစ်ခိုင်းရမှာပဲ၊ ဆရာတောက်ထိန်ကသာ ဇာတာရှင်ကို ခွင့်ပြုလိုက်ရင် ငါကလဲ ပေးစားမှာပါ၊ ဘုရား သိကြားနဲ့ အရှင်ကြီး အရှင်မတို့ မစလို့ မြေးကလေးယူမယ့် မိန်းကလေး ဟာ သားဦးယောကျ်ားလေးမွေးမယ့် ဇာတာရှင် ဖြစ်ပါစေ ဘုရား ဟယ်...ငါ အခုလို ဆုတောင်းနေလို့ မဖြစ်သေး ပါဘူး၊ ဒီအစ္စကို အဆင်ပြေသွားအောင် တကယ် မစပေး နိုင်တာက အိမ်တွင်းဖခင်ကြီးနဲ့ အရှင်နှစ်ပါးသာ ဖြစ်ကြ တယ်၊ ဒီတော့ နတ်ကတော်ကြီးဒေါ်ဥဆီ အခု ပြေးပြီး အောင်မြင်အောင် လုပ်ခိုင်းဦးမှပဲ"

ဒေါ်ဒေါ်ဖြိုးမှာ အထက်ပါအတိုင်း တစ်ကိုယ်တည်း ပြောရင်းမှ နတ်ကတော်ကြီးဒေါ်ဥထံသွားရန် ပြင်ဆင်နေ တော့သည်။

ထိုအချိန်တွင် ချစ်မိုးသူနှင့် မာလာနွယ်တို့မှာ သန်လျင် ကျောက်တန်းတွင်ရှိ ကျိုက်မှော်ဝန်း ရေလယ်ဘုရားသို့ ရောက်နေကြပြီဖြစ်သည်၊



ချစ်မိုးသူနှင့် မာလာနွယ်တို့အား သိန်းထိုက်လှင်မယားက အစွမ်းကုန် အောင်သွယ်ပေးခဲ့မှုကြောင့် ယခုကဲ့သို့ အချိန်တို တိုနှင့် ချစ်သူများဘဝသို့ ရောက်လာကြခြင်းဖြစ်သည်။

သို့သော် သူတို့နှစ်ဦး ချစ်ကြိုက်နေကြခြင်းကိုတော့ မာလာနွယ်၏ မိဘများအား လုံးဝ အသိပေးထားခြင်း မရှိ ခဲ့ပေ။ အထူးပင် လျှို့ဝှက်ကာ ထားခဲ့ကြရသည်။

လူကြီးများက မာလာနွယ်အား ကိုကိုမောင်ခေါ် သက်မောင်ဆိုသူနှင့် ပေးစားရန်ကိုသာ သဘောတူထားခဲ့ ကြ၍ပင်။

ချစ်မိုးသူနှင့် မာလာနွယ်တို့မှာ ချစ်စခင်စ ကြင်နာစ ချစ်သူများပီပီ တစ်ဦးနှင့်တစ်ဦး မမြင်ရလျှင် မနေနိုင် သောက်အောင် ဖြစ်နေကြသည်။

သူတို့နှစ်ဦးမှာ လူကြီးများအလစ်တွင် ခဏခဏသာ တွေ့နိုင်ကြသဖြင့် အချိန်ကြာကြာ တွေ့နိုင်ကြရန် ကြံစည်နေကြသည်။

သူတို့နှစ်ဦးကို အလစ်ပေးတဲ့ အတားအဆီး အခန့်အခွင့် ပြုနေသူကတော့ မာလာနွယ်နှင့် လူကြီးချင်း သဘောတူစေ့စပ်ကြောင်းလမ်းထားခဲ့သော ကိုကိုမောင်ခေါ် သက်မောင်ဖြစ်သည်။

ထို ရန်နတ်ဆိုးကြီး သက်မောင့်ရန်မှ ကင်းစေရန် အခါ ပေးခဲ့သူကတော့ ဦးပုညလက်သစ် လူငယ်ဖြစ်သည်။

www.burmeseclassic.com



သူက ရန်ကုန်မြို့တွင် တွေ့ဆုံရန်မလွယ်လျှင် သန်လျင်ကျောက်တန်းဘက်သို့သွား၍ ချိန်းတွေ့ကြရန် အကြံပေးခဲ့သည်၊

သူ၏အကြံအတိုင်းပင် ချစ်မိုးသူနှင့် မာလာနွယ်တို့က သဘောတူကြသည်၊

သိန်းထီ၏ချစ်ဇနီး နုမှာ မာလာနွယ်၏ မိဘများနှင့် အလွန်ခင်မင် ရင်းနှီးကြသဖြင့်က တစ်ကြောင်း၊ ဆွေရိပ်မျိုးရိပ်ကလည်း မကင်းကြသည်က တစ်ကြောင်းမို့ နုက မာလာနွယ်ကို အခေါ်လာလျှင် အလွယ်တကူပင်ထည့်လိုက်ကြသည်၊

ထိုနေ့က နုမှာ သိန်းထီနှင့်အတူ ပတ်ပလေကာ ကားကလေးဖြင့် မာလာနွယ်တို့အိမ်သို့ ရောက်လာခဲ့ကြသည်၊

တို့နောက် မာလာနွယ်အား သူတို့နှင့်အတူ သာစုကန်ဘက်သို့ အလည်သွားလို၍ ထည့်လိုက်ပါရန် မာလာနွယ်၏ မိဘများထံသို့ နုက ခွင့်ပန်ခဲ့သည်၊

အမှန်တော့ မာလာနွယ်နှင့် ချစ်မိုးသူတို့ သွားကြမည့်နေရာမှာ သာစုကန်ဘက်သို့ မဟုတ်ပေ၊

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျောက်တန်းဘက်သို့ သွားရန်ဖြစ်သည်၊

ယင်းသို့ပြုရခြင်းမှာ အခြားကြောင့်တော့ မဟုတ်ပေ၊





သက်မောင်သိလျှင်မာလာနွယ်တို့နေအိမ်သို့ လိုက်လာပြီး နှောင့်ယှက်မည်ကို စိုး၍ပင်၊

မာလာနွယ်၏ မိဘများကတော့ ထိုအကြောင်းများကို မသိကြဘဲ တကယ်ပင် သာစုကန်ဘက်သို့သွားမည် ထင်သဖြင့် ခွင့်ပြုလိုက်သည်၊

အကယ်၍သာ သူတို့၏သမီးမှာ သူတို့ သဘောမတူသော ချစ်မိုးသူနှင့် နစ်ယောက်တည်းချိန်း၍ ကျောက်တန်းဘက်သို့ သွားမည်ကို သိကြလျှင်တော့ လုံးဝလုံးဝကို ခွင့်ပြုကြမည် မဟုတ်ပေ၊

ချစ်မိုးသူနှင့် လှငွေတို့မှာ သိန်းထီတို့လင်မယားနှင့်အတူ မာလာနွယ်ပါလာမည်ကို ကျိန်းသေသိနေသဖြင့် သန်လျင် ဘုရားကြီး တစ်ဖက်ထိပ်တွင် ရပ်စောင့်နေကြသည်၊

သိန်းထီ၏ ပတ်ပလေကာ ကားကလေးလာသည်ကို မြင်သျှင် ချစ်မိုးသူက ကားထဲသို့ လှမ်းမျှော်၍ကြည့်နေသည်၊

မာလာနွယ်ပါသည်ကို မြင်ရလျှင် အလွန်ပင် ဝမ်းသာ၍ သွားခဲ့တော့သည်၊

သူတို့လည်း သိန်းထီ၏ အမိုးဖွင့်ထားသော ကား နောက်ဘက်၌ ဝင်၍ထိုင်ကြသည်၊

ကျောက်တန်း ရေလယ်ဘုရားအနီးရှိ ထမင်းဆိုင်တစ်ဆိုင် ရှေ့ထိကြိမှ သိန်းထီက မောင်းလာခဲ့သော ကားကို ရပ်၍ ရှေ့တွင်ရပ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း....ဒီအချိန်ဟာ ဝမ်းဗိုက်ကို ဖြည့်ရမယ့်အချိန်မို့ ဒီကနေ့ မနက်စာအတွက် တကာ့ခတော်က ဘယ်သူများပါလိမ့် ဟဲ....ဟဲ"

သိန်းထိက ကားပေါ်မှဆင်းရင်း အထက်ပါအတိုင်း စတင်၍ ပြောနေသည်၊

လှငွေက သွားကြီးကို ဖြဲပြရင်း ပြန်ပြောသည်။

"ဟ....ဘယ်သူရှိရဦးမှာလဲ စစ်ကိုင်းသားခလေးပေါ့ကွာ သူတို့အတွက် ငါတို့က အကျိုးဆောင် ပေးခဲ့ကြတော့ စေတနာ ဇရုပ္ပနဲ့ ကျွေးမှာပါ၊ စိတ်မပူပါနဲ့ ဟဲ...ဟဲ"

ချစ်မိုးသူကတော့ သိန်းထိ၏ဇနီး နုနှင့်အတူ ကားပေါ်မှ ဆင်းလာခဲ့ကြသော မာလာနွယ်၏ လက်ကလေးကို လှမ်းဆွဲရင်း သိန်းထိတို့ကို ပြန်ပြောနေသည်၊

"စေတနာဇရုပ္ပနဲ့ ကျွေးမှာက ဟောဒီက မာလာကို ကျွေးမှာပါကွာ၊ မင်းတို့ကိုတော့ မသဒ္ဓါရေးဘူပေါ့၊ ဟား...ဟား....ဟား"

ချစ်မိုးသူပြောရင်း မာလာနွယ်နှင့်အတူ ထမင်းဆိုင်ထဲသို့ အရင်ဝင်၍ သွားခဲ့သည်၊

"အိမ်း....ငါတို့ကလဲ သဒ္ဓါမဖက်ဘဲ ကျွေးတာကိုမှ အရသာရှိတာမို့ အားရပါးရကို စားပြမယ်၊ လာဟေ့... လှငွေ၊ သွားကြစို့"



သိန်းထိကပြောရင်း လှငွေနှင့်အတူ ဆိုင်ထဲသို့ လိုက်ဝင်သွားခဲ့ကြသည်၊

နုကလည်း သူတို့နောက်မှ လိုက်ပါ၍ ဝင်သွားခဲ့ကြသည်၊

ထို့နောက်တော့ စားလိုရာဟင်းများကို သူတို့ မှာစားနေကြသည်၊

"အင်း....အခုမှပဲ မာလာကို မောင်ဟာ လွတ်လွတ်လပ်လပ်ကြီး တွေ့ရတယ်နော်၊ အရင်ကဆိုရင် ကိုသက်မောင်ဆိုတဲ့ ခါရံနတ်ကြီးကြောင့် ခေတ္တခဏလောက်သာ တွေ့ရလို့ ဖတ်ဘင်ငုံ့ကြီး ဖြစ်နေရတယ်၊ ဒါထက် ပြောစမ်းပါဦး၊ အခုလို သိန်းထိတို့လင်မယား မာလာ့ကို လာခေါ်တော့ ဟိုလူကြီးရှိနေသေးသလား"

ချစ်မိုးသူက ထမင်းစားနေရာမှ သူ၏ဘေးတွင် အတူယှဉ်တွဲကာ စားနေသော မာလာနွယ်အား မေးနေသည်၊

"ဘယ်ရှိပါ့မလဲ၊ ရှိနေရင် သူပါ ထန်းလန်း တန်းလန်းနဲ့ ပါတာပေါ့၊ ဒါပေမယ့် စိတ်ကတော့ သိပ်မချရသေးဘူး မောင်ရဲ့"

"ဟင်....ဘာဖြစ်လို့လဲ"

"သူက မာလာတို့အိမ်ကို နေ့တိုင်းလာနေကျမို့ အခု အိမ်မှာ မာလာ့ကို မတွေ့ရရင် လူကြီးတွေကိုမေးပြီး လိုက်လာမှာ စိုးရတယ်"

www.burmeseclassic.com



ထိုစကားကိုကြားရလျှင် သိန်းထိက ဝင်ပြောနေသည်၊

"ဟာကွာ....မာလာကလဲ၊ ဒီလူကြီးက ဘယ်လိုလုပ်ပြီး ဒီကျောက်တန်းဘက်ကို လိုက်လာနိုင်မှာလဲလို့၊ သာမုကန်ကို သွားမယ်ဆိုပြီး အိမ်ကို ပြောခဲ့တဲ့ဟာ"

"ဒါက အစ်ကိုသိန်းထိရဲ့အထင်ကိုး၊ ဒီ ကိုသက်မောင် ဆိုတဲ့လူကြီးက အင်မတန်ပါးနပ်တာ၊ သူဟာ ပထမတော့ သာမုကန်ဘက်ကို သွားရှာမှာပဲ၊ မတွေ့လို့ရှိရင် ရန်ကုန်မြို့ အနှံ့ရှာ ပြီးတော့ ဒီကျောက်တန်းဘက်ကို တစ်ခေါက်လောက် လိုက်ကိုရှာမယ့်လူကြီးမို့ ပြောနေရတာပါ"

"ရှာစမ်းပါစေ၊ သူမှာ နတ်မျက်စိရှိတာ မဟုတ်လို့ ဒီကျောက်တန်းဘက်ကို သူရှာချိန်မှာ ငါတို့ကလဲ ရန်ကုန်မြို့ ကို ပြန်ရောက်နေပြီလေ. ဒီတော့ သူမှာသာ ဖတ်ဖတ်မောပြီး နေတော့မှာပေါ့ ဟား....ဟား....ဟား"

သိန်းထိက တဟားဟားဖြင့်ရယ်ရင်း ပြန်ပြောနေသည်၊

"ဟင်း....အစ်ကို သိန်းထိဘို့ကသာ ရယ်သား မောသား လုပ်နေကြတာပါ၊ မာလာကတော့ မရယ်နိုင်ဘူး၊ အိမ်ပြန် ရောက်ရင် ဘယ်လိုပြဿနာတွေနဲ့ရင်ဆိုင်ရမယ်ဆိုတာကို တွေး ပြီး ရင်လေးနေမိတယ်လေ"

မာလာနှုတ်မှ စကားအဆုံးတွင် ချစ်မိုးသူက သမင်းစား နေရာမှ ပြန်မေးနေသည်၊

"ဘယ်လိုကြောင့် ပြဿနာတွေနဲ့ ရင်ဆိုင်ရမှာလဲ မာလာ ကိုသိန်းထိတို့နဲ့ လူကြီးတွေက ထည့်လိုက်တာပဲ မာလာ ဘာသာ တိတ်တိတ်ခိုး လိုက်ခဲ့တာမှ မဟုတ်တဲ့ဟာ"



"ဟာ....မောင်ကလဲ မာလာ ပြောနေတာက လူကြီးတွေ ကို မဟုတ်ဘူး၊ ကိုသက်မောင်ကို ပြောနေတာပါ၊ သူက သာမုကန်ဘက်ကို မာလာတို့သွားတာ သိရရင် လိုက်ရှာပြီး သွားပဲ၊ ဒီလိုလိုက်ရှာလို့ မာလာတို့ကို မတွေ့ဘူးဆိုရင် သူက ငြိမ်နေမှာ မဟုတ်ဘူး၊ အိမ်က လူကြီးတွေကို သာမုကန်မှာ မရှိကြောင်း ပြောတော့မှာပေါ့၊ ဒီအခါ လူကြီးတွေလဲ မာလာကို စစ်ဆေးတော့မယ်လေ၊ ပြဿနာဆိုတာ အဲဒါ ပေါ့"

မာလာနှုတ်မှ စကားအဆုံးတွင် သိန်းထိ၏ဇနီး နုက ဝင်ပြောနေသည်၊

"ဒါလေးများ မာလာရယ်.... သာမုကန်ကို ရောက်တော့ ဆရာ အဖော်တွေနဲ့တွေ့ပြီး ကျောက်တန်း ရေလယ်ဘုရားကို လိုက်ခဲ့ဖို့ အတင်းခေါ်ကြတာနဲ့ အားနာတာနဲ့ ကျွန်မတို့လိုက် သွားကြပါတယ်လို့ ပြန်ဖြေရင် ပြီးရောပေါ့"

"အင်း....မမနု ပြောတာကတော့ ဟုတ်ပါပြီ၊ မေမေတို့ က ခွင့်လွှတ်ပါ့မလား၊ မာလာ့ အပေါ်မှာ သံသယတွေ ဖြစ်မှာ စိုးရတယ်"

"မဖြစ်ပါဘူး မာလာရယ်၊ မောင်နဲ့ မာလာတို့ အခုလို ချိန်းတွေ့ကြတာကို လူကြီးတွေက သိသွားကြရင်သာ ပြဿနာ ပေါ်မှာပါ၊ မသိရင် မပေါ်နိုင်ပါဘူး၊ မောင်တို့လုပ်တာတွေ ဘာ ပိရိပါတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မာလာကလဲ ပိရိပါစေလို့ဆုတောင်းနေတာပါပဲ၊ အမှန်တော့ မောင်နဲ့မာလာတို့ အချစ်က တခြား ချစ်သူတွေနဲ့ မတူကြဘူးနော်"

"အသို...ဘယ်လိုမတူတာလဲ၊ ရှင်းပါဦး မာလာရယ်" ချစ်မိုးသူက ပြန်မေးခနသည်။

"ဩော်...တခြား ချစ်သူတွေမှာတော့ တစ်ဖက် မိဘတွေက သဘောမတူကြရင် ကျန်တစ်ဖက် မိဘတွေက သဘောတူကြသေးတယ်၊ အခု မာလာတို့ကျတော့ နှစ်ဖက်စလုံးက သဘောမတူကြဘူးလေ၊ ဒါပေမယ့် မာလာကတော့ မောင့်ကို ချစ်နေမိတော့ မျက်ကန်းတစ္ဆေမကြောက်သလို ဇွတ်ချစ်နေမိတာပဲ၊ ဒါတွေကို ပြန်တွေးမိတိုင်း မာလာကတော့ ကိုယ့်ကိုယ်ကို အံ့ဩလို့ မဆုံးဘူး"

"ဟာ...အဲဒါတော့ မာလာ မှားနေပြီ၊ မောင့်ဘက်ကတော့ သဘောတူပါတယ်၊ မောင့်အဘွားကတော့ မာလာ့ရဲ့ မိဘတွေလို မဟုတ်ပါဘူး၊ မောင့် သဘောတစ်ခုပါကွာ"

"အဲဒီ မောင့် သဘောတစ်ခုဆိုတာက မာလာဟာ ကြာသပတေးသမီးဖြစ်ရမယ်၊ ပြီးတော့ မြေဦးဟာ သား ယောကျ်ားကလေးမွေးပေးမယ့်သူကိုမှ သဘောတူမှာ မဟုတ်လားလို့"

"မှန်တယ်လေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မောင်ဟာ မာလာ့ကို ရှင်းပြခဲ့ပြီးပြီ မဟုတ်လားလို့"

"မာလာကလဲ အဲဒါကြောင့် ပြောနေရတာပေါ့၊ မာလာ့ရဲ့ မိဘတွေ သဘောမတူကြဘူး ဆိုတာက သူတို့





သဘောတူထားခဲ့ကြတဲ့ ကိုကိုမောင် ရှိနေလို့ပါ၊ အဲ...မောင့်အဘွားကျတော့ ကြာသပတေးသမီး မဟုတ်တဲ့သူလဲ မာလာဟာ ဖြစ်နေသလို သားဦး ယောကျ်ားကလေးမွေးမယ့်သူလို့ ဖြစ်ချင်မှ ဖြစ်မှာမို့ မောင့် အဘွားက ဘယ်လိုသဘောတူနိုင်မလဲ"

မာလာနွယ်က ရှင်းပြလျှင် ချစ်မိုးသူမှာ ဟုတ်မှန်နေ၍ မည်သို့မှ ပြန်မပြောနိုင်ဘဲ ငိုင်ကျ၍သွားခဲ့သောသည်။

ပြီးမှ မာလာနွယ့်ဘက်သို့ ကြင်နာမှုအပြည့်အဝပါရှိသော အကြည့်ဖြင့်ကြည့်ကာ အားပေးစကားကို ပြန်ပြောနေတော့သည်။

"ကဲပါ...မာလာရယ်၊ အဲဒီ ကိစ္စတွေကို ခေါင်းရှုပ်ခံပြီး စဉ်းစားမနေစမ်းပါနဲ့၊ ဒါတွေကို နောင်ခါလာ နောင်ခါချေ သဘောထားလိုက်ပါ၊ အရေးကြီးတာက မောင်နဲ့ မာလာ တစ်ဦးအပေါ်မှာတစ်ဦး သစ္စာရှိရှိနဲ့ ချစ်သွားကြဖို့ပါ"

"အို...အဲဒါကိုတော့ စိတ်ချပါ၊ ဒီတစ်သက်မှာ မောင်လွဲလို့ မာလာဟာ ဘယ်ယောကျ်ားကိုမှ မယူဘူးဆိုတာ သစ္စာပြုရဲပါတယ်လေ၊ မောင်ကသာ ယောကျ်ားမို့ တစ်ယောက်တစ်ပါးနဲ့ နောင် တစ်ချိန်မှာ ဖောက်ပြားမှာ စိုးမိတာပါ"

"စိတ်ချလက်ချသာ နေစမ်းပါ အချစ်ရယ်၊ မောင်ကလဲ မာလာကလွဲလို့ ဘယ်မိန်းမကိုမှ မယူဘူး ဆိုတာ ကတိသစ္စာဆိုရဲပါတယ်ခလေ၊ မောင့် ဘဝမှာ မာလာဟာ "ပထမဆုံးနဲ့ နောက်ဆုံးချစ်သူ"ပါ၊ မောင့် အဖို့ တခြား ချစ်ရမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



သူ မရှိတော့ပါဘူး၊ မောင့် အချစ်ကို ပုံနှိုင်းပြရမယ်ဆိုရင်း....မောင့် အချစ်ဟာ ဘာနဲ့ သဏ္ဍာန်တူသလဲဆိုတော့ ဟို....ဟိုသင်း....အဲ....အဲ.... နှပ်ချေးတွေနဲ့ တူဘယ်ကွယ်''

ချစ်မိုးသူ၏ စကားများကြောင့် မာလာနွယ်နှင့် သိန်းထိုက်တို့ သဝမ်းမှာ ရယ်နေကြသည်။

လှငွေကတော့ ထောင်းစားခံနေရာမှ မျက်နှာကြီးကို မဲ့ပြရင်း ပြန်ပြောနေသည်။

''ဟာကွာ....ချစ်မိုးသူရယ်၊ ပုံနှိုင်းတာ ရှားလွန်းလို့ နှပ်ချေးနဲ့ နှိုင်းရသလားကွာ၊ ဒီမှာ ထမင်းစားနေလို့ မပြီးသေးဘူးကွ၊ မင်း လုပ်တာနဲ့ ငါ့ စိတ်ထဲမှာ မသိုးမသန့်ကြီး ဖြစ်လာတာပဲ... ဟွန်း''

လှငွေ၏ စကားများကို ကြားရလျှင် ချစ်မိုးသူက ပြန်ခံ နေသည်။

''ဘာလဲကွ၊ ငါက နှပ်ချေးနဲ့ဥပမာပေးသို့ မင်းက ရှုံ့ပြီး ထမင်းကို မစားချင်တော့ဘူးပေါ့၊ ဒါဆို ကောင်းတာပေါ့၊ ငါ့မှာ ငွေကုန် သက်သာတာပေါ့၊ ငါ ကောင်ရ ဟဲ..ဟဲ....''

''မဟုတ်ဘူးကွ၊ မင်းက ငါ ထမင်းစားနေတုန်း အလိုက် မသိ အားမနာ ညစ်ညစ်ပတ်ပတ်ကိုပြောတော့ ငါမှာ နောက် ထပ်တစ်ပွဲ ပိုပြီး စားချင်စိတ် ပေါက်လာလို့ဟေ့၊ ပေါက် လာလို့''

လှငွေက ပြန်ပြောရင်း စားပွဲထိုး ကောင်လေးအား လှမ်း ခေါ်သည်။





''ဟေ့....ညီလေး၊ ထမင်းနောက်တစ်ပွဲနဲ့ ကြက်သားဆီပြန် ထပ်ပေးစမ်းကွာ''

လှငွေကပြောလျှင် ကျန်လူသုံးမှာ တဝါးဝါးဖြင့် ရယ် နေကြတော့သည်။

သိန်းထိုက်၏ ဇနီးက ချစ်မိုးသူအား ပြန်မေးနေသည်။

''ကိုချစ်မိုးသူ ပုံနှိုင်းတာက အဆန်းပဲ၊ ဘာဖြစ်လို့ နှပ်ချေးနဲ့တူတဲ့ အချစ်လို့ ပြောရတာလဲဟင်၊ ရှင်းပြစမ်း ပါဦး''

''ကောင်းပြီ....နားထောင်၊ နှပ်ချေးများဟာ ညှစ်မိရင် ပြန်ပြီး နှာခေါင်းထဲသွင်းမရသလို ကျွန်တော့် အချစ်ဟာလဲ နှပ်ချေးလို ညှစ်ထုတ်လိုက်မိရင် ပြန်သွင်းလို့ အာ....အာ.... နှပ်ချေးနဲ့ ရောသွားပြီ၊ ဒီလိုပါ၊ ကျွန်တော့် အချစ်ကလဲ ချစ်မိရင် ဘယ်တော့မှ နောက်မဆုတ်ဘူးလို့ ပုံသဏ္ဍာန်နှိုင်းပြ တာပါဗျာ၊ ဟား....ဟား....ဟား''

ထိုအခိုက် သူတို့အနီးသို့ ၄က်ဆိုးထိုးသံကြီးနှင့်တူသော အသံကြီးတစ်သံ ပေါ်လာခဲ့သည်။

''အောင်မယ်.... လက်စသတ်တော့ သူက ဒီမှာလာပြီး အကြည်ဆိုက်နေတာကိုး၊ ကျုလဲကျတဲ့ ကောင်တွေ.... ခေါက်''

ထို အသံကြီး ကြောင့် ထမင်းဝိုင်းတွင် ရှိနေကြသော ချစ်မိုးသူတို့အုပ်စုမှာ လန့်ဖျပ်ကာသွားခဲ့ကြသည်။

လှငွေမှာ အသံရှင်ကိုမြင်ရလျှင် ရှုတ်တရက် ထ၍အော် လိုက်သည်။

''အောင်မယ်လေး.... လုပ်ကြပါဦး၊ သရဲ... သရဲကြီးဗျို့''



www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံကြောင့် ငှက်ဆိုးထိုးသံပိုင်ရှင်ပင်လျှင် လန့်သွားခဲ့သည်။

"ဘယ်မှာလဲ့ သရဲ ပြာမ်း.... သသ....သရဲဆို ကျုပ်လဲကြောက်တယ်ဗျ"

"အဟီး....ဘယ်မှာရှိမှာလဲ၊ ခင်ဗျားကိုပြောနေတာလေ.... ဟား....ဟား....ဟား"

လှငွေက ပြန်ပြောလျှင် ထိုသူမှာ ခေါက်နံ၍ သွားခဲ့ဘော့သည်။

အသံရှင်မှာ တခြားသူတော့ မဟုတ်ပေ။

မာလာနွယ်နှင့် လူကြီးချင်း စေ့စပ်ကြောင်းလမ်းထားခဲ့ကြသော သက်မောင် ဖြစ်သည်။

"ခင်ဗျားက ကျုပ်ကို ရန်စတာလားဟင်"

"ခင်ဗျား ထင်ချင်သလို ထင်နိုင်တယ်လေ"

လှငွေကလည်း တုကျကျပင် ပြန်ပြောနေသည်။

သိန်းထိ၏ ဇနီးမှာ သက်မောင်နှင့် ခင်မင်နေသဖြင့် ကြားမှဝင်၍ ဖျန်ဖြေပေးရတော့သည်။

"အို....ကိုလှငွေကလဲ အလကား စနေပြန်ပါပြီ၊ တော်ကြာ ရန်ဖြစ်နေပါဦးမယ်၊ ကိုသက်မောင်ကလဲ စိတ်မဆိုးပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

"ဘာမှ တောင်းပန်နေစရာ မလိုပါဘူးလေ၊ ကျုပ် အခု လာခဲ့တာက မာလာ့ကို လာခေါ်တာပဲ၊ ကဲ....မာလာ သွားကြမယ်"





သူ့အား မျက်စိပျက်ပျက် မျက်နှာပျက်ပျက်ဖြင့် ကြည့်နေသော မာလာနွယ်အား သက်မောင်က လှမ်းခေါ်နေသည်။

"အို....မာလာ မပြန်နိုင်သေးပါဘူး၊ အခုမှ ရောက်စပဲ ရှိသေးတာ၊ ဘုရားဖူးပြီးမှ ပြန်နိုင်မယ်"

မာလာနွယ်၏ ငြင်းသံကြောင့် သက်မောင်၏ မျက်နှာပေါ်တွင် ဒေါသရိုးတွေ့ သမ်းသွားခဲ့သည်။

"ဟ....ဒီလိုဆို ကိုကိုမောင်နဲ့အတူ ဘုရားဖူးကြမယ်လေ၊ ကဲ....ထ....ဘုရားသွားဖူးကြရအောင်"

သက်မောင်က ပြောပြောဆိုဆိုနှင့် မာလာနွယ်၏လက်ကို အတင်းဆွဲခေါ်နေသည်။

"ဒါက ဘာလုပ်တာလဲ ကိုကိုမောင်၊ မာလာ ဘုရားဖူးမယ်ဆိုတာ ရှင်နဲ့မဟုတ်ဘူး၊ ဟောဒီက မာလာ့ရဲ့ မိတ်ဆွေတွေနဲ့ပါ"

မာလာနွယ်က လက်ကိုပြန်၍ဆောင့်ရုန်းရင်း ဒေါသသံဖြင့် ပြောနေသည်။

ချစ်မိုးသူမှာတော့ သူ၏ရှေ့မှောက်တွင် သက်မောင်က ပိုင်စိုးပိုင်နင်း သူ၏ချစ်သူကို ဆွဲလားငင်လား လုပ်နေသဖြင့် ဒေါသတွေမှာ ရင်ထဲမှနေ၍ အလိပ်လိုက် တက်လာနေတော့သည်။

သို့သော် ထမင်းဆိုင်တွင်ဖြစ်နေ၍ စိတ်ကို အတော်ပင် ထိန်းချုပ်ထားနေရသည်။

www.burmeseclassic.com



"ဒါကဘာသဘောသို့ မာလာ... ဘုရားဖူးဘာကို ခွဲခြမ်းခွဲခြမ်း လုပ်နေရသလား၊ ကိုကိုမောင်ဟာ မာလာရဲ့ ခင်ပွန်းလောင်းဆိုတာကို မေ့သွားပြီလား... ဟဲ...ဟဲ"

သက်မောင်က သရော်သံကြီးဖြင့် ပြန်မေးနေသည်။

"ဒီမယ်...အလွှ ရှင်မှန်းသိအောင် ကျောင်းတိုင်ကို တက်ပြမနေနဲ့ ကိုကိုမောင်နဲ့ စေ့စပ်ခဲ့တာဟာ မာလာ့ အနေနဲ့ ကိုကိုမောင့်ကို ချစ်ကြိုက်လို့မထင်ပါနဲ့၊ လူကြီးတွေ စကားကို ငြင်းပယ်ချင်လို့ လက်ခံလိုက်တာပါ"

"ဟာ...လူကြီးတွေစကားကို မပယ်ချင်လို့ လက်ခံလိုက်တာ ဟုတ်လား"

"မှန်တယ်"

ဟဲ...ဟဲ...အေးလေ အခုတော့ မင်းဟာ ဒီစကားတွေ ပြောတော့မှာပေါ့၊ အသစ်ကို တွေ့နေပြီကိုး၊ ငါးစိမ်းမြင် ငါးကင်ပစ်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့နော်... ဟဲ... ဟဲ"

သက်မောင်ပြောလိုက်သော စကားများမှာ မာလာနှယ်၏ ဒေါသတွေကို နှိုးဆွသလိုဖြစ်ကာ သွားခဲ့တော့သည်။

"ရှင်...ရှင်...စကားပြောတာ ကြည့်ပြောပါ၊ ငါးစိမ်းမြင်လို့ ငါးကင်ပစ်တယ် ဆိုရအောင် ရှင်က ကျွန်မချစ်သူမို့လား၊ မာလာရဲ့ချစ်သူက ဟောဒီမယ်တွေလား...ကိုချစ်မိုးသူတို့၊ သိပြီလား"

"ဟော... မင့်ချစ်သူက ဒီအကောင်စုတ်လားကွ၊ ထို့... သူ့တောင်းစားနဲ့ ရွှေဖင်သေမီးလို မလိုက်ဖက်လိုက်တာကွာ... ဟွန်း"





သက်မောင်မှာ ဒေါသလည်းထွက် ရှက်လည်းရှက်လာသဖြင့် အထက်ပါအတိုင်း ခပ်ရိုင်းရိုင်း ပြောပစ်လိုက်တော့သည်။

နဂိုကသည်းက ဒေါသဖြစ်နေသော ချစ်မိုးသူအဖို့တော့ ထိုစကားများကို ကြားရလျှင်တော့ ဖြစ်ပေါ်နေသောဒေါသကို ထားချုပ်မရနိုင်တော့ပေ။

"အေး...ငါက အကောင်စုတ်သား၊ မင်းက အကောင်စုတ်လားဆိုတာ ဟောဒီမယ် ငါ့လက်သီးကို မြည်းကြည့်ပေတော့... ရော့"

"ခွပ်..."

ချစ်မိုးသူပြုမူပုံမှာ မြန်ဆန်လွန်းလှသဖြင့် အနီးတွင်ရှိနေသော သိန်းထိုက်ပင်လျှင် လှမ်းမတားလိုက်နိုင်တော့ပေ။

သက်မောင်မှာလည်း ချစ်မိုးသူ၏ ပြင်းထန်လှသော လက်သီးဒဏ်ကြောင့် ဇက်တတ်မှနေ၍ နောက်ဘက်သို့လဲကျသွားရာ အခြားစားပွဲတွင် ထိုင်စားနေကြသော လူများပေါ်သို့ ကျသွားခဲ့သည်။

တစ်ဆိုင်လုံးလည်း ရှုတ်ရှက်သဲသဲတွေ ဖြစ်သွားကုန်တော့သည်။

ဆိုင်ရှင်မှာလည်း သူတို့ထံသို့ ပြေးလာပြီး တောင်းပန်နေရသည်။

"ငါ့ညီတို့ရယ် ရန်မဖြစ်ကြပါနဲ့၊ ငါ့ဆိုင်ကလေးကို သက်ဆိုင်ရာက လာပိတ်တာခံနေရပါဦးမယ်၊ မြန်မာအချင်းချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



လက်မပါကြဘဲ အေးအေးဆေးဆေး ဖြေရှင်းရင် ရပါတယ် ကွာ...ဟုတ်လား"

သိန်းထိကလည်း ချစ်မိုးသူအား ဆိုင်ပြင်သို့ဆွဲခေါ်ရင်း ချော့နေရသည်။

"သည်းခံလိုက်ပါ သူငယ်ချင်းရာ၊ ထပ်ပြီး ရန်မဖြစ်ချင်ပါနဲ့တော့၊ ဟိုလူလဲ မင့်လက်သီးဒဏ်ကြောင့် အီစလောင် သွားပြီဟာ...."

သူတို့နောက်မှ မာလာနှယ်နှင့် လှငွေတို့ ပါလာခဲ့ကြသည်။

နုကတော့ လဲကျသွားသော သက်မောင်ကို ဆွဲထူရင်း တောင်းပန်နေရသည်။

"စိတ်မဆိုးပါနဲ့ ကိုသက်မောင်ရယ်၊ ဒါတွေဟာ နုတို့ အပြစ်တွေပါရှင်၊ ဒီကိစ္စတွေအားလုံးကို မာလာတို့ အိမ်ကျတော့ ဖြေရှင်းကြတာပေါ့နော်"

သိန်းထိ၏ဇနီး နုက တောင်းပန်နေစဉ် သက်မောင်မှာ လဲကျနေရာမှ ပြန်ထကာ ဒေါသဖြင့် ပြန်ပြောနေသည်။

"အောင်မာ....အခုမှ ပျားရည်နဲ့ ဝမ်းလာချလို့ ကျုပ်က ကျေနပ်ရမှာလား၊ ခင်ဗျားဟာ မာလာနဲ့ဆို ဆွေရိပ်မျိုးရိပ် မကင်းပါ။ မာလာ့ကို ညီမအရင်းလို စောင့်ရှောက်ဖို့တာဝန် ခင်ဗျားမှာ အပြည့်ရှိပါတယ်၊အခုတော့ ခင်ဗျားက မာလာ့ကို ကလေကချေ ကောင်မျိုးနဲ့ ရအောင် ဖန်တီးပေးနေတာ ကောင်းသလား၊ အခုဖြစ်ရတဲ့ ကိစ္စတွေ အားလုံးအတွက် ခင်ဗျားမှာ တာဝန်အပြည့်ရှိတယ်ဗျ"





"အို...ကိုသက်မောင်ကလဲ၊ တစ်ဖက်သားကို ဒီလောက်လဲ နှိမ့်ချပါနဲ့လေ၊ သူဟာ ကလေကချေ မဟုတ်ပါဘူး ငွေကြေး ချမ်းသာတဲ့သူပါလေ၊ သူနဲ့ မာလာတို့က ချစ်သူတွေဖြစ်နေတာ ကြာပါပြီ၊ ဒါပေမယ့် သူတို့နှစ်ဦးဟာ မတွေ့ရတာ ကြာလှပြီမို့ ကျွန်မတို့ကို မာလာက အပူကပ်ပြီး တွေ့နိုင်အောင် ဖန်တီးပေးပါဆိုလို့ အခုလိုကူညီရတာပါလေ၊ ဒါကြောင့်လို့ ရှင်နဲ့မတွေ့ကြရအောင် သာရက်ကန်ဘက်ကို သွားမယ်ဆိုပြီး ဒီကျောက်တန်းဘက်ကို လာခဲ့ကြတာပေါ့"

နုက ရှင်းပြနေသည်။

"ဟဲ...ဟဲ...သက်မောင်ကို ဒီလိုတစ်ပတ်ရိုက်လို့ ဘယ်ရပါမလဲ၊ သာရက်ကန်မှာမရှိကတည်းက ခင်ဗျားတို့ကို မသင်္ကာ တာနဲ့ ဟောဒီ ကျောက်တန်းဘက်ရော သန်လျင်ဘက်ရော အနှံ့ လိုက်ရှာခဲ့တာ၊ အခုတော့ ပြေးမလွတ်တော့ဘူးမဟုတ် လားဗျ....ဟဲ....ဟဲ"

သက်မောင်မှာ နုအား သရော်သံဖြင့်ပြောပြီး ဆိုင်အပြင်တွင် ရှိနေကြသော ချစ်မိုးသူတို့ထံသို့ အမြန် လျှောက်၍ သွားခဲ့သည်။

ချစ်မိုးသူမှာ သက်မောင် လာနေသည်ကို မြင်ရလျှင် မာလာနှယ်၏လက်ကို လှမ်းဆွဲကာထားရင်း အသံမာမာဖြင့် သက်မောင်ကို ဝမ်နှင်ပေးနေသည်။

"ဒီမယ်...ကိုယ့်လူ ကျုပ်တို့ချစ်သူနှစ်ဦး အေးအေးဆေး ဆေး အပန်းဖြေလာကြတာကို ထပ်ပြီးနှောင့်ယှက်ဖို့ မကြံ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့လို့ သတိပေးပါရစေ၊ မရရင်တော့ စောစောကထက် နာအောင် ဆော်တီးပစ်ရလိမ့်မယ်ဗျို့ ဟဲ့...ဟဲ့"

ချစ်မိုးသူ၏ ကြိမ်းဝါးသံကြောင့် သက်မောင်မှာ မာလာနှယ်ထံပါးသို့ မသွားရဲတော့ပေ။

ခင်လှမ်းလှမ်းမှနေ၍သာ မာလာနှယ်ကို လှမ်းမေးနေရသည်။

"ဟော့...မာလာ ငါနဲ့ ပြန်လိုက်မှာလား မလိုက်ဘူးလား၊ ငါကို ပြောစမ်း"

မလိုက်ပါဘူးလို့ ရှင့်ကို ဘယ်နှစ်ကြိမ်ပြောနေရမှာလဲ၊ ရှင့်ဘာသာ လာလမ်းအတိုင်းသာ ပြန်ကြွပေတော့"

မာလာနှယ်ကလည်း ချစ်မိုးသူ၏ လက်မောင်းကလေးကို ကိုင်ထားရင်းမှ အသံမာမာဖြင့် ပြန်ပြောနေသည်။

"ဟာ... ငါအခုလိုက်လာတာက ငါ တစ်ယောက်တည်း ပြန်ဖို့မှမဟုတ်ဘဲ၊ မင်းကိုအပါခေါ်ဖို့ လာတာကွ၊ ငါ တစ်ယောက်တည်း ပြန်လို့မဖြစ်ဘူး"

ထိုစကားအဆုံးတွင် လှငွေက ဝင်၍ မနေ့ဘက်နေတော့သည်။

"ခင်ဗျားတစ်ယောက်တည်းပြန်လို့မဖြစ်ရင် ခင်ဗျားကား နောက်က သံသေတောင်ပါးပါးကို ကားတစ်စီးနဲ့ထည့်ပေးပြီး ကျွန်တော်တို့က ယင်တောင်တစ်ချောင်းစီကိုင်ပြီး လိုက်ပို့ပေးပါမယ်ဗျာ...ဟုတ်လား ဟား...ဟား...ဟား"

လှငွေ၏ နောက်ပြောင်သံကို ကြားရလျှင် သက်မောင်မှာ ဒေါပွ၍သွားတော့သည်။



"ဟင်...ကိုယ့်လူ ဒါ ဘာစကားလဲ၊ ကျုပ်ကို သချိုင်းပို့နေတာလား...ဘောက်"

"မဟုတ်ပါဘူး၊ ကြံခတောက်ပို့နေတာပါ၊ ဟဲ့...ဟဲ့...ဟဲ"

လှငွေကပြောလျှင် သက်မောင် လက်သီးကို ဆုပ်ကာ သီးဟုန်ပြင်သည်။

"အမယ်...အမယ်...ကိုယ့်လူက ဘောက်ဆင်ပဒေသာချင် နှင့်ပြီ ထင်တယ်၊ ဒီမယ်...ကျုပ်သက်သီးဟာ ဖိုမင်တို့ မိုက်ကိုင်စနံ့တို့ရဲ့ လက်သီးလို ပြင်းဘယ်နော်...အဟီး"

လှငွေကလည်း လက်သီးကိုဆုပ်ပြရင်း သက်မောင်ကို ပြန်ကြိမ်းနေသည်။

သက်မောင်မှာ တက်တစ်ချက်ခေါက်ရင်း သူတို့ကို ပြန်ကြိမ်းနေသည်။

"အေးလေ...မင်းတို့က အုပ်စုနဲ့ဆိုတော့ ဖင်ခေါင်းကျယ်ကြတာပေါ့ အိမ်း...တစ်နေ့တော့ ငါ့အကြောင်း ကောင်းကောင်းကြီး သိရမယ်ကွ သက်မောင်တဲ့"

သက်မောင်မှာ ဒေါသသံဖြင့် သူတို့ကို ကြိမ်းမောင်းကာ ခနဲ လှည့်ထွက်သွားခဲ့သည်။

ချစ်မိုးသူတို့ကတော့ ဒေါကန်၍သွားခဲ့သော သက်မောင် လှမ်းကြည့်ပြီး ရယ်နေကြသည်။

❋

www.burmeseclassic.com

## အခန်း (၇)

"ကိုင်း...ပြဿနာက တော့ ကုလသမဂ္ဂကြီးတောင် ဖြေရှင်းပေးလို့မရတဲ့အထိကို ရောက်နေပြီကွ၊ မင်းတို့ ဘယ်လိုဆက်လုပ်ကြမလဲဟေ့"

သက်မောင် ထွက်သွားအပြီး၌ သိန်းထိက စိတ်ရှုပ်သံကြီးဖြင့် ချစ်မိုးသူတို့ကို မေးနေသည်။

မာလာနွယ်မှာလည်း မျက်နှာငယ်ကလေးဖြင့် ချစ်မိုးသူအား လှမ်းကြည့်ကာ ပြန်ပြောနေသည်။

"မာလာလဲ မပြောတတ်တော့ဘူး၊ သူတော့ အိမ်ကိုဆန်းသွားပြီး ဖေဖေနဲ့မေမေကို တိုင်ပြောမှာ ကျိန်းသေတယ်အစ်ကိုသိန်းထိရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်....နင်သာအိမ်ပြန်ရောက်ရင်တော့ဆော်ပလော်တီးခံရမှာ သေချာသလို ငါတို့ကိုလဲ နင့်အမေက ပိုးစိုးပက်စက် ပြောပြီးသွားပဲ"

သိန်းထီ၏စကားအဆုံးတွင် လှငွေက ဝင်၍အကြံပေးနေသည်၊

"ဒါဆို ဒီလိုလုပ်ကွာ၊ ချစ်မိုးသူနဲ့ မာလာနွယ်တို့ကလဲ တစ်ဦးကိုတစ်ဦး မခွဲနိုင်အောင် ချစ်နေကြပြီဆိုတော့ တစ်ခါတည်းသာ ခိုးပြေးပေတော့ကွာ"

ထိုစကားကို သိန်းထီ၏ဇနီး နုကလည်း ဝင်၍ထောက်ခံနေသည်၊

"မှန်တယ်....ကိုလှငွေပြောသလိုသာလုပ်ကြပေတော့ နို့မို့ မာလာဟာ ကိုသက်မောင်လက်ကို ရောက်မှာ ကျိန်းသေတယ်၊အပြင်ကိုလဲ နင်ဘယ်တော့မှထွက်ရတော့မှာမဟုတ်ဘူး၊ ငါပြောတာ ဘယ့်နှယ်လဲ"

မာလာနွယ်ကတော့ ချက်ချင်း ပြန်၍ အဖြေမပေးနိုင်သေးဘဲ ငေးငိုင်ကာနေသည်၊

ချစ်မိုးသူက မာလာနွယ်၏ပခုံးကလေးကို ယုယစွာ ကိုင်တွယ်ရင်း အားပေးနေသည်၊

"ဒီခယ် မာလာ၊ မနုပြောသလို မောင်နဲ့သာ လိုက်ခဲ့ပါတော့၊ ဒါမှလဲ မာလာနဲ့ မောင်တို့ဟာ ပေါင်းသင်းကြရတော့မယ်၊ နို့မို့ ပေါင်းသင်းကြဖို့ဆိုတာ အရမ်းကိုဝေးသွားမှာ၊ မောင့်ကိုတကယ်ချစ်တယ်ဆိုရင် မောင်နဲ့သာ စစ်ကိုင်းကို





လိုက်ခဲ့ပါ၊ မာလာ့ကို မောင်က တရားဝင် လက်ထပ်ယူမှာပါကွာ"

သိန်းထီကလည်း ဝင်၍ တိုက်တွန်းနေပြန်သည်၊

"ဟုတ်တယ် မာလာ၊ အခုမှတော့ ဘာမှ နောက်ဆံငင်နေနဲ့တော့၊ ချစ်မိုးသူ ပြောသလိုသာ သူနဲ့ လိုက်သွားပေတော့၊ သူမိဘတွေကလဲ ငွေကြေး ချမ်းသာတဲ့ဟာ၊ နင့်အတွက် ပူစရာမလိုပါဘူးလေ"

"အင်း...အစ်ကိုသိန်းထီက အကောင်းမြင် ဝါဒဘက်ကနေချည်း ပြောနေတာကိုး၊ မောင့်မိဘတွေ ငွေကြေးချမ်းသာနီး မာလာသိပါတယ်၊ ဒါပေမယ့် မောင့်ရဲ့ တစ်ဦးတည်းသာအတွားက ဗေဒင်ရှုးနှတ်ရှူး ဖြစ်နေလို့ မာလာနဲ့ သဘောတူပါ့မလား၊ နေ့ချင်းက လွဲနေတယ်လေ"

မာလာနွယ်က ပူပင်သံကလေးဖြင့် ပြန်ပြောနေသည်၊

"ဟ....နေ့ချင်းလွဲကောဘာဖြစ်သလဲ၊ လောကမှာ မှသားပေါ် လကော်မပြီးဘူးတဲ့၊ ပြီးတော့ နင့်နာမည်ကြီးက မာလာနွယ်ဆိုတော့ နာမည်အရ ကြာသပတေး သမီးလို့ပဲ ထင်နေကြမှာပါ၊ ဘယ်သူကမှ သောကြာသမီးလို့ ထင်မှာမဟုတ်ဘူး"

"ဒါက ထားပါတော့၊ တကယ်လို့ မောင်နဲ့ပေးစားပြီး မာလာဟာ သူ့အဘွား လိုချင်နေတဲ့ သားဦး ယောကျ်ားကလေး မမွေးပေးနိုင်ရင်ကော"

မာလာနွယ်က စောဒက တက်နေပြန်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"မာဂကွာ...မာလာကတ္တို့ အိမ်အခါကျတော့လို့ ကိုစွံ
လွန်နေပြီ မာလာဟာ ချစ်မိုးသူနဲ့ ပေါင်းသင်းတာ ကြာနေ
မှတော့ ယောကျ်ားပဲမွေးမွေး မိန်းကလေးပဲမွေးမွေး ဘာ
ပြဿနာမှ မပေါ်တော့ပါဘူးကွာ"

သိန်းထိ၏ စကားအဆုံးတွင် ချစ်မိုးသူကလည်း ဝင်၍
ပြောနေသည်။

"ဖွတ်တယ် အချစ်ရဲ့၊ သိန်းထိပြောသလိုသာ လုပ်ကြ
မအောင်၊ အခု အချစ်အိမ်ကို ပြန်သွားနေရင် ဒီတစ်သက်မှာ
မောင်နဲ့ ပြန်ဆုံဖို့ဆိုတာ ဖြစ်နိုင်ဖို့မလွယ်ဘူး၊ ဒီတော့ မော
နဲ့သာ လိုက်ခဲ့ပါကွယ်၊ အဘွားဆီကိုလဲ မောင်ဟာ အချစ်
ခေါ်လာခဲ့မယ်လို့ စာရေးထားခဲ့ပြီးပြီပဲ"

အားလုံးက တညီတညွတ်တည်း ဝိုင်းဝန်း တိုက်တွန်း
နေကြသဖြင့် မာလာနှယ်မှာ လက်ခံလိုက်ရသည်။

လက်မခံ၍လည်း မဖြစ်ပေ။

ယခုလို ချစ်မိုးသူနှင့် တိတ်တိတ် ခိုးတွေ့ခြင်းကို သူမိဘ
များ သိရှိခဲ့ပါလျှင် သက်မောင်နှင့် ချက်ချင်းပင် ပေးစား
လိုက်မည်မှာ မြေကြီးလက်ခတ် မလွဲပေ။

ချစ်မိုးသူကတော့ အသွန်ပင် ဝမ်းသာနေတော့သည်၊

"ဒါဆို မောင်တို့ တည်းခိုခန်းတစ်ခုခုမှာ သွားနေမှဖြ
လိမ့်မယ်ထင်တယ်"

ချစ်မိုးသူ၏ စကားများကို ကြားရလျှင် လှငွေက မကျေ
နပ်သံနှင့် ပြန်မေးနေသည်။



"ဟာ...ဒေါ်အိမ်မှာနေတော့ ဘာဖြစ်မှာမို့လို့၊ အားနာလို့
လား"

"မဟုတ်ဘူးလေ...မင်းအိမ်မှာနေရင် မာလာရဲ့မိဘတွေက
နေတဲ့နေရာကို သိသွားမှာပေါ့၊ မင့်အိမ်မှာ နေမဖြစ်သလို
သိန်းထိတို့အိမ်မှာ နေရင်လဲ သာပြီးတော့ မဖြစ်သေးတယ်၊
ဒီတော့ သူတို့နဲ့လွတ်ကင်းရာ တည်းခိုခန်းမှာ တစ်ရက်နှစ်ရက်
နေမယ်၊ ပြီးမှ စစ်ကိုင်းကို ပြန်မယ်ကွာ"

"အေး...ပြန်တာလဲ ပြန်ပေါ့ကွာ၊ မပြန်ခင် မင်းတို့နှစ်
ယောက် တရားရုံးမှာ လက်ထပ်ထားကြဖို့က အရေးကြီး
တယ်နော်"

သိန်းထိက ဝင်၍သတိပေးနေသည်။

"ဟာ...အစစ်ပေါ့၊ သိန်းထိပြောမှ သတိရတယ်၊ နို့မို့ဆို
ဒါကို လူခိုးမှုနဲ့ မာလာရဲ့မိဘတွေက အမှုဖွင့်နေဦးမယ်ကွ"

"ကိုင်း...ဒါဆိုရင် အချိန်ဆွဲမနေနဲ့၊ ငါတို့တစ်တွေ လူတွေ
နေကြတုန်း ဒီသန်လျင်မှာရှိတဲ့ တရားရုံးမှာ နှစ်ဦးသဘော
တူ လက်ထပ်ကြကွာ၊ ငါတို့က အသိသက်သေတွေပေါ့၊
ဘယ့်နှယ်လဲ"

လှငွေကလည်း ဝင်ပြောနေသည်။

ချစ်မိုးသူက မာလာနှယ်ဘက်သို့ လှမ်းကြည့်ကာ မေးနေ
သည်။

"ဘယ့်နှယ်မှလဲ မနေနဲ့၊ ဖြစ်လာမှတော့ ဘာတတ်နိုင်ပါ
တော့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ....ဒါဆိုရင် နီးရာတရားရုံးကိုသွားပြီး လက်ထ
ကြစို့"

ချစ်မိုးသူ၏ စကားအဆုံးတွင် သူတို့အားလုံး သိန်းထိ
ပတ်ပလေကား ကားပေါ်ကို တက်နေကြသည်။

ချစ်မိုးသူနှင့် မာလာနွယ်က ကားမောင်းသူ သိန်းထိ
ဘေးတွင်ရှိ ထိုင်ခုံ၌ အတူထိုင်နေကြပြီး လှငွေနှင့် သိန်း
၏ဇနီး နုကတော့ နောက်ဘက်ရှိ အမိုးဖွင့်ထိုင်ခုံတွင် သွ
ထိုင်နေကြသည်။

နံနက်စာအတွက် ကျသင့်သော ငွေများကိုတော့ ချစ်မိ
သူက ကားပေါ်မတက်မီ သွားရှင်းခဲ့သည်။

သို့နှင့်ပင် ချစ်မိုးသူနှင့် မာလာနွယ်တို့မှာ မမျှော်လင့်
လက်ထပ်လိုက်ရတော့သည်။

✲



## အခန်း (၈)

မာလာနွယ်၏ မိဘများမှာ ကိုကိုမောင်ခေါ် သက်မောင်
၏ တိုင်တန်းချက်တို့ကြောင့် ဒန်းကောကော ခေါက်နေကြ
တော့သည်။

"အိမ်း...ပြန်လာမှ တင်ပွဲတစ်လမ်း တွေ့ကြရဦးတော့
ပေါ့ မိမာလာရယ်၊ ငါ့သမီး တော်တယ်လို့ ချီးမွမ်းနေတာ
အခုတော့ ယောက်မမြင်းစီးပြီး ထွက်သွားတာပေါ့"

မာလာနွယ်၏ မိခင်ဖြစ်သူ ဒေါ်ရွှေက ဒေါလိုမောလုံး
ဖြင့် ပြောနေသည်။

သက်ခမောင်က ဒေါ်ရွှေ၏ စကားအဆုံးတွင် ပြန်ပြော
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ခေါ်ခေါ်၊ အခုဟာက ယောက်မ မြင်းစီးတာ ထက် ဆိုးဘယ်လေ၊ ရွှေတ်ကျည်ပွေ့ကြီးကို စီးတာဗျ"

"တယ်…မင်းကလဲ အရေးထဲမှာ ပေါက်ပေါက်ရှာရှာ ပြောနေရပြန်ပါပြီ၊ အေး…ဘာကိုပဲစီးစီး ဒီတွာမ ပြန်လာ ရင်တော့ သင်းပါးကို တီးကိုတီးပြမယ်၊ ငါ့ကို ဒီအချိုးမျိုး ချိုးလို့ရရိုးလား"

ထိုစဉ်မှာပင် အပြင်မှ ပြန်ရောက်လာခဲ့သော ဦးသိန်း အောင်မှာ ဇနီးဖြစ်သူ မျက်စိမျက်နှာမလှ ဖြစ်နေသည်ကို တွေ့ရ၍ လှမ်းမေးနေသည်။

"ဟ…မရွှေ၊ ဘာဖြစ်လို့လဲကွ၊ မင့်မျက်နှာ ကြည့်ရတာ တန်ထရိုက်ရဲ့အလိမ်ကို ခံလိုက်ရတဲ့ တိုက်ဆောက်မယ့်သူရဲ့ မျက်နှာမျိုး ဖြစ်နေတယ်၊ ဟဲ…ဟဲ"

"တော်က ရယ်မနေနဲ့၊ အရေးတော်ပုံ ပေါ်နေပြီရှင့် သိလား"

"ဟော…ဘယ်လို အရေးတော်ပုံလဲဟ၊ မြန်မြန်ကလေး ပြောပြစမ်းပါ"

"ဘယ်လိုရမှာလဲ၊ တော့်သမီး ခွေးဇာတ်ခင်းပုံကို ပြောတာပေါ့"

"ဟာကွာ…ငါ့သမီးက လူပါ၊ လူစင်စစ်က ခွေးဇာတ် ကပြပါ့မလား"

"အို…တော် ဘာတွေလာပြောနေတာလဲ၊ တော်တော့်ရဲ့ ကြောင်တဲ့လူကြီးပဲ၊ ကဲ…မောင်သက်မောင် မင်းပဲ ရှင်းပြ လိုက်စမ်းပါကွယ်"

ဒေါ်ရွှေက စိတ်မရှည်သံဖြင့် သက်မောင်ကို ရှင်းပြခိုင်း နေသည်။

သက်မောင်ကလည်း ချစ်မိုးသူနှင့် မာလာနွယ်တို့ အကြောင်းကို ထပ်မံ၍ ရှင်းပြရသည်။

"ဟာ…အဲဒီလို တွေ့ခဲ့လျက်သားနဲ့ မင်းက တစ်ယောက် တည်း ပြန်လာရသလား၊ သူ့ကိုပါ ဆွဲခေါ်လာခဲ့ပါလား၊ မောင်သက်မောင်ရဲ့"

ဦးသိန်းအောင်က သက်မောင်၏ စကားအဆုံးတွင် ပြန် ပြောနေသည်။

"ခေါ်ပါတယ် ဦးလေးရဲ့၊ ဒါပေမယ့် မာလာက မလိုက် ဘူး၊ ညနေကျမှ သူ့ဘာသာသူ အိမ်ကိုပြန်လာမယ်တဲ့"

"အဲဒါ မင်း ညံ့တာပဲ၊ မင်းဟာ သူ့ခင်ပွန်းလောင်းပဲ ဟာ၊ မရဘူး၊ အခုလိုက်ခဲ့ရမယ်ဆိုပြီး အတင်းဆွဲခေါ်ရော ပေါ့ကွာ၊ မင်း တကယ်ပျော့တာကိုး"

"ပျော့တာတော့ မဟုတ်ပါဘူး ဦးလေးရယ်၊ မာလာရဲ့ စိတ်ကို အနှောင့်အယှက် မပေးချင်လို့ပါ…ဟဲ…ဟဲ"

သက်မောင်က အသားယူ၍ ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ.... ဒီဟာမလေး ပြန်လာမှ ကောင်
တောင်းကြီးကို ဆုံးမရမယ်"

"ဟုတ်ကဲ့....ဒီလိုဆို ကျွန်တော် ညဘက်မှ တစ်ခေါ
ပြန်လာခဲ့မယ်၊ အခုတော့ ခွင့်ပြုပါဦး"

"အေး....အေး...ညဘက်ကျ လာခဲ့၊ မင့် မိဘတွေကိုပ
ခေါ်လာကွာ၊ ဒီဟာမလေးကို ကြာကြာထားလို့ မဖြ
တော့ဘူး၊ မင်းနဲ့ ရက်ပိုင်းအတွင်းမှာကို ပေးစားမှ ဖြ
တော့မယ်"

ထိုစကားများကိုကြားရလျှင် သက်မောင်မှာ ထထမတ
စမ်းသာ၍သွားခဲ့တော့သည်၊

"ဟုတ်တယ် ဦးလေးရဲ့.... ဒါမှလို့ မာလာနဲ့ ကျွန်တော်
ပေါင်းသင်းရလိမ့်မယ်၊ နို့မို.... ဟို...ကြမ်းပိုးတေလေကောင်
နောက်ကို ပါသွားပြီးသားပဲ"

"အစစ်ပေါ့၊ အဲဒီတော့ ငါပြောတဲ့အတိုင်း ညဘက်လာ
ရင် မင့်မိဘတွေကိုပါ ဒီကိုခေါ်လာခဲ့ပေတော့"

"စိတ်ချပါ ဦးလေး.... ကျွန်တော် ခေါ်လာခဲ့ပါမယ်"

သက်မောင်သည် ဝမ်းသာသံဖြင့်ပြောပြီး ဦးသိန်းအော
နှင့် ဒေါ်ရွှေတို့အား နှုတ်ဆက်၍ ပြန်သွားခဲ့သည်၊

သို့သော်.... သို့သော်....

ချစ်စွာသော စာဖတ်သူတို့ သိကြသည့်အတိုင်းပင် မာလာ
နှယ်နှင့် ချစ်မိုးသူတို့မှာ နေ့လယ်က တရားရုံး၌ နှစ်ဦး
သဘောတူ လက်ထပ်ပြီးခဲ့ပြီမို့ အိမ်သို့ပြန်မလာခဲ့တော့ပေ





ည (၇) နာရီခန့်တွင်တော့ သက်မောင်မှာ သူ၏မိဘ
နှစ်ပါးနှင့်အတူ ဦးသိန်းအောင် မှာကြားထားခဲ့သလို သူပိုင်
ဆိုင်ကားကလေးဖြင့် ဆိုက်ရောက်လာခဲ့တော့သည်၊

သက်မောင်၏ စိတ်ထဲတွင်တော့ မာလာနှယ် ရောက်နေ
ပြီတု ထင်မှတ်နေသည်၊

သူ၏ ကားရပ်သံကြောင့် အိမ်ထဲမှ ဦးသိန်းအောင်နှင့်
ဒေါ်ရွှေတို့ ထွက်လာခဲ့ကြသည်၊

"ဦးလေး.... မာလာ ရောက်နေပြီ မဟုတ်လားဟင်....
ဟဲ....ဟဲ"

သက်မောင်က ကားပေါ်မှ အရင်ဆင်းရင်း လှမ်းမေး
နေသည်၊

သူ၏မိဘတွေကတော့ ကားနောက်ပေါက်မှနေ၍ ဆင်း
လာနေကြသည်၊

"မရောက်သေးဘူး.... မောင်သက်မောင်ရဲ့"

"ဗျာ"

ဦးသိန်းအောင်၏ ပြန်ပြောသံကြောင့် သက်မောင်၏
ပါးစပ်မှာ ချေမြင်းကြီးလောက် ပြဲထွက်လာခဲ့သည်၊

"ဒါ.... ဒါဆို ဘယ်လို လုပ်ကြမလဲ၊ ဦးလေးတို့ကလဲ
အခုလို ထိုင်ကြည့်နေမှာလားဗျာ"

သက်မောင်က ငိုသံပါကြီးဖြင့် ဦးသိန်းအောင်တို့ကို ပြော
နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြည့်မနေပါဘူးကွာ၊ ငါတို့လဲ သမီး အချိန်တန်လို့ ပြန်မရောက်တဲ့အတွက် ထလိုက် ထိုင်လိုက်နဲ့ လုပ်နေကြတာ၊ တကတဲ့ကွာ.... ကျောင်းသားဘဝက ဆရာမရဲ့ ဒဏ်ပေးတာကို ခံခဲ့ရတဲ့အတိုင်းပါပဲ....တောက်"

ဦးသိန်းအောင်၏ စကားများကိုကြားရလျှင် သက်မောင်၏ မိဘများမှာ ရယ်နေကြသည်။

သက်မောင်မှာသာ မရယ်နိုင်ဘဲ လင်းတမှိုင် မှိုင်ကျသွားခဲ့တော့သည်။

ဒေါ်ရွှေက သက်မောင်ကို ကရုဏာသက်ဟန်ဖြင့် 'လှမ်းကြည့်ကာ အားပေးနေသည်။

"ဒီလောက်လဲ စိတ်ဓာတ်ကျမနေစမ်းပါနဲ့ မောင်သက်မောင်ရယ်၊ ဒေါ်ဒေါ်စိတ်ထင် ပြောရမယ်ဆိုရင် သမီးဟာ ဒီကိုပြန်လာရမှာ ကြောက်နေလို့ တမင်အချိန်ဆွဲနေသလားမှ မသိဘာ"

"အဲဒီလိုဆိုရင်လဲ သူရှိမယ်ထင်တဲ့နေရာကို ကျွန်တော်တို့ လိုက်ရှာကြရင် မကောင်းဘူးလား"

"ဟဲ့....အဲဒီလို လိုက်ရှာကြရအောင် သူက ဘယ်အိမ်မှာ ရောက်နေမှန်းမှ မသိတာ၊ မီနုတို့အိမ်ကို စောစောက ငါ ဖုန်းဆက်ကြည့်တော့ ညနေကတည်းက အိမ်ကိုပြန်မယ်ဆိုပြီး မာလာဘတ်ယောက်တည်း လေးဘီးကားကို စီးပြန်သွားတယ်လို့ ပြောတယ်ကွယ့်"



"ဟာ....ကျွန်တော်တော့ မနုနဲ့ ကိုသိန်းထိတို့ကို မယုံဘူး၊ သူတို့နဲ့ မာလာရဲ့အကောင်နဲ့ဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းတွေ ဒေါ်ဒေါ်ရဲ့"

သက်မောင်က ခံပြင်းသံဖြင့် ဒေါ်ရွှေအား ပြန်ပြောနေသည်။

"ဒါဆို.... မင်းက ဘယ်လိုလုပ်ချင်သလဲ"

"မနုတို့အိမ်ကို သွားရှာချင်တယ်၊ မတွေ့ရင် သူတို့နဲ့အတူ ပါလာခဲ့တဲ့ ဟိုကောင် တစ်ကောင် ရှိသေးတယ်၊ သူ့အိမ်လိပ်စာကိုမေးပြီး အဲဒီမှာ သွားရှာချင်တယ် ဒေါ်ဒေါ်"

"ကောင်းပြီလေ....မင်းဆန္ဒအတိုင်း ဒေါ်ဒေါ် လိုက်ရှာပေးပါမယ်၊ ဟဲ....မောင်သက်မောင်ရဲ့ အဖေနဲ့ အမေကတော့ ကိုသိန်းအောင်နဲ့ စကားပြောနေကြပေဦးနော်၊ ကျွန်မတို့ သမီးမိုက်ကို သွားရှာကြဦးမယ်"

ဒေါ်ရွှေက သက်မောင်၏ မိဘများထံသို့ လှည့်၍ခွင့်ပန်နေသည်။

ထိုနောက် သက်မောင်၏ကားဖြင့် ဒေါ်ရွှေမှာ သမီးဖြစ်သူကို ရှာပုံတော်ဖွင့်ရန် ထွက်သွားကြတော့သည်။

ပထမ သိန်းထိတို့အိမ်သို့ သွားခဲ့ကြသည်။

နုမှာ ဒေါ်ရွှေနှင့် မျက်နှာချင်းဆိုင်ရမည်ကို မျက်နှာပူနေသဖြင့် အိမ်ထဲတွင် ပုန်းနေသည်။

သိန်းထိကသာ ထွက်တွေ့ကာ ပြောနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာလာဟာ ကျွန်တော်တို့နဲ့အတူ ဒီရန်ကုန်ထိအောင်တော့ ပါလာပါတယ်၊ နောက်သူ့သူငယ်ချင်းအိမ်ကို အလည်သွားဦးမယ်ဆိုပြီး ထွက်သွားခဲ့တာပါပဲ ဒေါ်ဒေါ်"

သိန်းထိက မှုသာဝါဒါတွေ ပြောနေသည်။

"ဩော်.... မင်းတို့ လင်မယား လုပ်ပုံက ပေါ့ပ်လွှတ်ပဲစား နိုင်လှချည်လားကွယ်၊ ငါ့သမီးလေးကို အိမ်လာခေါ်ခဲ့ကြတာ မင်းတို့လင်မယား မဟုတ်လား"

"မှန်ပါတယ် ဒေါ်ဒေါ်"

"အဲဒီလို အိမ်ကို လာခေါ်တုန်းကတော့ ခေါ်ကြပြီး ပြန်ပို့တဲ့အခါကျတော့လဲ မင်းတို့ကိုယ်တိုင် အိမ်ရောက်အောင် မပို့သင့်ဘူးလားကွယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ် အပြစ်တင်ရင်လဲ ခံရမှာပဲ၊ ကျွန်တော်တို့ လင်မယားက မာလာကို အိမ်ပြန်ပို့မယ် အလုပ်သွား အတင်းပဲ မပြန်ချင်သေးဘူး၊ အချိန်စောသေးတယ်၊ မာလာ့အာသာ မာလာ ပြန်မယ်လို့ ဇွတ်ပြောနေတာနဲ့ မပို့ရတာပါ ဒေါ်ဒေါ်"

သိန်းထိက အဆင်ချောအောင် ပြောနေရသည်။

သက်မောင်ကတော့ သိန်းထိ ဖြီးနေမှန်းသိသဖြင့် ဝင်မေးနေသည်။

"ဒီမယ်.... စကားတွေကို ရှည်ရှည်ဝေးဝေး သိပ်ပြောမနေနဲ့၊ အခု မာလာ ဘယ်မှာရှိမလဲ၊ ဒါကိုတော့ ခင်ဗျား သိကိုသိရမယ်ဗျာ"





"ဟာဗျာ....ဘယ်လိုလုပ်သိနိုင်မှာလဲ"

"မသိနိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့ဟာ ရဲစခန်းကိုသွားပြီး လူပျောက်မှုရယ် လူခိုးမှုရယ် ဖွင့်ရလိမ့်မယ်၊ အမှုဖွင့်ရင်တော့ ခင်ဗျားတို့ လင်မယားပါ အမှုထဲမှာ ပါလာပြီးသားပဲ၊ ဟဲ....ဟဲ...."

သက်မောင်၏ စကားများကို ဒေါ်ရွှေကလည်း ဝင်၍ထောက်ခံနေသည်။

"ဟုတ်တယ်....မောင်သိန်းထိ၊ မာလာ ပျောက်ဆုံးနေတဲ့ကိစ္စမှာ မင်းတို့ လင်မယားမှာ တာဝန်မကင်းကြလို့ ဒေါ်ဒေါ်တို့ကတော့ မောင်သက်မောင် ပြောခဲ့သလို အမှုဖွင့်ရင် မင်းတို့ကိုပါ ဆွဲထည့်ရလိမ့်မယ်၊ ဒီတော့ အမှုထဲမှာ မင်းတို့ လင်မယားပါချင်ရင် သမီးရှိတဲ့နေရာကိုသာ ပြောပြကြပေတော့"

သိန်းထိမှာတော့ ထိုစကားများကိုကြားရလျှင် အကြီးအကျယ်လန့်နေတော့သည်။

"ကျွန်တော်လဲမသိလို့ အခုလိုဘူးခံနေရတာပါ ဒေါ်ဒေါ်"

သိန်းထိ၏ စကားအဆုံးတွင် သက်မောင်က ဝင်မေးနေသည်။

"ဒါထက် မာလာ့ကို အချောင်လာနိုက်နေတဲ့ ဟိုကြာကူရီ သားက ဘယ်မှာနေသလဲ၊ သူ့လိပ်စာကို ခင်ဗျား သိမှာ ခင်ဗျား သူငယ်ချင်းပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"သူက စစ်ကိုင်းမှာနေတာပါ၊ အဲ....သူ အခု တည်းနေတာကတော့ သူ့သူငယ်ချင်း လှငွေရဲ့ အိမ်မှာပါ"

"အဲဒီ လှငွေရဲ့အိမ်က ဘယ်နားမှာလဲ၊ လိပ်စာကို ပြောပြပါ"

သက်မောင်က အတင်းပင်ဖေးနေ၍ သိန်းထိုက်မှာ လှငွေနေထိုင်သော အိမ်လိပ်စာကို ပြောပြလိုက်ရတော့သည်၊

"ကိုင်း...ဒေါ်ဒေါ် အချိန်ရှိတုန်း လှငွေရဲ့အိမ်ကို လိုက်ကြရအောင်"

သက်မောင်က ဒေါ်ရွှေအား လှမ်းပြောနေသည်၊

"အေး...တူတ်တယ် မြန်မြန်သွားနိုင်မှ တော်ရုံကျမယ်"

ဒေါ်ရွှေက ပြောရင်း သက်မောင်နှင့်အတူ ကားပေါ်သို့ ပြန်တက်သွားခဲ့သည်၊

ထို့နောက်တော့ သက်မောင်မှာ သူ၏ ကားကလေးအား လှငွေတို့ နေထိုင်ရာ ဦးကျော်ဟိုး လမ်းဘက်သို့ မောင်းထွက်သွားခဲ့တော့သည်၊

သူတို့ ရောက်သွားချိန်မှာ ည (၈)နာရီခန့်ရှိနေပြီ ဖြစ်သည်၊

လှငွေကလည်း အိမ်ရှေ့တွင် တားရပ်သံကြားကတည်းက မာလာနွယ်၏ မိဘများ၏ ကားဖြစ်ရမည်ကို ကျိန်းသေတွက်ထားသူမို့ ပိတ်ထားသောတံခါးကိုဖွင့်၍ အိမ်ဝမှ ရပ်ကြည့်တာ နေသည်၊





"သူပဲ၊ မာလာနွယ်နဲ့ ကြိုက်နေတဲ့ ကြမ်းပိုးရဲ့ သူငယ်ချင်းဆိုတာ"

သက်မောင်က ဒေါ်ရွှေအား လှငွေထံသို့အလာ၌ လေသံအေးလေးဖြင့် လှမ်းပြောနေသည်၊

ဒေါ်ရွှေက လှငွေအား တင်းမာသော မျက်နှာဖြင့် လှမ်းကြည့်ပြီး လှမ်းနေသည်၊

"ဟေ့....သူငယ်၊ မင်းတို့အိမ်မှာ ငါ့သမီးနဲ့ ဟိုအကောင် ရှိနေသလား"

"ဟွင့်အင်း....ဒီအိမ်မှာ အကောင်လဲမရှိဘူး၊ အလှောင်လဲ မရှိဘူး ခင်ဗျ ဟဲ... ဟဲ...."

ဒေါ်ရွှေမှာ လှငွေ၏ ပြန်ပြောသံကြောင့် ဒေါသထွက်သွားခဲ့သည်၊

"ဟဲ့.... မင်း စကားပြောတာ ကောင်းကောင်းပြောပါ၊ မရိုင်းပါနဲ့"

"ဟာဗျာ....ဒေါ်ဒေါ်ကလဲ ကျွန်တော်က ရိုင်းတာမှ မဖောက်ဘဲ၊ အမေးကို ပြန်ဖြေနေတာပဲ"

သက်မောင်က မျက်နှာထားတင်းတင်းဖြင့် လှငွေကို လှမ်းကြည့်ကာ ပြောနေသည်၊

"ဒီမယ်...ဒီမယ်.... စကားတွေကို ရှည်ရှည်ဝေးဝေး သိပ်ပြောမနေနဲ့၊ အခု မာလာနွယ် ဘယ်မှာလဲ၊ အဲဒါ ခင်ဗျားအနေနဲ့ သူရှိတဲ့နေရာကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ပြော၊ မပြောရင် ရဲစခန်းမှာ အမှုဖွင့်တဲ့ အခါ ခင်ဗျားပါ ကန့်လန့်ကန့်လန့်နဲ့ ပါလာပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေကလည်း ထိုစကားကိုဝင်၍ ထောက်ခံချက်ပေးနေသည်။

''ဟုတ်တယ်၊ ငါတို့ကတော့ သမီး ဘယ်မှာရှိတယ်ဆိုတာကို မင်းက ပြောမပြရင် တို့အခုပဲ ရဲစခန်းကိုသွားတိုင်မယ်၊ ဒီလိုတိုင်တဲ့အခါမယ် မင်းကိုပါ ဆွဲထည့်ရမှာပဲ''

''ဟာဗျာ....အဲဒီကိစ္စနဲ့ ကျွန်တော်နဲ့မှ မပတ်သက်တဲ့ဟာ၊ တိုင်ချင်ရင်လဲ တိုင်ပေါ့''

လှငွေမှာ ဟန်လုပ်၍သာ ပြောနေရသည်။ စိတ်ထဲတွင်တော့ အတော်ကလေးဖျားနေသည်။

''ဆိုင်တာ မဆိုင်တာတွေကို ရဲစခန်းကျမှ မင်း ဖြေရှင်းပေါ့၊ အဲဒီလို မဖြေရှင်းချင်ရင် ငါ့သမီး ဘယ်မှာရှိတယ်ဆိုတာကို မင်း ပြောပြပါ၊ မသိဘူးဆိုတဲ့ ဆင်ခြေကိုတော့ ငါ့ကို မပေးနဲ့နော်''

မတတ်နိုင်တော့ပြီ။

လှငွေ အဒေနှင့် အမှုထဲ ကန့်လန့်ကန့်လန့်ပါနေပါက သူ၏ သတင်းစာတိုက်ကိုရော သူ့အမည်ကိုပါ ထိခိုက်တော့မည်မို့ အမှန်အတိုင်း ဖွင့်ပြောပြရန် ဆုံးဖြတ်လိုက်ရတော့သည်။

ပြောပြရခြင်း၏ အခြား တစ်ချက်ကလည်း ရှိနေသေးသည်။

ချစ်မိုးသူနှင့် မာလာနွယ်တို့မှာ အရွယ်လည်း ရောက်နေကြပြီ ဖြစ်သည့်ကတစ်ကြောင်း၊



သူတို့နှစ်ဦးမှာ ချစ်လည်းချစ်ကြိုက်နေကြပြီး တရားရုံး၌သည်း တရားဝင်လက်ထပ်ပြီးသွားပြီမို့ လူကြီးများက ချစ်မိုးသူအား တရားစွဲ၍ ရမည်မဟုတ်ပေ၊ သည်တော့ လှငွေ အနေနှင့် ဘူးကွယ်နေခြင်းထက် ချစ်မိုးသူတို့ ရှိရာနေရာကို အမှန်အတိုင်း ဖွင့်ပြောခြင်းက ပိုမို၍ကောင်းမွန်မည်ကိုလည်း တွေးမိသောကြောင့်ပင်။

''ချစ်မိုးသူနဲ့ မာလာနွယ်တို့ကို တွေ့ချင်တယ်ဆိုရင် ရှစ်မိုင်ဘက်မှာ ဖွင့်ထားတဲ့ ဂိုးလ်ဒင်းဂိတ် တည်းခိုခန်းကို သွားရှာပေတော့''

❖

www.burmeseclassic.com

## အခန်း (၉)

ရှစ်မိုင်ဘက်ရှိ ဂိုးလ်ဒင်းဂိတ် တည်းခိုခန်းသို့ မသွားမီ သက်မောင်၏ အကြံပေးချက်အရ ရှစ်မိုင်ရဲစခန်းသို့ ဝင်ရောက်လူပျောက်မှုနှင့် လူခိုးမှုတို့ဖြင့် အမှုကို ဒေါ်ရွှေ ဖွင့်ခဲ့သည်။

ထိုသို့ အမှုကိုဖွင့်၍ သမီးဖြစ်သူမှာ ဂိုးလ်ဒင်းဂိတ်တည်းခိုခန်းတွင် ရှိကြောင်းကို ပြောကြားသဖြင့် စခန်းမှူးက ရဲကြပ်ကြီးတစ်ဦးနှင့် ရဲသားတစ်ဦးတို့အား ဒေါ်ရွှေတို့နှင့်အတူ ထည့်ပေးလိုက်လေသည်။

ဂိုးလ်ဒင်းဂိတ် တည်းခိုခန်းသို့ရောက်လျှင် သက်မောင်က တာဝန်ခံ မန်နေဂျာထံသို့သွား၍ ချစ်မိုးသူနှင့် မာလာနွယ်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ အမည်ကို ပြောကာ ဤ တည်းခိုခန်းတွင် ရှိမရှိကို မေးသည်။

မန်နေဂျာက တည်းခိုသူများ၏ အမည်စာရင်းစာအုပ်ကို လှန်ကြည့်ပြီး...

အခန်းနံပါတ်ရှစ်တွင် ရှိကြောင်းကို ပြောပြလိုက်သည်။

သို့ဖြစ်၍ သက်မောင်တို့မှာ ရဲသားများနှင့်အတူ အခန်းနံပါတ်ရှစ်သို့ သွားခဲ့ကြသည်။

သက်မောင်က ရဲကြပ်ကြီးအား အခန်းတံခါးကို အခေါက်ခိုင်းသည်။

"ဘယ်သူလဲဗျို့"

အတွင်းမှ ချစ်မိုးသူက ပြန်မေးနေသည်။

"ကျွန်တော်တို့ပါ...ပြည်သူ့ရဲတွေ၊ တံခါးကို ကျေးဇူးပြုပြီး ဖွင့်ပေးပါ"

"ဘာကိစ္စရှိလို့လဲဗျ"

ချစ်မိုးသူက အခန်းတံခါးကို ဖွင့်မပေးသေးဘဲ ပြန်မေးနေသည်။

"တံခါးကိုသာ ဖွင့်ပါလေ၊ ကျွန်တော်တို့ ပြောပြမှာပေါ့"





ရဲကြပ်ကြီး၏ ပြန်ပြောသံကြောင့် ချစ်မိုးသူမှာ ပိတ်ထားသော အခန်းတံခါးကို ဖွင့်ပေးလိုက်ရသည်။

"ဟင်...ဒေါ်ဒေါ်ထွေးပါသား"

ချစ်မိုးသူမှာ ရဲသားများ၏နောက်တွင် မျက်နှာထားတင်းတင်းဖြင့် ရပ်ကြည့်နေသော ဒေါ်ခရွေကို မြင်ရလျှင် အထက်ပါအတိုင်း လှမ်းပြောလိုက်မိသည်။

မာလာနွယ်ကလည်း မိခင်ဖြစ်သူကိုရော သက်မောင်ကိုပါ မြင်ရ၍ မျက်စိမျက်နှာပျက်နေသည်။

"တော့်...မင်းက ငါ့သမီးကိုခိုးပြေးခြောက်ပြီး ခိုးသွားတာပေါ့ကလ ဟုတ်လား"

ဒေါ်ခရွေက ဒေါသသံဖြင့် ချစ်မိုးသူအား လှမ်းမေးနေသည်။

"မဟုတ်ပါဘူး...မာလာဟာ သူ့ဆန္ဒအတိုင်း ကျွန်တော်နဲ့ လိုက်လာတာပါ"

ချစ်မိုးယူ၏စကားအဆုံးတွင် သက်မောင် ဒေါသတကြီးဖြင့် ဝင်ပြောတော့သည်။

"ဟော့ကောင်... မဟုတ်တာတွေကို ရွေးရှုံးခဲ့သွားဘာနဲ့ ပြောမနေနဲ့၊ မာလာဟာ ငါနဲ့ လူကြီးချင်းပေးစားဖို့ စေ့စပ်ထားတာမို့ မင်းနဲ့လိုက်ယာတာဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မင်းကို လူခိုးမှုနဲ့ မိန်းကလေးတစ်ဦးကို အတင်းအဓမ္မ ခိုးယူပေါင်းသင်းမှုနဲ့ တရားစွဲရလိမ့်မယ် သိလား...ဘော်က်"

ရဲကြပ်ကြီးက သက်မောင်အား လက်ပြရင်း တောင်းပန်နေသည်၊

"တဲ...ကဲ၊အခုကိစ္စတွေအားလုံး ပြေလည်သွားရအောင် ဒီက ညီလေးနဲ့ ညီမလေးရော၊ ဒေါ်ဒေါ်တို့ရော ရဲစခန်းကို ပြန်လိုက်ခဲ့ကြပါဗျာ၊ ဟိုကျမှ ဖြေရှင်းကြတာပေါ့၊ ငါ့ညီကလဲ လိုက်ခဲ့စေချင်တယ်"

"ရပါတယ်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်က တစ်ဦးနဲ့တစ်ဦး ချစ်ကြလို့ ခိုးရာလိုက်လာခဲ့ကြတဲ့ဟာ၊ ရဲစခန်းကျရင် အဖြေမှန်ပေါ်ရမှာပေါ့"

ဒေါ်ရွှေကတော့ ချစ်မိုးသူ၏နောက်တွင် ကြောက်ရွံ့ဟန်ဖြင့် ရပ်နေသော သမီးဖြစ်သူကို လှမ်းကြည့်ကာ ကြိမ်းမောင်းနေတော့သည်၊

"ဟဲ့...မာလာ၊ညည်းကတော့ မိဘကျေးဇူးကို လှလှကြီးကို ဆပ်လိုက်တာပဲနော်၊ အိမ်း...ညည်း ကောင်းကောင်းကြီး သတိထား၊ အိမ်ပြန်ရောက်ရင် ငါနဲ့တွေ့ရမယ် သိလားဟွန်း...."

"ကဲပါ ဒေါ်ဒေါ်ရယ်၊ ပြောစရာဆိုစရာရှိတာတွေကို ရဲစခန်းကျမှဆိုပါလေ၊ ကျွန်တော်တို့ သွားကြပါစို့"



ရဲကြပ်ကြီး၏ မေတ္တာရပ်ခံချက်ကြောင့် ဒေါ်ရွှေလည်း အသံတိတ်ကာ သွားခဲ့တော့သည်၊

ချစ်မိုးသူနှင့် မာလာနှယ်တို့လည်း အဝတ်များကိုလဲလှယ်ကြပြီး အခန်းအပြင်သို့ ထွက်လာခဲ့ကြသည်၊

တည်းခိုခန်း မန်နေဂျာကတော့ သူတို့ကို ငေးကြည့်နေသည်၊

သက်မောင်နှင့် ဒေါ်ရွှေတို့က ကားပေါ်သို့ အရင်ဝင်ထိုင်နေကြသည်၊

ချစ်မိုးသူကတော့ သက်မောင် ကားကို မစီးလိုသဖြင့် ရဲကြပ်ကြီးအား လှမ်းပြောနေသည်၊

"ဒီမယ် အစ်ကိုကြီး၊ ကျွန်တော်တို့ ခြေကျင်ပဲလျှောက်ပြီး ရဲစခန်းကို လာခဲ့ပါမယ်၊ ဒီတည်းခိုခန်းနဲ့ ရဲစခန်းကလဲ သိပ်ဝေးတာမှမဟုတ်ဘဲ"

ထိုပြောသံကို ကြားရလျှင် သက်မောင်က လှမ်း၍ ကန့်ကွက်နေသည်၊

"ဟာ....ဘယ်ဖြစ်ပါ့မလဲဗျ၊ မဘော် မင်းတို့က ရဲစခန်းကို မလိုက်ဘဲ တခြားကိုလစ်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

"ဒီမယ်.... ကျွန်တော်တို့ဟာ ခင်ဗျားလို အကြံအမှုသမား မဟုတ်ဘူး၊ အမှန်အကန်သမားမို့ လုံးဝထွက်မပြေး

www.burmeseclassic.com



ဘူးဆိုတာ မှတ်ထားစမ်းပါ၊ မယုံရင် ဟောဒီက ရဲဘော်တွေပါ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ၊ သူတို့ကားကိုတော့ မစီးချင်ဘူး"

ချစ်မိုးသူကပြောလျှင် ရဲကြပ်ကြီးက သဘောတူဟန်ဖြင့် ခေါင်းကိုညိတ်ပြသည်။

"ကဲပါလေ...သူ ပြောသလိုသာလုပ်ပါ၊ ခင်ဗျားတို့က ရဲစခန်းကိုသွားနှင့်ကြ ကျွန်တော်တို့ ခြေကျင်လျှောက်ပြီး လာခဲ့ပါမယ်"

သက်မောင်လည်း မည်သို့မျှ ပြန်မပြောတော့ပေ။

ထက်ဘစ်ချက်ကိုခေါက်ကာ ကားကို မောင်းထွက်သွားခဲ့သည်။

ချစ်မိုးသူတို့ကလည်း နောက်မှ ခြေကျင်လျှောက်၍ လိုက်သွားခဲ့ကြသည်။

ရဲစခန်းမှာ သိပ်မဝေးလှသဖြင့် ငါးမိနစ်ကျော်ခန့် လျှောက်မိကြလျှင် ရောက်သွားခဲ့ကြသည်။

သူတို့အားလုံး စခန်းမှူး၏စားပွဲသို့ သွားခဲ့ကြသည်။

သက်မောင်နှင့် ဒေါ်ရွှေကတော့ စခန်းမှူး၏ စားပွဲခုံရှေ့တွင်ရှိ ကုလားထိုင်များပေါ်၌ ထိုင်နေကြသည်။

စခန်းမှူးမှာ ချစ်မိုးသူကိုတွေ့ရလျှင် ပြုံးချိုသောမျက်နှာဖြင့် လှမ်းပြောနေသည်။





"ကိုင်း...ငါ့ညီတို့၊ ဟောဒီက အဒေါ်တို့က ငါ့ညီကို အလိုမတူတဲ့ ဖြားယောင်း ခေါ်ဆောင်မှုရယ်၊ လူခိုးမှုရယ် အမှုနှစ်မှုဖွင့်ပြီး လာတိုင်နေတယ်၊ ဒီတော့ ငါ့ညီတို့ဘက်က ဘယ်လို သက်သေပြမလဲ"

"ဟုတ်ကဲ့...ပြနိုင်ပါတယ်၊ သူတို့ စွပ်စွဲ ထားကြတာတွေဟာ တစ်ခုမှမဟုတ်ပါဘူး၊ ကျွန်တော်နဲ့ ဟောဒီက မာလာနွယ်တို့ဟာ ဒီကနေ့ နေ့လယ်ဘက်ကဲ သန်လျင်မြို့နယ် တရားရုံးမှာ သက်သေတွေနဲ့အတူ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြပြီးပါပြီ၊ ဟောဒီမယ် ကျွန်တော်တို့နှစ်ဦးရဲ့ လက်ထပ်စာချုပ်ပါ စခန်းမှူးကြီး ခင်ဗျား"

ချစ်မိုးသူက ပြောရင်း သူတို့၏ တရားဝင် လက်ထပ်စာချုပ်ကို စခန်းမှူးထံသို့ လှမ်းပေးနေသည်။

စခန်းမှူးကလည်း စိတ်ဝင်စားဟန်ဖြင့် ချစ်မိုးသူ ပေးနေသော လက်ထပ်စာချုပ်ကို လှမ်းယူကာ ဖတ်ကြည့်နေသည်။

"ဟင်...ဒီလိုဆို ဒေါ်ဒေါ်တို့ဖွင့်မယ့်အမှုက တရားမဝင်နိုင်ဘူး၊ သူတို့ဘက်က သက်သေခံချက် အခိုင်အမာ ရှိနေပြီ"

စခန်းမှူးက ဒေါ်ရွှေအား စာချုပ်ကိုဖတ်အပြီး၌ ပြောပြနေသည်။

ဤတွင် ဒေါ်ရွှေမှာ အသားများ ဆတ်ဆတ်တုန်ယင်လာသည်အထိ ဒေါသတွေ ထွက်ပေါ်လာခဲ့တော့သည်။



www.burmeseclassic.com

"အိုး....သူ့သဘောနဲ့သူ လက်ထပ်လို့ ပြီးရောလား စခန်းမှူးကြီးရဲ့၊ သူဟာ ကျွန်မ ဆယ်မိုးဆယ်လလွယ်ပြီး မွေးလာခဲ့ရတဲ့ သမီးမို့ ကျွန်မ ကန့်ကွက်ချင်တယ်၊ ကျွန်မ သဘောတူမှသာ သူတို့ရဲ့ လက်ထပ်စာချုပ်ဟာ အဘည်ဖြစ်ရမှာပေါ့၊ မိဘနှစ်ပါးရဲ့ ဆန္ဒမရှိဘဲ သူ့သဘောနဲ့သူ ယူလို့ဘယ်ဖြစ်မလဲ၊ ဒီတော့ စခန်းမှူးကြီးကိုပဲ ပြန်မေးပါရစေ၊ အကယ်၍ စခန်းမှူးရဲ့သမီးဟာ စခန်းမှူးကြီး လုံးဝ သဘောမတူတဲ့သူနဲ့ယူရင် ဘယ်လိုလုပ်မလဲ၊ အတင်းခွဲပစ်မှာပဲ မဟုတ်လား၊ ကဲ....ကျွန်မ မေးတာကို ဖြေစမ်းပါဦး"

ဒေါ်ရွှေကဲမေးလျှင် စခန်းမှူးသာမက သူတို့နှင့်လိုက်ပါလာခဲ့ကြသော ရဲကြပ်ကြီးနှင့် ရဲသားများပါ ဝိုင်းရယ်နေကြတော့သည်၊

သူတို့တစ်တွေ၏ ရယ်သံကြောင့် ဒေါ်ရွှေ၁င်လျှင် အူကြောင်ကြောင် ဖြစ်သွားခဲ့ရသည်၊

ပြီးမှ စခန်းမှူးက တခစ်ခစ်ဖြင့်ရယ်ရင်း ဒေါ်ရွှေကို ပြန်ဖြေပုံက....

"အဟီး....ဒေါ်ဒေါ်ပြောသလို ကျွန်တော့်မှာသာ သမီးကလေးတစ်ဦး ရှိခဲ့ရင်ဘော့ ဖြစ်ကောင်းဖြစ်မှာပေါ့၊ ဒါပေမယ့် ကျွန်....ကျွန်တော်က အခုထက်ထိ မိန်းမ မရသေးတဲ့ လူပျိုကြီးဘဝမှာပဲ ရှိနေပါသေးတယ်၊ ဒီတော့ ဒေါ်ဒေါ်





မေးခွန်းကို အဖြေမပေးနိုင်ပါဘူး ခင်ဗျာ၊ ဟွား...ဟား....ဟား"

စခန်းမှူး၏ စကားအဆုံးတွင် ဒေါ်ရွှေ၏ မျက်နှာ ကြီးမှာ မဲ့ရွဲကာ သွားခဲ့သည်၊

ချစ်မိုးသူနှင့် မာလာနွယ်တို့ကတော့ ကျိတ်၍ရယ်နေကြသည်၊

သက်မောင်ကလည်း ဝင်မေးနေပြန်သည်၊

"ဒါဆိုရင် ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ရမလဲ စခန်းမှူးကြီးရယ်၊ သူတို့ကို အမှုဖွင့်လို့ မရဘူးလားဗျာ"

"အာ....ဘယ်လိုလုပ်ရမှာလဲ၊ ကဲ....ခင်ဗျားတို့ စိတ်ကျေနပ်အောင် အခုပဲ ဟိုမိန်းကလေးကို မေးပေးပါမယ်၊ တကယ်လို့ ဟောဒီက သူ့ချစ်သူကို ဆက်မပေါင်းချင်ဘူးဆိုရင် ခေါ်သွားကြပေါ့ဗျာ၊ ကဲ...ညီမ ဖြေစမ်းပါဦး၊ ဒီက ငါ့ညီမ ချစ်သူကို တကယ်ချစ်လို့ လက်ထပ်တာလား၊ ဒါမှမဟုတ် မိမ်းခြောက်ခံရလို့ လက်ထပ်ခဲ့တာလား အမှန်အတိုင်း ပြောစမ်းပါ"

"ဟုတ်ကဲ့ အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်မအသက် အခုဆိုရင် နှစ်ဆယ်ထဲ ရောက်နေပါပြီ၊ ဒီတော့ ကျွန်မ အနေနဲ့ အရွယ်ရောက်လာပြီမို့ ကျွန်မရဲ့ အိမ်ထောင်ဖက်ကို ကျွန်မဆန္ဒအတိုင်း ရွေးချယ်နိုင်ခွင့် ရှိတဲ့အတွက် အခုလို



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက ကိုချစ်မိုးသူနဲ့ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြတာပါ၊ ဘယ်ခြိမ်းခြောက်မှုကြောင့်မှလဲ မရှိပါဘူးရှင်"

ပြတ်သားစွာပြောလိုက်သော မာလာနွယ်၏ စကားများကို ကြားရလျှင် ဒေါ်ရွှေမှာ ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ သမီးဖြစ်သူကို ရိုက်ရန် ပြေးသွားခဲ့သည်။

ရဲကြပ်ကြီးက ဒေါ်ရွှေအား ဆွဲထားရင်း သတိပေးနေရသည်။

"အဒေါ်....အဒေါ်၊ သတိထားလေ၊ ဒါဟာ ရဲစခန်းဗျ၊ ဒီလိုလုပ်လို့ မရဘူးလေ၊ သတိထားမှပေါ့"

ထိုသတိပေးသံကိုကြားရမှ ဒေါ်ရွှေမှာ ငြိမ်သွားသွားခဲ့သည်။

သက်မောင်ကလည်း မာလာနွယ်အား လှမ်းကြိမ်းနေသည်။

"မာလာ...နင့်လောက်မိုက်တဲ့သူ ဒီကမ္ဘာမှာ ရှိမယ်မထင်ဘူး၊ နင်ဟာ မိဘကျေးဇူးလဲမထောက်၊ ငါ့မျက်နှာလဲ မထောက်ဘဲ နင်ထင်သလို ပြုသွားတာပေါ့၊ အေး...တစ်နေ့ကျမှ နင်ဟာ အမှားကြီးမှားပါကလားဆိုတာ နင် နောင်တရနေမှာ သိလား"

မာလာနွယ်ကလည်း အညံ့ခံမနေဘဲ ပြန်နှက်နေသော သည်။





"ဒီမယ် ကိုကိုမောင်၊ မာလာတို့ကတော့ နောင်တဆိုတာ ဘယ်တော့မှ ရအောင်မလုပ်ဘူး၊ ဘယ်တော့မှလဲ နောက်ကို ပြန်ဆုတ်တဲ့ မိန်းမမျိုး မဟုတ်ဘူး၊ ရှေ့သို့သာ ဆက်ပြီး လျှောက်သွားခဲ့မှာပါ၊ ပြီးတော့ မာလာရဲ့ ချစ်သူကလည်း မာလာ့ကို ဘယ်တော့မှ ပစ်မသွားဘူးဆိုတာ ယုံကြည်ထား ...သားပါလေ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

မာလာနွယ်က ပြောရင်း ရဲစခန်းမှ အရင်ဦးအောင် ...က်သွားခဲ့သည်။

ဒေါ်ရွှေကတော့ ဒေါသထွက်လွန်းသဖြင့် မာလာနွယ် ...း နောက်မှနေ၍ အောက်ပါအတိုင်း လှမ်း၍ကြိမ်းနေ ...သည်။

"ဟဲ့....အမိုက်မ၊ နင် ကြပ်ကြပ်သတိထား သိလား၊ နင့် ...ဲ ငါတို့က ဒီနေ့ကစပြီး သူ့နတ္တရ သားသမီးအဖြစ် ...ဘာထားလိုက်ပြီ၊ နင်ဟာ ငါတို့နဲ့မဆိုင်သလို ကာအမွေ ... မရစေတော့ဘူး၊ မနက်ဖြန်ထုတ်မယ့် သတင်းစာမှာ နင့်ကို ...နတ္တရ သမီးအဖြစ် ငါကြေညာမယ်ဟေ့...ကြေညာမယ် ...း"

...ချစ်မိုးသူကတော့ ရဲစခန်းမှူး ပြန်ပေးနေသော သူတို့၏ ...လက်ထပ်စာချုပ်ကို အမြန်ယူကာ မာလာနွယ်၏ ပခုံးလေး ...ကို၍ ရဲစခန်းတွင်းမှ အမြန်ပြန်ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂိုးလ်ဒင်းဂိတ် တည်းခိုခန်းသို့ အရောက်တွင် ဧည့်ခန်း၌ လှငွေရောက်နေသည်ကို ချစ်မိုးသူတို့ တွေ့ကြရသည်။

"ဟာ…လှငွေ၊ ညအချိန်မတော်ကြီး ဘာလာလုပ်တာလဲကွ"

ချစ်မိုးသူက အံ့သြသံဖြင့် လှမ်းမေးနေသည်၊

"ဘာလုပ်ရမှာလဲ၊ မင်းနဲ့ မာလာတို့အခြေအနေကို သိချင်လို့ အခုလို လိုက်လာခဲ့တာပဲ၊ ဒါထက် မင်းတို့ကို ရဲစခန်းခေါ်သွားကြတယ်လို့ ဒီက မန်နေဂျာကပြောလို့ သိရတယ်၊ အခု ဘာတွေ ဆက်ဖြစ်ကြသေးသလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ၊ ငါတို့က လက်ထပ်စာချုပ်ကို ပြလိုက်တယ်လေ၊ ပြီးတော့ မာလာကလဲ သူချစ်လို့ ငါနဲ့ လက်ထပ်တာပါဆိုတာ စခန်းမှူးကို ပြောပြလိုက်တော့ ကိစ္စ ဟာ ပြတ်သွားတာပေါ့၊ အဲ…ဒါပေမယ့် မာလာ့ကိုတော့ သူ့ အမေကြီးက အမွေဖြတ်လိုက်တယ်၊ ပြီးတော့ ဘာလဲကွာ ပဋိညာဉ်လို့လဲ ပြောလိုက်တယ်"

"ဘယ်လိုပြောတာလဲ၊ ငါ့ကို ပြောပြစမ်းပါဦး"

လှငွေက သိလိုဟန်ဖြင့် ချစ်မိုးသူကို မေးနေသည်၊

"ငါလဲ မမှတ်မိဘူးကွာ၊ သွားခတော့ပါတယ်"

မာလာနွယ်က စင်၍ ပြောပေးနေရသည်။





"သွာနုတ္တရ သမီးအဖြစ် အမွေဖြတ်မယ် ပြောတာပေါ့ အစ်ကို လှငွေရယ်"

"ဟား…ဟား…ဟား…မာလာရဲ့ အမေကတော့ အပြတ်ကို ပြောပစ်တာပဲနော်၊ အဲဒီ သွာနုတ္တရ သမီးဆိုတာတော့ မင်းတို့ သိကြရဲ့လား"

"ဟာ…ဘယ်သိပါ့မလဲ၊ မင်း သိရင် ရှင်းပြစမ်းပါဦး"

ချစ်မိုးသူက ပြန်ပြောနေသည်၊

"မာလာရော… သွာနုတ္တရဆိုတဲ့ ပါဠိ အဓိပ္ပာယ်ကို သိသလား"

လှငွေက မာလာနွယ်ဘက်သို့ လှမ်းမေးနေသည်၊

"မာလာလဲ မသိဘူး၊ ကြားတော့ ကြားဖူးနေတာပဲ၊ အစ်ကို လှငွေကရော သိသလား"

"သိပ်သိတာပေါ့၊ သွာနုတ္တရဆိုတာက မိဘကို တော်လှန်ရန်မူပြီး မိဘစကားကို လုံးဝနားမထောင်ဘဲ မိဘကို တော်ရန်သူလိုဖွယ်ပြုကျင့်တဲ့ ခွေးနဲ့တူသော သားသမီးလို့ဆိုတာပဲ၊ အဲဒီ သွာနုတ္တရသားသမီးများဟာ မိဘရဲ့ အမွေတွေကို ဘယ်နည်းနဲ့မှ မရနိုင်ဘူးလို့ ရန်ကုန် စီရင်ထုံး အတွဲတစ်ဆယ့်တစ် စာမျက်နှာ သုံးဆယ့်ကိုး ဦးဘိုးဦးနဲ့ မောင်ဖအေးမောင်တို့ရဲ့ အမှုမှာ ဆုံးဖြတ်ထားတယ်လေ"

လှငွေက သတင်းစာဆရာသမားပီပီ ချစ်မိုးသူနှင့် မာလာနွယ်တို့အား ရှင်းလင်းပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…အစ်ကို လှငွေကလဲ မာလာတာ မိဘကိုတော်လွန်တာမှ မဟုတ်ဘဲ၊ ဖြီးတော့ ရန်လဲမမူပါဘူး၊ သူတို့ ပေးစားကြမယ့် ကိုကိုမောင်ကို မလိုချင်တာကတစ်ကြောင်း ဒီက အစ်ကို ချစ်မိုးသူကိုလဲ မာလာကချစ်နေတာကတစ်ကြောင်းမို့ အခုလို လုပ်ခဲ့ရတာပါ၊ ဒီအတွက် မာလာ စိတ်မကောင်းပါဘူးရှင်"

မာလာနွယ် မျက်နှာငယ်ကလေးဖြင့် ပြန်ပြောနေသည်။

"အေးလေ…မာလာကခုတော့ ကိုယ်ချစ်တဲ့သူ မဟုတ်လို့ အခုလို မိဘစကားကို ပယ်ရှားတာဖြစ်ပေမယ့် ဟိုကတော့ မာလာ့အပေါ်မှာ စိတ်အနာကြီးနာလို့ အခုလို သူ့ခုတ္တရ သမီးအဖြစ် ကြေညာတာပေါ့၊ ဒါကလဲ မိဘဆိုတာ စိတ်ဆိုးတုန်းပါလေ၊ နောက်မာလာတို့မှာ သားသမီးတွေရလာကြတဲ့အခါ သူတို့ စိတ်ဆိုးပြေသွားကြမှာပါ၊ စိတ်မကောင်းဖြစ်မနေပါနဲ့တာ"

လှငွေက မာလာနွယ့်ကို ပြန်လည်၍ အားပေးနေသည်။

ချစ်မိုးသူကလည်း မာလာနွယ်၏ ပခုံးကလေးကိုဖက်က အားပေးနေသည်။

"တကယ်တယ် မာလာ၊ လှငွေ ပြောသလိုပဲ၊ မိဘဆိုတာ စိတ်ဆိုးတုန်းသာ အခုလိုလုပ်ကြတာပါ၊ ကြာရင် ဒီကိစ္စတွေကို မေ့ပြီး စိတ်ဆိုးပြေသွားမှာပါ၊ မာလာ့နားမှာ မောင်တစ်ယောက်လုံးရှိနေမှတော့ ဘာမှ အားငယ်စရာမရှိပါဘူးကွယ်"





ချစ်မိုးသူက မာလာနွယ်ကို အားပေးနေရာမှ ပါးတာလေးတစ်ဖက်ကိုပါ လှငွေရှေ့တွင် နမ်းပြလိုက်သည်။

"အာ…အာ…ဟော့ကောင်ကြီး၊ ငါ့ရှေ့မှာ ဘာလုပ်ပြနေရတာလဲ၊ ငါကလူပျိုကွ၊ မျက်စိရှက်စရာတွေ မလုပ်နဲ့ကွာ…တွန်း"

"ဟ…မျက်စိရှက်ရင် မျက်နှာလွှဲနေပေါ့ကွ၊ တို့ကတော့ ချစ်စခင်စ ကြင်နာစမို့ အခုလိုပဲနေမှာပဲ၊ ဟဲ…ဟဲ…ဟဲ…"

ချစ်မိုးသူက လှငွေကိုပြန်ပြောရင်း မာလာနွယ် အား သူတို့နေထိုင်ရာအခန်းထဲသို့ ဆွဲခေါ်၍ သွားခဲ့တော့သည်။

လှငွေမှာသာ သူတို့နှစ်ဦးကို နောက်မှ ငေးကြည့်ပြီး ကျန်ရစ်ခဲ့တော့သည်။

✲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ဘုရားအော ဖြစ်သူ၏ဆန္ဒအရ မိန်းမယူရန် ရန်ကုန်မြို့သို့ ဆင်းလာခဲ့သော ချစ်မိုးသူမှာ ယခုအခါတွင် မ၇လာနှင့် သည်းတူသော အလှသရဖူပိုင်ရှင်ကလေးအားရခဲ့ပြီမို့ စစ်ကိုင်းမြို့သို့ ပြန်လာခဲ့တော့သည်။

သူ လာမည့် အကြောင်းကို လည်း ဘုရားအောအကြီးထံသို့ ကြေးနန်းရိုက်ကာ အကြောင်းကြားထားခဲ့သည်။

သို့ဖြစ်၍ သူတို့စုံတွဲ မန္တလေးဘူတာကြီးသို့အရောက်တွင် ဘုရားအောဖြစ်သူ ဒေါ်ဒေါ်ဖြိုး အကြိုလွှတ်လိုက်သော ဆီဒင်ကားကလေးဖြင့် စစ်ကိုင်းမြို့သို့ ဆက်၍ ခရီးနှင်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မာလာနွယ်မှာ မန္တလေးမြို့ကိုရော စစ်ကိုင်းမြို့ကိုပါ တခါ ကြိမ်တစ်ခါမှ ရောက်ဖူးသူမဟုတ်၍ လမ်းတွင် မြင်မြင်သမျှ တို့မှာ အထူးအဆန်းဖြစ်နေတော့သည်။

စစ်ကိုင်းတံတားထိပ်သို့ အရောက်တွင် ချစ်မိုးသူက စီးလာ ခဲ့သောကားအား ထိပ်၌တွင် အရပ်ခိုင်းသည်။

သူတို့နှင့်အတူ လိုက်ပါလာခဲ့သော လှငွေက ချစ်မိုးသူကို လှမ်းမေးနေသည်။

"ဟော့ကောင်.... စစ်ကိုင်းတံတားကို သွားမှာ ကားနဲ့ မသွားဘဲ မင်းက ဘာကိစ္စရှည်ပြီး လမ်းလျှောက်ချင်ရတာလဲ ဒီတံတားကြီးက ရှည်လျားပေများဘယ်ကွ"

"ဟကောင်ရ....မင်း ဘာသိလို့လဲ၊ မောင်ဇီက ငါ့ဇနီးချော ကလေး မာလာဟာ စစ်ကိုင်းကို လုံးဝမရောက်ဘူးသေးတာ ဒီတံတားကြီးပေါ်ကိုကားနဲ့အသွားမခိုင်းဘဲ ခြေကျင်လျှောက် စေချင်လို့ပေါ့၊ မင်း မလျှောက်ချင်ရင် ကားနဲ့ကြွတော်မူလေ တို့ကတော့ ခြေကျင်လျှောက်လာခဲ့မယ်"

ချစ်မိုးသူကပြောလျှင် လှငွေက ခေါင်းကိုညိတ်ပြရင်း ပြ ပြောနေသည်။

"ကောင်းပြီ၊ ငါကတော့ ဒီတံတားကြီးကို ခဏခဏ ရောက်ဖူးတဲ့သူမို့ ခြေကျင် လျှောက်မနေတော့ဘူး၊ မင်းတို့ စုံတွဲမို့ လျှောက်ခဲ့ကြပေတော့၊ ငါကတော့ ကားပေါ်မှာ





ခိမ်နဲ့ ထိုင်လိုက်ရင်း တံတားကြီးရဲ့ အရသာကို ခံစားမယ် ကွာ၊ ဟဲ....ဟဲ...."

လှငွေပြောရင်း ကားပေါ်သို့ ပြန် တက် သွား ခဲ့ တော့ သည်။

သူ တက်အပြီးတွင် ကားကလေးမှာ အဝင်ဝတွင် ဂိတ် ကြေးကိုဆောင်ကာ တစ်ဖက်သို့ မောင်းသွားနေသည်။

ချစ်မိုးသူနှင့် မာလာနွယ်တို့မှာလည်း ကားနှင့် မလိုက်ဘဲ ခြေကျင်ဆင်းလျှောက်ကြသူတွေမို့ သူတို့နှစ်ဦးလည်း ဂိတ် ကြေးပေးကြရသည်။

စစ်ကိုင်းတံတားကြီးပေါ်သို့ ရောက်သည့်အခါတွင်လည်း ချစ်မိုးသူက မာလာနွယ်အား တံတားကြီးပေါ်မှနေ၍ ပတ် ဝန်းကျင် တစ်ဝိုက်ကို ပြနေသဖြင့် နှာရိုက်ခန့် ကြာနေသေး သည်။

"အောင်မယ်လေးလေး.... တံတားပေါ်ကနေ လျှောက် နေတာ ကြာလိုက်တာကွာ၊ တကတဲ လိပ်နဲ့ အပြေးပြိုင်နေ သလိုပဲ"

ချစ်မိုးသူနှင့် မာလာနွယ်တို့ စစ်ကိုင်းမြို့ဘက်သို့ဝင်သော ဂိတ်ပေါက်သို့ အရောက်တွင် လှငွေက အထက်ပါအတိုင်း လှမ်းပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာဆို မာလာ့ကို တံတားကြီးပေါ်ကနေ ရှုခင်းစုံကို ပြနေရလို့ပေါ့ကွ၊ မင်းက ဘာကိစ္စ သောနေရတာလဲ၊ ဒါ အဘွားရဲ့အိမ်က ထွက်မပြေးပါဘူးကွ...ဟဲ...ဟဲ"

"မင့်အဘွားအိမ်က ထွက်မပြေးပေမယ့် ငါ့ဗိုက်က တဂွီဂွီနဲ့ ဖုန်းဆက်နေလို့ကွ သိလား"

"အင်း...မင်းကတော့ တစ်ဆိတ်ရှိ ဆာနေတာပဲ၊ လမ်းမှာလဲ ကျွေးခဲ့တယ် မဟုတ်လား၊ မင့်ဗိုက်က ဖုတ်ဝင်နေတယ်နဲ့တူတယ်...ဟား...ဟား...ဟား"

ချစ်မိုးသူက လှငွေအားပြောရင်း မာလာနှယ်နှင့်အတူ သူတို့၏ကားပေါ်သို့ တက်သွားခဲ့သည်။

လှငွေသည်း နောက်မှ လိုက်တက်သွားခဲ့သည်။

မကြာမီ သူတို့စီးလာခဲ့ကြသော ကားကလေးမှာ ဒေါ်ဒေါ်ဖြိုး၏ တိုက်ရှေ့သို့ ရောက်သွားခဲ့ကြသည်။

ဘွားဘွားအဖြစ်သူ ဒေါ်ဒေါ်ဖြိုးက တိုက်ဝမှ ဆီးကြိုကာ နေသည်ကို သူတို့အားလုံး မြင်နေကြရသည်။

"ဟော့...မင်းတို့ ရန်ကုန်က ညနေ ၄ နာရီ အမြန်ရထားနဲ့ လိုက်လာကြတာ မဟုတ်လား"

ချစ်မိုးသူတို့ ကားပေါ်မှဆင်းတွင် ဒေါ်ဒေါ်ဖြိုးက မေးနေသည်။



"ဟုတ်တယ် ဘွားဘွား... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မင်းတို့ရောက်တဲ့အချိန်က နောက်ကျနေလို့ မေးရတာပါ၊ လမ်းမှာ ရထားဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ သူ့ပုံမှန်အတိုင်း ရထားက မန္တလေးဘူတာကို ရောက်ပါတယ်လေ"

"ဟဲ့... ဒါနဲ့ဘောင် အခု မနက်ဆယ့်တစ်နာရီမှ ဒီကို ရောက်လာကြရသလား"

"အဟဲ... ဒါကတော့ ဟောဒီက ဘွားဘွားရဲ့ မြေးမကလေးကို စစ်ကိုင်းတံတားကြီးပေါ်ကနေ ရှုခင်းစုံကိုပြနေရလို့ နည်းနည်းနောက်ကျသွားတာပါ"

ချစ်မိုးသူကပြောရင်း သူ၏ဘေးတွင် ခပ်ကုပ်ကုပ်ကလေး ရပ်ကာနေသော မာလာနှယ်ကိုပြရင်း ပြောနေသည်၊

"မာလာ...မောင် ပြောပြောနေတဲ့ ဘွားဘွား ဆိုတာပေါ့၊ ဘွားဘွား...ကြည့်ပါဦး၊ ဘွားဘွားရဲ့ မြေးချစ်ကလေးကို၊ လှပါတယ်နော်...အဟီး"

ချစ်မိုးသူက ဘွားဘွားအနှင့် ဇနီးသည်တို့ကို အပြန်အလှန် မိတ်ဆက်ပေးနေသည်။

"ဟုတ်ကဲ့... ဘွားဘွားနဲ့တွေ့ရတာ ဝမ်းသာပါတယ်"

မာလာနှယ်က ပြုံးချိုသောမျက်နှာဖြင့် ပြန်ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ဖြိုးကလည်း မာလာနွယ်အား ချစ်ခင်သော အမူအရာနှင့် ပြန်ကြည့်ရင်း ချီးမွမ်းနေသည်၊

"အေး...အေး...ဘွားဘွားကတော့ သမီးကို အခုမှမြင်ဖူး တွေ့ဖူးပေမယ့် ဟောဒီ ငါ့မြေးကလေးရဲ့ ပေးစာတွေအ သမီးဟာ အင်မတန်ချောမောလှပတယ်ဆိုတာကိုတော့ သိနေ တာ ကြာပါပြီကွယ်၊ အခု သမီးကို မြင်ရတဲ့အခါကျတော့ မြေးကလေး ပြောတဲ့အတိုင်း ရွှေယမင်းရုပ်ကလေးလို ချော မောလှပနေတာကို သိရပါတယ်၊ ဒီအတွက် ဘွားဘွားကလ ဂုဏ်ယူပါတယ်ကွယ်၊ အင်း...အဲဒီလို ဂုဏ်ယူပေမယ့် သမီးရဲ့ ဇာတာကိုတော့ စစ်ဆေးကြည့်ရဦးမယ်ကွယ့်၊ ဒါတွေကိုလ သမီးကို မြေးကလေး မောင်ချစ်မိုးသူက ပြောပြထားပြီးရော ပေါ့နော်"

"တွတ်ကဲ့...ပြောပြပြီးပါပြီ ဘွားဘွား"

"ပြောပြီးပြီဆိုရင် တို့တစ်တွေ အခုပဲ ဗေဒင်ဆရာဆီကို သွားကြရအောင်လား၊ ဒါထက် ဟိုဘက်နားက ပြုံးဖြဲဖြဲလုပ် နေတဲ့ သူငယ်က ဘယ်သူများလဲကွယ့်"

မာလာနွယ်အား ပြောနေခိုက် သူတို့အနီးတွင် စပ်ဖြဲဖြဲ မျက်နှာနှင့် နားထောင်နေသော လှငွေကို မေးနေခြင်းဖြစ်

"လှငွေလေ...ဘွားဘွား မမှတ်မိတော့ဘူးလား"

"ဩော်... ဩော်... ရွာတောင်ဘက်က မမင်းသူရဲ့သား မဟုတ်လား"





ဒေါ်ဒေါ်ဖြိုးက အဘွားကြီးပီပီ လေရှည်ကာ မေးနေ သည်။

လှငွေက ခေါင်းကိုညိတ်ပြရင်း ပြန်ပြောနေသည်၊

"ဟုတ်ပါတယ် ဘွားဘွား၊ ကျွန်တော်က ဒေါ်မင်းသူရဲ့ သား၊ အပျင်းထူတဲ့ အဲ...ဟုတ်ပါဘူး၊ လှငွေလေ ဘွားဘွား ရဲ့မြေး ချစ်မိုးသူ အခုလိုမိန်းမလှကလေးရအောင် ကျွန်တော် ကူညီပေးခဲ့တာပေါ့...တဲ့...တဲ့"

"အေးကွယ်...အခုလို အကူအညီ ပေးခဲ့တာကို ဘွား ဘွားကလဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် လှတာချောတာ ချည်းက မပြီးသေးဘူး၊ မြေးဦးတခွေးဟာ ယောကျ်ား ကလေး ဖြစ်ဖို့ကလဲ အရေးကြီးတယ်ကွယ့်"

"အာ... စိတ်ချ၊ ဘွားဘွားရဲ့ မြေးချွေးမကလေးဟာ သားဦးယောကျ်ားကလေး မွေးမှာ သေချာပါတယ်ခင်ဗျ... ဟဲ...ဟဲ"

"ဟယ်...မဟုတ်တာဘဲ၊ မင်းက ဘယ်လိုကြောင့် အာမခံ ရဲရဲနဲ့ ပေးနေရတာလဲ၊ မင်းပြောတာကိုတော့ ငါ မယုံကြည် ပါဘူး၊ ဒါကြောင့် ငါဗေဒင်ဆရာကြီးဆီကိုပဲ သွားရလိမ့် မယ်"

ဒေါ်ဒေါ်ဖြိုးက ပြောပြောဆိုဆိုနှင့်ပင် အိမ်ပေါ်မှ ဆင်း၍ ဆင်းသွားခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးသူတို့လည်း ဒေါ်ဒေါ်ဖြိုး၏နောက်သို့ လိုက်ပါသွားခဲ့ကြသည်။

ဗေဒင်ဆရာကြီး ဦးဓတာက်ထိန်၏ အိမ်ရှေ့သို့ သူတို့စီးလာခဲ့ကြသော ဆီဒင်ကားကလေး ရပ်လျှင်ရပ်ချင်း ကားပေါ်၌ ပါလာခဲ့သော လှငွေက ဆိုင်းဘုတ်တွင် ရေးထားသော ဗေဒင်ဆရာကြီး၏ စာကိုအသံကျယ်ကျယ်ဖြင့် ဖတ်နေတော့သည်။

"သင့် တစ်သက်တာအတွက် အဆိုးအကောင်း မှန်သမျှတို့ကို အကျိုးအကြောင်း မှန်ကန်စွာသိလိုပါက မြန်မာ့ဗေဒပညာရှင်ကြီး ဆရာဓတာက်ထိန်နှင့် တစ်ခါတစ်ခေါက် လာရောက်၍ တွေ့လှည့်စမ်းပါ၊ ပြောမယ်ံ ကြုံဖူးမှသိမည် ဆိုလောက်အောင် ပါးစပ်သဘောနဲ့ မလုပ် အတပ်ပြော၍ ဟောကိန်းထုတ်ပေးမည်၊ ဆင်းရဲသားတွေရော သူဌေးတွေပါ ဝန်မလေးဘဲ ကြည့်ရှုနိုင်ကြစေရန် ဗေဒင်ဟော ဈေးနှုန်းများကို အသက်နိုင်ဆုံး လျှော့ထားသည်၊ ယောကျာ်းဆိုလျှင် တစ်ခါကြည့် နှစ်ဆယ့်ငါးကျပ်၊ အမျိုးသမီးဆိုလျှင် တစ်ခါကြည့် တစ်ဆယ့်ငါးကျပ်၊ ထို့ပြင် ယတြာများကိုလဲ အထူးမေတ္တာထား၍ အခမဲ့ချပေးနေပါသည် ဆိုပါကလား ဟား...ဟား...ဟား"

"ဟဲ့...လှငွေ! မင်း ဘာကိစ္စ ဗေဒင်ဆရာကြီးရဲ့ စာတွေကို အော်ကြီးဟစ်ကျယ်နဲ့ ဖတ်နေရတာလဲ၊ ဟိုက သိသွားရင် စိတ်ဆိုးနေပါဦးမယ်ကွယ်"



ဒေါ်ဒေါ်ဖြိုးက သဘောမကျသံဖြင့် လှငွေကို လှမ်းပြောနေသည်။

ချစ်မိုးသူနှင့် မာလာနွယ်တို့ကတော့ တခစ်ခစ်ဖြင့် ရယ်နေကြသည်၊

ဗေဒင်ဆရာကြီးမှာ သူတို့၏ ကားရပ်သံကြားကတည်းက အိမ်ပေါ်မှနေ၍ ဆင်းလာကာ ကြိုဆိုနေသည်။

"ဟဲ...ဟဲ...ကျောင်းအမကြီးတို့ ဒီကနေ့ လာကြမယ်ဆိုတာ မနက်ကတည်းက အာရုံရထားတာဗျ၊ ဟဲ...ဟဲ"

ဗေဒကာဝိန် ဆရာဓတာက်ထိန်က ဗေဒင်ဆရာပီပီ အားလုံးပေးနေသည်။

ချစ်မိုးသူတို့ အုပ်စုက မယုံကြည်ကြသော်လည်း ဒေါ်ဒေါ်ဖြိုးကတော့ ယုံကြည်နေသည်၊

"ဆရာကြီးကတော့ တကယ့်ကို တော်ပါပေတယ်ရှင်၊ ဒါကြောင့် ဗေဒကာဝိန် ဆရာတောက်ထိန်ရယ်လို့ ထင်ပေါ်ကျော်ကြားနေတာပေါ့၊ ဪ...ဆရာကြီးနဲ့ မိတ်ဆက်ပေးဦးမယ်၊ သူတို့က ကျွန်မရဲ့မြေးနဲ့ မြေးချွေးမလေး၊ သူတို့အတွက် ဗေဒင် လာမေးကြတာပါရှင်"

ဒေါ်ဒေါ်ဖြိုးက ချစ်မိုးသူနှင့် မာလာနွယ်တို့ကို မိတ်ဆက်ပေးနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဩြော်....ကျောင်းအမကြီးရဲ့ မြေးချစ်ကလေး မောင်ချစ်မိုးသူဆိုတာ ဒီကလေးလား၊ အခုမှပဲ မြင်ဖူးတော့တယ်၊ သူ့ဇနီးလေးကလဲ ချောလိုက်လှလိုက်တာ လွန်မပါရောလား၊ ဒါပေမယ့် ဇာတာကိုတော့ စစ်ဆေးရလိမ့်မယ်နော်၊ ဟဲ....ဟဲ...."

ဆရာတောက်ထိန်က ပြန်ပြောနေသည်။

"ဟာ....အစစ်ပေါ့၊ ဒါကြောင့်လဲ ကျွန်မဟာ သူတို့ရဲ့ဇာဘာစစ်ဖို့ ဆရာကြီးဆီကို ခေါ်လာခဲ့တာပေါ့"

"သိပါတယ်ဗျာ၊ ကျုပ်က မနက်ကတည်းက အာရုံရနေတဲ့ဟာ၊ အဲ....မောင်ချစ်မိုးသူရဲ့ ဇာတာကတော့ စစ်ပြီးနေလို့ စစ်စရာ မလိုပါဘူးခလေ၊ ဟောဒီက တူမကြီးရဲ့ ဇာတာကိုသာ စစ်ဖို့လိုတာပေါ့၊ ကဲ....အိမ်ပေါ်ကိုကြွကြွပါ"

ဆရာတောက်ထိန်ကပြောရင်း အိမ်ပေါ်သို့ ခေါ်သွားခဲ့သည်။

ဒေါ်ဒေါ်ဖြိုးတို့လည်း နောက်မှ လိုက်ပါသွားခဲ့ကြသည်။

အိမ်ပေါ်သို့ရောက်၍ ဦးတောက်ထိန် ဗေဒင်ဟောမည့်နေရာသို့ အရောက်တွင် လှငွေက ဦးတောက်ထိန်၏ မျက်နှာကို စပ်ဖြဲဖြဲနှင့်ကြည့်ကာ လှမ်းခေါ်နေသည်။

"ဆရာကြီး ခင်ဗျာ"

"ဟေ...."





"ဆရာကြီးဟာ ကျွန်တော်တို့ လာကြမယ်ဆိုတာ အာရုံသားခဲ့သလို အခု ကျွန်တော် ရှေ့ပော်နေတာကိုကော အာရုံရသွားလား ခင်ဗျ"

"မရဘူး၊ အဲ....အဲ....မင်းက ဘာကိစ္စ ဒီလိုမေးနေရတာ"

"မေးဆို ရေကာ အရမ်းကိုငတ်နေလို့ ရေတစ်ခွက်လောက်စေချင်တယ်"

"ဒါများကွာ....လျှာရှည်ပြီး မေးနေရသေးတယ်၊ မင်းတော်ရင် ငါ ခပ်ပေးပါမယ်ခလ"

ဦးတောက်ထိန်က ပြောရင်း နောက်ဖေးခန်းသို့ ဝင်သွားသည်။

ဒေါ်ဒေါ်ဖြိုးကတော့ လှငွေအား လှမ်းဆူနေသည်။

"မင်းကလဲ ရေငတ်ရင် အိမ်မှာတုန်းကတော့ မသောက်ဘူး ဒီကျမှ သောက်ရသလား၊ ဆရာကြီးကို အားနာဖို့ကောင်းတယ်"

"ဟာဗျာ....ကြီးကြီးကလဲ၊ အိမ်မှာ ရေသောက်ဖို့အချိန်မှာတဲ၊ ကြီးကြီးက ခရီးရောက်မဆိုက် ဒီကိုသွားမယ်လို့ ပြောတာကိုး၊ ဟဲ....ဟဲ"

လှငွေ ပြောနေခိုက်မှာပင် ဆရာဘောက်ထိန်မှာ ဖန်ခွက်ရေအပြည့်ခပ်ကာ လာပေးနေသည်။



www.burmeseclassic.com

"ရော့ဟော့...ရေငတ်တဲ့ သူငယ်"

လှငွေက လှမ်းယူရင်း မေးနေသေးသည်။

"ဆရာကြီးရဲ့ရေဟာ ရေသန့်လား ခင်ဗျ"

"သန့်ပါတယ်ကွာ...ငါတို့က တွင်းရေပါကွ"

ဦးတောက်ထိန်၏ စကားအဆုံးတွင် လှငွေက မသောက်သေးဘဲ ဘေးတွင်ထိုင်နေသော ချစ်မိုးသူဘက်သို့ လှမ်းကြည့်ကာ မေးနေသည်။

"ဟေ့...မင်းတို့ကော ရေမငတ်ဘူးလား၊ ငတ်ရင်သောက်လေကွာ"

"အေးကွာ...ငါလဲ ရေငတ်နေတာ ကြာပါပြီ"

ချစ်မိုးသူက ပြောရင်း လှငွေလက်တွင်းမှ ရေဖန်ခွက်ကို လှမ်းယူသည်။ ပြီးတော့ မာလာနွယ်ဘက်သို့လှည့်ကာ မေးနေသည်။

"မာလာ...ရေသောက်မလားဟင်"

"ကောင်းသားပဲ၊ မောင်အရင်သောက်လေ၊ ပြီးမှ မာလာသောက်ပါမယ်"

ချစ်မိုးသူက ဖန်ခွက်ထဲမှရေကို တစ်ဝက်အထိ သောက်သည်။

ပြီးတော့ မာလာနွယ်အား သောက်ရန် ပေးသည်။





မာလာနွယ်ကတော့ ကျန်နေသော ရေများကို အကုန်သောက်ပစ်သည်။

"ဟော်ဗျ...သူတို့သောက်လို့ကုန်သွားပြီ၊ ဒီတော့ နောက်တစ်ခွက်လောက် ပေးပါဦးလား ဆရာကြီး၊ ဟဲ...ဟဲ"

လှငွေကပြောလျှင် ဦးတောက်ထိန်က ခေါင်းကိုညိတ်ပြရင်း ပြန်ပြောသည်။

"ရပါတယ်ကွာ...ရေလှူရတဲ့အကျိုးက ဆယ်ပါးတောင် ပြည့်တဲ့ဟာ"

ဦးတောက်ထိန်သည် ပြောရင်း ရေခပ်ရန်အတွက် အိမ်နောက်ဖေးထဲသို့ ဝင်ပြေးသွားပြန်သည်။

ခေါ်ခေါ်ဖြိုးကတော့ သူတို့ကို သဘောမကျဟန်ဖြင့် မျက်စောင်းထိုး၍ ကြည့်နေသည်။

ဦးတောက်ထိန်သည် ရေတစ်ခွက်ကိုခပ်ကာ ယူလာပြန်သည်။

လှငွေက ဦးတောက်ထိန်ထံမှ ရေကိုလှမ်းယူကာ သောက်ပစ်သည်။

"အဟဲ...ဆရာကြီးရေ...နောက်တစ်ခွက်လောက် ပေးပါဦးလား၊ ရေသောက်ရတာ မဝသေးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လှငွေ၏ စကားများကြောင့် ဗေဒင်ဆရာကြီး၏ မျက်နှာမှာ ကင်းကိုက်ခံရသလို မဲ့သွားခဲ့သည်။

သူ့အဖို့ရေက နောက်တစ်ကြိမ် ခပ်ပေးရဦးမည်မို့ စိတ်တိုစ ပြုလာသည်။

သို့သော် ခန္တီစ သည်းခံခြင်းဖြင့် သွားခပ်ပေးနေရပြန်သည်။

တတိယအကြိမ်မြောက် ရေဖန်ခွက်ကိုယူလာကာ လှငွေကို ပေးနေသည်။

လှငွော ဖန်ခွက်ကိုလှမ်းယူရင်း ချစ်မိုးသူ့ကို မေးနေပြန်သည်။

“ဟော့ကောင်....ရေသောက်ဦးမလား၊ သောက်ချင်ရင် ယူသောက်ကွ၊ ဆရာကြီးကတော့ ရေလှူရတဲ့အကျိုးဟာ ဆယ်သိန်းဆုကို ရဆိုပဲ”

“တယ်....ဟဲ့....သူငယ်၊ ဆယ်သိန်းဆုရတာ မဟုတ်ဘူးသေ၊ ဆယ်ပါးဆုပါကွ”

“အဟီး....ကျွန်တော်ပြောတာလဲ မမှားပါဘူး ဆရာကြီးရယ်၊ ဆယ်သိန်းရနေမှတော့ ဆယ်ပါးဆုက ပီရဘာပေဟီး....ဟဲ”





လှငွေက ပြောရင်း ဦးတောက်ထိန် ခပ်လာခဲ့သောရေကို တစ်စက်မှမကျန်အောင် သောက်ပစ်တော့သည်။

ဦးတောက်ထိန်က လှငွေ ရေသောက်နေသည်ကို မျက်နှာကြီးမဲ့ကာ ကြည့်ရင်း မေးသည်။

“ဝသွားပြီလားကွယ့်....လိုချင်ရင် ပြောလေကွာ”

ဦးတောက်ထိန်က တမင်ငေါ့၍ မေးနေသည်။

လှငွေကလည်း လူတစ်ဖက်သားကို မနောက်ရ မပြောင်ရလျှင် အစာအိမ်ရောဂါ စွဲချင်သူမို့ သူကလည်း ပြန်ပြောနေသည်။

“ဟဲ့...ဟဲ့... ဆရာကြီးက ရေလှူတာကို ဝါသနာကြီးပုံရတယ်၊ ဒီတော့ နောက် တစ်ခွက်သောက်မှား ရနိုင်ရင် လုပ်စမ်းပါဦး”

လှငွေ၏စကားအဆုံးတွင် ဗေဒင်ဆရာကြီးမှာ ဘာမပြောညာမပြောနှင့် သူ့အနီးမှ ချာခနဲလှည့်ထွက်ကာ အိမ်ထဲသို့ ပြန်ဝင်သွားခဲ့သည်။

ပြီးတော့ သောက်ရေအိုးကြီးကို လက်နှစ်ဖက်ဖြင့် မနိုင်မနင်း မလာခဲ့ပြီး လှငွေ၏အနီးသို့ချရင်း ပြောသည်။

‘ကိုင်း....ဝသလောက် သောက်စမ်းကွာ”



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေါက်ထိန်၏ စကားများကြောင့် လှငွေရော ချစ်မိုးသူတို့ ဇနီးမောင်နှံပါ တခစ်ခစ်ဖြင့် ရယ်နေကြတော့သည်။

ဒေါ်ဒေါ်ဖြိုးခွာသာ အားနာနေဟန်ဖြင့် မရယ်နိုင်ဘဲ ရှိနေသည်။

"ဆရာကြီး နှယ်ဗျာ.... ဒီလောက်ကြီးတဲ့ ရေအိုးကြီးကို တစ်ယောက်တည်း မ,လာရသလားလို့၊ အားနာလိုက်တာ အဟီး...."

"ဘာမှ အားနာမနေနဲ့၊ မင်းကို ရေ ခဏခဏခပ်ပေးနေရလို့ ကြာရင် ငါဟာ ပေဒင်ဆရာဘဝကနေ အောက်တိုမက်တစ် ပန်နီဝါလားဖြစ်တော့မှာမို့ အခုလိုရေအိုးကြီးပါမ,လာခဲ့တာကွ၊ သိလား"

"တွတ်ကွဲ...ချောရီးပဲ ဆရာကြီး၊ ဒါထက်၊ ဆရာကြီးရဲ့ မိန်းမက ဘယ်ကိုသွားနေလို့ အခုလို တစ်ယောက်တည်း ရေအိုးကြီးကို မ,လာရသလားခင်ဗျ"

"ဘယ်...ဘာတွေလာပြောနေရတာလဲ၊ ငါ့မှာ မိန်းမ မရှိဘူး"

"ဩော်....ဩော်....ဆုံးသွားပြီလား၊ ဘာရောဂါနဲ့လဲ"

"မီးယပ်ရောဂါ....တယ်....ဒီသူငယ် ဘာတွေလာမေးနေရှာသလဲ၊ ငါတောင် ကြောင်ချင်လာပြီ၊ ငါက လူပျိုကြီးပါကွ မိန်းမယူဖို့လဲ စိတ်မကူးသေးဘူး၊ သိလား"





"ဟာဗျာ....ဆရာကြီးအသက်က ကြီးပဲကြီးလှပါပြီ ယူဖို့ သင့်တာပေါ့၊ ဂေါ်မစွံကြီး ဖြစ်နေလို့လားခင်ဗျ၊ ဟဲ...ဟဲ"

"အေးပေါ့....ဘာ ဘာ....ဘာ....ဂေါ်မစွံဘာ လဲ ငါလို ပေဒင်အကျော်အမော်အဖို့ မစွံဘဲနေပါမလားကွ၊ တော်စမ်းကွာ၊ မင်းနဲ့ စကားပြောနေတာနဲ့ ဒီက ကျောင်းအမကြီး ခိုင်းတဲ့အလုပ်ကိုတောင် မလုပ်နိုင်သေးဘူး၊ ဒီတော့ ငါ့ကို ဘာမှဆက်ပြောမနေနဲ့၊ မင်းရှေ့မှာရှိတဲ့ ရေအိုးထဲက ရေကိုသာ အားပါးရသောက်နေ၊ ငါက တော့ ဇာတာခစ်လိုက်ဦးမယ်"

ဦးဒေါက်ထိန်သည် လှငွေအား ပြောရင်း သူ၏စားပွဲသို့ ဝင်ထိုင်နေသည်။

ပြီးတော့ ဒေါ်ဒေါ်ဖြိုးအား လှမ်းမေးနေသည်၊

"ဒီသူငယ်က ကျောင်းအမကြီးနဲ့ ဘာတော်သလဲ"

"ဘာမှမတော်ပါဘူးရှင်၊ သူက ကျွန်မ မြေးကလေးရဲ့ သူငယ်ချင်းပါ၊ သူ့ကို ခွင့်လွှတ်ပါနော်၊ သူက အခုလိုပဲ ဘာမ အလိုက်ကမ်းဆိုး မသိဘူးရှင့်"

"ရပါတယ်ဗျာ.... ကျုပ်က ပေဒင်ဆရာဆိုတော့ လူအမျိုးမျိုး ဆက်ဆံနေရတာ၊ သည်းခံခွင့်လွှတ်တတ်ပါတယ်"

ဦးဒေါက်ထိန်က ပြောရင်း လှငွေဘက်သို့ မျက်စောင်းထိုးကြည့်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



လှခင္ဂက ဗေဒင်ဆရာကြီးအား သွားကြိုးကို ဖြဲပြနေသည်၊ ချစ်မိုးသူနှင့် မာလာနွယ်တို့မှာတော့ လှငွေနှင့် ဗေဒင်ဆရာတို့ကိုကြည့်၍ ကျိတ်ရယ်နေမိကြသည်။

''ကိုင်း....ဆရာကြီး၊ ကျွန်မပြောထားတဲ့အတိုင်း ဒီမြေးလေး၏ ဇနီးသည်ရဲ့ဇာတာကို တွက်ပေးပါဦး''

''ဩော်....သမီး ဇာတာပါလာတယ် မဟုတ်လား''

ဒေါ်ဒေါ်ဖြိုးက မေးနေသည်။

ချစ်မိုးသူက မာလာနွယ်၏ကိုယ်စား စင်ပြောနေသည်။

''သူမှာ ဇာတာပါမလာဘူး ဘွားဘွားရဲ့၊ သူ့ဇာတာက သူ့မိဘအိမ်မှာ ရှိပါတယ်''

''ဟဲ့....ဘာဖြစ်လို့ သူက ယူမလာရဘာလဲ၊ တစ်ခါတည်း ယူလာရင် ပြီးတဲ့ဟာ''

ဒေါ်ဒေါ်ဖြိုးက အပြစ်တင်သံဖြင့် ပြောနေသည်။

''ဟာ....ဘွားဘွားကလဲ၊ ယူလာဖို့က မလွယ်ဘူးလေ၊ သူ့မိဘတွေက ကျွန်တော်နဲ့ သဘောတူကြီတာမှ မဟုတ်တာ၊ သူ့ကို ခိုးယူလာရတာမို့ ဇာတာ ဘယ်မှာပါလာတော့မှာလဲ၊ ဇာတာမပါရင် ဗေဒင်ဟောလို့မရဘူးလား ဆရာကြီး''





''ရပါတယ်လေ....သူ့မွေးလဲ မွေးရက်နဲ့ နေ့ကိုသိရင် ပြီးတာပါပဲ၊ ဒီတော့ ပြောစမ်း၊ သူက ဘာနေ့သမီးလဲ''

''သောကြာသမီးပါ''

မာလာနွယ်က ယောင်ယမ်း၍ ဖြေလိုက်မိသည်။

''ဟင်....သောကြာသမီး ဟုတ်လား၊ နို့.... ငါ့ကိုပြောတုန်းက ကြာသပတေးသမီးဆို''

ဒေါ်ဒေါ်ဖြိုးက အံ့အားသင့်သံဖြင့် လှမ်းမေးနေသည်။ ပါကို ချစ်မိုးသူက အဆင်ချောအောင် ဝင်ပြောနေရသည်။

''ဒါက ဒီလိုပါလေ၊ သူက ငယ်ငယ်တုန်းက စကားများလွန်းတော့ သူ့ကို သူ့မိဘတွေက သောကြာသမီးလေး ကျနေတာပဲ၊ စကားကလဲ များလိုက်တာလို့ ပြောပြောနေတဲ့အတွက် အခုလို ယောင်ယမ်းပြီး ပြောလိုက်မိတာပါ၊ သူ့မွေးအမှန်က ကြာသပတေးသမီးပါ ဘွားဘွားရဲ့၊ သူ့နာမည်ကို ကြည့်ရင် သိနိုင်ပါတယ်လေ... ဟဲ... ဟဲ''

မာလာနွယ်ကလည်း အလိုက်သိစွာနှင့်ပင် ပြန်ပြောနေသည်။

''ဟုတ်ပါတယ်၊ သူပြောသလိုပါပဲ၊ သမီးက ကြာ... ကြာသပတေးသမီး အစစ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေများကိုကြားရမှဗေဒင်ဆရာကြီးရော ဒေါ်ဒေါ်ဖြိုးပါ ကျေနပ်သွားခဲ့ကြသည်။

''ဒါဖြင့်ပြောပါဦး၊ သမီးရဲ့ မွေးတဲ့နှစ်ရယ်၊ ရက်စွဲရယ် လတွေရယ်''

''ဟုတ်ကဲ့....မာလာ့မွေးတဲ့နှစ်က....''

''ဟား....ဟေး....အရမ်းစွတ်ပြောမနေနဲ့လေ မှားကုန်လိမ့်မယ်၊ ဒီမယ်....နင့်အတွက် ငါ အိမ်ကရေးသားခဲ့တဲ့ စာရွက်ကိုသာ ပေးလိုက်ပါယ်ကွ''

လှငွေက အလိမ်ခံဘူ ပေါ်ကုန်မည်စိုး၍ အထက်ပါအတိုင်း ဖြတ်ပြောကာ သူ၏အိတ်တွင်းမှ ရေးသားသားခဲ့သော မွေးနေ့အတု စာရွက်ကြီးကို လှမ်းပေးနေသည်။

ချစ်မိုးသူကလည်း ခွက်ဆိုလျှင် နားခွက်က မီးတောက်သူမို့ လှငွေ၏စာရွက်ကို ယူကာ ဗေဒင်ဆရာကြီးဦးသောက်ထိန်အား လှမ်းပေးနေသည်။

''နေစမ်းပါဦး....ဒီကလေးမကလေး ဘာ အရွယ်ပဲရောက်နေပြီ၊ အခုထက်ထိ ကိုယ့်မွေးနေ့မွေးရက်တွေကို မသိသေးဘူးလား''

လှငွေက မှင်သေသေဖြင့် ပြန်ပြောပြနေသည်။





''သိတော့ သိတာပေါ့ ဆရာကြီးရယ်...ဒါပေမယ့် သူက သတိမေ့တတ်လို့ ကျွန်တော်က အခုလို သူ့အိမ်က စာတာကို ထုကြီးတွေ မရှိခိုက်မှာ သွားယူပြီး ခိုးကူးလာခဲ့တာပါ''

လှငွေ၏ ဖြီးလုံးများကို ဗေဒင်ဆရာကြီးကလည်း ယုံကြည်ကာ သွားခဲ့သည်။

''အေးလေ ...ဇာတာထဲက သာ မှန်ရင်ပြီးတာပဲ၊ အဲ....အခု လောလောဆယ် တွက်တာထက် အချိန်ယူပြီး ဒီကလေးကြီး ဇာတာကို စစ်ကြည့်ရင် ပိုကောင်းမှာမို့ မနက်ဖြန်မှ ကျောင်းအကြီးဘုံအိမ်ကို ကျုပ်ကိုယ်တိုင် လာပေးမယ်ဗျာ၊ အခု သွားစရာရှိရင် သွားကြပေတော့၊ ကလေးတွေလို့ ခရီးပန်းလာကြတာ မဟုတ်လား''

''ဟုတ်ကဲ့ ...ဆရာကြီး၊ မှန်မှန်ကန်ကန်ကလေးသာတွက်ပေးပါ၊ ဆရာကြီး မိန့်တဲ့အတိုင်းပဲ မနက်ဖြန် မနက်ချင်းကျွန်မဆီကို သူ့ရဲ့ဇာတာ တွက်ထားတာကို ယူလာပေးပါနော်၊ အခု ဆရာ့ ညှာတ်ပူဇော်ခအတွက် ငွေနှစ်ရာ ထားသွားလိုက်ပါနော်''

ဒေါ်ဒေါ်ဖြိုးက ပြောရင်းမှ ငွေနှစ်ရာကျပ်တန်တစ်ရွက်ကို ထုတ်၍ ဆရာ ဦးသောက်ထိန်အား ပေးနေသည်။

လှငွေကတော့ ဗေဒင်ဆရာအားပေးသောငွေမှာ များပြားနေ၍ သူ့ဝသီအတိုင်း ဝင်ဖော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဆရာကြီးရဲ့၊ ကျွန်တော် မသိလို့မေးပါရစေဦး ဆရာကြီး၊ အပြင်မှာချိတ်ထားတဲ့ ဆိုင်းဘုတ်က စျေးနှုန်းအ ဆိုရင် ယောကျ်ားဆိုရင် နှစ်ဆယ့်ငါးကျပ်၊ မိန်းမဆိုရင် တ ဆယ့်ငါးကျပ်လို့ ရေးထားတာဖတ်ရတယ်၊ အခု ဆရာကြ ယူလိုက်တာက နှစ်ရာကြီးများတောင်ဆိုတော့ မများလွန် ဘူးလား ခင်ဗျ ဟဲ....ဟဲ...."

လှငွေကမေးလျှင် ဆရာတောက်ထိုနဲ့၏မျက်နှာမှာ ကူ ခနဲ ပျက်သွားတော့သည်။

"ဒါကတော့ သဟာလိုခဲလကွယ်၊ ငါတို့တော့ သတ်မှ ထားတဲ့ စျေးနှုန်းအတိုင်းပဲ ယူတာပါ၊ ဒါပေမယ့် ဟောဒီ ကျောင်းအမကြီးတို့လို ဗေဒင်ပညာကို ယုံကြည်လေးစား စေတနာ သဒ္ဓါတရားအားကြီးတဲ့သူတွေကတော့ အခုလို စေတနာအရ ပိုပေးသွားကြတာချည်းပါပဲလေ"

"ဩော်...စေတနာကြီးကလဲ များလိုက်တာနော်၊ ထ ပါတော့လေ၊ ကျွန်တော် မရှင်းသေးတာတစ်ခုကိုလဲ မေး ပါတယ်"

"မေးပါ...မေးပါ၊ မသိချင် မေးနိုင်ပါတယ်"

"တခြားတော့ မတွက်ပါဘူး၊ တခြား ဗေဒင်ဆရာ ကတော့ မိန်းမ ယောကျ်ား မခွဲခြားဘဲ ဗေဒင်ဟော အတူတူပဲ ရှိပါလျက်နဲ့ ဆရာကြီးကျတော့ ဘာဖြစ်လို့ အခု ခွဲခြားသတ်မှတ်ထားရတာလဲဗျာ"





"ဒါလေးများကွာ....မိန်းမတွေက ယောကျ်ားတွေထက် ဗေဒင်ပညာကို ပိုပြီးယုံကြည်ကြတဲ့အတွက် သူတို့ကို ဖောက် သည်နှုန်းသဘောနဲ့ အခုလို လျှော့စျေးနဲ့ထားတာပေါ့၊ အဲ.... ယောကျ်ားတွေကတော့ ဗေဒင်ပညာကိုလဲ သိပ်မယုံကြဘူး၊ လာမေးတဲ့သူကလဲ နည်းတဲ့အတွက် သူတို့ကို စျေးမလျှော့ဘဲ ထားတာပါကွာ"

"ဟဲ....ဟဲ....ဆရာကြီးလုပ်ပုံက ဆုပေး ဒဏ်ပေးစနစ်မျိုး ဖြစ်နေတာပေါ့နော်၊ အဟီး...."

"ဟ....မင့်ဟာက ဘာဆိုင်လို့လဲ သူငယ်ရဲ့"

"ဆိုင်တာပေါ့၊ ဆရာကြီး လုပ်ထားပုံက ကိုယ့်ဆီမှာ ဗေဒင်မျှစ်များလာမေးကြတဲ့ မိန်းမတွေကို ဆုချတဲ့အနေနဲ့ စျေးကို လျှော့ယူထားပြီး တစ်ခါတလေမှ လာမေးတတ် ကြတဲ့ ယောကျ်ားတွေကျတော့ ဒဏ်ပေးတဲ့အနေနဲ့ စျေးကို မြှင့်ထားသလို ဖြစ်နေတာပေါ့"

ဒေါ်ဒေါ်ဖြိုးမှာ လျှာရှည်ကာနေသော လှငွေကြောင့် ဗေဒင်ဆရာကြီးအား တစ်ချက်လှမ်းကြည့်ပြီး အားနာသံဖြင့် လှမ်းဆူနေတော့သည်၊

"ဟဲ့....လှငွေ၊ နင် တစ်ယောက်ဟာလေ ခက်တော့တာ ပါပဲ၊ ဆရာကြီးကိုများ နင့်သူငယ်ချင်းမှတ်နေလို့ အခုလို မေးနေရတာသား၊ ကဲ....လာ....သွားကြမယ်"

ဒေါ်ဒေါ်ဖြိုးကပြောရင်း ရှေ့မှစ၍ ထွက်သွားခဲ့သည်။

www.burmeseclassic.com



ချစ်မိုးသူနှင့် မာလာနွယ်တို့ကလည်း ဗေဒင်ဆရာကြီး ဦးဘောက်ထိန်အား နှုတ်ဆက်၍ လိုက်ပါသွားခဲ့ကြသည်။

လှငွေ တစ်ဦးသာလျှင် ဖြဲစပ်စပ်မျက်နှာဖြင့် ကျန်ရစ်ခဲ့သည်။

"ဟဲ့....သူငယ်၊ ဟိုမယ် လူတော့အကုန်လုံးသွားကြပြီလေ၊ မင်းက ဘာကိစ္စချန်နေခဲ့တာလဲကွ"

ဦးတောက်ထိန်မှာ လှငွေအား အမြင်ကတ်နေသဖြင့် နှင်နေသည်။

"ချန်နေဆို.... ဆရာကြီးရဲ့ မှန်သလေဗေဒင်ကို မေးချင်လို့ပါ၊ ကဲ...ဆရာကြီး၊ ကျွန်တော့် ဇာတာကို တွက်ချက်ပြီး ဟောစမ်းပါ၊ ကျသင့်သလောက်ပေးပါ့မယ်လေ၊ အဟီး...."

"အမယ်....အမယ်....မလုပ်စမ်းပါနဲ့ကွာ၊ မင့် ကြည့်ရတာ ဗေဒင်ပညာကို ယုံကြည်ပုံပေါ်တာ မတွေ့ပါဘူး၊ ငါ့ဆီမှာ ဗေဒင်မေးမှာထက် ငါ့ကို အမျိုးမျိုးမချိအောင် ကလိမယ့်သူမို့ မင်းတို့လိုကောင်းမျိုးတွေကို မကြည့်ဘူးဟေ့၊ မရှိရင် ငါးပိနဲ့ပဲ စားနေတော့မယ်၊ ငါ့ဆီက မြန်မြန်ကလေးသာ ကြွတော်မူပါ ကိုယ်တော်ရယ်"

ဦးတောက်ထိန်က အတွင်သာ နှင်နေတော့သည်။

"ဟာဗျာ....ဆရာကြီးအလို ကျွန်တော် ကောင်းကောင်း မေးမှာပါ၊ ဒီတော့ ဟောစမ်းပါ"



"ဟင့်အင်းကွာ.... မင့်ကို ဟောရရင် ရမယ့်ဟောခထက် ဒေါ်ပွရမှာမို့ ငါ့အနားကသာ မြန်မြန်ကလေး ကြွလှမ်းတော်မူပါကွာ၊ မင်းနဲ့ တစ်မိနစ်ဝေးရရင် ငါ့အသက် တစ်မိနစ် ရှည်လာမှာမို့ပါ၊ သွားပါတော့ ကျေးဇူးရှင်ရယ်"

ဦးတောက်ထိန်မှာ ပြောပြောဆိုဆိုနှင့်ပင် လှငွေ၏ လက်ကိုဆွဲထုကာ အိမ်ပေါ်မှ အမြန်ဆင်းခိုင်းနေတော့သည်။

လှငွေလည်း ဇာဟားဟားဖြင့် အော်ရယ်ရင်း ဦးတောက်ထိန်၏ အိမ်ပေါ်မှ ဆင်းလာခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

''ဒီမယ် ချစ်မိုးသူ.... ဒီကနေ့ဟာ ဗေဒင်ဆရာကြီးက အဖြေပေးမယ့်နေ့ပဲ၊ ဗေဒင်ဆရာဆော မင်းမိန်းမဟာ မင်းနဲ့ ပေးစားဖို့ မသင့်ဘူး၊ သားဦး ယောက်ျားလေးလို့ မွေးမှာ တုတ်လို့ မပေးစားသင့်ဘူးလို့ ဟောရင် မင်း ဘယ်လို စီမံ သလဲ၊ အဲဒါ ငါသိချင်တယ်''

ဗေဒင်ဆရာကြီး ဦးတောက်ထိန်, လာမည့်နောက်တစ်နေ့ နံနက်ပိုင်းတွင် လှငွေက ချစ်မိုးသူအား အာဃာတ်ပါအောင်ပိုင်း စိတ်ပူပင်သံဖြင့် မေးနေသည်။

ရန်နိုင်ဦး၊၀၁၆၈၀

www.burmeseclassic.com

www.burmeseclassic.com



"သူဟောခဲ့မယ့် ဘွားဘွားက တွေ့ အခုအချိန်ကျနေမှ ငါ့တို့ကိုခွဲမယ်လို့ မထင်ပါဘူးကွာ၊ ပြီးတော့ မာလာ့အပေါ် မှာလဲ ချစ်ပုံရသားပဲ"

"ဟာကောင်ရ....ချစ်တာကချစ်တာ ဖခြားပဲ၊ မင့်အဘွား က ဗေဒင်ဆိုရင် မျက်စိစုံမှိတ်ပြီး အရမ်းယုံတတ်သူမို့ ငါက ပြောနေရတာပါ၊ မင်းက အကောင်းဘက်ကချည်းကြည့်ပြီး ပေါ့တီးပေါ့ဆ ပြောမနေနဲ့ကွ၊ အဆိုးဘက်က ကြည့်ပြီး မတော်တဆ အရေးအကြောင်း ပေါ်လာရင် ဘယ်လိုလုပ် သင့်တယ်ဆိုတာ ပြင်ဆင်ထားသင့်တယ်"

"အေးပါကွာ....တကယ်လို့ ဘွားဘွားက မာလာနဲ့ငါ့ကို သဘောမတူတော့ဘူးဆိုရင် ငါ့အနေနဲ့ ဒီအိမ်ကဆင်းသွားရုံ ပါပဲ၊ ငါကတော့ မာလာနဲ့သာနေရရင် ဘယ်ဘဝမှာပဲနေရ နေရ ပျော်ပျော်ကြီးနေမှာပဲ၊ ကဲ....မောင် အခုပြောနေတာ ကို ကြားတယ် မဟုတ်လား မာလာ"

ချစ်မိုးသူက လှငွေကိုပြန်ပြောနေရာမှ အနီးတွင် ထိုင်နေ သော မာလာနွယ်ဘက်သို့ လှည့်၍မေးနေသည်။

မာလာနွယ်ကလည်း ပြုံးချိုသော မျက်နှာဖြင့် ခေါင်းကို ပြန်ညိတ်ပြသည်၊

"မာလာကလဲ မောင့်လိုပါပဲ၊ မောင်နဲ့သာနေရမယ်ဆိုရင် ဘယ်ဘဝမှာပဲ နေရနေရပါ အချစ်ရယ်"





မာလာနွယ်၏ ပြန်ကြားချက်ကိုကြားရလျှင် ချစ်မိုးသူမှာ အလွန်မနေခွေ့၍ သွားခဲ့တော့သည်။

"ယုံပါတယ် မာလာရယ်၊ မောင့်အပေါ်မှာ မာလာဟာ ချစ်လွန်းလို့ မိဘတွေရဲ့ သွန်သင်ချက်ရ သမီးအဖြစ်ခံယူပြီး လိုက် လာခဲ့တယ်ဆိုတာ"

"ယုံလျက်သားနဲ့" မောင်က ဘာဖြစ်လို့ မာလာ့ကိုမေးနေ ရသေးသလဲ"

"မေးဆို.... ဟောဒီက မိကျောင်းသားက လျှာရှည်နေ တော့မူလို့ပါ"

"အောင်မယ်....ငါက စိတ်ပူလို့ မေးနေတာကို လျှာရှည် သလေး ဘာလေးနဲ့၊ ခွေးကောင်.... အခုကတည်းက ငါ့ကို တန်ထုတ်ချင်ပြီထင်တယ်....ဟွန်း"

လှငွေက ဒေါကန်နေသဖြင့် ချစ်မိုးသူနှင့် မာလာနွယ်တို့ မှာ တခစ်ခစ်ဖြင့် ရယ်နေကြသည်၊

ထိုအခိုက်မှာပင် ဗေဒင်ဆရာကြီး ဦး၊ တောက် ထိန် မှာ သူတို့ဆီသို့ ရောက်လာတော့သည်။

လှငွေမှာ ဦးတောက်ထိန်ကို တွေ့ရလျှင် သူ့ဥည်ဆီး အတိုင်း ဆီး၍ နောက်ပြောင်နေတော့သည်။

"ဟာ....ဘယ်သူများလဲလို့ ဗေဒကဝိန် ဆရာလိမ်ကြီးပါ ကလား၊ အဲ.... မဟုတ်ပါဘူး၊ ကန်တော့.... ကန်တော့၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးတောက်ထိန် ပါကလား၊ ဟဲ....ဟဲ.... အခုလို ဆရာကြီးက ခေါင်းပေါင်းတွေ တောင်ရှည်ပုဆိုးတွေကို ဝတ်ပြီး လာရတော့ အရမ်းကို မိတာပဲ၊ ဆရာကြီးကိုကြည့်ရတာ ဘုရားကိုးဆူ ဆရာလိုလို ပွဲထဲက လူပြက်တွေလိုလို....အဟီး"

ဆရာကြီး ဦးတောက်ထိန်မှာ လှငွေ၏ ပြောင်ရွှတ်ရွှတ် စကားများကို ကြားရလျှင် မျက်နှာကြီးစုပုပ်ကာ ပြန်ကြည့်နေသည်။

"တယ်...လူတစ်ဖက်သားကို ချိုးချိုးနှိမ်နှိမ် တော်တော် ပြောချင်တယ်ကွာ၊ ငါ့ရုပ်ကို ပွဲထဲက လူပြက်နဲ့ တူတယ်လို့ ပြောတာ မင်းတစ်ယောက်တည်းပဲ ရှိသေးတယ်၊ ဒါပေမယ့် ဟောဒီ စစ်ကိုင်းက လူတွေကတော့ ငါ့ကို မိုးဝင်းနဲ့တူတယ်လို့ ပြောနေကြတာကွ.... သိလား"

ဦးတောက်ထိန်၏ ပြန်ပြောသံကြောင့် လှငွေမှာ တဟားဟားဖြင့် ရယ်မဆုံး ဖြစ်နေသည်။

"ဟေ့....မောင်ချစ်မိုးသူ.... မင့်အဘွားကော ရှိသလား"

လှငွေနှင့် ဆက်၍စကားမပြောလိုသဖြင့် ဦးတောက်ထိန်က ချစ်မိုးသူကို မေးနေသည်။

"ရှိပါတယ် ခင်ဗျ.... ကျွန်တော် သွားခေါ်ပေးပါ့မယ်၊ ဆရာကြီးသာ ဟောဒီနေရာမှာ ထိုင်စောင့်နေပါခင်ဗျာ"

ချစ်မိုးသူက ရိုရိုသေသေပြောပြီး နောက်ဖေးခန်းဘက်သို့ ဝင်သွားခဲ့သည်။



လှငွေမှာမူ ဦးတောက်ထိန် ထိုင်နေသော ကုလားထိုင်နှင့် မျက်နှာချင်းဆိုင် နေရာ၌ ဝင်ထိုင်ကာ မေးနေသည်။

"ဆရာကြီး....မာလာရဲ့ ဇာတာကို စစ်ဆေးပြီးပြီ မဟုတ်လား၊ အခြေအနေက ဘယ်လိုလဲ၊ အိုးကာပဲ မဟုတ်လား ခင်ဗျ....ဟဲ....ဟဲ"

ဦးတောက်ထိန်မှာ လှငွေကို ကြည့်မရသူမို့ ဘုကျကျပင် ပြန်ပြောနေသည်။

"အိုးကေတယ် မအိုကေဘူး ဆိုတာ ကျောင်းအကြောင်း ရောက်လာရင် သိရမှာပေါ့၊ ငါ အခုလာခဲ့တာဟာ မင့်ကို သိတော်ဦးတင်ဖို့ လာတာမဟုတ်ဘူးကွ....တွန်း"

"ဟောဗျ ...ဆရာကြီးကတော့ လုပ်ပြီ ဟဲ....ဟဲ....ဆရာကြီးဟာလေ ကြီးသလောက် တိုတိုကလေးပဲနော်"

"ဟေ့ကောင်....ဟေ့ကောင်....ဘာ တိုတိုကလေးပဲလဲ၊ မင့်စကားက ဘာစကားလဲ"

"ဩော်....ခက်လိုက်တာ၊ ကျွန်တော် ဆိုလိုတာက ဆရာကြီးဟာ အသက်ကြီးသလောက် စိတ်ကျတော့ တယ်တိုတာပဲလို့ ပြောတာပါ၊ ဗေဒင်ဆရာဆိုတာ စိတ်မတိုရဘူး၊ စိတ်တိုရင် ဗေဒင်ဟာ မှန်းတော့ဘူးတဲ့ခင်ဗျ....အဟီး"

"ဘာကွ....ဗေဒင်ဆရာ စိတ်မတိုရဘူးလို့ ဘယ်ကျမ်းဂန်ထဲမှာ ရှိသလဲ၊ စိတ်ဆိုတာ တိုချင်တိုမှာပေါ့ကွ၊ ဆေထူး

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မင့်လို ကတ်သီးကတ်သတ်ကောင်မျိုးနဲ့ တွေ့ရရင် စိတ်တိုရုံတင်မကဘူး၊ ထပြီးတောင် ဖနောင့်နဲ့ပေါက်သတ်ချင်တာကွ....သိလား....ဟွန်း"

ဦးဘောက်ထိန် ပြန်ပြောနေခိုက် ဒေါ်ဒေါ်ဖြိုးနှင့် ချစ်မိုးသူတို့ ရောက်လာခဲ့ကြသည်။

"ကဲ....ဆရာကြီး....ကျွန်မမြေးရဲ့ ကိစ္စက ဘယ်လိုလဲရှင်"

"အင်း....ပြောရမှာတော့ ဟောဒီက တူမကြီးကို သိပ်ကိုအားနာပါတယ်ဗျာ၊ သနားလဲ သနားမိပါတယ်၊ ဒါပေမယ့် အားနာဘာခတ္တ သနားတာတွေကို ငဲ့နေလို့ မဖြစ်ဘူးလေ၊ ဝတ္တရားအရ အမှန်အတိုင်း ဟောရမှာမို့ စိတ်မကောင်းစွာနဲ့ ဟောရတော့မှာပဲ ကျောင်းအမကြီးရေ...."

ဦးတောက်ထိန်၏ ပြောစကားများကြောင့် ချစ်မိုးသူနှင့် မာသာနွယ်တို့ မျက်နှာတွေမှာ ညှိုးကျသွားခဲ့ကြသည်။

ဒေါ်ဒေါ်ဖြိုးမှာလည်း မာသာနွယ်အား ကရုဏာသက်မသော အကြည့်ဖြင့် လှမ်းကြည့်နေသည်။

ဦးတောက်ထိန်ကတော့ သူ၏ ဟောစာတမ်းကြီးကို တိုက်ပုံအကျီအိတ်အတွင်းမှ ထုတ်ယူနေသည်။

ပြီးတော့ လှငွေဘက်သို့ ဟန်ပါပါနှင့် လှမ်းပေးရင်း ပြောသည်။

"ကိုင်းကွာ....မင်းကပဲ ငါ့ဟောစာတမ်းကို ဖတ်ပြလိုက်စမ်းပါ၊ ငါက ဖတ်ပြရမှာ စိတ်ထိခိုက်လွန်းလို့ပါကွာ"





လှငွေကတော့ ဖတ်ချင်စိတ်မရှိဟန်ဖြင့် ခပ်လေးလေးကြီး လှုပ်ကာ ယူနေသည်။

"ကဲ....မောင်လှငွေ၊ အသံကျယ်ကျယ်နဲ့ဖတ်ပြစမ်းကွယ်"

ဒေါ်ဒေါ်ဖြိုးက သိလိုဟန်ဖြင့် လှငွေကို ပြောနေသည်၊

သို့ဖြစ်၍ လှငွေသည်း အောက်ပါအတိုင်း အသံကျယ်ကျယ်ဖြင့် ဖတ်ပြနေရတော့သည်။

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ အဲဒီလို မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို ဦးထိပ်မှာပန်ရွက်လို့ ဤမေတ္တာစာကို ချစ်သဒ္ဓါအပြည့်နဲ့ လှစ်ခါပါးလိုက်ရပါတယ်၊ သစ္စာမယ်ကလေး မဂ္ဂမ်းစိန်ရေ"

"ဟာ....ဟော့ကောင်၊ စာ....စာချင်းမှားသွားပြီ၊ ဒီ....ဒီစာမဟုတ်ဘူးကွ၊ ငါ့ကို ပြန်ပေးစမ်းပါ"

ဗေဒင်ဆရာကြီး ဦးတောက်ထိန်က ထိုင်နေရာမှ ခုန်ထရင်း လှငွေလက်တွင်ရှိနေသော သူ၏စာကို မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အတင်းခတ်ောင်းခနသည်။

သို့သော် ချစ်စွာသော စာဖတ်သူများ သိရှိကြသည့်အတိုင်း လှငွေကတော့ လူရှုပ်လူနောက်ပီပီ ပြန်မပေးဘဲ ဆက်၍ ဖတ်ပြနေပြန်သည်။

"ဒီစာကလေးကို ကိုကိုထိန်က မဂ္ဂမ်းစိန်ဆီကို အရှက်ကိုဘေးချိတ်ပြီး ရေးလိုက်တာပါ၊ ကိုကိုထိန်ဟာလေ မဂ္ဂမ်းစိန်ကို မြင်ရကတည်းက ဖင်ဝမှာ ခဲခင်သလို မလှဲအစဉ်"



www.burmeseclassic.com

"ဖော့ခေါင်...ဒီစာကိုဆက်မဖတ်နဲ့လို့ ငါပြောနေတယ်၊ မဟုတ်လား၊ ကာလနာရဲ့... ရှီး"

ဗေဒင်ဆရာကြီး ဦးတောက်ထိန်မှာ အလွန်ပင် ဒေါသဖြစ်သွားဟန်ဖြင့် လှငွေရှိရာသို့သွားကာ သူ၏ စာရွက်ကို အတင်း ဆွဲလုနေတော့သည်၊

လှငွေကတော့ တဟားဟား ရယ်မဆုံးသလို ချစ်မိုးသူမှာလည်း ရယ်နေမိသည်၊

မာလာနွယ်ကတော့ မျက်ရည်များပင် ထွက်ကျလာသည် အထိ ရယ်နေတော့သည်၊

ဒေါ်ဒေါ်ဖြိုးသာလျှင် လူကြီးဖြစ်နေသဖြင့် ရယ်ချင်စိတ်ကို အတော်ပင် ထိန်းထားရသည်၊

"ခဏနေပါဦး ဆရာကြီးရဲ့ ကျွန်တော်ပေးပါမယ်လေ၊ မပေးခင် ကျွန်တော်သိချင်တာကလေးကို ပြောပြစမ်းပါ၊ ဒီစာဟာ ဆရာကြီးရဲ့ ရည်းစားစာ မဟုတ်လား၊ မလိမ်နဲ့နော် ဟဲ...ဟဲ...ဟဲ..."

"ဘယ်သူ့စာဖြစ်ဖြစ် ငါက ပေးဆိုပေး၊ နို့မို့ ငါလက်သီးနဲ့ မင့်မျက်ခွက် မိတ်ဆွေဖြစ်သွားလိမ့်မယ်ကွ၊ သိလား"

"ဒါဆို...မပေးသေးဘူး၊ စာကလေးက ဖတ်လို့ကောင်းလို့ ဆက်ဖတ်လိုက်ရဦးမယ်၊ တကယ်မိတ္တဲ့ ချစ်သဝဏ်လွှာ စာကလေးခင်ဗျ"



လှငွေမှာ ဦးတောက်ထိန် မဖတ်စေချင်မှန်း သိသဖြင့် တမင် စနေတော့သည်၊

"တယ်...ဒီကောင်နဲ့တော့ ခက်နေပါပြီ၊ မင်းက ဆက်ဖတ်ချင်ရအောင် ဒီစာဟာ မင့်နှမကိုပေးတဲ့စာ မဟုတ်ဘူးကွ၊ အခုပေးစမ်း"

ဦးတောက်ထိန်မှာ ပြောရင်းမှ အတင်းပင် လှငွေလက်ထဲမှ သူ၏စာကို ဆွဲလုကာ သွားခဲ့တော့သည်၊

လှငွေကတော့ ဦးတောက်ထိန်၏ အပြုအမူကိုကြည့်ကာ တဟားဟားဖြင့်ရယ်ရင်းဦးတောက်ထိန်အား လက်ညှိုးထိုး၍ ပြောနေသည်၊

"ဟား...ဟား...ဟား၊ ဆရာကြီးက လုံအောင်ဖုံးမထားတော့ အခု ပေါ်နေပြီဗျ၊ သိလား ပေါ်နေပြီ ဟား...ဟား...ဟား"

ထိုအခါကြောင့် ဦးတောက်ထိန်မှာ သူ၏ပေါင်ဘက်သို့ ကြည့်ကာနေသည်၊

"ဟေ့ကောင်...ဘယ်မှာ ပေါ်နေလို့လဲကွ၊ အားလုံး လုံခြုံခြုံရှိနေတဲ့ဟာကို မင်းက လူကို ကသိကအောက် ဖြစ်အောင် လုပ်ရသလား သော်ချင်းဆိုးကလေးရဲ့...ရှီး"

"အဟီး...ကျွန်တော်ပြောတဲ့ ပေါ်နေပြီဆိုတာ [illegible] မဟုတ်ပါဘူးလေ၊ အိမ်ထောင်မပြုချင်လို့ လူပျိုကြီးဘဝနဲ့

www.burmeseclassic.com



အခုလိုနေတာပါလို့ ကြွားခဲ့လို့ ဆရာကြီးစကားဟာ အခါ
ကျမှပဲ မစွံနိုင်လို့ လူပျိုကြီးလုပ်နေတာကို ပေါ်သွားတဲ့
ပေါ်နေပြီလို့ ပြောတာပါဗျာ၊ ဟား...ဟား...ဟား”

“ဟော့...တော့ ဒီမယ်၊ သွားဖြဲပြီး မနွားဘဲ ရယ်မနေနဲ့
ရော့...ငါ့ဟောစာတမ်းကို ဆက်ဖတ်ပြလိုက်စမ်းကွာ”

ဦးတောက်ထိန်က လှငွေကို ရှုသိုးသိုးမျက်နှာဖြင့်ကြည့်
ရင်း သူ၏ ဟောစာတမ်းကိုပေးကာ ဖတ်ခိုင်းနေသည်။

“ဘာလို့...ဒီတစ်ခါကော မှန်ရဲ့လား၊ ကိုယ့်ဘာသာကိုယ်
သေသေချာချာ စစ်ဆေးကြည့်ဦးနော်၊ ရည်းစားစာဖြစ်နေ
ရင်တော့ ကျွန်တော်က ပြန်ပေးမှာမဟုတ်ဘူး၊ အဆုံးထိ
အောင်ကို ဖတ်ပြမှာဗျ”

“အိုကွာ...လျှာကလဲ ရှည်တော်မူလိုက်တာ၊ ဒီတစ်ခါ
တော့ မမှားပါဘူး၊ ကဲ...ဖတ်ကွာ”

ဦးတောက်ထိန်က စိတ်တိုသံဖြင့် လှငွေအား လှမ်း
ဟောက်နေသည်။

“ကိုင်း...ဖတ်ဆိုလဲ ဖတ်ပြရတာပေါ့ အားလုံးနားထောင်
ကြပါရှင်...အဲဒလ...ဗျာ၊ ကြာသပတေးသမီး မာလာနွယ်၏
ဇာတာကို စစ်ဆေးကြည့်ရှုရာတွင် တနင်္လာသားဖြစ်သော
မောင်ချစ်မိုးသူနှင့် မည်သို့မျှ ပေါင်းသင်း၍ မဖြစ်နိုင်သည်ကို
တွေ့ရပါသည်။ အကယ်၍ ဇွတ်တိုးကာ ပေါင်းဖက်ကြမည်





ဆိုပါက မဟာဒုက္ခတော့ ပင်လွယ်ဝေနေပါလိမ့်မည်။ ထို့ဖြစ်၍
မာလာနွယ်နှင့် မောင်ချစ်မိုးသူတို့ လုံးဝ မပေါင်းဖော်အပ်”

လှငွေမှာ စာကိုဖတ်၍အပြီးတွင် စိတ်ပျက်သွားဟန်ဖြင့်
စာရွက်ကို စားပွဲခုံပေါ်သို့ ပစ်တင်ထားသည်။

ဒေါ်ဒေါ်ဖြိုးမှာ မြေးဖြစ်သူနှင့် မာလာနွယ်တို့ဘက်သို့
စိတ်ထိခိုက်သောအသွင်ဖြင့် လှမ်းကြည့်ပြီးနောက် ဗေဒင်
ဆရာကြီး ဦးတောက်ထိန်အား မေးနေသည်။

“ဒီအတိုင်းသာဆိုရင် ကျွန်မမြေးကလေးတို့ လက်ထပ်
ပေါင်းသင်းကြလို့ မဖြစ်တော့ဘူးပေါ့နော်”

“တုတ်တယ်...ကျောင်းအမကြီးရယ်၊ ပေးစားလို့ကိုမဖြစ်
ဘူး၊ အခုလို ကျုပ်ဟောရတဲ့အတွက်လဲ စိတ်မကောင်းပါ
ဘူးဗျာ”

“တကယ်လို့ ဇွတ် ပေးစားထားရင်ကော ဘယ်လို
အန္တရာယ်တွေများ မြင်နိုင်ပါသလဲ ဆရာကြီး”

“ကျုပ်ဟောစာတမ်းထဲမှာ ပါတဲ့အတိုင်းပဲ အန္တရာယ်
အသွယ်သွယ်တွေ ကျရောက်နိုင်တာပေါ့၊ ဒီအတွက် ယတြာ
ချေလို့ ဒီဘေးအန္တရာယ်တွေက လွတ်ချင် လွတ်နိုင်ပေမယ့်
ကလေးမဇာတာကို တွက်ကြည့်တဲ့အခါ သားဦးယောကျာ်း
ကလေးမွေးမှာ မဟုတ်လို့ ယတြာချေရင် ချေချေပဲရှိမှာပဲ
ကျောင်းအမကြီးရဲ့”



www.burmeseclassic.com

www.burmeseclassic.com



သိုစကားများကို ကြားရလျှင် လှခင်က မခံချင်သံဖြင့် ပြန်မေးနေသည်။

"နေစမ်းပါဦး.... ဆရာကြီးက သားယောကျ်ားကလေး မေးမှယ်မမေးဘူး ဘယ်လိုကြောင့် အတပ် ပြောနိုင်တာလဲ၊ ဒီလို ဆရာကြီးကပြောခဲ့လို့ ဘယ်နှစ်ယောက် မှန်ခဲ့ဖူး သလဲဗျ"

လှခင့်၏ စကားများကြောင့် ဦးဘောက်ထိန်မှာ အလွန် ဒေါသထွက်သွားခဲ့သည်။

"ဟေ့ကောင်....မင်းက ငါ့ပညာကို စော်ကားလိုက်တာ လားဟင်၊ ဒီစစ်ကိုင်းမြို့မှာ ငါ ဟောတဲ့ ဗေဒင်ဟာ သွေး ထွက်အောင် မှန်လွန်းနေလို့ ဗေဒင်းဝိန် ဆရာတောက်ထိန် ဆိုပြီး ကျော်ကြားနေတာပေါ့ကွ၊ အိမ်း....ငါ ဟောတာမှန် မမှန် နောင်မှာ မင်းတို့ သိကြရလိမ့်မယ်ကွ"

ဗေဒင်ဆရာကြီး ဦးတောက်ထိန်မှာပြောရင်း အလွန်ပင် ဒေါသထွက်နေသဖြင့် မည်သူ့ကိုမှ နှုတ်ဆက်မနေတော့ဘဲ အိမ်ပေါ်မှ ပြန်၍ဆင်းသွားခဲ့သည်၊

"ကိုင်း....ငါ့မြေးနဲ့ သမီးတို့ရေ....ဗေဒင်ဆရာကတော့ မင်း တို့ရဲ့ လက်ထပ်ပွဲကို အဖျက်ခိုင်းနေပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"ကျွန်တော်တို့ရဲ့ သဘောဆန္ဒကို ခဏဘေးဖယ်ထားပြီး ဘွားဘွားရဲ့ ဆန္ဒကို အရင်ပြောပါလေ"

ချစ်မိုးသူက ပြန်ပြောနေသည်၊





"အင်း....ငါ့ဆန္ဒကို ပြောရမယ်ဆိုရင်တော့ ဗေဒင်ဆရာ ဟောသလို လုပ်ချင်တယ်"

"ဗျာ... ဘွားဘွား ဆိုလိုတာက ကျွန်တော်နဲ့ မာလာတို့ ကွာရှင်းခိုင်းမလို့လား"

ချစ်မိုးသူက အံ့သြသံဖြင့် ပြန်မေးနေသည်၊ မာလာနွယ် ကတော့ မည်သို့မှ ဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင် နေသည်၊

"အေးပေါ့... အခုလို ပြောနေရတာဟာ သမီးကလေး မာလာကို ဘွားဘွားက မုန်းလို့မဟုတ်ဘူးနော်၊ မြေးကို ချစ်သလို ချစ်ပါတယ်၊ ဒါပေမယ့် မင်းတို့နှစ်ဦးအတွက် ဘေးန္တရာယ်ဖြစ်မှာမြင်လို့ ဘွားဘွားဟာ အသည်းနာနာနဲ့ ပြောနေရတာပါကွယ်၊ ဘွားဘွား အပေါ်မှာ စိတ်မနာနဲ့ နော်"

ဒေါ်ဒေါ်ဖြိုးက မာလာနွယ်အား တောင်းပန်နေသည်။

လှငွားတော့ ဒေါ်ဒေါ်ဖြိုး၏ စကားများကို မကျေနပ် ဟန်ဖြင့် ဝင်ပြောနေသည်၊

"ဒါကတော့ ဘွားဘွား အယူသီးလွန်းနေလို့ပါ၊ ဗေဒင် ဆိုတာ ဘုရားဟောဟုတ်ပါဘူး၊ ဆရာကြီး တောက်ထိန် ဆိုလို့ သိကြားမင်းလဲမဟုတ်ဘူး၊ အကြားအမြင်ရတဲ့ ပုဂ္ဂိုလ် ကြီးလဲ မဟုတ်ပါဘူး၊ သာမန်လူသားတစ်ယောက်ပါ၊ သူပြော တိုင်းသာ မှန်နေရင် ဗေဒင်ဟောစားနေပါ့မလား၊ သူဟာ သူ ချမ်းသာအောင် လုပ်နေမှာပေါ့၊ အခုတော့ သူ ကိုယ်တိုင် အောင်မှ မိန်းမ မရနိုင်လို့ ရည်းစားစာတွေကို လူကြီးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချေးနေတဲ့ လူကြီးမို့ ဘွားဘွား အနေနဲ့ သူ ပြောတာမှန်
မယ်လို့ တဘက်ချ ယုံကြည်နေစရာမလိုပါဘူး”

“ဟဲ့…လှငွေ၊ မင်းတို့ ခေတ်လူငယ်တွေကတော့ ဗေဒင်
ဘယ်ယုံကြည်ကြပါ့မလဲ၊ ဗေဒင် မပြောနဲ့ ဘုရားဟောကြ
တော်မူခဲ့တဲ့ တရားဘော်တွေကိုတောင် မင်းတို့က ယုံကြည်
တာ မဟုတ်ဘူး၊ အကိုးအကားအမျိုးမျိုးနဲ့ ဆင်ခြေပေး
ကြတာတွေပဲဟာ၊ ငါကတော့ ဆရာကြီး တောက်ထိ
ဟောခဲ့တာတွေဟာ အင်မတန် မှန်ကန်နေလို့သာ ယုံကြ
နေတာပေါ့”

ချစ်မိုးသူကလည်း ဝင်၍ ပြောနေပြန်သည်။

“ဒီအတိုင်းသာဆိုရင် ဘွားဘွားဟာ ကျွန်တော်နဲ့ မာလာ
နွယ်တို့ကို သဘောမတူတော့ဘူးပေါ့လေ”

“ငါ့ဆန္ဒအရပြောရရင် သဘောတူပါတယ်၊ အဲ…ဗေ
က မင်းတို့အတွက် အန္တရာယ်ရှိတယ် ဟောထားတော့
သဘောတူဖို့ ခက်နေတာပေါ့”

ချစ်မိုးသူမှာတော့ ဘွားအကြီး၏ စကားများကို ကြ
ရလျှင် စိတ်ညစ်နေတော့သည်။

“ဒီမယ် ဘွားဘွား၊ အခုအချိန်ကျမှတော့ ဘွားဘွ
သဘောတူချင်တူ မတူချင်နေ၊ ကျွန်တော်ကတော့ မာလ
နွယ်ကို မပစ်နိုင်ဘူး၊ သူ့ကို ကျွန်တော် ယူခဲ့ရတာဟာ လ
လွယ်ကူကူနဲ့ ယူခဲ့ရတာမဟုတ်ဘူး၊ ကံကောင်းလို့ အ
တောင် မခံရတာ”

“ဟင်…ငါ့မြေး အချုပ်ခံရတယ်၊ ဟုတ်လား”





ဒေါ်ဒေါ်ဖြိုးက အံ့သြသံဖြင့် ပြန်မေးနေသည်။

“အချုပ်ခံရတာတော့ မဟုတ်ပါဘူး၊ ကဲပါလေ…
ာလာနွယ့်ကို ကျွန်တော် ဘယ်လို ယူခဲ့ရတယ် ဆိုတာ
ွားဘွားကို ပြောမပြရသေးလို့ ကျွန်တော် ပြောပြပါ့မယ်”

ချစ်မိုးသူသည် အထက်ပါအတိုင်း အစချီကာ သူနှင့်
ာလာနွယ်တို့ တွေ့ခဲ့ကြပုံမှအစ ချစ်ကြိုက်ကြပုံအလယ်နှင့်
ရာလိုက်ပြေးကြပုံအဆုံး ပြောပြနေသည်။

“ဩော်…မြေးကလေးမှာ မာလာနွယ်အတွက် ဒီလောက်
ောင် ဒုက္ခခံခဲ့ရသလား၊ ဘွားဘွား စိတ်တောင်
ောင်းဘူး”

ချစ်မိုးသူ၏ စကားများအဆုံးတွင် ဒေါ်ဒေါ်ဖြိုးက ပြန်
ောနေသည်။

“ဟုတ်တယ်၊ အဲဒီလောက်ဒုက္ခခံပြီး ယူခဲ့ရတဲ့ ကျွန်တော်
ီးကို ဗေဒင်ဆရာက ပြောတာနဲ့ပဲ ကွာပစ်ရမယ်ဆိုတာ
ယ်ကောင်းပါ့မလဲ၊ ကျွန်တော့် တစ်သက်မှာတော့ မာလာ
ယ်ကို ပစ်ဖို့မပြောနဲ့ တစ်မိနစ်ကလေးတောင် မခွဲနိုင်ဘူး”

ချစ်မိုးသူက ရဲရင့်ပြတ်သားစွာဖြင့် ဘွားအောကို ပြောနေ
ည်။

လှငွေက သဘောကျသွားဟန်ဖြင့် ဝီခနဲ လက်ခေါက်ကို
ာ ‘ဒါမှ ငါ့သူငယ်ချင်းကွ၊ ဘရာဗို…ဘရာဗို” ဟု၍
ားပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…လှငွေ၊ မင်းက ကြားထဲကနေ ဘာအကြောင်းဆွဲရောက် ရောက်လာတာလဲ၊ တိတ်တိတ်နေစမ်း"

ဒေါ်ဒေါ်ဖြိုးက မာန်လိုက်တော့မှ လှငွေမှာ ပြန်ငြိမ် သွားခဲ့သည်။

"အင်း….ငါ့ခြေမြားက မိန်းမဖက်တော့ မိုက်ဘက်ပါဆိုသလို ဘွားဘွား စကားကို နားမထောင်နိုင်တော့ဘူးပေါ့လေ"

"နားမထောင်တာတော့ မဟုတ်ဘူး၊ ဘွားဘွား စကား ကို နားထောင်လိုက်ရင် မာလာနွယ်ဟာ ဒုက္ခအကြီးအကျယ် ရောက်သွားမှာ စိုးလို့ပါ၊ သူဟာ ကျွန်တော့်ကို ချစ်ရှာလွန်း လို့ သူ့မိဘတွေက သွားနတ္တရသမီးဆိုပြီး သတ်းစာထဲမှာ ထည့်ကြေညာတာခံပြီး လိုက်လာခဲ့တဲ့ သူကလေးပါ၊ သူ့အဖို့ ကျွန်တော်ကလွဲလို့ ဒီလောကကြီးမှာ အားကိုးစရာ မရှိရှာပါ ဘူး၊ ဒီတော့ သူ့ကို ကျွန်တော်မရက်စက်နိုင်ဘူး၊ ဘွားဘွားရဲ့ စကားကို ကျွန်တော်ဟာ ငယ်ငယ် က လေး က တည်း က နားထောင်လာသားပဲ၊ အခုဟာကတော့ မဘရုးလွန်း အား ကြီးလို့ပါ ဘွားဘွားရယ်"

"ကောင်းပြီ၊ ဒါဆိုရင် မင်းတို့ ငါ့ဆီမှာမနေကြနဲ့တော့ ငါကတော့ ဗေဒင်ဆရာရဲ့စကားအတိုင်း မင်းတို့မှာ အန္တရာယ် ရှိမှာမြင်လို့ တားနေတာပါ၊ နားမထောင်ရင်လဲ မင်းတို့ ထိုက်နဲ့ မင်းတို့ကွဲပေါ့"

ဒေါ်ဒေါ်ဖြိုးသည် ပြောပြောဆိုဆိုနှင့် သူ့တို့အနီးမှထ၍ နောက်ဖေးဘက်သို့ ဝင်သွားခဲ့တော့သည်။





"ကိုင်း….ဖိုးချစ်မိုးသူ၊ အစကတည်းက ငါပြောမထား ဘူးလား၊ မင့်အဘွားဟာ နတ်နဲ့ ဗေဒင်ဆိုရင် တရားလွန် ယုံကြည်နေသူမို့ ဗေဒင်ဆရာကဖျက်ရင် ပျက်မယ်ဆိုတာ လေ"

ဒေါ်ဒေါ်ဖြိုး မရှိလျှင် လှငွေက လှမ်းပြောနေသည်။

"အေးလေ….အခုမှတော့ ငါတို့ကလည်း ဘွားဘွားဆီမှာ မနေတော့ပါဘူး၊ ဖြစ်ချင်ရာဖြစ် တို့ ချစ်ခရီးလမ်းကိုတော့ ဆက်လျှောက်မယ်ကွာ"

"အိမ်း….လျှောက်မယ်ဆိုရင် ဘယ်အရပ်ကို လျှောက်မှာ လဲ၊ ပြောစမ်း"

"အခု လောလောဆယ်တော့ ငါမပြောတတ်ဘူး၊ ကဲ…. ကြာတယ်၊ တို့ ပစ္စည်းတွေယူပြီး သွားကြစို့"

ချစ်မိုးသူသည် ပြောရင်း မာလာနွယ်၏ လက်ကလေးကို ဆွဲကာ သူတို့အား အပိုင်စားပေးထားခဲ့သော အိပ်ခန်းဘွင်း ဝင်သွားခဲ့ကြသည်။

✲

www.burmeseclassic.com

# အခန်း (၁၂)

ချစ်မိုးသူတို့မှာ ဘုရားအကြီးကနှင်ချလိုက်သဖြင့် စစ်ကိုင်းဈေးကြီးရှေ့ဟွင် အထုပ်အပိုးတွေ ကိုယ်စီဖြင့် ယောင်ချာချာ ရပ်နေကြသည်။

''ဟော့ကောင်ကြီး ချစ်မိုးသူ၊ ဒီဈေးရှေ့မှာ အခုလိုပဲ ရပ်နေလို့ မဖြစ်ဘူးလေကွာ၊ တို့ ဘယ်ကို သွားကြမယ်ဆိုတာ စီစဉ်ဦးမှပေါ့၊ တော်ကြာ ခေတ်မသိသူတွေက မီးသေးဒုက္ခသည်တွေလို့ ထင်နေကြပါဦးမယ်၊ ဟဲ့....ဟဲ့''

လူငွေက အရွန်းတွေဖောက်ကာ ပြောနေသည်။

''သွားစမ်းပါ၊ အရေးထဲမှာ မင်းက ဟာသတွေ လုပ်နေစမ်းပါနဲ့၊ ငါမှာဖြင့် ဦးနှောက်ခြောက်နေရတဲ့ အထဲ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်း ဦးနှောက်ခြောက်ရတာ မဟုတ်ပါဘူးကွာ၊ ငါလဲ ခြောက်ရတာပါပဲ၊ ဘယ့်နှယ်ကွာ... စစ်ဘိုင်းမြို့မှာ အချမ်းသာဆုံး သူဌေးမကြီးရဲ့မြေးက ခေါ်လာလို့ စိမ်ကျကျ နေရမလားဆိုပြီး လိုက်လာခဲ့ပါတယ်၊ အခုတော့ စိမ်မကျတဲ့အပြင် ဘော့စနီးယားနိုင်ငံက စစ်ဘေးဒုက္ခသည်လို ဖြစ်နေရတော့တယ်၊ အင်း....အခုရေးထဲမှာ ငါ့ဗိုက်ကလဲ တဂွီဂွီနဲ့ ဖုန်းဆက်ပြီး အစာတောင်းနေတယ်ကွာ၊ အဟီး...."

"လုပ်ပြီ...တစ်ဆိတ်ရှိ မင်းဆိုတဲ့ကောင်ကတော့ အစားစားဖို့ပဲ သိတယ်၊ မာလာကော ဆာပြီလားဟင်"

ချစ်မိုးသူက လှခင့်ကို ပြောနေရာမှ ဘေးတွင်ရပ်နေသော မာလာနွယ်ကိုပါ ကြင်နာယုယသံဖြင့် မေးနေသည်။

"ဟင့်အင်း....မာလာတော့ မဆာပါဘူး၊ မောင်ကော"

"မောင်လဲ မဆာပါဘူးကွယ်၊ ဟောဟို အကောင်သာ ဆာနေတာပါ"

"ဟ...ဆာတာပေါ့၊ မင်းတို့ကတော့ မင်းတို့အပူနဲ့မင်းတို့မို့ ဆာရကောင်းမှန်း မသိပေမယ့် ငါကတော့ ဘာအပူမှ မရှိတဲ့ကောင်မို့ အချိန်ကျရင် ဆာလာတာပဲကွ၊ ကဲ... လာပါကွာ၊ ပြောနေကြတယ့်ဟိုဘက်နားက တရုတ်လက်ဖက်ရည်ဆိုင်မှာ သွားပြီး စားသောက်ကြရအောင်"

လှခင့်က ခေါ်နေသော်လည်း ချစ်မိုးသူက မလိုက်ပေ



"ဒီလောက်တောင် သေမတတ်ဆာနေရင်လဲ မင့်ဗိုက်ဆံနဲ့မင်း သွားပေါ့ကွာ၊ ငါ့လာပြီး ကလေးဆိုးကလေးလို အပူကပ်မနေနဲ့ကွ"

"အယိုယို...အပူမကပ်လို့ မဖြစ်ဘူး၊ ငါ့မှာ တရုတ်လက်ဖက်ရည်ဆိုင်မှာ အကျဘိုင်ပြီး စားနိုင်လောက်အောင်ငွေအသပြာက နတ္ထိကွ၊ ရှိသာနေရင် မင်းတို့ စုံတွဲနောက်ကို အခုလိုတောင် အပင်ပန်းခံပြီး လိုက်မနေဘူး၊ ရန်ကုန်ကို တစ်ချိုးတည်းသုတ်ပြေးတာ ကြာလှပြီ သိလား၊ ဟဲ...ဟဲ"

"ဟော...ပိုက်ဆံမရှိရအောင် မင်းက ဘာတွေကို သုံးနေလို့လဲ၊ တစ်လမ်းလုံးလဲ ငါကပဲ တကာခံခဲ့ရတာပဲဟာ၊ ပြောစမ်းပါဦး"

"ဘာမှမသုံးဘူးဟ၊ အိမ်က ထွက်လာကတည်းက မင့်ကို အားကိုးနဲ့ ပိုက်ဆံကို ယူမလာတာ၊ တောက်...အခုမှ ငါမှားမှန်း သိရတယ်ကွာ...ဗိုး"

လှခင့်က စကားအဆုံးတွင် သူနှုတ်ခမ်းကို သူ့လက်ဝါးဖြင့် ပြန်ရိုက်ပြနေသည်။

ချစ်မိုးသူနှင့် မာလာနွယ်တို့မှာတော့ စိတ်ညစ်နေကြသည့်ကြားမှပင် လှခင့်၏အဖြစ်ကိုကြည့်ကာ ရယ်မိကြသေးသည်။

"ကဲ...ါ မာလာရယ်...ဒီကောင့်ကြည့်ရတာ စိတ်မသက်သာလို့ နောင်တို့ မဆာကြပေမယ့် သူ့အတွက် ဝင်စားကြရအောင်လား"

www.burmeseclassic.com



ချစ်မိုးသူ၏ စကားများကိုကြားရမှ လှငွေ၏ မျက်နှာကြီးမှာ ပြုံးလာခဲ့သည်။

"အဟီး…ဒီလိုမှပေါ့ကွ၊ ကဲ…လာ…လာ၊ စားစရာရှိရင် မြန်မြန်စားတာ အကောင်းဆုံးပဲ၊ ဟဲ…ဟဲ"

လှငွေက ပြောရင်း တရှုတ် လက်ဖက်ရည်ဆိုင်ဘက်သို့ လျှောက်သွားသည်။

ချစ်မိုးသူတို့က နောက်မှ လိုက်ပါသွားခဲ့ကြသည်။

"မင်း ဘယ်လိုအစီအစဉ်တွေ ချထားတယ်ဆိုတာ ငါ့ကို ပြောစမ်းပါဦး၊ ငါဖြင့် မင်းတို့နှစ်ယောက်အတွက် ရင်လေးလှန်းလို့ပါကွာ"

လှငွေက လက်ဖက်ရည်သောက်နေရာမှ ချစ်မိုးသူအား မေးနေသည်။

"ငါတော့ ရန်ကုန်ကိုပြန်သွားပြီး အလုပ်တစ်ခုခု ဝင်လုပ်မယ် စိတ်ကူးဘယ်ကွာ"

"အယ်…အယ်…ရန်ကုန်မှာ အလုပ် ဝင်လုပ်ဖို့ဆိုတာ မလွယ်ဘူးနော်၊ စားစရိတ်ကလဲ ကြီးလှတယ်"

"တွက်တယ်၊ မာလာလဲ ရန်ကုန်ကိုပြန်သွားပြီး အလုပ်လုပ်ကာတော့ သဘောမတူဘူး၊ ဖြစ်နိုင်ရင် ဒီနယ်တွေဘက်မှာ စိုက်ပျိုးရေးတွေလုပ်တာကမှ ကောင်းလိမ့်မယ်၊ ရန်ကုန်ကို ပြန်သွားမယ်ဆိုရင် မာလာရဲ့ မိဘတွေနဲ့ ကိုသက်မောင်ရဲ့ ရန်ကို ကြောက်နေရမှာမို့ မာလာ မသွားချင်တာပါ"





"ကောင်းပြီလေ၊ မာလာက ရန်ကုန်မပြန်ချင်ရင်လဲ ရပါတယ်၊ ဒီတော့ မောင်တို့ ဘယ်သွားပြီး နေကြရမယ်ဆိုတာကို စဉ်းစားရလိမ့်မယ်၊ လက်ထဲမှာကလဲ ငွေက တစ်သောင်းတောင် မပြည့်တော့ဘူး၊ အဲ…မောင့်ဆွဲကြိုးရယ်၊ စိန်လက်စွပ်ရယ်တော့ရှိပါသေးတယ်လေ ဒါလေးတွေကိုတုခွဲပြီး အရောင်းအဝယ် တစ်ခုခု လုပ်ကြတာပေါ့"

"မာလာ့မှာလဲ ပစ္စည်းတွေ ပါလာပါသေးတယ် မောင်ရယ်၊ မောင့်ပစ္စည်းတွေနဲ့ မလောက်ရင် မာလာ့ပစ္စည်းတွေကိုပါ ထုခွဲပစ်ကြတာပေါ့"

မာလာနွယ်ကလည်း ပြန်ပြောနေသည်။

"ဟာ…အဲဒါကိုတော့ မောင် လက်မခံနိုင်ဘူး၊ ဒါတွေဟာ မာလာရဲ့မိဘ ပစ္စည်းတွေမို့ မထုခွဲချင်ဘူး၊ မောင်ကသာ မာလာ့အတွက် ဝယ်ပေးရမှာပါကွယ်"

"မဟုတ်တာဘဲ မောင်ရယ်၊ အခုလောလောဆယ် အခြေအနေအရ မတတ်သာလို့ ထုခွဲရမယ့်ဟာ၊ ခွဲခြမ်းခွဲခြမ်း လုပ်မနေပါနဲ့၊ လင်မယားဖြစ်နေမှတော့ မရှိအတူ ရှိအတူပေါ့"

သူတို့ ပြောဆိုနေကြခိုက် လှငွေက အကြံတစ်ခု ရဟန်ဖြင့် လှမ်းပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့....ဟော့၊ ငါ အခုမှသတိရတယ်၊ မင်းတို့အတွက် ငွေ အရင်းတွေ သိပ်မလိုဘဲ ထမင်းနပ်မှန်အောင်စားဖို့ ငွေရရင် ပြီးတာပဲ မဟုတ်လား"

"အေးလေ....ငါတို့က လောဘ မကြီးပါဘူး၊ တို့လင် မယား နှစ်ယောက် ထမင်းနပ်မှန်အောင် စားရမယ့်လုပ်ငန်း ရှိရင် ဖြစ်ပါတယ်ကွာ"

"ဒါဆိုရင် တခြားကိုသွားဖို့ စိတ်ကူးမနေနဲ့၊ ရွှေဘိုကို သွားကြပေတော့"

"ဟာ....ရွှေဘိုမှာ ငါ့အသိ တစ်ယောက်မှမရှိဘူးလေ"

"မင်းမှာ မရှိပေမယ့် ငါ့မှာရှိပါတယ်၊ ငါနဲ့ အင်မတန် ခင်မင်တဲ့ သူငယ်ချင်းတစ်ဦးရှိတယ် သူ့နာမည်က ဆန်းတော့ ဆန်းတယ်ကွ....အဟီး"

"ဘယ်လို နာမည်မို့လို့ကွ"

"သူ့နာမည်က ပုံးရည်တဲ့ကွ ဟား....ဟား....ဟား...."

လူငယ်က ပြောပြီး ရယ်နေလျှင် ချစ်မိုးသူနှင့် မာလာနွယ် တို့မှာလည်း ရယ်နေကြသည်။

"အဲဒီ ပုံးရည်ကြီးနဲ့ ငါတို့က ဘာလုပ်ရမှာလဲ"

"ဟာကွာ....ဘယ်ကလာ ပုံးရည်ကြီးရမှာလဲ၊ ပုံးရည်ပါ ကြီး မပါပါဘူးဟ"





"ထားပါတော့၊ သူ့ဆီကို ငါတို့က ဘာအတွက်သွားတွေ့ ရမှာလဲ"

"သူက မြို့ခံမို့လို့ သူ့အကူအညီနဲ့ ဆိုင်ခန်းတစ်ခန်း ရွှေဘို ဈေးထဲမှာဖွင့်ပေါ့၊ အဲ.... ဘာပစ္စည်းတွေရောင်းရင် ဖွံ့မယ်ဆို တာကိုတော့ သူနဲ့တွေ့မှ တိုင်ပင်ကြတာပေါ့၊ ပြီးတော့ ဒီကောင်ကြီးဟာ ငါ့လိုပဲ လူပျိုကြီးမို့ သူ့အိမ်မှာ နေလို့ရပါ တယ်လေ"

"ကောင်းပြီလေ၊ အခု လောလောဆယ်မှာတော့ သူ့ဆီ မှာ နေကြတာပေါ့၊ ဒါထက် သူက ရွှေဘို ဘယ်အရပ်မှာ လဲကွ"

"အင်း....အရင်တုန်းကတော့ သူဟာ သက်သာန်းတောင်းရပ် မှာ နေတာပဲ၊ ဒါပေမယ့် သူ့အမေကြီး ဆုံးသွားပြီးကတည်း က တခြားအရပ်ကို ပြောင်းသွားတယ်လို့သိရတယ်၊ မြို့ကိစ္စ ဘက်မှာလို့တော့ ကြားတယ်၊ ကဲပါ...ရွှေဘိုကျမှ ငါတို့သူ့ကို စုံစမ်းကြတာပေါ့၊ သူ့ကို မသိတဲ့သူကတော့ ရှားပါတယ် လေ"

ထို့နောက်တော့ သူတို့အားလုံး လက်ဖက်ရည်ဆိုင်မှ ထွက် လာခဲ့ကြပြီးနောက် ချစ်မိုးသူနှင့် ခင်မင်နေသော အငှားကား ပိုင်ရှင်တစ်ဦး၏ အကူအညီဖြင့် ရွှေဘိုမြို့သို့ ထွက်လာခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေဘိုဈေးကြီးသို့ရောက်လျှင် ချစ်မိုးသူက ကားကိုရပ်ခိုင်းပြီး ဆင်းခဲ့ကြသည်။

သူတို့ စီးလာခဲ့ကြသောကားမှာ ချစ်မိုးသူတို့အား အခမဲ့လိုက်ပို့ပေးသည့်ကားမို့ ကားခပေးစရာမလိုပေ၊ သူတို့ ဆင်းအပြီးတွင် ထိုကားကလေးမှာ စစ်ကိုင်းဘက်သို့ ပြန်မောင်းသွားခဲ့သည်။

''ကိုင်း....မင်းတို့ ဒီနေရာမှာ ငြိမ်ငြိမ်ကလေးရပ်နေကြ၊ ငါ ပုံးရည်ကို သွားစုံစမ်းလိုက်ဦးမယ်''

လှငွေက ချစ်မိုးသူကို မှာကြားပြီး ဈေးဘက်သို့ ထွက်သွားခဲ့သည်။

ရွှေဘိုဈေးတွင် ဖွင့်လှစ်ထားသော ဆိုင်ခန်းနှစ်ခန်းအထိ လှငွေက ပုံးရည်၏ အမည်ကိုမေး၍ စုံစမ်းကြည့်နေသည်။

ဆိုင်တစ်ဆိုင်က လမ်းညွှန်လိုက်သဖြင့် လှငွေလည်း ဝမ်းသာအားရနှင့် ချစ်မိုးသူတို့ထံသို့ ပြန်လာခဲ့သည်။

''လာကြမော့....ပုံးရည် နေတဲ့အိမ်ကို သိရပြီ၊ သူတို့က ဝက်လည်ရွဲချပ်မှာတဲ့ ကွ''

လှငွေကပြောရင်း ရှေ့မှ ထွက်သွားခဲ့ရာ ချစ်မိုးသူတို့စုံတွဲက နောက်မှနေ၍ အထုပ်အပိုးတွေ ကိုယ်စီဖြင့် လိုက်ပါသွားခဲ့ကြသည်။

ဝက်လည်ရွဲရပ်ထဲတွင်ရှိ တစ်ထပ် ပျဉ်ထောင်သွပ်မိုးအိမ်သို့ရောက်လျှင် လှငွေက မေးရန် ဝင်သွားခဲ့သည်။





ထိုအိမ်ကလေးမှာ အိမ်ရှေ့တွင် ကုန်မျိုးစုံဆိုင်ကိုလည်း ဖွင့်ထားသည်။

ထိုဆိုင်မှ အသားဖြူဖြူ ကိုယ်လုံးဝဝ အသက်သုံးဆယ်နီးပါးရှိ အမျိုးသမီး အား လှငွေက သွားမေးနေသည်။

''ဒီမယ် ခင်ဗျ....ပုံးရည် ရှိသလား''

ထိုအမျိုးသမီးက လှငွေအား အူကြောင်ကြောင်ဖြင့် လှမ်းကြည့်ကာ ပြန်ဖြေသည်။

''ကျွန်မတို့ဆိုင် ပုံးရည် မရောင်းဘူးရှင့်''

''ဟိုက်....သွားပါပြီဗျာ''

လှငွေမှာ သွန်ဖူးကိုသူ လက်ဝါးဖြင့်ရိုက်ရင်း အထက်ပါအတိုင်း ရေရွတ်မိသည်။

သူ့နောက်တွင် ရပ်နေကြသော ချစ်မိုးသူနှင့် မာလာနွယ်တို့ကတော့ လှငွေ အဖြစ်ကို ကြည့်ကာ ရယ်နေမိကြသည်။

အမျိုးသမီးကမူ သူတို့ကို ခပ်ငေးငေးကလေး ကြည့်နေသည်။

လှငွေက ထပ်၍မေးနေပြန်သည်။

''ကျွန်တော် ပြောတဲ့ပုံးရည်ဆိုတာက ဟိုဟာပါ၊ ခင်ဗျား ပြောတဲ့ ပုံးရည် မဟုတ်ဘူး''

''ဩော်....သိပြီ....သိပြီ၊ ရှင် ပြောတဲ့ ပုံးရည်ဆိုတာ ပုဂံကသာတဲ့ နိုင်ငံကျော် လယ်သမားတံဆိပ် ပုံးရည်ကို ပြောနေတာ မဟုတ်လား၊ ဒီရွှေဘိုမှာတော့ မရှိဘူးရှင့်''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...သွားပြန်ပြီ နောက်တစ်ချီ"

လှငွေမှာ ညည်းညူသံနှင့်အတူ သူ၏ နဖူးကိုသူ ပြန်၍ ရိုက်မိပြန်သည်။

ချစ်နိုးသူမှာ ရပ်ကြည့်မနေနိုင်တော့ဘဲ လှငွေ ကိုယ်စား ဝင်မေးရတော့သည်။

"ဒီလိုပါ ခင်ဗျာ...သူ မေးနေတဲ့ ပုံးရည်ဆိုတာက ပုဂံမြို့က လာတဲ့ ပုံးရည်ကို ပြောတာမဟုတ်ပါဘူး၊ ဒီအိမ်မှာနေတဲ့ ကိုပုံးရည်ကို မေးနေတာပါ"

"ဩော်...လက်စသတ်တော့ ရှင်တို့က ကျွန်မ ယောကျ်ားကို မေးနေတာကိုး၊ ခိ...ခိ..."

ထိုအခါကျမှ ဆိုင်ရှင် အမျိုးသမီးမှာ သဘောပေါက်သွားဟန်ဖြင့်ပြောပြီး ရယ်နေသည်။

"ဟာ... ဒါလဲ မဟုတ်သေးဘူး ခင်ဗျ၊ ကျွန်တော်တို့ မေးတဲ့ ပုံးရည်ဆိုတာက မိန်းမမရှိသေးဘူး၊ လူပျို ပုံးရည်ပါ"

"မဟုတ်တာရှင်... ပုံးရည်ဟာ ကျွန်မ ယောကျ်ား၊ ကျွန်မ ယောကျ်ားဟာ ပုံးရည်၊ ရှင်တို့ကို ကြည့်ရတာ စိတ်ရောဂါဆေးရုံထွက်တွေလိုပဲ၊ ကြောင်တောင်တောင်နဲ့"

ဆိုင်ရှင် အမျိုးသမီးက သဘောမကျသံဖြင့် ပြန်ပြောနေသည်။





"ဩော်... ဩော်...ပုံးရည်တစ်ယောက် မိန်းမရနေပြီကိုး။ အခုမှပဲ သိရတော့တယ်"

လှခင့က အမှတ်တမဲ့ ပြောလိုက်မိသည်၊

ထိုစကားကြောင့် ဆိုင်ရှင်အမျိုးသမီးမှာ ပုံးရည် အပေါ်တွင် တစ်မျိုးထင်မှတ်ကာ သွားခဲ့တော့သည်။

"ဒါက ဘာသဘောလဲ၊ ကိုပုံးရည်ဟာ သူ့ကိုယ်သူ လူပျိုလို့ပဲ ပြောနေတုန်းလားဟင်၊ ကျွန်မက သူ့မိန်းမအစစ်၊ သူနဲ့ ပေါင်းသင်းခဲ့တာကလေးတွေတောင် ရနေပြီပဲဟာ၊ ဒါတို့ သင်းက လူပျို လုပ်နေတုန်းပေါ့လေ၊ သိမယ်...သိမယ်၊ ကာလနာကြီး....အိမ်ပြန်ရောက်လာမှ မိဝက်ရဲ့အကြောင်းကို ပြလိုက်ရဦးမယ်ပေါ့.... တော်"

ဆိုင်ရှင်အမျိုးသမီးဒေါပွနေသဖြင့် လှငွေတို့မှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် အမြန်ပြန်၍ တောင်းပန်နေရတော့သည်။

"အာ...အာ...ဒီလိုမဟုတ်ပါဘူးဗျ၊ ကျွန်တော်နဲ့ပုံးရည်တို့ဟာ လူချင်းကွဲနေကြတာ ကြာနေလို့ သူ မိန်းမရတာ မသိလို့ အခုလို ပြောမိတာပါဗျာ"

လှငွေ တောင်းပန်နေခိုက်မှာပင် ပုံးရည်မှာ အပြုံးတွေဝေဝေနှင့် ရောက်လာခဲ့သည်၊

"ဟယ်...ဘယ်သူများလဲလို့၊ လှငွေပါလား၊ မင့်ကို အခုလို ကျန်းကျန်းမာမာနဲ့ မြင်ရတော့ စိတ်ညစ်လိုက်တာကွာ၊ ဘာလို့ မသေသေးရတာလဲ... အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ပုံးရည်က လှင့်ကို နောက်ပြေခင်နေသည်။

ပုံးရည်၏ မိန်းမကတော့ သူတို့ကို မျက်စောင်းထိုး၍ ကြည့်ရင်း ရန်တွေ့တော့သည်။

"ဒီမယ် ကိုပုံးရည်.... ရှင့်အပေါက်က ဘာအပေါက်လဲ ဟင်၊ ရှင်နဲ့ ကျွန်မ ရခဲ့တာ ကလေးသုံးယောက်အဖေ ဖြစ်နေတာတောင် ရှင့်သူငယ်ချင်းတွေကို လူပျိုလို့ပြောထားတာ ဘာသဘောလဲရှင့်၊ ပြောစမ်းပါဦး"

ထိုစကားများကိုကြားလျှင် ပုံးရည်မှာ အပြုံးတွေ မပေါ်နိုင်ဘဲ နုံးခွေမတတ်ဖြစ်ကာ လှင့်ကို လှမ်းမေးနေရသည်။

"ဟာ...ဟာ...ဟာကောင်ကြီး၊ ရောက်မယ်တောင် မကြာသေးဘူး၊ ငါ့မိန်းမကို ဘာတွေသွားပြီး ချောက်တွန်းနေရတာလဲ တိုးဘိုးအောင်ရယ်"

"ငါက ချောက်တွန်းတာ မဟုတ်ပါဘူးကွာ၊ မင်း မိန်းမရတာ မသိလို့ ပုံးရည်တစ်ယောက် မိန်းမတောင် ရနေပါကလားလို့ ပြောလိုက်မိတာပါ"

"အေးလေ...မင်းသိပါ့မလား၊ မင်းနဲ့ငါ ကွာရှင်းထားခဲ့တာ ကြာပြီပဲ"

"အစစ်ပေါ့၊ ကလေးနှစ်ယောက်အရမှာ အာ....အာ...ဒီကောင် ဘာတွေလျှောက်ပြောနေရတာလဲကွ.... အဟီး"





နှစ်ဦးသား အတိုင်အဖောက်ညီညီနှင့် ရွှတ်နောက်နေကြသဖြင့် ချစ်မိုးသူနှင့် မာလာနွယ်တို့မှာ ရယ်မဆုံးဖြစ်နေကြတော့သည်။

ထိုနောက် ပုံးရည်က သူ့မိန်းမဘက်သို့ လှမ်း၍ပြောနေပြန်သည်။

"ဒီကောင်ကြီးက ငါ့အချစ်ဆုံးသူငယ်ချင်းပါမဝက်ရယ်"

"ဟော့...မင့်မိန်းမနာမည် မဝက်တဲ့လားကွ"

"တွတ်တယ်လေ ဘာဖြစ်လို့လဲကွ"

"အဟီး....မင်းတို့ လင်မယားနှစ်ယောက် နာမည်က သိပ်ကိုလိုက်ဖက်နေလို့ပါ"

"ဘယ်လိုကြောင့်"

"ဒီလိုလေ... မင့်နာမည်က ပုံးရည်၊ မိန်းမဖြစ်တဲ့သူရဲ့ အမည်က မဝက်ဆိုတော့ သိပ်လိုက်ဖက်တာပေါ့၊ ဘာဖြစ်လို့လဲဆိုရင် ဝက်သားနဲ့ ပုံးရည်ကြီးကိုရောပြီး ချက်စားရင် အင်မတန်မှကောင်းပြီး အရသာရှိတာမို့ ငါက ပြောနေတာပါလေ....အဟီး"

"အစစ်ပေါ့၊ ပုံးရည်ကြီးနဲ့ဝက်သား ရောချက်စားရင် ကောင်းလို့ အင်မတန်ကောင်းသလို တို့လင်မယားကလဲ အင်မတန်ကောင်းတာပေါ့၊ မဟုတ်ဘူးလား မိန်းမရယ် ဟဲ့ ဟဲ...."



www.burmeseclassic.com

www.burmeseclassic.com



"အို...တော်က ရှုးသလိုလို ပေါသလိုလိုနဲ့၊ ဘာတွေ သွားပြောနေရတာလဲ၊ အခု တိတ်စမ်း"

ပုံးရည်၏ဇနီး မဝက်က လှမ်း၍မာန်နေသည်။

ပုံးရည်သည်း ပါးစပ်ပိတ်ကာ ရုပ်တပ် ဖြစ်သွားတော့သည်။

လှငွေကမူ ဆက်၍ နောက်နေပြန်သည်။

"ပုံးရည်နဲ့ဝက်သား ချက်စားတာကောင်းပေမယ့် စားလို့ပြီးရင် အကြောတွေဆိုင်းပြီးတက်တတ်တယ်နော် ဟုတ်လား"

"အစစ်ပေါ့၊ အင်မတန်ကိုဘက်ဘာပဲဟေ့၊ မတက်တယ် တက်တယ် အခု ငါ့မှာ ကလေးသုံးယောက်ရနေတာ ဘောင်ကြည့်တော့လေ၊ ဟား...ဟား...ဟား"

ပုံးရည်ကလည်း ငယ်မူမြန်ကာ လှငွေနှ အပြိုင် နောက်နေသည်။

မဝက်က ဒေါကန်ကာ ဆိုင်တွင်ရှိနေသော အာလူး တုံးဖြင့် ပုံးရည်၏ခေါင်းကို ပစ်ပေါက်လိုက်တော့သည်။

"အောင်မယ်လေး.... နာလိုက်တာ မိန်းမရယ်၊ ဘယ်လို လုပ်တာလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ တော့်ကိုယ်တော်မျာ်း ဘာများ အောက်မေ့နေသလဲ မသိဘူး၊ အရွတ်တွေ အနောက်တွေ မပြောနေလိုက်တာ၊ ဟကယ်ကလေသားကလေး ကျနေတာပဲ ဟွန်း...."





မဝက်က ကြိမ်းနေသဖြင့် ပုံးရည်မှာလည်း အပြုံးမဲ့ဝ နိုင်ဘော့ဘဲ ရပ်နေလိုက်ရသည်။

ထိုနောက် ချစ်မိုးသူဘက်သို့လှည့်၍ လှငွေက ပုံးရည်ကို မိတ်ဆက်ပေးနေသည်။

"သူ့ကို မင်း မသိဘူးလား၊ ဒီစစ်ကိုင်းမြို့က သူဌေးကြီး ဒေါ်ဒေါ်ဖြိုးရဲ့ မြေးလေ၊ သူနဲ့ငါက ဝက္ကသိုလ်မှာ ကျောင်းနေဖက်ပေါ့"

"အင်း...သူ့ကို မြင်ဖူးသလိုလိုတော့ ရှိပါတယ်၊ ဒါထက် သူတို့က ဒီကို ဘာလာလုပ်တာလဲ"

"မင့်ကို အစဆုံးရှင်းပြရရင်တော့ သူ့အတွားက ဟော ဒီက မာလာနွယ်နဲ့ သဘောမတူလို့ အိမ်က နှင်ချလိုက်တယ်၊ သူတို့လဲ ဘာဆက်လုပ်ရမယ်ဆိုတာ မသိလို့ ဒီမြို့မှာ ဒီးပွားရေးတစ်ခုခုလုပ်ဖို့ မင့်ဆီကို ငါခေါ်လာတာပဲ၊ မင်း ကကော ကူညီနိုင်ပါ့မလား"

"ဟဲ့...ဟဲ့...စိတ်ချပါ၊ ပုံးရည်နဲ့တွေ့ရရင် အရှုံးတွေနဲ့ ရင်ဆိုင်စေရမယ်"

"ဟာ...ကာသနာ၊ ဘာတွေ လျှောက်ပြောနေရတာလဲကွ"

လှငွေက လှမ်း၍ မာန်နေသည်။

"အဟီး...ငါက အလကားနောက်နေတာပါကွာ၊ ဒီမယ် စိတ်ချ မိတ်ဆွေရေ၊ ပုံးရည်ရဲ့ အကြံအတိုင်းလုပ်ရင် အပြုံးတွေနဲ့ ဝေဆာပြီး ခင်ဗျားတို့နှစ်ယောက် အိုကေသွားစေမယ်ဗျာ ဟဲ့...ဟဲ...ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပုံးချည်က ခပ်ကြွားကြွားကလေး ပြန်ပြောနေသည်။

"အဲဒီ သူတို့နှစ်ယောက် စီးပွားရေးအိုကေ မဖြစ်ခင် နေဖို့ထိုင်ဖို့ အတွက်တော့ မင့်ဆီမှာထားချင်တယ်၊ ဒါကော ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ သူ့ငွေးမကြီးရွဲ့မြေးပဲ့ဟာ၊ ဘာလို့ မထားနိုင်ရမှာလဲ၊ သူတို့ကို စိတ်အခန့်မသင့်ကြသေးလို့ ခေတ္တခဏ အခုလိုပစ်ထားတာပါကွယ်၊ စိတ်ပြေသွားရင် ပြန်ခေါ်မှာပါ"

ပုံးရည်က လှငွေတို့ကိုပြောရင်း ဇနီးသည်ဘက်သို့ လှမ်းပြောနေသည်။

"မိန်းမရေ....ဝက်မရေ"

"ရှင် ဒီနာမည်ကို ခေါ်ပြန်ပြီလား၊ ကျွန်မနာမည်က မဝက်ရှင့်၊ ဝက်မ မဟုတ်ဘူး၊ ဘာကိစ္စ သူများအမေ ပေးထားတဲ့ နာမည်ကို ပြောင်းပြန်ခေါ်နေရတာလဲ"

မငက်က ပုံးရည်ကို ပြန်မာန်နေသည်။

"အဟီး....ငါ မေ့သွားလို့ပါကွာ၊ ငါဆိုတဲ့ တောင်ကလဲ ပြောင်းပြန်တယ်ကြိုက်တာကိုး၊ ငါ့နာမည်ကိုတောင် ပုံးရည်ကို ရေပုံးလို့ သွားပြောမိလို့ တကယ့်ရေပုံးမှတ်ပြီး ကောင်မလေးတွေက လာငှားကြတာ မင်း မှတ်မိတယ် မဟုတ်လား ဟဲ....ဟဲ"

"အို....တော်စမ်းပါ၊ ဟိုမယ် ညှော်သည်တွေ ရပ်နေရတာကိုလဲ့ အားနာဦး၊ ကဲ....လာကြပါရှင်၊ ကျွန်မ ယောက်ျား ကတော့ ကြားကြတဲ့အတိုင်းပဲ၊ စကားကြောက်တော့ အင်





မတန်ရှည်တာ၊ အဲ....တစ်ခုတော့ ပြောထားရဦးမယ်၊ ကျွန်မယောကျ်ားနဲ့ ကျွန်မကတော့ ခဏခဏ ရန်ဖြစ်တတ်ကြတယ်နော်၊ ဒီအတွက် ခွင့်လွှတ်ကြပါလို့ ကြိုတင်ပြီးတောင်းပန် ထားချင်တယ်"

မဝက်၏ ပြောစကားကြောင့် ချစ်မိုးသူတို့မှာ ရယ်နေကြသည်။

လှငွေက....

"ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့ လင်မယား ရန်ဖြစ်ကြရင် ကျွန်တော်တို့က အလိုက်သိသိနဲ့ ရှောင်ပေးပါ့မယ်ဗျာ၊ ဖြစ်တဲ့ အချိန်ကလေးသာ ကြိုတင်မှစထားပါ၊ ဟား....ဟား....ဟား"

လှငွေက ဟာသနှောကာပြောနေသဖြင့် ကျန် လူတွေမှာ ဟားဟားဖြစ်နေကြတော့သည်။

ထို့နောက်တော့ ချစ်မိုးသူတို့မှာ ပုံးရည်၏အိမ်တွင် နေထိုင်ကြရန်အတွက် အိမ်ပေါ်သို့ တက်သွားခဲ့ကြသည်။

☼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အချိန်ဟူသည် လျှပ်စစ်မီးလို ရပ်ဆိုင်းသွားခြင်းလည်း မရှိသလို ပျက်တတ်ခြင်းလည်း မရှိပေ။

တစ်နေ့ပြီး တစ်နေ့သာလျှင် မှန်မှန်ကြီး ကျော်ဖြတ်လာ၍ သွားနေတတ်သည်။

ယင်းသို့ တစ်နေ့ပြီး တစ်နေ့ ကျော်ဖြတ်၍ သွားနေမှုကြောင့် ယခုဆိုလျှင် ချစ်မိုးသူနှင့် မာလာနွယ်တို့ ရွှေဘိုမြို့သို့ ရောက်ခနေခဲ့ကြသည်မှာ တစ်နှစ်ပင် မြည့်မြောက်ခဲ့ ကြရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပထမ နှစ်လခန့်တွင် ချစ်မိုးသူတို့ လင်မယားမှာ ပုံးရည်တို့အိမ်တွင် နေထိုင်ခဲ့ကြပြီး နောက်ပိုင်းတွင် သူတို့ဘာသာ သီးခြားအိမ်ကလေးတစ်လုံးကို ငှား၍ နေခဲ့ကြသည်။

လှမွှေမှာမူ ရွှေဘိုမြို့တွင် သုံးရက်ခန့်သာနေပြီး ရန်ကုန်မြို့သို့ ပြန်သွားခဲ့သည်။

ရွှေဘိုမြို့တွင် ပုံးရည်၏ အကူအညီဖြင့် ဈေးထဲတွင် ဆိုင်ခန်းတစ်ခန်းကို ငှား၍ ဖိနပ်နှင့်အထည်များကို ရောင်းချခဲ့ကြသည်။

မာလာနွယ်က ဆိုင်တွင် ဈေးရောင်းသလို ချစ်မိုးသူကတော့ စာရေးဝါသနာပါသူပီပီ ဝတ္ထုများကို တစ်ပုဒ်ပြီး တစ်ပုဒ်ရေးကာ ရန်ကုန်မြို့တွင်ရှိ မဂ္ဂဇင်းတိုက်အသီးသီးသို့ ပို့ပေးနေခဲ့သည်။

အများအားဖြင့် သူ၏ဝတ္ထုများကို မဂ္ဂဇင်းတိုက်များက ရွေးချယ်ကာ ထည့်ပေးကြသဖြင့် သူကလည်း ဝင်ငွေအတော်အသင့် ရနေတော့သည်။

ယခု သူ၏ ပထမဆုံး လုံးချင်းဝတ္ထုတစ်ပုဒ်ကို စာအုပ်တိုက်တစ်တိုက်မှ ထုတ်ဝေပေးရန်ပင် စီစဉ်နေတော့သည်။

ထိုလုံးချင်းဝတ္ထုစွံလျှင် ချစ်မိုးသူလည်း နာမည်ကြီးကာ ဝင်ငွေကောင်းသော စာရေးဆရာ ဖြစ်လာပေလိမ့်မည်။





ချစ်မိုးသူနှင့် မာလာနွယ်တို့ ပေါင်းသင်းခဲ့ကြသည်မှာ တစ်နှစ်ပင်ကျော်ခဲ့ပြီ ဖြစ်သော်လည်း ကလေးကျတော့ မရကြသေးပေ။

သူတို့နှစ်ဦးစလုံး ကလေးများကို အလွန်ချစ်တတ်ကြသူများမို့ ကလေးကလည်း အလွန်လိုချင်နေကြသည်။

သူတို့တွင် ကလေးများ မရကြသဖြင့် သူတို့နှင့် အိမ်နီးချင်း ဆရာဝန်တစ်ဦး၏ သုံးလသားအရွယ် ကလေးငယ်ကလေးကို မကြာခဏ ချီပိုးကာ ကလေးလိုချင်နေကြသော ဆန္ဒကို ဖြေသိမ့်နေကြရသည်။

တစ်နေ့တွင် ဘွားအေဖြစ်သူ ဒေါ်ဒေါ်ဖြိုးထံမှ မလာဖူး အလာထူးသော စာတစ်စောင်ကို စာတိုက်မှတစ်ဆင့် သူတို့ရခဲ့ကြသည်။

စာမှာ အောက်ပါအတိုင်း ရေးသားထားသည်ကို သူတို့ တွေ့ရှိကြရသည်။

မြေးချစ်ကလေးဖြစ်သူ
မောင်ချစ်မိုးသူနှင့် မာလာနွယ်....

အလွန် ကျေနပ် ဝမ်းမြောက်စွာနှင့် ဤစာကို ဘွားဘွား ရေးပို့လိုက်ပါသည်။

မင်းတို့ လင်မယား ဘွားဘွားဆီမှ ဆင်းသွားခဲ့ကြသည်မှ အချိန်မှစ၍ ဘွားဘွားမှာ မင်းတို့ကို နေ့စဉ် သတိရမဆုံး ဖြစ်နေခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိရနေမယ့် ဘွားဘွား ပြန်မခေါ်တာကတော့ ယတြာသဘောနဲ့ တမင် ပစ်ထားခြင်းပါ။

အခု စာရေးရသည့် အကြောင်းကတော့ မင်းတို့ သတင်းကို ဘွားဘွား ထောက်လှမ်းခိုင်းထားသော လူယုံတော်တစ်ဦး၏ ပြောပြချက်အရ ယခုဆိုလျှင် မင်းတို့မှာ သားဦး ယောကျ်ားကလေး ရနေပြီတ သိရပါသည်။

ဇေဒင်ကိန်းခန်းအရဆိုလျှင် မင်းတို့မှာ သားဦး ယောကျ်ားကလေး မွေးပါက ကျရောက်မည့် ဘေး အန္တရာယ်အသွယ်သွယ်မှ လွတ်ကင်းပြီတ သိရပါ မင်းတို့ လင်မယားနှင့်တကွ ဘွားဘွား အလွန် တွေ့ချင်မြင်ချင်နေသော မြစ်ကလေးကိုပါ ခေါ် အိမ်သို့ အမြန်ပြန်လာစေလိုပါသည်။

လာမည့် စနေနေ့တွင် အိမ်မှ ဘွားဘွား၏ ကား ကို လွှတ်၍ မင်းတို့လင်မယားနှင့် မြစ်ကလေးကိုပ အခေါ် ခိုင်းလိုက်မည်။

အိမ်ကိုရောက်လျှင် ဘွားဘွား ပိုင်ဆိုင်သမျှစည် တွေအားလုံးကို မင်းတို့လင်မယားကိုလွှဲပေးတော့မည် သတင်းကောင်းကိုပါ ဤစာနှင့်အတူ ပါးလိုက်ပ သည်။





ငါ့မြေး ချစ်မိုးသူနှင့် မြေးမကလေး မာလာနွယ် နှင့်တကွ မြစ်ကလေးတို့ပါ ကျန်းမာပကျ တို ချမ်းသာစွာရှိကြပြီး ရာသက်ပန် ပေါင်းဖော်နိုင်ကြပါ စေလို့ ဤစာနှင့်အတူ ဘွားဘွားကဆုတောင်းမေတ္တာ ပို့သလိုက်ပါသတည်း။

မင်းတို့ရဲ့ ဘွားဘွား....

ဒေါ်ဒေါ်ဖြိုး

"ဟိုက်....အဲဒါမှချောက်ပဲ မာလာရေ....ဟား....ဟား.... ဟား"

ဒေါ်ဒေါ်ဖြိုး၏ စာအဆုံးတွင် ချစ်မိုးသူက အထက်ပါ အတိုင်း ပြောကာ ရယ်နေတော့သည်။

"ဟုတ်တယ်နော် မောင်၊ ဘွားဘွားက မာလာတို့ သားဦး ရတယ်ဆိုတာ ဘယ်သူက သွားပြီး သတင်းမှားကို ပို့လိုက် တယ် မသိဘူး"

"ဘွားဘွားရဲ့ အထောက်တော်က ပို့လိုက်တာ ဖြစ်မှာ ပေါ့"

"အင်းလေ.... ပို့ရော အဲဒီ အထောက်တော်က အမှန် မဟုတ်တဲ့ ဘာသဘောနဲ့ အမှားကို ပို့ရတာလဲ၊ မာလာတို့ ကလေးရဲ မရကို သေသေချာချာ မစုံစမ်းဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ရှိတယ်၊ မောင်တို့မှာ ကလေးမရပေမယ့် ဟိုဘက်အိမ်က ဆရာဝန်ရဲ့ သားလေးကို မောင်တို့ ခဏခဏ ယူချီပြီး တောင်သွားမြောက်သွား လုပ်နေတာကို ဘွားဘွား အထောက်တော်ကမြင်ပြီး မောင်တို့ သားအထင်နဲ့ အခုလို သတင်းမှားပို့တာ ဖြစ်မှာပေါ့"

"ဟုတ်သားပဲ၊ မာလာတို့ဘာ ကလေးချစ်တတ်ကြတော့ ဒီကလေးကို ခဏခဏ ချီနေကြတာကိုး၊ ဒီတော့ မောင့် ဘွားဘွားဆီရောက်ရင် ဘယ်လိုပြောကြမလဲ"

"အဲဒီကိစ္စကတော့ ဟိုဘက်အိမ်က ဆရာဝန်လင်မယားရဲ့ အကူအညီရမှ ဖြစ်မယ်"

"ဟင်....မောင့်ဟာက ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သူတို့သားကလေးကို မောင်တို့က ချီမွေ့ ထားမိလို့ အခုကိစ္စပေါ်တာမို့ သူတို့သားကလေးကို ခဏ လောက် ခေါ်သွားပါရစေ၊ အစစအရာရာ ကလေးအတွက် ကျွန်တော်တို့ ယူပါ့မယ်၊ ဒီကလေးကိုလဲ ကြာကြာ မထား ပါဘူး၊ အလွန်ဆုံး တစ်လလောက်ပဲ ခေါ်ထားမှာပါလို့ တောင်းပန်ပြီးပြောရင် ရမယ်ထင်တယ်"

"ဟာ.... မဖြစ်နိုင်တာပဲ မောင်ရယ်၊ သူတို့မှာကလဲ ဒီ ကလေးတစ်ယောက်တည်း ရှိတဲ့ဟာ၊ ဘယ်မှာ ပေးလိမ့်မလဲ၊ ဒီတော့ တခြားကိစ္စကို စဉ်းစားစမ်းပါ၊ ဒီရွှေဘိုမြို့မှာ လေး



လသားအရွယ် မွေးစားဖို့ ပေးမယ့်ကလေးများ ရှိမလား မသိဘူး၊ ဒီကလေးကို မွေးစားပြီး မာလာဘိုကလေး လုပ် ထားတာတော့ ဟန်ကျဦးမယ်"

မာလာနွယ်၏ စကားများကို ကြားရလျှင် ချစ်မိုးသူက လည်း ချက်ချင်းပင် သဘောတူသည်။

"မှန်တယ်၊ မာလာပြောတာ အကောင်းဆုံးပဲ၊ ဒီတော့ မောင်တို့ ဘာဆက်လုပ်ကြမလဲ"

"အိုး...မာလာတို့က ဒီ ရွှေဘိုမြို့ခံမှမဟုတ်ဘဲ၊ ဒီတော့ ရွှေဘိုမြို့ကြီးသားဖြစ်တဲ့ ကိုပုံးရှည်ဆီကို အဲဒီကိစ္စကိုပြောပြပြီး အကူအညီတောင်းကြတာပေါ့၊ သူက နှံ့စပ်တယ်လေ"

မာလာနွယ်ပြောသည့်အတိုင်းပင် ချစ်မိုးသူမှာ ပုံးရှည် အိမ်သို့သွားကာ သုံးလသားအရွယ် ကလေးငယ်တစ်ဦး မွေး စားချင်ကြောင်းကို ပြောပြနေသည်။

"အင်း....ကလေးငယ်ကလေး မွေးစားဖို့ ကိစ္စကတော့ ကျွန်တော်တို့ ရွှေဘိုမြို့က အရပ်ဝမ်းအံ့သည်ကြီး ဒေါ်တုတ်မှ ဖြစ်မယ်၊ ဒီတော့ ဒေါ်တုတ်အိမ်ကို သွားကြမယ်"

ပုံးရှည်ကပြောလျှင် ချစ်မိုးသူလည်း သဘောတူသဖြင့် ဒေါ်တုတ်အိမ်သို့ လိုက်ပါသွားခဲ့ကြသည်။

ဒေါ်တုတ်မှာ သက်သာပန်းတောင်းရပ်တွင် နေထိုင်သူ ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ ဒေါ်တုတ်ကိုမတွေ့ရဘဲ အိမ်ရှေ့တွင် သုံးသားအရွယ် ကလေးငယ်အား နို့ချို တိုက်ကျွေးနေသော အသက်နှစ်ဆယ်ခန့်အရွယ် အသားညိုညိုနှင့် အမျိုးသမီး ကလေးကိုသာ တွေ့ကြရသည်။

"ဒီမယ်....ညီမ၊ ဒေါ်တုတ်ရှိသလား"

ပုံးရည်က ကလေးအမေအား မေးနေသည်။

"အခုဒေါ်မရှိဘူးရှင့်၊ အပြင်သွားနေတယ်၊ ဘာကိစ္စရှိလို့ ပါလဲ"

ထိုအမေးကို ပုံးရည်က မပြည့်မစုံနှင့် ဖြေလိုက်ပုံက....

"ကိစ္စကတော့ ကျွန်တော် ကလေးမွေးချင်လို့ပါ"

ပုံးရည်၏ စကားများကြောင့် အမျိုးသမီးလေးက သူ့အား အူကြောင်ကြောင်နှင့် လှမ်းကြည့်ကာ အံ့ဩသံဖြင့် ပြန်မေးနေသည်။

"ဩော်...ရှင်က ယောကျ်ားကြီးတန်မဲ့နဲ့ ကလေးမွေးချင်လို့လား၊ ရှင့်ဗိုက်က သိပ်လဲမပူဘဲနဲ့"

"ဟိုက်....ဗုဒ္ဓေါ၊ ခင်....ခင်ဗျားပြောတာ မှားနေပြီလေ ကျွန်တော်မွေးမှာ မဟုတ်ပါဘူး၊ သူပါ"

ပုံးရည်က ပျာပျာသလဲနှင့် ပြန်ပြောကာ အနီးတွင်ရပ်နေသော ချစ်မိုးသူအား လက်ညှိုးထိုးပြကာ ပြောနေသည်။





"အာ....ဟိုအစ်ကိုကြည့်ရတာလဲ ကလေးမမွေးနိုင်ပါဘူး၊ သူ့ဗိုက်ကလဲ ပိန်ပိန်ကလေးပဲဟာ၊ ရှင်တို့ သက်သက် ကျွန်မကို လာနောက်နေကြတာလားဟင်"

"အာ....အာ၊ မဟုတ်ဘူးလေ၊ ဟုတ်ဘယ်လေ....အဲ.... အဲ....ဒီလိုပါ ညီမရယ်၊ အစ်ကိုတို့က မွေးမှာမဟုတ်ပါဘူး၊ ကလေးငယ် တစ်ယောက်ကို မွေးစားချင်လို့ပါ"

ပုံးရည်က ရှင်းပြနေရာမှ ချစ်မိုးသူဘက်သို့ လှည့်၍မေး နေသည်။

"ဟေး....ကိုချစ်မိုးသူ၊ ခင်ဗျားလိုချင်တဲ့အရွယ်က ဒီညီမ ရင်ခွင်ထဲမှာရှိနေတဲ့ ကလေးအရွယ်လားဗျ"

"ဟုတ်တယ် ဒီအရွယ်ပဲ၊ ပြီးတော့ ဒီကလေးငယ်ကလေးနဲ့ ဟိုဆရာဝန်ရဲ့ ကလေးကဘဲ ရုပ်ချင်း တော်တော်ဆင်တယ်၊ ဒါထက် ဒီကလေးက အထီးလားအမလားဆိုတာ ကြည့် စမ်းပါဦး"

ချစ်မိုးသူကပြောလျှင် ပုံးရည်က နို့စို့နေသော ကလေး ငယ်၏ ကိုယ်ပေါ်၌ ဖုံးကွယ်ထားသောအနှီးကို လှန်ကြည့် သည်။

"ဟာ....နိပ်ဟ၊ ယောကျ်ားကလေးဗျို့၊ ရှေ့ပန်းကလေး ပေါက်တောက်နဲ့ အဟီး...."



www.burmeseclassic.com

www.burmeseclassic.com



ပုံးရည်၏ပြောသံကြောင့် ချစ်မိုးသူက မျက်စောင်းထိုးကြည့်ကာ ပြန်ပြောနေသည်။

"ကိုပုံးရည်တို့ကတော့ လွယ်ပြီ၊ ယောကျ်ားကလေးပါဆိုနေမှတော့ ရှောင်နိုင်မပါဘဲ နေမလားဗျ၊ ခင်ဗျားတုန်းကပါမလာလို့လား....ဟဲ...ဟဲ"

"ဟာဗျာ....ကိုချစ်မိုးသူကလဲ ကျက်အြရာတွေ ပြောနေပြန်ပါပြီ၊ ကော့ဒ်ခင်ဗျားက ကြည့်ချင်ပြီထင်တယ် အဟီး"

"သွားစမ်းပါ...ဘာဆိုင်လို့ ကျုပ်က ကြည့်ရမှာလဲ၊ ဘော်ကြာ ထင်းမစားနိုင်ဘဲ ဖြစ်နေပါဦးမယ်ဗျာ၊ ဟား....ဟား....ဟား...."

ချစ်မိုးသူက ပြောဖြီး ရယ်နေသည်။

ပုံးရည်ကလည်း ရယ်နေရာမှ နို့တိုက်နေသော အမျိုးသမီးကလေးကို မေးနေပြန်သည်။

"ဒီက ငါ့ညီမနာမည်က ဘယ်လိုခေါ်ပါသလဲဟင်"

"ကျွန်မနာမည်လား....ခင်ချောချောတဲ့ရှင့်"

ထိုအမည်ကို ကြားကြရလျှင် သူတို့နှစ်ဦးမှာ ရယ်နေမိကြသည်။

"ဩော်...ခင်ဗျားနာမည်ကခင်ချောချောတဲ့လား၊ နာမည်ကလေးကတော့ တယ်ကဗျာဆန်ပြီး လှနေတာပဲ"





"နာမည်တင် လှတာကလားရှင့်၊ ကျွန်မရုပ်ကကော မလှလို့လား"

"မလှ....အဲ အဲ....လှပါတယ်ဗျာ၊ ချောလဲချောပါတယ်၊ တကယ်ပါဗျာ၊ ယင်ကောင်နားရင်တောင် နားမရအောင် ချောနေတယ်၊ အဲ....ဟုတ်ပါဘူး၊ ချောပါပေတယ် ဟဲ....ဟဲ၊ ဒါထက် အခု နို့တိုက်နေတာ ခင်ဗျားကလေးလားဟင်...."

"အိုး...ကျွန်မကလေးမို့ ကျွန်မနို့ကို တိုက်နေတာပေါ့၊ သူများကလေးဆိုရင် ဘာဆိုင်လို့တိုက်ရမှာလဲ"

"အဟီး.... မှန်ပါတယ်ဗျာ မှန်ပါတယ် ခင်ချောချောယ်၊ အာ....ဟုတ်ပါဘူး ခင်ချောချောရယ်၊ ဟောဒီလူက ခင်ဗျားသားအရွယ် ကလေးတစ်ယောက်ကို မွေးစားချင်လို့တဲ့ဗျ"

ပုံးရည်ကပြောလျှင် ခင်ချောချောက လှမ်းကြည့်ကာ မေးနေသည်။

"အစ်ကိုက ဘာဖြစ်လို့ ကလေးကို မွေးစားချင်ရတာလဲ"

"အကြောင်းရှိလို့ပေါ့ ညီမရယ်"

ချစ်မိုးသူက ပြန်ဖြေအပြီးတွင် ပုံးရည်က ဆက်ပြောနေသည်။

"ဒီလို ညီမရဲ့၊ သူမှာက အခုလောလောဆယ် ကလေးကို မွေးစားလို့မဖြစ်ဘူး၊ မွေးစားမှဖြစ်မှာမို့ မွေးစားချင်တာပါလေ၊ ဒါထက် ငါ့ညီမကတော့ ဒီကလေးကို မရောင်းနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပုံးရည်၏ စကားများကိုကြားရလျှင် ခင်ချောချောမှာ တရှုပ်ရှုပ်ဖြင့် ငိုနေတော့သည်။

"ပြောရက်လိုက်တာ အစ်ကိုတို့ရယ်၊ ကျွန်မဟာ လင်သေပြီးစ မုဆိုးမကလေးပါရှင်၊ လင်အစား ချစ်ရမယ့်သူဆိုလို့ ဟောဒီက ကျွန်မသားလေးပဲ ရှိပါတော့တယ်။ ဒီသားကို ကျွန်မ ဘယ်လိုလုပ်ပြီး ရောင်းစားနိုင်ပါ့မလဲရှင်.... အစ်...အစ်... အီး....အီး"

ပုံးရည်ကလည်း အမြန်ပြန်၍ ချော့နေရတော့သည်။

"အာ....အာ မငိုပါနဲ့၊ မစားမှတ်ရယ်၊ အယ်....တွတ်ပါဘူး မုဆိုးမကလေးရယ်၊ အခုလိုမေးရတာကလဲ ငါ့ညီမများ ရောင်းမှာလားလို့ စုံစမ်းကြည့်တာ၊ မရောင်းချင်ရင်လဲ ရပါတယ်လေ၊ အစ်ကိုတို့မှာက ကလေးကအမြန်လိုချင်လို့ အခုလို ကလေးအမေမြင်တိုင်း မေးမိတာပါ"

"အစ်ကိုတို့မှာ ဒီလောက်တောင် ကလေးမွေးစားချင်ရင် ကလေးချည်းတော့ မပေးနိုင်ဘူး၊ ကျွန်မကိုပါယူမှဖြစ်မယ်"

"ဟိုက်....မလုတ်တုတ်တုတ်"

ခင်ချောချော၏ စကားများကြောင့် ပုံးရည် နှုတ်မှ အထက်ပါအတိုင်း ရေရွတ်မိသည်။

"ခင်....ခင်ဗျားကိုပါ ယူရမယ် ဟုတ်လား"

"ဟုတ်တယ်ရှင့်၊ ကျွန်မကိုယူမှ ဒီကလေးကိုပေးနိုင်မယ်"

"ဟာ....ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ သူမှာ လက်ရှိမိန်းမရှိနေတဲ့ဟာ၊ ညီမကို ထပ်ယူရင် အိမ်ထောင်စုစာရင်း အသစ်ထပ်လုပ်ပြီး နောက်ထပ် တစ်အိမ်ကိုပါ ငှားရမယ့်





ကိန်းဆိုက်နေပြီ၊ ကဲ....ဘယ်လိုလို့ ချစ်မိုးသူ၊ မစိုးဘုတ်အလေးကို.... ဖွတ်ပါဘူး၊ မုဆိုးမကလေးကို ယူမယ်လားဟင်.... ဟား....ဟား....ဟား"

"ဟာဗျာ....ကိုပုံးရည်ကလဲ အလကား နေ့စက်နေရပြန်ပြီ၊ ကျွန်တော်ကတော့ မယူနိုင်ဘူး၊ ခင်ဗျား လိုချင်ရင်ယူလေဗျာ....အဲဟဲ"

သူတို့စကားများကြောင့် ခင်ချောချောမှာ ဒေါသထွက်သွားတော့သည်။

"အို....အစ်ကိုတို့ ဘာတွေပြောနေကြတာလဲ၊ ကျွန်မကိုပါ ယူရမယ်ဆိုတာက မယားအဖြစ်ယူဖို့ ပြောနေတာမဟုတ်ဘူးလေ၊ အစ်ကိုတို့နဲ့အတူ ကျွန်မတို့သားအမိပါ လိုက်နေဖို့ကို ပြောတာပါ၊ ဒါမှအလုပ်ဖြစ်မယ်၊ ကလေးချည်းဆိုရင်တော့ နိုးမဲ့"

"ဩော်....ဒီလိုလား၊ ကဲ.... ဘယ့်နယ်လဲ ကိုချစ်မိုးသူ ကလေးဘုစ်ယောက်တည်းတော့ မရောင်းနိုင်ဘူးတဲ့၊ သူ့ကိုပါ ယူရမတဲ့"

"အဲ....လုပ်ပြန်ပြီ၊ ကျွန်မကို ဝယ်နေစရာ မလိုပါဘူး၊ ကလေးကိုမွေးစားဖို့ ယူမယ်ဆိုရင် ပြီးတာပါပဲ"

"ဟုတ်ပါတယ်၊ ဒီကိုပုံးရည်က ညီမကို တမင်နောက်နေတာပါ၊ ကလေးက နို့မပြတ်သေးတော့ ညီမပါလိုက်မယ်ဆိုရင် ပိုကောင်းတာပေါ့၊ ဒါထက် ဒီကလေးကိုဘယ်လောက်နဲ့ ရောင်းမှာလဲ"



www.burmeseclassic.com

"ဟင့်အင်း.... ကလေးကိုတော့ မရောင်းပါဘူး၊ အဲ.... လခနဲ့ ငှားချင်တယ်"

ခင်ချောချောက ပြောလျှင် ပုံးရည်နှင့် ချစ်မိုးသူတို့မှာ တစ်ဦးမျက်နှာတစ်ဦး လှမ်းကြည့်မိကြသည်။

ပုံးရည်က ခင်ချောချောကို ဆက်မေးနေသည်။

"ငါ့ညီမက ကလေးအတွက် လခ ဘယ်လောက်ယူမှာလဲ"

"ဒေါ်လာနဲ့ဆိုရင် တစ်လ ဆယ်ဒေါ်လာ ပေးရမယ်၊ မြန်မာငွေနဲ့ဆိုရင် တစ်ထောင်ပေါ့၊ ဘယ့်နှယ်လဲ"

ပုံးရည်မှာ ခင်ချောချော၏ စကားများကို ကြားရလျှင် သူ့နဖူးကို သူပြန်ရိုက်ရင်း အောက်ပါအတိုင်း ပြောနေတော့သည်။

"အလို့ခလေးလေး....ဒေါ်လာစရောဂါကလဲ ငါတို့ ရွှေတိုမြို့ကြီးကိုတောင် အတော် ကျယ်ကျယ်ပြန့်ပြန့် ကူးစက်နေပါပြီကောလား၊ တော်သေးတာပေါ့ကွာ.... ငါ့ မိန်းမ အယူ စောလို့ မြန်မာငွေနဲ့ တင်တောင်းလို့ရတာ၊ အခုမှသာ ယူရင်တော့ ဒေါ်လာနဲ့ တင်တောင်းနေရလိမ့်မယ် ထင်တယ်၊ မြတ်ရှင်စေ၁ သြကာသ... သြကာသ... ဟား.... ဟား.... ဟား"

ပုံးရည်၏ စကားများကြောင့် ချစ်မိုးသူလည်း ရယ်နေမိသည်။

"ဒီမယ် ညီမ.... တစ်ထောင်တောင် ဆိုတော့ မများဘူးလား၊ မြန်မာငွေပဲ အစ်ကိုတို့ကပေးမှာပါ၊ ရှစ်ရာထားပါ"

ချစ်မိုးသူက ဈေးဆစ်နေသည်။





"ဟာဗျ....မရဘူး၊ တစ်ထောင်ကတော့ မလျှော့နိုင်ဘူး၊ ပြီးတော့ ကျွန်မကို ညမနက်စာပါ ကျွေးရမှာနော်"

ခင်ချောချော၏ စကားအဆုံးတွင် ပုံးရည်က ချစ်မိုးသူအား လှမ်းပြောနေသည်။

"ကဲ....ကိုချစ်မိုးသူ မွေးစားမယ်ဆိုရင် ဈေးဆစ်မနေနဲ့၊ သူပြောတဲ့အတိုင်း မြန်မြန်သာလုပ်၊ တော်ကြာ တေဘဲလ်ချဂျ်တို့ ဝိတ်သာခတို့ စားသောက်ခွန်တို့ပါ နောက်ကပါလာလိမ့်မယ်နော်....ဟား....ဟား....ဟား"

ပုံးရည်ကပြောလျှင် ချစ်မိုးသူလည်း ရယ်နေမိသည်။

"ကောင်းပြီလေ....သဘောတူပါတယ်"

ချစ်မိုးသူက ပြန်ပြောနေသည်။

"သဘောတူတယ်ဆိုရင် ကျွန်မအဒေါ် ဒေါ်တုတ် ပြန်လာတဲ့အထိ စောင့်ပါဦး၊ အဒေါ်ပြန်လာမှ ကျွန်မ အကျိုးအကြောင်း ပြောပြပြီး အစ်ကိုတို့ဆီကို လိုက်ခဲ့ပါမယ်"

ခင်ချောချော၏ စကားအတိုင်းပင် ချစ်မိုးသူနှင့် ပုံးရည်တို့မှာ ဝမ်းဆွဲသည်ကြီး ဒေါ်တုတ်ပြန်လာသည်အထိ စောင့်ဆိုင်းနေကြရတော့သည်။

www.burmeseclassic.com

## အခန်း (၁၄)

ချစ်မိုးသူမှာ အဘွားဖြစ်သူဇိမ်သို့ ရောက်ပါက အမှား အယွင်းမဖြစ်စေရန် ကလေးအမေ ခင်ချောချောနှင့် မာလာ နွယ်တို့အား သူကိုယ်တိုင် တရုတ်မ ကန့်စွန်းပင် လုပ်၍ အဲဒလ...ဒွယောင်လို့ သူကိုယ်တိုင် သရုပ်ပြအမှမ်းဘင် လုပ် ဆာ ဇာတ်တိုက်ပေးနေသည်။

ကလေးငယ်ကိုလည်း မိခင်နို့ အတိုက်မခိုင်းတော့ဘဲ လက်တိုက်ဂျုံနို့မှုန့်ကို အကျင့်ရအောင် စတင်၍ တိုက်ကျွေး ထားသည်။

ကလေးငယ်မှာ ပဘ၁ရက်တွင် မိခင်နို့မဟုတ်သဖြင့် နို့ဘူး ကို အတင်းကာန်ပစ်ကာ ငိုခနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်များတွင်တော့ ကလေးမှာ နို့ဘူးကို စို့ဖော်ရလေသည်။

"ကျွန်တော့် အဘွားရှေ့ကျရင် ခင်ဗျားကို ဘယ်သူလဲလို့မေးရင် အိမ်ဖော်လို့ ကျွန်တော်တို့က ပြောမယ်နော်"

ယိုစကားများကို ကြားရလျှင် ခင်ချောချောမှာ သဘောမကျဟန်ဖြင့် မျက်နှာကြီးမဲ့ကာ သွားခဲ့သည်။

"ဟာ....အစ်ကိုကလဲ ကျုပ်ကို အိမ်ဖော်လို့ ပြောတာကြီးကတော့ အောက်ပါဘယ်တော်၊ ဟိုက ယုံမှာလဲမဟုတ်ဘူး၊ ကျုပ်ရဲ့ရုပ်က အိမ်ဖော်နဲ့မှမတူဘဲ၊ အသိဆိုရင် မဖြစ်ဘူးလားလို့"

"ဟာဗျာ....အသိလို့ပြောရင် ယုတ္တိမရှိမှာစိုးလို့ပါ၊ ဘာဖြစ်လို့ဗျာ အိမ်ဖော်လို့ ပြောတဲ့ဟာ၊ ခင်ဗျား အနေနဲ့က အမည်လောက်သာ အိမ်ဖော်ပါ၊ အလုပ်ကျတော့ အိမ်ဖော်အလုပ်ကို လုပ်ရမှာမှ မဟုတ်တာ"

"ဟင့်အင်း....အိမ်ဖော်လို့ ပြောတာတော့ ကျွန်မ လက်မခံချင်ဘူး၊ ကျွန်မရုပ်က အခုခေတ်မှာ နာမည်အကြီးဆုံးမင်းသမီးချောကလေး ထက်ထက်မိုးဦးနဲ့ တူနေတော့ အစ်ကို့ရဲ့ အဘွားက ယုံမတဲ့လားလို့....အဟိ"

ခင်ချောချော၏ ပြန်ပြောသံကြောင့် ချစ်မိုးသူနှင့်မာလာနွယ်တို့မှာ ရယ်နေမိကြသည်။

မာလာနွယ်က ဝင်၍အကြံပေးသည်။

"ဒီလိုလုပ်ပါလားရှင်.... မချောချောကို ကလေးထိန်းလို့ ပြောရင်ကော"





"ကောင်းဘယ်၊ အိမ်ဖော်ထက်စာရင် ကလေးထိန်းလို့ ပြောတာက တော်သေးတာပေါ့၊ ကျွန်မ သဘောတူပါတယ်"

"သဘောတူရင် စောစောက ကျွန်တော် သင်ပြထားတဲ့အတိုင်း ခင်ဗျားက လုပ်ပြရမယ်နော်၊ ကလေးနှးကိုလဲ သိပ်မကပ်နဲ့ဗျ၊ အဘွားက သိပ်ပါးတာ"

"ဒီအတွက်တော့ မပူပါနဲ့၊ ကျွန်မ လုပ်ရမယ့် ကဏ္ဍကို နားလည်ပါတယ်တော်"

စနေနေ့သို့ရောက်လျှင် ဒေါ်ဒေါ်ဖြိုး လွှတ်လိုက်သော ဆိုင်ကားကလေးဖြင့် သူတို့အားလုံး စစ်ကိုင်းမြို့သို့ လိုက်သွားခဲ့ကြတော့သည်။

သူတို့စီးလာခဲ့ကြသော ကားကလေး ဒေါ်ဒေါ်ဖြိုး၏ တိုက်ရှေ့သို့အရောက်တွင် တိုက်ဝတွင် သူတို့အလာကို စောင့်မျှော်နေသော ဘွားအေကြီးကို သူတို့ မြင်ကြရသည်။

"ဟဲ့....ငါ့မြစ်ကလေး ဘယ်မှာလဲ၊ ငါ့ဆီကို အမြန်ခေါ်လာစမ်း"

ခရီးရောက်မဆိုက်ပင် ဒေါ်ဒေါ်ဖြိုးက မေးနေ၍ ချစ်မိုးသူက ခင်ချောချော၏ သားကလေးကို ပွေ့ချီကာ ယူပြနေရသည်။

"မှန်စမ်း.... အောင်မယ်.... ငါ့မြစ်ကလေးက လူချောကလေးပဲ၊ ဒါပေမယ့် ကလေးကိုကြည့်ရတာ ကျန်းမာရေးသိပ်ကောင်းပုံမရဘူး၊ နည်းနည်းတော့ ပိန်နေတယ်၊ မင်းကိုကြည့်ရတာ ကလေးကို ဂရုစိုက်ဘူးထင်တယ် တော်သား"

www.burmeseclassic.com



"ဟာ...ဘွားဘွားကလဲ့ ဂရုစိုက်ပါတယ်လေ၊ ဘွားဘွား ထင်လို့ပါ၊ ဟဲ...ဟဲ..."

ချစ်မိုးသူက အလိုက်အထိုက် ပြန်ပြောနေရသည်။

ကျန်လူတွေသည်း ကားပေါ်မှ ဆင်းလာခဲ့ကြသည်။

"ဟဲ့...မင်းတို့ ကလေးကို ကြည့်ရတာ နို့ဆာနေပြီထင်တယ် ပါးစပ် ကလေးဟပြင်ပြင်လုပ်နေတယ် မာလာ...ငါ့ဆီလာခဲ့စမ်း ရော့...ကလေးကို နို့တိုက်လိုက်"

မာလာနွယ်အား နို့ဘူးကိုင်ခိုင်းနေ၍ ချစ်မိုးသူက မျက်လုံးအပြူးသားဖြင့် ပြန်ပြောနေရသည်။

"အဟဲ...သူ... သူ့ကို အမေ့ နို့မတိုက်ဘူး ဘွားဘွား၊ နို့ဘူးတိုက်တယ်ခလ"

"ဟောတော့... မင်းတို့က ဘာကိစ္စ နို့ဘူးကို တိုက်ရတာလဲ၊ မင့် မိန်းမကျ နို့မထွက်လို့လား၊ ဒါကြောင့် ကလေးဟာ ကျန်းမာရေးသိပ်မခကာင်းတာပေါ့၊ မင့် မိန်းမ ကြည့်ရတာ ကျန်းကျန်းမာမာပဲဟာ၊ ဘာလို့ နို့ဘူး ကိုတိုက်ရတာလဲ ပြောစမ်း"

ဒေါ်ဒေါ်ဖြိုးက မခကျေနပ်နှင့် မေးနေသည်။

"သူ...သူ...နို့...နို့တော့ ထွက်ပါတယ်၊ ဒါပေမယ့် သူ့ အစားမှားသွားရင် ကလေးပါ ရောဂါဖြစ်မှာမို့ သူ့နို့ကို မတိုက်နိုင်းတာ ဘွားဘွား"

"မဆိုင်လိုက်တာကွယ်၊ မင်းတို့လိုသာဆိုရင် တို့ရှေးလူကြီးတွေ မိခင်နို့ကိုစို့သာခဲ့ကြတာ အားလုံးရောဂါသည်တွေချည်းဖြစ်ကုန်မှာပေါ့၊ မိခင်နို့ဆိုတာက မင်းတို့ အခု တိုက်နေ



ကြတဲ့ နို့ဘူးတွေထက် အဆတစ်ထောင်လောက် ပိုကောင်းတာကွယ့်၊ အခုတော့ မိခင်ဖြစ်တဲ့သူကလဲ ကျန်းမာရေးကောင်းလျက်သားနဲ့ နို့ဘူးတိုက်တာဟာ သက်သက်မဲ့ ပိုက်ဆံဖြုန်းတာပဲ၊ ကလေးကျတော့လဲ အားမဖြစ်ဘူး၊ အခုခေတ်မင်းတို့သိပ္ပံစကားနဲ့ ပြောရမယ်ဆိုရင် ဗီတာမင် မဖြစ်ဘူး၊ မိခင်နို့ကမှ ဗီတာမင် ဖြစ်တာကွယ့်"

"ဟာဗျာ...ဘွားဘွားကတော့လုပ်ပြီ၊ ဗီတာမင်မဟုတ်ပါဘူး၊ ဗီတာမင်ပါခလ"

ချစ်မိုးသူကပြောပြီး ရယ်နေသည်။

"သိပါဘူး၊ မင်းတို့ ဘိုစကားတွေ ငါနားမလည်ပါဘူး၊ ကြားဖူးလို့ ပြောရတာပါ၊ ကဲပါ... ကလေးကို နို့တိုက်ချေ ခလ"

"တိုက်ပါ့မယ် ဘွားဘွားရဲ့၊ နို့က ဖျော်ရဦးမယ်လေ၊ သူ့နို့ကိုတိုက်ရင် ကလေးက သောက်မှာမဟုတ်ဘူး"

ချစ်မိုးသူကပြောရင်း ဒေါ်ဒေါ်ဖြိုး လက်တွင်းမှ ကလေးငယ်အား မာလာနွယ်အား ကလေးငယ်ကို လှမ်းပေးနေသည်။

ခင်ချောချောကိုမြင်ရလျှင် ဒေါ်ဒေါ်ဖြိုးက မေးနေပြန်သည်။

"ဟဲ့...ဒီသူငယ်မကလေးကကော ဘယ်သူလဲ၊ ဘယ်ကပါလာတာလဲ"

"ဩော်...သူလား သူက အိမ်...အဲ...အဲ...ကလေးထိန်းပါ ဘွားဘွား"

www.burmeseclassic.com



"မင်းတို့နှယ်ကွယ်.... ငွေကုန်ပေါက်ကတော့ ကြံဖန်ပြီး လုပ်နေကြတဲ့ ဟာတွေပဲ၊ ကလေးကို အသိန်းနဲ့ထားရအောင် ဒီကလေးတစ်ယောက်ကို မင်းတို့ လင်မယားက မသိန်းနိုင် ကြလို့လား၊ ပြောစမ်းပါဦး"

ဒေါ်ဒေါ်ဖြိုးက မကျေမနပ်ဖြင့် မေးနေသည်။

"ထိန်းနိုင်ပါတယ်လေ၊ ဒါပေမယ့် ကျွန်တော်တို့ လင် မယားနှစ်ယောက်စလုံး ဈေးထဲမှာ တစ်နေကုန် ရောင်းဝယ် နေကြရတော့ အိမ်မှာ ကလေးထိန်းမထားလို့ မဖြစ်လို့ ထားရတာပါ"

ချစ်မိုးသူက အဆင်ပြေအောင် အဘော်ပင် ပြောပြနေ ရသည်။

"ကောင်းပြီ၊ ရှေ့ဘိုတုန်းက လူမရှိလို့ ကလေးထိန်းထား ရရင် အခု ငါတစ်ယောက်လုံးကလေးကို ထိန်းမယ့်သူရှိနေ တော့ မလိုတော့ဘူး၊ သူ့ကို ပြန်သာလွှတ်လိုက်ပါတော့ကွယ်"

"ဟာ....မဖြစ်ဘူးလေ၊ ကလေးက သူနဲ့ အနေကြာလာ တော့ သူ့ သိပ်မှအိပ်တာ၊ နို့ဘူးတိုက်ရင်လဲ သူ တိုက်မှ သောက်တာမို့ အခု သောသောဆယ်မှာတော့ ပြန်မလွှတ်ပါ ရစေနဲ့ဦး၊ နောက် ဖြည်းဖြည်းကျမှ လွှတ်ပါရစေ ဘွားဘွား ရယ်"

"မတွတ်တာဘဲ၊ မင်းတို့ ကလေးက အင်မတန်မှငယ်သေး လို့ လက်သာရာမှာ နေတာပါ၊ အခု ငါဆီမှာ မင်းတို့က ရောက် လာ ပြီ မို့ သူ့ကိုအထိန်းမခိုင်းဘူး၊ ငါပဲ ထိန်းမယ် သူဟာ လူပိုဖြစ်နေပြီလေ၊ ပြန်သာလွှတ်လိုက်ပါကွယ်"



ဒေါ်ဒေါ်ဖြိုးက စွတ်ပင်ပြောနေသည်။

ခင်ချောချောမာလည်း ခပ်စောစောကဘည်းက သူတို့ အနီးတွင် မနေတော့ဘဲ မာလာနှယ်ရှိရာ နောက်ဘေးဘက်သို့ ရောက်နေပြီဖြစ်သည်။

"နေပါဦး၊ ဘွားဘွားက ဘာဖြစ်လို့ ဒီကလေးထိန်းကို နှင်ခိုင်းနေရတာလဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီကလေးမလေးကြည့်ရတာ အမြင် ကတ်နေလို့ပါ၊ အသားကလဲ မည်းလိုက်တာ မီးသွေးခဲကြီး လား မှတ်ရတယ်"

"ဟား....ဟား....ဟား....ဘွားဘွားကလဲ အသားမည်းပေ မယ့် သူက သဘောကျတော့ ကောင်းပါတယ်လေ၊ တစ်လ လောက်တော့ ဆက်ထားပါဦး၊ ဟုတ်လား ဘွားဘွား"

ချစ်မိုးသူက တောင်းပန်နေသဖြင့် ဒေါ်ဒေါ်ဖြိုးမှာလည်း သဘောတူလိုက်ရတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ခင်ချောချောမှာ မြို့ကြီးသူမဟုတ်စေကာမူ အလွန်အကင်းပါး၍ စားပေါက်ကိုလည်း ကွက်ကျော်မြင်သူ ဖြစ်သည်။

ချစ်မိုးသူတို့မှာ ဘွားအေကြီးနှင့် အဆင်ချောနေခြင်းမှာ အခြား အကြောင်းကြောင့် မဟုတ်ဘဲ သူမ၏ သားကလေးကြောင့်ဖြစ်သည်ကို နှစ်ဆယ့်လေးနာရီမပြည့်ခင်ကပင် ခင်ချောချော သိရှိလိုက်တော့သည်။

အကယ်၍ သူမ၏ သားကလေးပါမလာခဲ့လျှင် ချစ်မိုးသူတို့အား ဘွားအေကြီးက ယခုလို အိမ်သို့ခေါ်ယူမည်မဟုတ်ကြောင်းကို သဘောပေါက်နေတော့သည်။





ယခုဆိုလျှင် ချစ်မိုးသူတို့ လင်မယားမှာ သူမ၏သားကလေး အရှိန်ဖြင့် ဘွားအေကြီး၏ အမွေပစ္စည်းများအားလုံးကို ရလိုက်ကြပေပြီ။

ရသည့်အမွေတွေကလည်း တစ်သိန်း၊ နှစ်သိန်းမဟုတ်။

သိန်းပေါင်းရာနှင့်ချီကာ ရလိုက်သည်ကို ခင်ချောချော သိရှိနေသည်။

ယင်းသို့ သိရှိနေသဖြင့် ခင်ချောချောမှာ လောဘကြီးသူပီပီ ချစ်မိုးသူတို့ ရခဲ့သည့် အမွေထဲက လိုချင်စိတ် ပြင်းပြလာတော့သည်။

သူ လိုချင်သည်ကလည်း လေးငါးထောင် မဟုတ်ပေ။

သိန်းနှင့်ချီကာ လိုချင်နေသည်။ သူမ၏ သားနှင့် မကင်းနိုင်သမျှ ချစ်မိုးသူတို့ကသည်း မငြင်းဆန်ဘဲ ပေးကြလိမ့်မည်ဟူ၍ တထစ်ချ ယုံကြည်နေမိသည်။

သို့ဖြင့်၍ ဒေါ်ဒေါ်ဖြိုး၏ အိမ်သို့ ခင်ချောချောရောက်၍ နှစ်ပတ်ခန့်အကြာတွင် ခင်ချောချောမှာ သူမ၏ လောဘဇာတ်လမ်းကို စတင်၍ ခင်းတော့သည်။

"အစ်ကို... အားနာနာနဲ့ပဲ ကျွန်မ ပြောရတော့ မယ်။ စိတ်မဆိုးနဲ့နော်...အဟဲ"

တစ်နေ့တွင် ချစ်မိုးသူ ရှိရာသို့သွားကာ ခင်ချောချောက အထက်ပါအတိုင်း နိဒါန်းပျိုးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ၊ ဘာပြောချင်လို့လဲ၊ ကျွန်တော် စိတ်မဆိုးပါဘူးလေ"

ချစ်မိုးသူက ရှိုးရှိုးပြောမည်ထင်၍ ယခုလို ပြန်ပြောနေခြင်းပင်၊

"တခြားဘော့ မဟုတ်ပါဘူး၊ တောက ကျွန်မရဲ့ အစ်ကိုတစ်ယောက် အသည်းအသန်ဖြစ်နေလို့ဆိုတာ မနက်တုန်းက ဈေးမှာ လူကြုံတစ်ယောက်နဲ့ တွေ့ရလို့ ကျွန်မ သိရတယ်၊ ကျွန်မတို့မှာလဲ ညီအစ်မဆိုလို့ ဒီနှစ်ယောက်တည်းသာရှိနေတော့ တောကိုပြန်မှ ဖြစ်တော့မယ်လေ၊ အဲ....တောကိုပြန်မယ်ဆိုရင် ကျွန်မ သားကလေးကိုပါ ခေါ်သွားရလိမ့်မယ်၊ အစ်မက သူ့တူကလေးကို မမြင်ဘူးသေးလို့ မြင်ဖူးချင်တယ်တဲ့ အစ်ကိုရဲ့"

ထိုစကားများကိုကြားရလျှင် ချစ်မိုးသူမှာ မျက်လုံးပြူး၍ သွားခဲ့တော့သည်၊

"အာ....အာ....ကလေးခေါ်သွားလို့တော့ မဖြစ်ဘူးထင်တယ်၊ ခင်ဗျား သိတဲ့အတိုင်းပဲ၊ ဘွားဘွားက သူ့မြစ်ကလေးမှတ်ပြီး အရမ်းချစ်နေတဲ့ဟာ၊ ခင်ဗျားကသာ တောကိုခေါ်သွားမယ်ဆိုရင် ကျွန်တော်တို့ လိမ်ထားသမျှ အကုန်လုံးပေါ်ကုန်တော့မှာပေါ့၊ ဒီတော့ ခင်ဗျား တစ်ယောက်တည်းပဲသွားပါ၊ အဲ.... ငွေကိုလဲ ပေးလိုက်ပါ့မယ်၊ ဒီလောက်ဆိုကျေနပ်ရောပေါ့ဗျာ"





ငွေ ဟူသော စကားကို ကြားလိုက်ရလျှင် ခင်ချောချောအ သရော်ပြုံးကလေးဖြင့်ကြည့်ကာ ပြန်မေးနေသည်၊

"ဟဲ....ဟဲ....အစ်ကိုက ငွေစကားပြောလို့ မေးရဦးမယ်၊ ကျွန်မ တောကိုပြန်ရင် ငွေက ဘယ်လောက်ပေးလိုက်မှာလဲ၊ ပြောပါဦး"

"ဩော်.... ခင်ဗျားက တောကို ခဏပဲ ပြန်မယ့်ဟာ ခင်ဗျားအတွက် တစ်လခကို အပိုအဖြစ်ပေးမှာမို့ ငွေတစ်ထောင်ပေါ့၊ ဒီငွေကိုလဲ ပြန်နုတ်မထားပါဘူး၊ စေတနာနဲ့ ပေးလိုက်မှာပါ"

ချစ်မိုးသူ၏ စကားအဆုံးတွင် ခင်ချောချောမှာ ဟက်ဟက်ပက်ပက်ကြီး ရယ်ပြနေတော့သည်၊

ခင်ချောချော၏ ရယ်နေမှုကြောင့် ချစ်မိုးသူမှာ အံ့ဩခြင်းဖြင့် ငေးကြည့်နေမိသည်၊

"ဟ.... မခင်ချောချောရဲ့ ကျွန်တော် ပြောတဲ့အထဲမှာ ရယ်စရာတွေပါနေလို့ အခုလို ရယ်နေရတာလားဗျ၊ ပြောစမ်းပါဦး"

"သိပ်ကို ရယ်ရလို့ပါ အစ်ကိုရယ်၊ ကျွန်မကို ပေးလိုက်မယ့် ငွေတစ်ထောင် ဟုတ်လား၊ ပြန်ပြောစမ်းပါဦး၊ ခိ.... ခိ....ခိ....ခိ...."

ခင်ချောချောက ပြောပြီးရယ်နေပြန်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ....တစ်ထောင်ပေး လိုက်ပါမယ်၊ တာလို.... ခင်ဗျားကဲ ကျွန်တော် ပြောနေတာကို မယုံလို့လား"

"ဆိုပ်ကို ယုံပါတယ်လေ၊ ဒါပေမယ့် ငွေတစ်ထောင်ဆို တော့ အဟိ.... အရမ်း....အရမ်းကို နည်းလွန်းနေတာပေါ့"

"ကောင်းပြီလေ၊ ငွေတစ်ထောင်နည်းတယ်ဆိုရင် ဘယ် လောက်ယူသွားမလဲ၊ နှစ်ထောင်လား၊ ရပါတယ်လေ၊ ပေး လိုက်ပါမယ်"

"ဟာဟာ.... ရယ်စရာကောင်းလိုက်တာ၊ နှစ်ထောင်တဲ့၊ ခီ....ခီ...."

ခင်ချောချောက ပြောပြီး ရယ်နေပြန်သည်။

ချစ်မိုးသူမှာလည်း စောစောကလို မဟုတ်တော့ပေ၊

ခင်ချောချော ပြောပုံဆိုပုံကို စိတ်ထဲမှနေ၍ သံသယဖြစ် လာခဲ့တော့သည်။

"ဒီမယ် ခင်ချောချော....ပြောစရာရှိရင် အပြတ်ပြောစမ်း ပါ၊ ခင်ဗျားကို ကြည့်ရတာ လူကို ရိသလိုဖြစ်နေတယ်၊ ကဲ.... ရှင်းရှင်းဖွင့်ပြောစမ်း"

ချစ်မိုးသူက စိတ်တိုသံဖြင့် ခင်ချောချောကို မေးနေသည်။

"ကြိုက်သွားပြီ၊ အဲဒီ စကားမျိုးကိုမှ ကျွန်မကလဲ လိုချင် နေတာပါ၊ ကောင်းပြီ၊ အပြတ်ပြောရမယ်ဆိုရင် အစ်ကို ပေးမယ် ဆိုတဲ့ ငွေတွေက ကျွန်မ မှန်းထားတာနဲ့ စာရင်





ဆင့်ပါးစပ် နှမ်းပက်သလောက်ပဲ ဖြစ်နေတယ်၊ ကျွန်မ လိုချင် တာက ထောင်ဂဏန်း မဟုတ်ဘူး၊ သိန်းဂဏန်းရှင့်၊ သိန်း ဂဏန်း သိလား ခိ....ခ်....ခိ....ခိ...."

"ဗျာ....သိန်းဂဏန်း ဟုတ်လား၊ ခင်ဗျား ရူးနေသလား၊ မခင်ချောချော၊ ခင်ဗျားကို ကျွန်တော်တို့ငှားတုန်းက တစ်လ ကို တစ်ထောင်နဲ့ ငှားတာပဲ၊ တစ်သိန်းပေးမယ်လို့ ပြောငှား တာမှ မဟုတ်တဲ့ဟာ"

"မှန်ပါတယ်လေ၊ ဟိုတုန်းက အခြေအနေနဲ့ အခု အခြေ အနေက မတူဘူး အစ်ကိုရဲ့၊ ဟိုတုန်းကတော့ အစ်ကိုတို့ လင် မယားဟာ ဘွားအေကြီးက အိမ်ပေါ်ကနှင်ချခံရလို့ မဟာ ဒုက္ခ ရောက် နေ ကြ ရ တဲ့ လင်မယား၊ အော....အခု တော့ ဘွားအေကြီးက ကြည်ပြီး အိမ်ပေါ်ကိုလဲ ပြန်တင်ခဲ့တယ်၊ သူမှာ ချမ်းသာသမျှ အမွေတွေကိုလဲ ပေးပြီးခဲ့လို့ သူကြွယ်လင် မ ယား ဖြစ် နေ ပြီ လေ၊ အဲဒီလို သူကြွယ်လင်မယားဘ၀ကို ရောက်အောင် ဘယ်သူက ပံ့ပိုးခဲ့သလဲဆိုတော့ ကျွန်မရဲ့ သားကလေးက ပေးခဲ့တာမဟုတ်လား၊ သားကြောင့် သူကြွယ် ဖြစ်ခဲ့ရတဲ့ အစ်ကိုတို့အတွက် သားရဲ့ မိခင်ရင်းဖြစ်တဲ့ ကျွန်မ ခင်ချောချောဟာ မခံစားထိုက်ဘူးလား၊ ဒါကို သေသေ ချာချာပြန်ပြီး အစ်ကို တွေးကြည့်စမ်းပါ၊ ကျွန်းကိုင်းမှီ ကိုင်း ကျွန်းမှီဆိုတဲ့ ရှေးမြန်မာစကားဟာ အခုဆိုရင် ကျွန်မနဲ့ အစ်ကိုတို့ လင်မယားအတွက် ဖြစ်နေပြီလေ၊ ဒီတော့ အစ်ကို တို့ ရလိုက်ကြတဲ့ သိန်းပေါင်းမြောက်မြားစွာ အထဲက ကျွန်မ တို့ သားအမိအတွက် ဆယ်သိန်းလိုချင်တယ်"

"ဘာပြောတယ်...ဆယ်သိန်း ဟုတ်လား၊ဟား...ဟား...ဟား...၊ တော်တော့်ကို ရယ်စရာကောင်းတာပဲ၊ ဒီမယ်...ဘားဆိုတာ ကိုယ်နဲ့တန်ရာတန်ရာ ပြောရတယ်ဗျ သိလား"

ချစ်မိုးသူက ရှုံ့ရှာစက်ဆုပ်သံဖြင့် ပြောနေသည်၊

"မှန်လိုက်တာရှင်၊ တန်ရာတန်ရာပြောဆိုတဲ့ စကားဟာ အခု ကျွန်မကလဲ့ တန်တယ်ထင်လို့ တန်ရာတန်ကြေးကို တောင်းနေတာပေါ့"

နှစ်ဦးသား စကားများနေကြခိုက် မာလာနွယ်မှာ အနီးသို့ ရောက်လာခဲ့သည်၊

ခင်ချောချော၏သားကလေးမှာ ဒေါ်ဒေါ်ဖြိုးနှင့် ပန်းခြံထဲတွင် ရှိနေသည်၊

"မောင်...ဘာဖြစ်နေကြတာလဲ၊ ဆူညံဆူညံနဲ့"

မာလာနွယ်ကမေးလျှင် ချစ်မိုးသူက ပြန်ပြောပြနေသည်၊

"ဘာဖြစ်ရမှာလဲ၊ ဒီက ခင်ချောချောပေါ့၊ သူက မောင်တို့ရခဲ့တဲ့ အမွေပစ္စည်းတွေကို လိုချင်တာနဲ့ ကလေးကို ပြပြီး ခြိမ်းခြောက် တောင်းနေတယ်လေ၊ တောင်းတဲ့ငွေကိုလဲ ကြည့်ဦး၊ ဆယ်သိန်းပေးရမတဲ့ခင်ဗျ၊ ရယ်စရာကောင်းလိုက်တာ၊ ဟား...ဟား...ဟား"

ချစ်မိုးသူ၏စကားများကို ကြားရလျှင် မာလာနွယ်မှာလည်း ဒေါကန်၍သွားခဲ့တော့သည်၊

"အို...ဘာဆိုင်လို့ ပေးရမှာလဲ၊ ဆယ်သိန်းဝေးလို့ ဆယ်ပြားတောင် ပေးမနေနဲ့၊ ဒီမိန်းမဟာ သစ္စာလဲ့မရှိဘူး၊အရှက်အကြောက်လဲ မရှိဘူး၊ မာလာ မပြောချင်လို့ကြည့်နေတာ၊





သူဟာလေ မာလာရဲ့ထဘီတွေရော၊ အဝတ်တွေရော၊ရေမွှေးတွေရော မာလာရဲ့ခွင့်ပြုချက်မရဘဲ ခွတ် ယူဝတ်ခဲ့တယ်၊ မာလာက ဒီလို မဝတ်ဖို့ပြောတော့ သူက ဘာပြန်ပြောတယ် မှတ်သလဲ၊ ကျွန်မကတော့ မမတို့လောင်မယား ကောင်းစားရေးအတွက် ဆယ်မိုးဆယ်လလွယ်ပြီး မွေးခဲ့ရတဲ့ သားကလေးကို စေတနာဗရပ္ပထားပြီး ပေးထားခဲ့ရတယ်၊ မမကျတော့ ဘာမဟုတ်တဲ့ ထဘီတွေ အင်္ကျီတွေယူဝတ်တာကို တွန့်တိုရသလားဆိုပြီး မာလာ့အပေါ် အနိုင်ကျင့်ခဲ့တယ်လေ၊ မောင် သိမှာစိုးလို့ မာလာလဲ ကြိတ်မှိတ်ပြီးနေခဲ့တာပါ"

မာလာနွယ်ကပြောလျှင် ချစ်မိုးသူမှာ ခင်ချောချောအား အမုန်းကြီးမုန်းကာ သွားခဲ့မိတော့သည်၊

"ဪ...ခင်ဗျားက ကလေးကိုဗန်းပြပြီး ကျုပ်တို့ရထားတဲ့ အမွေတွေကို အကုန်လုံးခိုးချင်နေတာကိုး၊ ဟိုတုန်းကတော့ ခင်ဗျားကို ကလေးတစ်ယောက်အမေ မုဆိုးမဆိုပြီး ကျွန်တော်က သနားခဲ့တယ်၊ ကလေးကိုလဲ အင်မတန်မှချစ်ခဲ့ပါတယ်၊ အခုတော့ ခင်ဗျားဟာ သနားစရာမကောင်းတော့ဘူး၊ အဆွယ်ဝေါဝေါနဲ့ ဘီလူးမကြီးရုပ်သွင်ဟာ အထွတ်ထင်ပေါ်လာတော့တယ်၊ ဒီတော့ ကျွန်တော်ကလဲ ရှင်းရှင်းပဲ ပြောလိုက်တော့မယ်၊ ခင်ဗျားတောင်းတဲ့ ငွေဆယ်သိန်း မဆိုထားနဲ့ ခင်ဗျားကိုပေးမယ်ဆိုတဲ့ ငွေတစ်ထောင်တောင်မှပေးတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားယူထားတဲ့ ငွေကနှစ်ထောင်တောင် ရှိနေလို့ပဲ၊ ပြီးတော့ ခင်ဗျားလဲ ဒီအိမ်မှာဆက်မနေပါနဲ့တော့၊ ကလေးကိုလဲ ခေါ်သွားခေါ် သွားပါ"

www.burmeseclassic.com



ချစ်မိုးသူက အပြတ်ပင်ပြောနေသည်။

"ကောင်းပြီလေ….အိမ်ကြီးရှင်က နှင်နေတော့လဲ သွားပါမယ်၊ ကဲ….ကျွန်မသားကလေးကို အခုသွားယူပေးပါ၊ ကျွန်မအနေနဲ့ကလဲ ကိုယ့် ဆယ်မိုးဆယ်လ လွယ်မွေးထားခဲ့ရတဲ့ သားအရင်းခေါက်ခေါက်ကို သူများသား လုပ်ထားရတာ သဘာဝမကျပါဘူး၊ သားကလေးကိုသာ အခု သွားခေါ်ပေးပါ"

ခင်ချောချောကလည်း ဒေါသံကလေးဖြင့် ပြန်နှုတ်နေသည်။

"စိတ်ချ….အခုပဲ သွားခေါ်ပေးမယ်၊ ကဲ….မာလာဘွားဘွားဆီက ကလေးကို သွားယူပြီး ပေးလိုက်စမ်း၊ သူမျက်နှာကို မောင် မကြည့်ချင်တော့ဘူး"

ချစ်မိုးသူကခိုင်းလျှင် မာလာနွယ်မှာလည်း ခင်ချောချောအားအမြင်ကတ်နေသူမို့ ခေါင်းကိုညိတ်ပြရင်း ဒေါ်ဒေါ်ဖြိုးရှိရာသို့ အမြန်ထွက်သွားခဲ့သည်။

ခင်ချောချောကတော့ အိမ်မှဆင်းရတော့မည်မို့ သူမ၏ပစ္စည်းများကို အောက်ထပ်ရှိ သူမကိုပေးထားသော အခန်းထဲသို့ဝင်ကာ ယူနေသည်။

မကြာမီ ဒေါ်ဒေါ်ဖြိုးနှင့်အတူ မာလာနွယ်မှာ ကလေးငယ်ကို ဖွေ့ချီရင်း ချစ်မိုးသူရှိရာ ဧည့်ခန်းထဲသို့ ရောက်လာခဲ့ကြသည်။

"ဟဲ့….သား….မောင်ချစ်မိုးသူ၊ ဒါက ဘယ်လိုဖြစ်ကြတာလဲဟင်၊ ကလေးက မင်းတို့ကလေး မဟုတ်ဘူးလား"



ဒေါ်ဒေါ်ဖြိုးက အံ့သြသံဖြင့် မေးနေသည်။

"မဟုတ်ပါဘူး ဘွားဘွား၊ အဖြစ်က ဒီလိုပါ…."

ချစ်မိုးသူသည် အထက်ပါအတိုင်း အစချီကာ ဖြစ်ပျက်သမျှများကို တစ်လုံးမကျန် ပြောပြနေသည်။

သူ ရှင်းပြ၍အပြီးတွင် ခင်ချောချောမှာ သေတ္တာတစ်လုံးကိုဆွဲ၍ ထွက်လာခဲ့သည်။

မာလာနွယ်က ကလေးငယ်ကလေးအား ခင်ချောချောကို လှမ်းပေးနေသည်။

ကလေးငယ်က မလိုက်ဘဲ မာလာနွယ်ကိုဖက်ထားသည်။

"ဟဲ့….သား၊ နင့်အမေအရင်းခေါက်ခေါက် ဒီမှာလေ၊ ဘာဖြစ်လို့ မဆိုင်တဲ့သူကို သွားဖက်ထားရတာလဲ၊ လာခဲ့စမ်း"

ခင်ချောချောက ဒေါသသံဖြင့် ကလေးငယ်ကို ကြိမ်းမောင်းကာ မာလာနွယ်၏လက်ထဲမှအတင်းဆွဲယူတော့သည်။

ကလေးငယ်ကလေးမှာ မိခင်အရင်းထက် မာလာနွယ်ကို ခင်မင်နေသူမို့ အူလှိုက်သည်းလှိုက် ငိုယိုနေတော့သည်။

ကလေးငိုယိုနေစဉ်မှာပင် ခင်ချောချောက သူတို့အနီးမှ ကလေးကိုချီ၍ ထွက်သွားခဲ့သည်။

ကလေးငယ်ကလေးကတော့ မာလာနွယ်အား လှမ်းကြည့်ကာ မပီကလာပီကလာနှင့် "မေမေ" ဟူ၍ အော်တစ်ငိုယိုရင်း မိခင်အရင်းနောက်သို့ ပါသွားခဲ့ရှာသည်။

မာလာနွယ်အနေနှင့် ခင်ချောချောအား မုန်းတီးမိသော်လည်း ကလေးငယ်ကိုတော့ သားအရင်းပမာ ချစ်ခင်နေသူမို့

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ရုတ်တရက် ကလေးနှင့် ခွဲခွာလိုက်ရသဖြင့် စိတ်အကြီးအကျယ် ထိခိုက်ကာ "သား....သားလေးရေ...." ဟု၍ အော်ခေါ်ရင်း မတ်တတ်မှ လဲကျကာသွားခဲ့တော့သည်။

"ဟဲ့....ဟဲ့....လုပ်ပါဦး ချစ်မိုးသူရဲ့ မင့်မိန်းမ လဲကျသွားပြီ"

ဒေါ်ဒေါ်ဖြိုးက စိုးရိမ်တကြီးဖြင့် ချစ်မိုးသူကို လှမ်းပြောနေသည်၊ ချစ်မိုးသူမှာလည်း ချစ်ဇနီးသည်၏ အဖြစ်ကြောင့် စိုးရိမ်စိတ်လွန်ကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ငိုင်တိငိုင်တိုင် ဖြစ်နေသည်။

"ဟဲ့....ဘယ့်နှယ်ကြောင့် မတ်တတ်ကြီးရပ်ပြီး ငိုင်နေရတာလဲ၊ ဆရာဝန်ကို သွားခေါ်ချေလေ၊ အဲ...,မင့်မိန်းမကိုလဲ အခန်းထဲက ခုတင်ပေါ်ကို ပွေ့ဘင်ခဲ့ဦး၊ ငါကို ပွေ့နိုင်တာမဟုတ်ဘူး"

နောက်တစ်ကြိမ် ထပ်ပြောတော့မှ ချစ်မိုးသူလည်း သတိဝင်ကာ ချစ်ဇနီးသည်ကို ပြေးပွေ့ကာ အပေါ်ထပ်ရှိ ၎င်းတို့အခန်းထဲသို့ ခေါ်သွားခဲ့သည်။

ဒေါ်ဒေါ်ဖြိုးက နောက်မှ လိုက်ပါသွားခဲ့သည်။

"ဆရာဝန်ခေါ်မယ်ဆိုရင် ဘယ်ဆရာဝန်ကို ခေါ်ရမှာလဲ ဘွားဘွား"

ချစ်မိုးသူက မာလာနွယ်အား ခုတင်ပေါ်သို့ တင်အပြီးတွင် မေးနေသည်။

"အို... ဒေါက်တာဘင်ရွှေကိုပဲ ခေါ်ပေါ့၊ သူက ဒီမြို့မှာ အတော်ဆုံးပဲဟာ"



"ဒါဆို ကျွန်တော် ပြေးခေါ်လိုက်မယ်လေ"

"အေး.... မြန်မြန် လာပါလို့လဲ ပြော၊ အောက်ထပ်က မယ်စိန်ကိုလဲ အပေါ်လွှတ်လိုက်ဦး၊ ငါတစ်ယောက်တည်း ဆိုရင် ဘာမှမလုပ်ထတ်လို့ပါ"

ဒေါ်ဒေါ်ဖြိုး မှာကြားသည့်အတိုင်း ထမင်းချက်အဒေါ်ကြီး ဒေါ်စိန်အား မီးဖိုခန်းထဲသို့ဝင်၍ ချစ်မိုးသူက ပြောပြီး ဒေါက်တာတင်ရွှေ၏ ဆေးခန်းသို့ အိမ်မှကားဖြင့် အမြန် ပြေးခေါ်ရသည်။

ဆယ်မိနစ်ခန့်ကြာလျှင် ချစ်မိုးသူနှင့် ဒေါက်တာတင်ရွှေမှာ ဆေးသေတ္တာနှင့်အတူ ရောက်လာခဲ့သည်။

ချစ်မိုးသူက ဆရာဝန်၏ ဆေးသေတ္တာကိုကိုင်ကာ မာလာနွယ်ရှိရာ အပေါ်ထပ်သို့ ခေါ်ဆောင်သွားခဲ့သည်။

မာလာနွယ်မှာ ဒေါ်ဒေါ်ဖြိုးနှင့် ဒေါ်စိန်တို့၏ ပြုစုပေးနေမှုကြောင့် အနည်းငယ် သတိရလာသည်၊

သို့သော် ခေါင်းအနည်းငယ် မူးနေ၍ အိပ်ရာထဲ၌မှိန်နေသည်။

ဒေါက်တာတင်ရွှေက မာလာနွယ်အားစမ်းသပ်ပြီးနောက် အားဆေးတစ်လုံးကို ထိုးပေးခဲ့သည်။

ထို့နောက် ဒေါ်ဒေါ်ဖြိုးဘက်သို့ လှမ်းကြည့်ကာ ပြုံးချိုသော မျက်နှာနှင့် လှမ်းပြောနေသည်။

"ဟဲ....ဟဲ... ကြီးကြီးရဲ့မြေးမှာ ကိုယ်ဝန်ရှိနေပြီဗျ"

ထိုစကားများကို ကြားရလျှင် ဒေါ်ဒေါ်ဖြိုးရော ချစ်မိုးသူပါ ဝမ်းသာမဆုံး ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်....တကယ်လား ဆရာ၊ ဘယ်....ဘယ်နှစ်လ ရှိနေပြီလဲ"

"သိပ်တော့ မရှိသေးပါဘူး၊ သုံးလပဲ ရှိပါသေးတယ်"

"ဟောတော့.... သုံးလတောင် ရှိနေပြီကိုး၊ ဟဲ့....သား။ မင့်မိန်းမ ကိုယ်ဝန်ရှိနေတာ မင်းတော မသိဘူးလား"

"မသိဘူး ဘွားဘွား၊ သူလဲ့သိပုံမရပါဘူးလေ....ဟား....ဟား....မား"

ချစ်မိုးသူ၏ ပြန်ပြောသံကြောင့် ဒေါက်တာတင်ရွှေရော သူ၏အဘွားပါ ရယ်မဆုံး ဖြစ်နေကြသည်။

"မင့် မိန်းမကတော့ သိမှာပါကွာ၊ မင့်ကို ပြောပြရမှာ ရှက်နေလို့ မပြောတာ ဖြစ်မှာပေါ့.... ဟား....ဟား....ဟား"

ထိုနောက်တော့ ဒေါက်တာတင်ရွှေမှာ ပြန်သွားခဲ့သည်။

အပြန်တွင်တော့ ချစ်မိုးသူက ကားကိုမောင်းမပို့တော့ဘဲ အိမ်က ကားမောင်းသမားကြီး ဦးကျန်ကို အပို့ခိုင်းလိုက်သည်၊ ချစ်မိုးသူကတော့ မာလာနွယ်တွင် ကိုယ်ဝန်ရှိသည် ဟူသော သတင်းထူးကြောင့် အူမြူးကာနေတော့သည်၊

"ပွဘာပဲ၊ ကျွန်တော်တို့ တကယ့်သားအစစ် ရတော့မယ်နော် ဘွားဘွား"

"အေးပေါ့၊ ဘွားဘွားလဲ သိပ်ကိုဝမ်းသာနေတာ ငါ့မြေးရဲ့"

"ဝမ်းသာတာက တုတ်ပါပြီ၊ တကယ်လို့ ကျွန်တော့်မိန်းမဟာ ဘွားဘွား၊ အလိုရှိသလို ယောကျ်ားကလေး မမွေးဘဲ မိန်းကလေး မွေးရင်ကော"





"ဟဲ့....ငါ့လာ ယူနေတဲ့အချိန်မှာ မင့် ပါးစပ်ပုပ်ကြီးနဲ့ မဦးမချွတ် မပြောစမ်းနဲ့၊ အခုအချိန်ကျမှတော့ ဘာပဲ မွေးမွေး ငါကတော့ လက်ခံရတော့မှာပေါ့ဟဲ့"

ဒေါ်ဒေါ်ဖြိုးက ပြောလျှင် ချစ်မိုးသူမှာ ရယ်နေတော့သည်။

ချစ်မိုးသူ ရယ်နေခိုက် မာလာနွယ်မှာ သတိရလာပြီမို့ 'မောင်' ဟူ၍ လှမ်းခေါ်နေသည်။

ချစ်မိုးသူလည်း ပျာပျာသလဲ ချစ်ဇနီးသည် အနီးသို့ ပြေးသွားကာ မေးနေသည်။

"ဟင်....မာလာ သတိရလာပြီနော်၊ ဒါထက် မာလာ့မှာ ကလေးရှိနေပြီဆိုတာ ဘာဖြစ်လို့ မောင့်ကို ပြောမပြတာလဲကွယ်"

"အာ....မောင်ကလဲ ရှက်စရာတွေ မပြောနဲ့ကွာ၊ မာလာ လဲ ရှက်နေလို့ ပြောမပြတာပေါ့"

"အိမ်း....မာလာက မပြောပေမယ့် ဒေါက်တာတင်ရွှေက ပြောပြလို့ မောင်ရော ဘွားဘွားပါ သိရပြီလေ.... ဟဲ....ဟဲ"

ဒေါ်ဒေါ်ဖြိုးကလည်း တဟဲဟဲရယ်ရင်း လှမ်းပြောနေသည်။

"အဲဒါပေါ့ကွယ့် တစ်သက်လုံးဖုံးသမျှ ဆရာဝန်ရှေ့ကျမှ ပေါ်ဆိုတာလေ....ဟား....ဟား....ဟား"

ဒေါ်ဒေါ်ဖြိုး၏ စကားအဆုံးတွင် သူတို့လင်မယားမှာလည်း ရယ်နေမိကြတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

မာလာနွယ်၏ကိုယ်ဝန်မှာ တစ်နေ့တခြား ရင့်မာလာခဲ့သည်။

ဒေါ်ဒေါ်ဖြိုးမှာ မြေးဖြစ်သူ၏ ကိုယ်ဝန်ကို ကြည့်ရင်း တစ်နေ့တွင် ချစ်မိုးသူအား ခေါ်၍ မေးဘော့သည်။

"ဟဲ့....မောင်ချစ်မိုးသူ....မင့်မိန်းမ ကလေးမွေးရင် ဘယ်မှာ မွေးမှာလဲဟင်"

"ဘယ်မှာမွေးရမှာလဲ၊ ဆေးရုံမှာမွေးမှာပေါ့ ဘွားဘွားရဲ့"

"မဟုတ်တာဘယ်.... တို့ အရပ်က နာမည်ကြီး ဝမ်းဆွဲသည် ဒေါ်လုံးဆီမှာ မွေးပါလား"

"ဟင့်အင်း....ကျွန်တော်တော့ အရပ်ဝမ်းဆွဲတွေနဲ့ မအပ်ချင်ဘူး၊ သူတို့က တကယ့် အခက်အခဲတွေနဲ့ကြုံရင် ဘာမှ တတ်နိုင်ကြတာမှ မဟုတ်တာ၊ ဒီတော့ မနွယ်လေးမြို့က သားဖွားဆေးရုံမှာပဲ မွေးမယ်"

ချစ်မိုးသူက အပြင်းအထန် ကန့်ကွက်နေသည်။

"ဟယ်....မင့်နှယ် အရပ်ဝမ်းဆွဲသည်တွေကို တယ်အထင်သေးတာကိုး၊ ငါတို့ အရပ်ဝမ်းဆွဲသည်တွေကလဲ တော်ပါတယ်ကွယ်၊ ရှေးတုန်းက လူကြီးတွေဆို ဘယ်လိုလုပ်မလဲ၊ မင်းတို့ ဆေးရုံကိုအားကိုးကြတာ မဟုတ်ဘူး၊ ဆန်တစ်ပြည် ငွေတစ်မတ်နဲ့ မွေးလာခဲ့ကြတဲ့ဟာ၊ အခုမှ ဆေးရုံမှာ မွေးမယ် လုပ်မနေပါနဲ့"



"မဖြစ်ပါဘူး ဘွားဘွားရယ်၊ ကျွန်တော့် မိန်းမက သားဦးမွေးမှာဆိုတော့ အန္တရာယ်များတယ်လေ၊ ကျွန်တော့် မိန်းမရဲ့အသက် အဆုံးရှုံးမခံနိုင်လို့ ပြောနေတာပါ၊ ဒီတော့ မာလာ ဝမ်းနာလာပြီဆိုရင် မနွယ်လေးဆေးရုံကို ပြေးခေါ်သွားမှာပဲ"

"အေး....ငါကတော့ ဆေးရုံမှာမွေးမှာကို လုံးဝ သဘောမကျဘူး၊ ဆေးရုံဆိုတာပျိုးဟာ လူနာကို သိပ်ပြီးဂရုစိုက်ကြတာ မဟုတ်ဘူး၊ ပြီးတော့ ကလေးချင်းလဲ မှားထော်ကြတာမို့ ငါ သိပ်ကိုစိုးရိမ်မိတယ်၊ သတင်းစာတွေထဲမှာ ဆေးရုံမှာ မွေးမိလို့ ကလေးချင်း မှားမှားပါလာကြတယ်ဆိုတာ မင်း မဖတ်မိဘူးလားကွယ့်"

ဒေါ်ဒေါ်ဖြိုးမှာ ရှေးလူကြီးပီပီ ဆေးရုံကို သဘောမကျသံဖြင့် ပြောနေသည်။

"အဲဒါမျိုးက တစ်ခါတလေမှ ဖြစ်တာပါ ဘွားဘွားရာ၊ ကျွန်တော်ကတော့ ဆေးရုံမှာမွေးတာကိုပဲ ကြိုက်တယ်"

"မင်း ကြိုက်ပေမယ့် ငါမှမကြိုက်တာ၊ ဒီမယ် မောင်ချစ်မိုးသူ၊ တစ်ခါတလေ ငါ ပြောတာကို နားထောင်စမ်းပါဦး၊ မင့် မိန်းမကို အိမ်မှာပဲ မွေးပါ"

"ကောင်းပြီလေ၊ ဘွားဘွားက သိပ်ကို အိမ်မှာပဲမွေးစေချင်ရင်လဲ ကျွန်တော် မငြင်းတော့ပါဘူး၊ ဒီတော့ ကျွန်တော့် ဆန္ဒလဲပြည့်အောင် ဘွားဘွား ဆန္ဒလဲပြည့်အောင် အရပ်ဝမ်းဆွဲသည်နဲ့ မမွေးဘဲ ဒေါက်တာဘင်ရှေ့နဲ့ မွေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သဘောပါပဲတော်.... သဘောပါပဲ၊ အိမ်မှာမွေးမယ်ဆိုတာကို လက်ခံတာပဲ ဒါက ကျေနပ်နေပါပြီလေ"

ဒေါ်ဒေါ်ဖြိုးကပြောလျှင် ချစ်မိုးသူ သဘောကျသွားခဲ့တော့သည်။ မာလာနှယ်မွေးတော့မည့်အချိန်တွင် ဒေါ်ဒေါ်ဖြိုးမှာ နတ်ကိုအလွန်ယုံကြည်သူပီပီ အန္တရာယ်ကင်းရှင်းစေရန်အတွက် အိမ်တွင်နတ်ပွဲတွေ အမျိုးမျိုးပေးထားတော့သည်။

နတ်ကို မယုံကြည်သော ချစ်မိုးသူအတွက် ဘွားအေနှင့်ထကျက်ကျက်ဖြစ်နေတော့သည်။

"ဘွားဘွားကလဲဗျာ....နတ်ပွဲတွေပေးသားလိုက်တာ အိမ်လုံးပြည့်ပဲ။ ဘာကိစ္စ ဒီလောက်တောင် ပေးထားရတာလဲ၊ အိမ်နဲ့တောင် မတူတော့ဘူး၊ တောင်ပြုန်းပွဲတော်နဲ့ တူနေပြီ ဘွားဘွားရဲ့ ဟား....ဟား....ဟား...."

ချစ်မိုးသူက အိမ်လုံးပြည့်ပွဲပေးထားသော နတ်ပွဲများကိုကြည့်ကာ ပြောနေသည်။

"အောင်မယ်...နင် ဘာသိသလဲ၊ နတ်ဆိုတာမျိုးဟာ အခုလိုပဲ ပူဇော် ပသပေးရတယ်လေ၊ ဒါမှ နင့် မိန်းမဟာ အန္တရာယ်ကင်းကင်းနဲ့ မွေးနိုင်မှာပေါ့"

"အဲဒါတော့ ကျွန်တော် လက်မခံနိုင်ဘူး ဘွားဘွား၊ နတ်တွေကို ပူဇော်မှ ဘေးကင်းမယ်ဆိုရင် နတ်မပူဇော်ကြတဲ့ လူတွေမှာ ဘေးမကင်းဘဲ အားလုံး ဒုက္ခတွေနဲ့ တွေ့ရတော့မှာလား၊ ကျွန်တော်ကတော့ မြတ်စွာဘုရားကလွဲပြီး ဘာနတ်ကိုမှ မယုံကြည်ပါဘူး၊ ရတနာသုံးပါးကို အမြဲတမ်း ဦးထိပ်ထားရင် ပြီးတာပဲဟာ"





"ဟယ်....ချစ်မိုးသူ၊ နင် ဘာတွေလျှောက်ပြောနေရတာလဲ၊ နင် မယုံရင်နေပေါ့၊ ဒီမယ် ငါ့မြေး....နတ်ဆိုတာမျိုးဟာ ကောင်းကျိုးကိုသာမပေးကြရင်နေမယ်၊ ဆိုးကျိုးကိုတော့ ပေးတတ်ကြတယ်ကွယ့်၊ အဲဒါကြောင့် ဘွားဘွားတို့က ပသနေကြရတာ၊ သိလား"

"ဪ....ကောင်းကျိုးကျတော့ မပေးဘူး၊ ဆိုးကျိုးကျတော့ ပေးတယ် ဟုတ်လား၊ ဒါနဲ့များ ဘွားဘွားတို့က သူတို့နဲ့ အပေါင်းအသင်းလုပ်နေကြတာ အံ့ရော၊ ဒီလောက်ဆိုးတဲ့ဟာတွေနဲ့ အပေါင်းအသင်းမလုပ်ကြနဲ့ပေါ့၊ အကျိုးမှ မရှိတဲ့ဟာ"

ချစ်မိုးသူ၏ နတ်ဆန့်ကျင်ရေးစကားများကြောင့် နတ်ကိုအလွန်ယုံကြည်နေသော ဒေါ်ဒေါ်ဖြိုးမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့တော့သည်။

"ဟဲ့....ဟဲ့...ဟဲ့....ကောင်လေး၊ ဘာတွေလျှောက်ပြောနေရတာလဲ၊ နင်တော့ ဒုက္ခဖြစ်ပါလိမ့်မယ်၊ ကိုင်း....ကိုင်း....ဒီနေရာက မြန်မြန်ကလေး ကြွတော်မူပါ၊ နင် ယုံရင် ငါ့နတ်ကနားပွဲပေးထားတဲ့အနားကို ဘယ်တော့မှ မလာပါနဲ့၊ ကြွတော်မူပါတယ်"

ဒေါ်ဒေါ်ဖြိုးမှာ ပါးစပ်ကလည်းပြော လက်ဖြင့်လည်း ချစ်မိုးသူအား အတင်းပင် ဆွဲထုတ်နေတော့သည်။

ချစ်မိုးသူလည်း တဟားဟားဖြင့်ရယ်ရင်း နတ်ကနားပွဲပေးထားသော အခန်းမှ ပြန်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာလာနှယ် မွေးဖွားခတော့မည့်နေ့တွင်တော့ ဒေါ်ဒေါ်ဖြိုးနှင့် ချစ်မိုးသူတို့မှာ ပျာယာခတ်နေကြတော့သည်၊

ဒေါ်ဒေါ်ဖြိုး ပျာယာခတ်နေခြင်းမှာ ချစ်စရာသော ဇာဖတ်သူတို့ သိကြသည့်အတိုင်း နတ်ကတော်ထံသို့ပြေး၍ သူ၏ မြေးမကလေး ကျန်းကျန်းမာမာနှင့် သားဖွားနိုင်စေရန်နှင့် ဖွားမည့်ကလေးကလည်း သားဦးယောက်ျားကလေး မွေးစေရန်ကို လှုပ်ခိုင်းနေရသည့်အတွက်ဖြစ်သည်၊

ချစ်မိုးသူ ပျာယာခတ်နေခြင်းကတော့ ဇနီးသည်ကလေး ကျန်းကျန်းမာမာနှင့် ကလေးမွေးဖွားနိုင်စေရန် စစ်ကိုင်း တောင်တော်ပေါ်တွင်ရှိ ဘုရားများသို့သွားကာ ဆုတောင်းနေရ၍ပင်၊

ဒေါ်ဒေါ်ဖြိုးက အိမ်နီးနားချင်းတွင် ရှိနေကြသော ကလေးများအား ဤသို့ မှာကြားထားခဲ့သည်၊

"ဟေ့....ကလေးတို့၊ ငါ့မြေးကလေး မွေးမယ့်အချိန်မှာ မင်းတို့က အိမ်အောက်မှာ စုရုံးပြီးနေကြ၊ သားဦးယောက်ျားကလေးမွေးရင် မင်းတို့ကို တစ်ယောက်လျှင် တစ်ရာကျပ် ဘွားဘွားကြီးက ဆုချမယ်၊ ပြီးတော့ ဗီဒီယိုကိုလဲ တစ်ပတ်တိတိ ပြပေးမယ်၊ အဲ....မိန်းကလေးမွေးရင်တော့ မင်းတို့ကို တစ်ကျပ်စီ ဆုပေးမယ်၊ ဘာဗီဒီယိုမှလဲ မပြတော့ဘူး၊ ကြားလား"

ထိုစကားများကို ကြားရလျှင် ကလေးများက လက်ခုပ်တီးကာ ကြားကြောင်းပြန်ပြောကြသည်၊



သို့ဖြစ်၍ မာလာနှယ် မွေးတော့မည့်အချိန်သို့ အရောက်တွင် ဒေါ်ဒေါ်ဖြိုး ဖိတ်ခေါ်ထားသော ကလေးများမှာ အိမ်ခြံဝန်းခြံထဲတွင် တစ်ရာထက်မနည်းရောက်ရှိနေကြသည်၊

ဒေါ်ဒေါ်ဖြိုးက သူတို့ထံသို့သွား၍ နောက်တစ်ခုကို မှာကြားနေသေးသည်၊

"ဟော့.... ယောက်ျားကလေး မွေးသလား မိန်းကလေး မွေးသလား သိကြရအောင် ဘွားဘွားကြီးက အမှတ်အသား တစ်ခုလုပ်ထားမယ်၊ ယောက်ျားကလေးမွေးရင် ဘွားဘွားကြီးဟာ လသာခန်းကနေ မင်းတို့မြင်အောင် နှဲကိုယူလာပြီး ငါကိုယ်တိုင်မှုတ်ပြမယ်၊ အဲ.... မိန်းကလေး မွေးရင် ဘွားဘွားက လင်းကွင်းတီးပြမယ်၊ ကြားကြလား"

"ဟုတ်ကဲ့ ကြားပါတယ် ဘွားဘွားကြီး"

ကလေးများက သံပြိုင်ဖြင့် ဒေါ်ဒေါ်ဖြိုးအား ပြန်ပြောလိုက်ကြသည်၊

ထို့နောက်တော့ ဒေါ်ဒေါ်ဖြိုးလည်း မာလာနှယ် မွေးဖွားမည့် အခန်းဝ၌ ချစ်မိုးသူနှင့်အတူ ရပ်စောင့်နေကြသည်၊

အခန်းထဲတွင် ဒေါက်တာတင်ရွှေက နာ့စ်မကလေးနှင့် အလုပ်ရှုပ်နေကြသည်၊

"ဟဲ့...သား၊ ဘာလို့ ဒီအခန်းနားမှာ ရပ်နေရတာလဲ၊ အိမ်ခန်းမှာ သွားနေလေ၊ ဘွားဘွားပဲ စောင့်နေပါ့မယ်"

ဒေါ်ဒေါ်ဖြိုးက ချစ်မိုးသူကို ပြောနေသည်၊

"ဟာ...မဖြစ်ပါဘူး၊ မာလာမွေးလို့ မပြီးမချင်း ဒီအခန်းခွာနိုင်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးသူ ပြောနေခိုက် အခန်းတွင်းမှ အူ....ဝဲ....ဟူ၍ ငိုသံကို ကြားကြရသည်။

"ဟော....အခန်းထဲက အူဝဲဆိုပြီး ကလေးငိုသံ ကြားရတယ်၊ မာလာ မွေးပြီးပြီထင်တယ်၊ လာ....အခန်းထဲဝင်ပြီး သွားကြည့်ကြရအောင်လား ဘွားဘွား"

ချစ်မိုးသူက ပြောရင်း ဘွားအေကြီး၏လက်ကို ဆွဲကာ အခန်းထဲသို့ဝင်ရန် ပြင်သည်။

"ဟဲ့....ဝင်လို့ဘယ်ရမလဲ၊ အပြင်ကသာနေစမ်းပါဟယ်၊ အချိန်ကျတော့ ငါတို့ ဝင်ရမှာပေါ့"

ဒေါ်ဒေါ်ဖြိုးက ချစ်မိုးသူကို လှမ်းတားနေသည်။

"မဝင်ရတာက ထားပါတော့၊ မာလာ ကလေးမွေးပြီးပြီမို့ ယောကျ်ားကလေးမတွေ့တဲ့ မိန်းကလေးမွေးရင် ဘယ်လိုလုပ်မလဲ ဘွားဘွား"

"အိုကွယ်....အရေးထဲမှာ မင်းကလဲတစ်မျိုးပဲ၊ ဘာပဲမွေးမွေး ကိုယ့်မြေးကမွေးတာမို့ ငါကတော့ ချစ်ရမှာပါကွယ်"

"ဒါဖြင့် ဗေဒင်ဆရာကြီး ဦးတော်ကထိန် ဟောထားတာကို ဘွားဘွားက မယုံကြည်တော့လို့လား"

"မယုံကြည်လို့တော့ ဘယ်ဟုတ်ပါမလဲ၊ ဒါပေမယ့် မြေးဖြစ်နေတဲ့ ငါ့အဖို့တော့ ဘာလေးပဲမွေးမွေး ချစ်ဖို့ဆုံးဖြတ်ထားလို့ပါပြီလေ"

ဒေါ်ဒေါ်ဖြိုး ပြောနေခိုက်မှာပင် အခန်းတံခါးမှာ ပွင့်လာပြီး နာ့စ်မကလေး ထွက်လာသည်ကို မြင်ကြရသည်။





ချစ်မိုးသူက နာ့စ်မကလေးအား ပျာပျာသလဲ လှမ်းမေးနေသည်။

"ဆရာမ....ဘာ....ဘာလေးလဲဗျ၊ အထီးလား အမလေးလား....အဟီး"

"အမကလေးပါရှင်၊ ကလေးက အဖေတူမှိုလားမသိဘူး အသားဖြူပြီး ဝဝကလေးရှင့်"

နာ့စ်မကလေးက ပြုံးချိုသောမျက်နှာဖြင့်ပြောပြီး အခန်းထဲသို့ ပြန်ဝင်သွားခဲ့သည်။

ချစ်မိုးသူမှာ ဝမ်းသာနေသလောက် ဒေါ်ဒေါ်ဖြိုးမှာတော့ စိတ်ပျက်သွားပုံရသည်။

"အင်း....ငါထင်သလိုဖြစ်လာတဲ့ မိန်းကလေးဖြစ်နေတာကိုး၊ အေးလေ....အခုမှတော့ ငါ ဘာတတ်နိုင်မလဲ၊ မြေးဖြစ်နေတော့ ချစ်ရမှာပေါ့လေ"

ဒေါ်ဒေါ်ဖြိုးက လေးတွဲ့တွဲ့အသံဖြင့်ပြောပြီး လသာခန်းဆီသို့ လျှောက်သွားခဲ့သည်။

အိမ်ရှေ့ပန်းခြံထဲတွင်တော့ ကလေးငယ်များမှာ ဒေါ်ဒေါ်ဖြိုး မှာကြားထားခဲ့သည့်အတိုင်း အချက်ပေးမည့် ဘုရိယာကို စောင့်ဆိုင်းနေကြသည်။

ဒေါ်ဒေါ်ဖြိုးက လင်းကွင်းကိုယူ၍အောက်တွင်ရှိကလေးငယ်များကို တီးပြတော့သည်။

"ချမ်း....ချမ်း....ချမ်း...."

ဒေါ်ဒေါ်ဖြိုးထံမှ လင်းကွင်းတီးသံကို ကြားရလျှင် ကလေးငယ်တွေမှာ စိတ်ဓာတ်တွေ ကျသွားခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…သွားပြီဟော့၊ လင်းကွင်းထီးပြဲနေတော့ မွေးတာ မိန်းမလေးတွ၊ မိတော့ ငါတို့အတွက် ငွေတစ်ရာလဲ မရနိုင်တော့သလို ဗီဒီယိုတွေကိုလဲ တစ်ပတ်အထိ မကြည့်ရတော့ဘူး၊ ငွေတစ်ကျပ်နဲ့ပဲ ပြီးသွားပါပြီကွာ…တောက်…"

ဆယ့်နှစ်နှစ်ရွယ်ခန့်ရှိ ကောင်လေးတစ်ဦးက ညည်းညူနေတော့သည်၊

ဒေါ်ဒေါ်ဖြိုးလည်း လင်းကွင်းကိုချကာ အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်၊

အခန်းထဲမှ ခေစာခေစာက ထွက်လာခဲ့သော နှာစ်မကလေးပင် ထွက်လာပြန်သည်

"ဆရာမ…ကလေးအမေကော ကျန်းကျန်းမာမာပဲလား ဗျာ"

"ဟုတ်ကဲ့…ကလေးအမေရော ရှင့်သားရော ကျန်းမာပါတယ်"

"ဟောဗျ…ခေစာခေစာက ဆရာမ ပြောသွားခဲ့တုန်းက သမီးကလေးဆို၊ အခု ဘယ်လိုကြောင့် သားလေးဖြစ်ခနေရတာလဲ"

ချစ်မိုးသူ အူကြောင်ကြောင်ဖြစ်ကာ ပြန်မေးနေမိသည်၊

"မှန်တယ်လေ…ခေစာခေစာက မွေးတာက မိန်းကလေး၊ နောက် နှစ်မိနစ်အကြာမှာ ထပ်မွေးတာက ယောကျ်ားကလေးရှင့်"

"ဟင်…ဒါ…ဒါဆို ကျွန်တော့်မိန်းမက အမြွှာကလေးကို မွေးတာပေါ့"





"သိပ်ဟုတ်တာပေါ့၊ ဒါထက် ကလေးအနှီးရှိရင် ပေးပါဦး၊ ကလေးက နှစ်ယောက်ဖြစ်နေလို့ အနှီးလိုနေတယ်"

"အာ…ရပါတယ်ဗျာ"

ချစ်မိုးသူ ပြောရင်း မလှမ်းမကမ်းတွင်ရှိနေသော အနှီးများကို အမြန်ယူပေးနေသည်၊ ဒေါ်ဒေါ်ဖြိုးရောက်လာသည်ကို မြင်ရလျှင် ဝမ်းသာအားရ လှမ်းပြောနေသည်၊

"ဘွားဘွားရေ…မာလာမွေးတာ အမြွှာတဲ့၊ အခုနောက်တစ်ယောက်ကျတော့ ယောကျ်ားကလေးတဲ့ခင်ဗျ"

ထိုစကားများကို ကြားရလျှင် ဒေါ်ဒေါ်ဖြိုးမှာ ထခုန်မတတ် ဝမ်းသာသွားတော့သည်၊ ချက်ချင်းပင် လသာခန်းသို့ အပြေးကလေးသွားကာ စားပွဲပေါ်တွင် လင်းကွင်းနှင့်အတူထားခဲ့သော နှဲကြီးတစ်လက်ကို အမြန်ဆွဲယူကာ ကလေးများ မြင်သာအောင် သွားရပ်သည်၊

"ဟော့…ဟိုမယ် ဘွာဘွားကြီး ရောက်လာပြန်ပြီ"

ကလေးငယ်တစ်ဦးက လှမ်းပြောနေသည်၊ သူ ပြောနေစိတ်မှာပင် ဒေါ်ဒေါ်ဖြိုးက ယူလာသော နှဲကြီးကို မှုတ်တတ် မှုတ်တတ်နှင့် မှုတ်ပြနေသည်၊

"တီတီ…တာတာ…တီတာတာ"

"ဟာ…နှဲကိုမှုတ်ပြနေတယ်ကွ၊ ဒါဒါ…ဒါဆိုရင် ငါတို့ပြီ ငွေတစ်ရာလဲရပြီ၊ ဗီဒီယိုလဲ တစ်ပတ်ထိတိကြည့်ရတော့ယ်၊ ဝေး…ဟေး…ဟေး…ဟေး"

ကလေးငယ်တစ်ဦးက ဝမ်းသာအားရ အော်ဟစ်ကာ ပြောနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



ကျန်ကလေးများလည်း အူမြူးတာ ကသူက ခုန်သူခုန်၊ မြက်ခင်းပြင်ထဲတွင် ဒိုင်ဗင်ထိုးသူကထိုးနှင့် ပျော်မြူးကာ နေကြတော့သည်၊

ချစ်မိုးသူမှာ ဘွားအေဖြစ်သူ၏ အစီအမံကို မသိသဖြင့် ကလေးများ၏ အော်ဟစ်ဆူညံနေသံများကို ကြားရလျှင် ဘွားအေဖြစ်သူကို လှမ်းမေးနေသည်။

"ဘွားဘွား....အောက်မှာ ကလေးတွေ ဆူညံလို့ပါလား၊ ဘာဖြစ်ကြလို့လဲ"

"ဘာမှမဖြစ်ဘူး၊ ငါက ယောကျ်ားကလေးမွေးရင် သူတို့အားလုံးကို ငွေတစ်ရာစီနဲ့ ဗီဒီယိုကို တစ်ပတ်တိတိပြပေးမယ် ပြောထားတဲ့အတွက် အခုလို ဝမ်းသာပြီး အော်ဟစ်နေကြတာပါကွယ်"

"ဟာ....ဘွားဘွားကလဲ၊ သူတို့ အော်ဟစ်နေတာအရေးမကြီးဘူး၊ သူတို့အသံကြောင့် ကျွန်တော့်မိန်းမ သွေးလန့်နေမှာ စိုးတယ်"

"မလန့်ပါဘူး၊ မင့်မိန်းမကို ဒီလိုလုပ်မယ်ဆိုတာ သူ့ကိုကြိုပြောထားပြီးသားပါ"

ဒေါ်ဒေါ်ဖြိုးပြောနေခိုက်မှာပင် အခန်းထဲမှ ဒေါက်တာတင်ရွှေ ထွက်လာခဲ့သည်။

ချစ်မိုးသူကိုတွေ့ရလျှင် ဒေါက်တာတင်ရွှေက "ကွန်ဂရက်ကျူးလေးရှင်း" ဟူ၍ ပြောကာ လက်ဆွဲနှုတ်ဆက်နေသည်။

"ကလေးတွေနဲ့ ကလေးအမေရော အားလုံး အိုကေပါ ချစ်မိုးသူရေ"





ဒေါက်တာတင်ရွှေက ပြောသည်။

ဒေါ်ဒေါ်ဖြိုးကတော့ မြေးချွေးမနှင့် ကလေးများကို တွေ့လိုဟန်ဖြင့် အခန်းထဲသို့ အမြန်ဝင်သွားခဲ့တော့သည်၊

"ဒေါက်တာ၊ ကျွန်တော်ခုကာ အခန်းထဲဝင်နိုင်ပြီလား"

"ဝင်နိုင်ပါပြီလေ။ ကဲ....ကဲ....သွားပေတော့၊ ကျွန်တော်လဲ ပြန်တော့မယ်၊ ညနေဘက်ကျမှ တစ်ခေါက် လာကြည့်ပါမယ်"

ဒေါက်တာတင်ရွှေက နှုတ်ဆက်၍ထွက်အသွား ချစ်မိုးသူလည်း မာလာနွယ်ရှိရာ အခန်းထဲသို့ ဝင်ပြေးသွားခဲ့သည်။

အခန်းထဲသို့ရောက်လျှင် ခုတင်ပေါ်တွင် နွမ်းနယ်စွာဖြင့် မှိန်းကာနေသော မာလာနွယ်အား ချစ်မိုးသူက ကြင်နာသောအသံဖြင့် မေးနေသည်၊

"မာလာ....ဘယ့်နှယ်နေသေးသလဲဟင်၊ နေကောင်းတယ်မဟုတ်လား"

မာလာနွယ်က ခေါင်းကိုညိတ်ပြသည်၊

"မောင့် သားနဲ့ သမီးကလေးကို ကြည့်ဦးမယ်နော်၊ ဘွားဘွားကတော့ ကြည့်ပြီးပြီထင်တယ် ဟဲ...ဟဲ"

ကလေးများထားသော ပုခက်အနီးတွင် ရောက်နေသော ဘွားအေကြီးအား ချစ်မိုးသူ ပြောနေခြင်းပင်၊ ဖြိုးတော့ သူသည် ကလေးများကိုကြည့်ကာ ဝမ်းသာသံဖြင့် ပြောနေသည်၊

"ဟာ....ကလေးတွေက အမြွှာခပ်မယ့် အားလုံး ဝဝကစ်ကစ် ချစ်စရာချည်းတွေ့ရှိနော်၊ ကြည့်စမ်းပါဦး၊ မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အိပ်လိုက်တာ သိုးလို့ ဟဲ...ဟဲ၊ ဒါထက် သမီးကလေးက အကြီးနော်၊ သားကလေးကတော့ အငယ်ပေါ့"

ထိုစကားများကို ကြားရလျှင် အနီးဟွင် ရှိနေသော နာ့စ်မကလေးက တခစ်ခစ်ဖြင့်ရယ်ရင်း ပြန်ပြောနေသည်။

"ဒါဆို ရှင်မှားနေပြီ၊ ယောကျ်ားကလေးက အကြီး၊ မိန်းကလေးက အငယ်ပါ"

"ဟောဗျ...ဒါ...ဒါဆိုရင် ကျွန်တော်တို့ကိုလာပြောသော မိန်းကလေးက အရင်ပဲဟာ"

"အဟိ...အဲဒါက အစ်ကို့ရဲ့အသွားအကြောင်းကို ဆရာဝန်က သိနေလို့ တမင်နောက်လိုက်တာပါ၊ ယောကျ်ားကလေးကိုသာ အရင်မွေးတာပါရှင်"

"ဟာ...ဒါဆိုရင် ဗေဒင်ဆရာဟောတာ တက်တက်စင် အောင် မှားနေတာပေါ့၊ ဒါနဲ့များ ဗေဒင်ဆရာက သားဦး ယောကျ်ားကလေး မမွေးနိုင်ပါဘူးပါဖူးနဲ့ မတုတ်တာတွေ ဟောလိုက်တယ်လေ"

ထိုစကားများကိုကြားရလျှင် ဒေါ်ဒေါ်ဖြိုးက ဗေဒင်ရှုးပီပီ မခံချင်သံဖြင့် ပြန်ပြောနေသည်။

"ဘာ...မတုတ်တာတွေ ပြောနေရမှာလဲ၊ သူဟောတာ မမှားပါဘူး၊ သူဟောခဲ့တဲ့အတိုင်း မိန်းကလေးလို့ အမွေးသားပဲဟာ၊ မင်းက အပြစ်တင်ချင်တာက အရင်ကိုး"

ချစ်မိုးသူကတော့ ဘာအနေနှင့် စကားနိုင်လု မပြောချင်၍ အသာငြိမ်နေလိုက်သည်။



ဒေါ်ဒေါ်ဖြိုးမှာ မြစ်နှစ်ဦးကိုကြည့်ပြီး နှတ်ရှုးပီပီ သူ ပသထားခဲ့သော နတ်တို့အား ချီးမွမ်းခန်း ဖွင့်နေတော့သည်။

"အင်း...အခုလို ကလေးနှစ်ယောက်ကို ချောချောမောမောနဲ့ မွေးနိုင်တာဟာ အိမ်ဘုင်းဖခင်ကြီးနဲ့ အရှင်နှစ်ပါးရဲ့ကျေးဇူး ကြောင့်ပေါ့ကွယ်၊ သူတို့ရဲ့စောင့်ရှောက်မှုကြောင့် မင့်မိန်းမနဲ့ ကလေးတွေဟာ ကျန်းကျန်းမာမာ ဖြစ်နေတာပေါ့"

"ဟာဗျာ...ဘွားဘွားကတော့ တစ်ဆိတ်ရှိ နတ်တွေကိုပဲ အထင်ကြီးပြီး ချီးမွမ်းနေတာကိုး၊ အခုလို မာလာနဲ့ သားနဲ့ သမီး ဘေးမသီဘဲ ကျန်းကျန်းမာမာနဲ့ ဖြစ်နေတာဟာ ဘွားဘွားရဲ့ နတ်တွေကြောင့် မဟုတ်ပါဘူး၊ ဒေါက်တာ ဘင်ရွှေ ကြောင့်ပါ၊ ဒါကြောင့် ကျေးဇူးတင်စရာရှိရင် ဒေါက်တာဘင်ရွှေကိုပဲ ကျေးဇူးတင်ရမှာပေါ့၊ ဘွားဘွား နတ်တွေနဲ့ ဘာဆိုင်တာမှတ်လို့၊ ဟဲ...ဟဲ"

"ဟဲ့...မင့်ဆရာဝန်ဘင်ရွှေ အခုလို ကလေးအမေရော ကလေးတွေကိုပါ ကျန်းကျန်းမာမာနဲ့ မွေးနိုင်တာဟာ နတ်တွေက မ စ ပေးလို့ပေါ့၊ နို့မို့ရင် မင့်ဆရာဝန် ဘယ်လောက်တော်တော် အခုလို ဘေးမသီအောင် မမွေး ပေးနိုင်ပါဘူးကွယ်၊ မင်းကတော့ သွားပေးသူ မင့်အမေလိုပဲ နတ်ဆိုရင် လုံးဝကိုယုံကြည်ဘူး... ဟွန်း...."

ဒေါ်ဒေါ်ဖြိုးကပြောလျှင် ချစ်မိုးသူနှင့် နာ့စ်မကလေး တို့မှာ ရယ်နေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မာလာနွယ် ကခေသးခုမ္မးပြီး တစ်ပတ်ခန့် အကြာ
ချစ်မိုးသူတို့အိမ်ရှေ့သို့ ဟိုင်းလပ်စ်ကားတစ်စီး ရောက်လာ
ခဲ့သည်။

ချစ်မိုးသူက အိမ်ထဲမှ ထွက်၍ကြည့်ရာ ကားပေါ်မှ
ပထမဆုံး ဆင်းလာခဲ့သူမှာ လှခင့်ဖြစ်နေသည်ကိုတွေ့ရသည်
"ဟယ်....လှငွေပါလား၊ ငါ့ဆီကို စာမပေးဘဲမ
ရောက်လာတာက ဘာကြောင့်လဲကွ"

"ဟဲ...ဟဲ....မင်းအမြွာကလေးမွေးဘယ်ဆိုတာ ပုံးရည်
အကြောင်းကြားလို့ သိရတယ်လေ၊ ပြီးတော့ မင့်ယော
တွေကလဲ မင်းနဲ့ရော သူတို့သမီးနဲ့ပါ တွေ့ပါရစေဆိုလို့
ခါတည်း ခေါ်လာခဲ့တယ်၊ အဲဒါ မင်းအနေနဲ့ ခွင့်ပြု
ပါ့မလား"





ထိုစကားများကိုကြားရလျှင် ချစ်မိုးသူမှာ အံ့အားလည်း
သင့် ဝမ်းလည်း ဝမ်းသာသွားခဲ့သည်၊

"ဟာ.... ခွင့်ပြုပါတယ်ကွာ၊ ပြီးတာတွေလဲ ပြီးကုန်
ပြီဟာ"

ချစ်မိုးသူ ပြန်ပြောနေခိုက် ဟိုင်းလပ်စ် ကားပေါ်မှ
မာလာနွယ်၏ မိဘများ ဆင်းလာကြသည်ကို မြင်ကြရသည်။
"ဟာ....ဦးလေးနဲ့ ဒေါ်ဒေါ်တို့ပါကလား၊ ကြွပါခင်ဗျာ
ဦးလေးတို့သမီးရော အမြွာကလေးတွေရော အားလုံး ကျန်း
ကျန်းမာမာ ရှိကြပါတယ်၊ အိမ်ထဲကို ကြွကြပါခင်ဗျာ"

ချစ်မိုးသူက ဖော်ဖော်ရွေရွေနှင့်ပင် မာလာနွယ်၏ မိဘ
များကို ဖိတ်ခေါ်နေသည်၊

ဒေါ်ရွှေကလည်း ချစ်မိုးသူအား ကျေးဇူးတင်သော
အကြည့်ဖြင့် ကြည့်ကာ သူမ၏ အတိတ်က အမှားများကို
တောင်းပန်နေသည်၊

"ဟိုတုန်းက သားအပေါ်မှာ မေမေတို့ ပြုမိခဲ့တာတွေကို
ခွင့်လွှတ်ပါနော်"

"ဟာဗျာ....ဒေါ်ဒေါ်ကလဲ၊ ဒါတွေပြောမနေစမ်းပါနဲ့၊
အခုလို ဒေါ်ဒေါ်တို့ ရောက်လာကြတာကိုပဲ ကျွန်တော်
ဝမ်းသာလှပါပြီ၊ မာလာများသိရရင် ဘယ်လောက် ဝမ်း
သာရှာမလဲ၊ ကဲ....မာလာ့ဆီကို သွားကြရအောင်"

ချစ်မိုးသူက မာလာနွယ်၏မိဘများကို အိမ်ထဲသို့ ခေါ်
အသွားတွင် အပေါ်ထပ်မှ ဆင်းလာခဲ့သော ဒေါ်ဒေါ်ဖြိုး
နှင့် ဆုံမိကြတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဩြ...ဘွားဘွား၊ သူတို့ကတော့ မာလာနွယ်ရဲ့ မိဘတွေလေ၊ လှငွေက ခေါ်လာလို့ ရောက်လာကြတာ ဘွားဘွားရဲ့"

"ဩြ...ငါ့မြေးနဲ့ သဘောမတူဘူးဆိုပြီး ထောင်ကျအောင် လုပ်ခဲ့တဲ့ မာလာနွယ်ရဲ့ မိဘတွေလားကွယ့်"

ဒေါ်ဒေါ်ဖြိုး၏ ဘုကျကျ မေးသံကြောင့် ချစ်မိုးသူမှာ အားနာ၍ သွားခတော့သည်။

"ဟာ...ဘွားဘွားကလဲ ဘာတွေ လာပြောနေရတာလဲ၊ အားနာစရာကြီး၊ ပြီးတာတွေ ပြီးပါစေတော့ဗျာ"

မာလာနွယ်၏မိခင် ဒေါ်ရွှေကလည်း စိတ်မဆိုးဘဲ ဒေါ်ဒေါ်ဖြိုးအား ပြန်လည်၍ တောင်းပန်နေသည်။

"ကိစ္စမရှိပါဘူး၊ ဒီက ဒေါ်ဒေါ် ပြောမယ်ဆိုရင်လဲ ပြောသင့်ပါတယ်လေ၊ ဟိုတုန်းကတော့ ကျွန်မတို့လဲ ခေါင်းသက်ခေါင်ကို လူ့ခက်ပြင်းလို့ ထင်ခဲ့ကြတာကိုး၊ အခုတော့ ဒီသူ့ယ်ဟာ အစိုးရဥပဒေနဲ့မကောင်းတဲ့ အလုပ်တွေကိုလုပ်လို့ ထောင်နန်းစံနေရပါပြီ၊ ကျွန်မတို့မှာလဲ ကံကောင်းလို့သာ သမီးကလေးနဲ့ သူ့သို့ မပေးစားဖြစ်တာပေါ့၊ ဒါတွေကို တွေးမိတိုင်း စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်၊ ဒီက မောင်ချစ်မိုးသူကိုလဲ တွေ့ရင် တောင်းပန်ချင်နေတာ ကြာပါပြီရှင်၊ အခုမှပဲ မောင်လှငွေက သူလုပ်ပေးမယ်ဆိုပြီး ဒီကို ခေါ်လာတာပါရှင်၊ ကျွန်မတို့ရဲ့ မိုက်မှားမိသမျှကို တောင်းပန်ပါတယ်"

ဒေါ်ဒေါ်ဖြိုးကတော့ ဒေါ်ရွှေ၏တောင်းပန်သံကြောင့် ကျေနပ်သွားခဲ့သည်။



"ကဲ...ကဲ...အပေါ်ထပ်မှာ ညည်းတို့သမီး ရှိနေတယ်၊ သွားတက်ကြည့်ကြလေ"

"တုတ်ကွဲ၊ ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

ဒေါ်ရွှေကပြောရင်း ဦးသိန်းအောင်၏ လက်ကိုဆွဲကာ အပေါ်ထပ်သို့ တက်သွားခဲ့သည်။

ချစ်မိုးသူနှင့် လှငွေတို့လည်း နောက်မှ လိုက်တက်ကာ သွားခဲ့ကြသည်။

"ပြောပါဦးကွ...မင့်ကလေးတွေက ဘယ်သူနဲ့ တူသလဲ၊ ငါနဲ့တော့ မတူဘူးသား...အဟီး"

လမ်းတွင် လှငွေက မေးနေသည်။

"အေး...တူတာပေါ့ ဘာ... ဘာ...ဘာပြောတယ် သေနာကျ၊ ရောက်မယ်မှ မကြီးသေးဘူး နောက်နေပြီ၊ မင်းနဲ့ ဘာဆိုင်လို့ တူရမှာလဲ၊ ငါ့မိန်းမက မွေးတဲ့ ငါ့ကလေးတွေမို့ ငါနဲ့သာတူရမှာပေါ့ကွ၊ တူဘာမှ ချွတ်စွပ်ပဲ...ဟဲ...ဟဲ"

ချစ်မိုးသူက ကြွားနေသည်။

မာလာနွယ်မှာ မိဘနှစ်ပါးအား မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလျှင် ဝမ်းသာသွားပြီး မေမေ ဟူ၍ခေါ်ကာ မျက်ရည်များ ကျဆင်းလာခဲ့သည်။

"မငိုပါနဲ့ သမီးကလေးရယ်... မေမေတို့အမှားကို မေမေတို့ သိလို့ အခုလိုလာခဲ့တာပေါ့၊ ကဲ...ငါ့မြေးကလေးတွေကို ပြစမ်းပါဦး...ကြည့်ချင်လှပါပြီ"

ဒေါ်ရွှေက မေးနေ၍ ချစ်မိုးသူက ခုတင်ထဲတွင် အိပ်ပျော်နေကြသော သူ၏ ကလေးများကို ပြနေသည်။

www.burmeseclassic.com



"ဟယ်....ကြည့်ပါဦး ကိုသိန်းအောင်ရယ်၊ မြေးကလေးတွေက ချစ်စရာကလေးတွေတော့ အမြွှာပူးရယ်လို့ မပြောရဘူး၊ ရုပ်တွေကလှဲ သိပ်ကိုတူတာပဲ"

လှငွေကလည်း အိပ်ပျော်နေသော ကလေးငယ်များကို ကြည့်ပြီး ချစ်မိုးသူကို ပြောနေသည်။

"အဟဲ....အခုလို ရိုးရိုးအမြွှာပူးကို မွေးမယ့်အစား ရင်ချင်းဆက် အမြွှာမွေးရင် ပိုကောင်းမှာကွ....ဟား....ဟား....ဟား"

"တယ်.... ဒီအကောင် ဘာတွေ လာပြောနေရတာလဲ၊ ရင်ချင်းဆက်မွေးတာ ဘယ်ကောင်းမလဲကွ ကလေးတွေ အင်မတန် ဒုက္ခရောက်ရှာတာ"

ချစ်မိုးသူက သဘောမကျသံဖြင့် ပြန်ပြောနေသည်။

"အဲဒါ မင်း မှားနေပြီ၊ တို့နိုင်ငံမှာ ရင်ချင်းဆက်အမြွှာမွေးလို့ရှိရင် နိုင်ငံကျော်လို့ဖြစ်၊ ပြည်သူ့ အချစ်တော်တွေလို ဖြစ်ပြီး တီဗွီတို့ သတင်းစာတို့မှာ ခဏခဏ ပါကြမှာကွ၊ မင်းလုံသိသားပဲ၊ ရင်ချင်းဆက်အမြွှာတွေဖြစ်ကြတဲ့ မနန်းစိုးတို့ မနန်းစံတို့နဲ့ အခုခေတ်မှာ အေးအေးငြိမ်းနဲ့ အိအိငြိမ်းတို့ဟာ ပြည်သူ့ အချစ်တော်ကလေးတွေ မဟုတ်လားလို့....ဟဲ....ဟဲ"

"တော်ပါပြီ လှငွေရယ်၊ ငါတို့ကတော့ အခုလို ရိုးရိုးအမြွှာမွေးတာပဲ သဘောကျပါတယ်"

ထိုအခိုက် သူတို့အခန်းထဲသို့ ဗေဒင်ဆရာကြီး ဦးတောက်ထိန်နှင့် ဒေါ်ဒေါ်ဖြိုးတို့ ဝင်လာကြသည်။





လှငွေမှာ ဗေဒင်ဆရာကြီးကိုတွေ့ရလျှင် သူ့ဝသီအတိုင်း လှမ်းနောက်နေသည်။

"ဟာ....ဗေဒင်ဆရာလိမ်ကြီး ကြွလာပြီ၊ အဲ....ဟုတ်ပါဘူး၊ သားဦးယောကျ်ားကလေး မမွေးဘူးလို့ပြောတဲ့ ဗေဒင်ဆရာကြီး မင့်မိန်းမ သားဦး ယောကျ်ားကလေး မွေးတာမယုံလို့ လာကြည့်တာနဲ့ တူတယ်ကွ....ဟား....ဟား....ဟား"

ဦးတောက်ထိန်မှာ သူ့အမြင်ကတ်နေသော လှငွေကို မြင်ရလျှင် ပြုံးနေသော မျက်နှာကြီးမှာ ခွေးသေကောင်ပုပ်နံ့ ရှူလိုက်ရသလို ဖြစ်သွားခဲ့တော့သည်။

"တောက်....ငါမတွေ့ချင်တဲ့ မင်းနဲ့မှ လာတွေ့နေရတယ်၊ မင်း ရောက်နေမှန်းသိရင် ငါ ဒီကိုမလာပါဘူးကွာ....တွန်း"

"ဟင်....ဒါဆို ကျွန်တော် ဒီကိုရောက်နေတာ ဆရာကြီး အာရုံမရဘူးနဲ့တူတယ်၊ အဲဒီအာရုံတွေ ဘယ်ရောက်သွားပြီလဲ၊ ဆွမ်းတော်ကပ်တဲ့အထဲ ပါသွားပြီထင်တယ်.... ဟား....ဟား....ဟား"

လှငွေက ဆက်၍ နောက်နေသည်။

ကျွန်လူတွေက ဘောစ့ ရယ်နေကြသည်၊

"ဟေ့ကောင်လေး....ငါ့ကို နောက်မနေနဲ့ကွ၊ အခု ငါ လာခဲ့တာက မင်းနဲ့ စကားစစ်ထိုးဖို့ လာခဲ့တာ မဟုတ်ဘူး၊ သူတို့ဇာတာ ပြန်စစ်ကြည့်တဲ့အခါ ငါတွက်ပေးခဲ့တာ မှားနေလို့ ငါ လာပြီးပြောတာကွ"

"ဟော....ဖြစ်ရပြန်ပြီ၊ အဲဒီလိုမှားမှန်း ဘယ်လို သိတာလဲ၊ မာလာနှယ် သားဦးယောကျ်ားကလေး မွေးတယ်ဆိုမှ

www.burmeseclassic.com



မှားမှန်းသိတာလား၊ ဆရာကြီးတို့ ဗေဒင်ဆရာတွေဟာ ဒါမျိုးတွေ ဖြစ်ပါတယ်....ဟဲ....ဟဲ"

"ဘာလို့ကွ ...မင်းက ငါပြောတာ မမှန်လို့ လာဖြီးနေတယ် ထင်သလား"

"မဟုတ်ပါဘူး၊ ဖြီးမှန်း အစကတည်းက သိနေတဲ့ဟာ"

လူခင့်၏ စကားများကြောင့် အခန်းထဲရှိ လူများမှာ တဟားဟား ရယ်နေကြပြန်သည်၊

မာလာနွယ်က ချစ်မိုးသူဘက်သို့ လှမ်း၍ပြောနေသည်၊

"ဒီမယ် မောင်.... မာလာတို့ ဆရာကြီးကို နေ့တွေလိမ်ထားတာကိုလဲ ပြောပြလိုက်စမ်းပါဦး"

"ဟာ....နေ့တွေကိုလိမ်ထားကြတယ် ဟုတ်လား၊ ဒအား.... ဖြစ်ရမယ်၊ ဒါကြောင့်မို့လို့ ငါ တွက်တာတွေဟာ အရင်လို မမှန်ဘဲ မှားနေတာပေါ့၊ ဗေဒင်ဆရာကို အတွက်ခိုင်းရင် ကိုယ့်မွေးဖွားတဲ့နှစ်၊ ရက်၊ လတွေနဲ့ မွေးနေ့ကိုပါ မှန်မှန်ပြောပြီး တွက်ခိုင်းမှ မှန်မှာပေါ့၊ တလွဲတွေ လျှောက်ပြောနေရင် အလွဲတွေသာ ထွက်မှာပေါ့၊ ဒါဆို ငါ့ အပြစ်မရှိပါဘူးလေ၊ မင်းတို့ အပြစ်ကြောင့်ပါ၊ ဟဲ....ဟဲ...."

ချစ်မိုးသူကလည်း ဦးတောက်ထိန်အား ပြန်ပြောနေသည်၊

"မှန်ပါတယ် ဆရာကြီး၊ အခုလို ဖြစ်ရတာ ဆရာကြီး အပြစ်မဟုတ်ပါဘူးလေ၊ လိမ်ညာထားတဲ့ ကိစ္စတွေကို အားလုံး သိသွားကြရအောင် ရှင်းပြနေတာပါ၊ အမှန်ပြောရရင် ဆရာကြီး ဗေဒင်အတွက် မှားလို့သာ ဟောဒီက ကျွန်တော့် ချစ်ဇနီးကလေး မာလာနဲ့ ဖူးစာဆုံကြရတာပေါ့"





"ဟော....ဘယ်လိုကြောင့်လဲကွ၊ ငါ့ကို ရှင်းပြစမ်းပါဦး"

"ဒီလိုပါလေ၊ ဆရာကြီးက ဗေဒင်အတွက်မှားပြီး ကျွန်တော့်ကို ဒီနှစ်ထဲမှာ မိန်းမမယူဘဲနေရင် အန္တရာယ်ရှိတယ်လို့ ဟောခဲ့လို့ ဘွားဘွားက မိန်းမယူဖို့အတင်းခိုင်းတာနဲ့ ကျွန်တော်ဟာ မာလာနွယ်နဲ့ တွေ့ခဲ့ရတာပေါ့၊ နို့မို့ ဘယ်မှာတွေ့ရပါ့မလဲ၊ ဒါကြောင့် ဆရာကြီးကို ကျေးဇူးတောင် တင်ပါသေးတယ်ဗျာ"

"ဘာမနေနဲ့၊ အမှန်တော့ မင်းတို့ လူငယ်တွေဟာ ဗေဒင်ဆရာက မှန်မှန်ကန်ကန်ဟောချင်လို့ နားထောင်ကြမှာ မဟုတ်ဘဲ၊ မင်းတို့စိတ်ထဲမှာ ဂွတ်ဒ်တယ်ထင်ရင် ဒူးသာဒူးကြဘာမို့ ငါကလဲ ဂွတ်ဒ်တယ်ထင်ရင်ဒူးသာဒူးကြ၊ ဗေဒင်တွေ ဘာတွေ မေးမနေနဲ့တော့လို့ ပြောချင်တာပါပဲကွာ.... ဟွန်း"

ဗေဒင်ဆရာကြီး ဦးတောက်ထိန်၏ စကားများကြောင့် ကျန်လူများမှာ တဟားဟား ဖြစ်နေကြသည်၊ ဒေါ်မြ၏ ယောကျ်ား ဦးသိန်းအောင်လည်း ဝင်၍ပြောနေသည်၊

"ဘာပဲဖြစ်ဖြစ် ဆရာကြီးကိုတော့ ကျွန်တော်တို့က ကျေးဇူးတင်ရမှာပဲဗျာ"

"ဟယ်....လာပြန်ပြီ၊ အနားသားတစ်ယောက်က၊ ကိုင်း.... ဆိုစမ်း၊ ဘာအတွက်လဲဗျ"

ဦးတောက်ထိန်က ပြန်မေးနေသည်။

"ဒီလိုပါ၊ ကျွန်တော်တို့အနေနဲ့ ဟိုတုန်းက မောင်ချစ်မိုးသူနဲ့ လုံးဝသဘောတူခဲ့ကြတာ မဟုတ်ဘူး၊ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူကြတာက မောင်သက်မောင်နဲ့ပါ၊ ဒါပေမယ့် ဒီအကြောင်းဟာ နောက်ကျမှ ဘီလူးခေါင်းဆောင်ထားတဲ့ လူယုတ်မာဆိုတာ သိရတယ်၊ သမီးကလည်း ကျွန်တော်တို့ သဘောတူတဲ့သူကို မယူဘဲ သူချစ်တဲ့ ဟောဒီ မောင်ချစ်မိုး သူကိုပဲ ယူသွားတဲ့အတွက် မောင်သက်မောင်လက်က လွတ်သွားတာပေါ့၊ တစ်နည်းအားဖြင့် မိဘ သဘောတူတာကို မယူဘဲ သူဘာသာသူ စောစောက ဆရာကြီး ပြောခဲ့သလို ဂွတ်ဒ်ဘာယ်ထင်လို့ ဒူးသွားလို့ လွတ်သွားတာမို့ အခုလို လှင်ကောင်း သားကောင်းကို ရခဲ့တာပေါ့၊ သူ ဒီလို ရအောင် ဗေဒင်ဟောပေးခဲ့တာက ဆရာကြီးဖြစ်နေလို့ ကျွန်တော်က ကျေးဇူးတင်တယ်လို့ ပြောတာပါ၊ ဟဲ...ဟဲ...''

''အေးလေ...ကျေးဇူးဆိုတာ အခုလိုကြံဖန်ပြီး တင်ချင်လို့ ရပါတယ်၊ အဲ... မတင်ချင်တဲ့ ဟိုအကောင်မျိုးကျတော့လည်း ကျုပ်ကို အပြစ်ချည်းပြောနေတာဗျ''

ထိုစကားများကို ကြားရလျှင် လှငွေက ပြန်နောက်နေသည်။

''ဟဲ... ဟဲ...အဲဒီလို ပြောတာကလည်း ခုနင်က ဆရာကြီး ပြောခဲ့တဲ့ အင်္ဂလိပ်စကားပုံကလေးလို ဂွတ်ဒ်ဘာယ်ထင်လို့ ဒူးလိုက်တာပါဗျာ၊ ဟား...ဟား...ဟား''

လှငွေ၏ စကားများကို ကြားရလျှင် ဗေဒင်ဆရာကြီး ဦးတောက်ထိန်မှာ ဒန်ဘော၍ ဒေါက်နှံကာ သွားခဲ့တော့သည်။

''ဩော်...မင်းက ဂွတ်ဒ်ဘာယ်ထင်လို့ ဒူးတယ်လား''





''သက်စ်ရိုက် ဒါ အမှန်ပါပဲ ခင်ဗျာ၊ ဟဲ...ဟဲ...''

''အိမ်း...မင်းက ဂွတ်ဒ်ဘာယ်ထင်လို့ ဒူးလိုက်ရတော့ ငါကလည်း အင်္ဂလိပ်စကား ဒီအိုနဲ့မဒူးတဲ့ ဟောဒီက ငါ့ဒူးနဲ့ မင်းကို တကယ်ဒူးပြပြီး တိုက်ပစ်မယ်ကွ၊ ကဲ...လာပေတော့''

ဦးတောက်ထိန်မှ ပြောရင်း လှငွေထံသို့ ပြေးသွားကာ သူ၏ မဟာဒူးနှင့် တိုက်ရန်ပြင်သည်။

လှငွေမှာလည်း ဦးတောက်ထိန်၏ ဒူးနှင့်အတိုက်မခံရစေရန် ရှောင်ပြေးရင်းမှ ချစ်မိုးသူထံသို့ လှမ်း၍အကူအညီ တောင်းနေသည်။

''ဟော့...ဟော့...ချစ်မိုးသူ လုပ်ပါဦးကွ၊ မင်းတို့ ဗေဒင်ဆရာက ငါ့ကို ဒူးနဲ့လိုက်တိုက်နေတယ်လေ၊ ဒီလိုပဲ ကြည့်နေတော့မှာလားကွ၊ ကယ်ပါဦး''

ချစ်မိုးသူကတော့ လှငွေ၏ အဖြစ်ကို တခစ်ခစ်ရယ်ရင်း ပြန်ပြောနေသည်။

''ကြည့်မနေလို့ မဖြစ်ဘူးဟေ့... ကြည့်ကိုကြည့်ရလိမ့်မယ်၊ ဗေဒင်ဆရာက သူ့စိတ်ထဲမှာ ဂွတ်ဒ်ဘာယ်ထင်လို့ မင်းကို ဒူးနေတာမို့ သူ့ဆန္ဒအတိုင်း ဒူးခွင့်ပေးရလိမ့်မယ်၊ တားလို့မဖြစ်ဘူး၊ ကဲ...ဆရာကြီးရေ...ဂွတ်ဒ်ဘာယ်ထင်ရင် ဒူးသာဒူး''

ချစ်မိုးသူ၏ စကားအဆုံးတွင် လှငွေကလည်း ပြန်ပြောနေသည်။

''အေး...သူကလည်း ဂွတ်ဒ်ဘာယ်ထင်လို့ လိုက်ဒူးနေလို့ ငါလည်း ဂွတ်ဒ်ဘာယ်ထင်လို့ အဒူးမခံဘဲ ပြေးပြီဟေ့၊ တခွတာ... ချေးတွေ့ယို သေးတော့ပေါက်''



www.burmeseclassic.com

www.burmeseclassic.com



လှငွေက ရှတ်နောက်နောက်နှင့် ပြန်ပြောရင်း အောက်ထပ်သို့ ဆင်းပြေးသွားရာ ပေဒင်ဆရာကြီး ဦးတောက်ထိန်မှာလည်း နောက်မှပြေးလိုက်သွားစဉ် ကျွန်တော် ကြူမွေး၏ "ဂွတ်ဒ်ဘာယ်ထင်ရင် ဒူးသာဒူး" ဝတ္ထုကြီးအား အပြီးသတ်လိုက်ပါသတည်း၊

"ချစ်စွာသော စာဖတ်သူများအားလုံး ရှင်ပျော်မြူးနိုင်ကြပါစေသော်"

ကြူမွေး

၁၉၉၅-ခုနှစ်၊ ဇူလိုင်လ (၈)ရက်၊
စနေနေ့ ၃-နာရီ၊ ၁၀-မိနစ်ခန့်၊

www.burmeseclassic.com